
www.burmeseclassic.com

# လရောင်ကျူးရင့်

## မင်းမကြည့်လို့မသိတာပါ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လရောင်ကျူးရင့်

# မင်းမကြည့်လို့ မသိတာပါ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁ ]

"ဒီတိုင်း ပစ်ချခဲ့မလား.."

"ချလိုက်"

"မသေသေးဘူး.. ဖြစ်ပါ့မလား"

"ဟီတ်ကောင်.. နောက်တစ်ခွန်း ထပ်ရှည်ရင် မင်းကိုပါ ကန်ချပစ်လိုက်မယ်"

စကားသံတွေကို သူ ကြားနေရသည်။

မကြာမီမှာ ချောက်ကမ်းပါး တစ်ခုခုပေါ်ကနေ ပြုတ်ကျမှာလား.. မြစ်ချောင်းအင်းအိုင် တစ်ခုခုထဲကို ရောက်သွားမလား..၊

ကိုယ့်ကံကြမ္မာကို သိနေပေမယ့် သူ ဘာမှမတတ်နိုင်..။

"ဩော်.. 'အရိုပ်မဲ့' 'အရိပ်မဲ့'.. ခုတော့ မင်းရဲ့ အတုံးလိုက် အတစ်လိုက် ကိုယ်လုံးကြီးကို သစ်တုံးကြီးတစ်တုံးလို ကန်ချရတော့မယ်၊ စိတ်မကောင်းစရာပဲ"

ကားရပ်လိုက်တော့ မိုးသံတွေကို ထွင်းဖောက်၍ စကားသံတွေက ပို၍ သဲကွဲလာသည်။ လှောင်ရယ်သံတွေကို ကြားလာရ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ကိုယ်ကို ချိုင်းကနေ တစ်ယောက်၊ ဒူးခေါက်ခွက်က တစ်ယောက်၊ ပြိုင်တူ 'မ' ၍ မြေပြင်ပေါ်ကို ချသည်။

ဘုန်းခနဲ ပစ်မချခဲ့ခြင်းကိုပဲ ကျေးဇူးတင်ရမည်လား…၊ အကယ်၍ ကားပေါ်ကနေ အထုပ်တစ်ထုပ်လို ဆွဲချပစ်လိုက်မည်ဆိုလျှင် ဒဏ်ရာဗလပွနှင့် သူ့အတွက် ခံရသက်သာမှာ မဟုတ်၊ ညာဘက်ပခုံးမှာ အသံတိတ်ပြောင်းတပ်ပြီး အပစ်ခံထားရသည့် သေနတ်ဒဏ်ရာ တစ်ချက်၊ ဘယ်ခြေထောက်မှာ တစ်ချက်…၊

ပြီးတော့ ထုထောင်း ထိုးနှက်ချက်များကြောင့် ခါးမဆန့်နိုင်အောင် ဗိုက်တစ်ပြင်လုံးမှာ နာကျင်နေသည်။

"တောက်.. မိုးက ခုမှကောင်းနေလိုက်တာ၊ မင်းကလည်း ကားကို ချောက်စပ်နား ကပ်ရပ်တာ မဟုတ်ဘူး၊ ဘယ်လိုလုပ် ပစ်ချမလဲ"

"ဒီတိုင်း လှိမ့်ကန်သွားကွာ.. မြန်မြန်လုပ်.. ဒီလမ်းမှာ ကားအသွားအလာ ပြတ်တာ မဟုတ်ဘူး"

"ပြောတော့ လွယ်လိုက်တာ၊ ဒီလောက် ကျားကိုးစီးစားမကုန်တဲ့ ကိုယ်ကြီးကို ဘယ်လိုလုပ် လှိမ့်ကန်မလဲ၊ ငှက်ဆိုး.. ခုနအတိုင်း ပြန်'မ'ကွာ"

သူ့ကိုယ် ပြန်ပြီးမြောက်ပါသွားသည်။ ဘောင်းဘီရှည်နဲ့ ဂျာကင်လွတ်နေသမျှ ခြေ လက် မျက်နှာ အားလုံးပေါ်မှာ မိုးစက်တွေ ခုန်ပေါက်ဆင်းနေကြသဖြင့် တစ်ကိုယ်လုံး နာကျင်မှုတွေက အံကြိတ်တောင့်ခံထားပေမယ့် မရ…၊

"တွန်းချလိုက်တော့.. ရောက်ချင်ရာ ရောက်"

"ဟိတ်ကောင်.. သေလောက်ပြီ ထင်လား၊ ခဏတိမ်း ခဏထိုး"

"ထိုးစရာ မလိုဘူး၊ ခုလောက်ဆို ဗိုက်ထဲကအူတွေ အပိုင်းပိုင်းပြတ်ပြီး အသက် ဘယ်ကထွက်သွားမှန်းတောင် သိလိုက်မှာ မဟုတ်





ဘူး၊ ဗိုလ်ကျားက သူ့လက်ဆကို ယုံလို့ သွားပစ်လိုက်တော့လို့ ပြောတာ၊ ခု မသေလည်း ခဏကြာရင် သွားမှာပဲ"

သူ့ကိုယ် တစ်ခုလုံး ဆင်ခြေလျှောတစ်ခုအတိုင်း ဒလိမ့်ကောက်ကွေးကျသွားသည့်အခါ တစ်ခုခုကို ဆုပ်ကိုင်ရပ်တန့်ဖို့ ကြိုးစားမိသည်။

ဒါပေမယ့် မတ်စောက်သည့် ဆင်ခြေလျှောက မြန်မြန်ဆန်ဆန် တွန်းချပစ်နေသလိုရှိကာ နာကျင်နေသည့် ခြေလက်တွေကလည်း လိုလောက်သည့် အားစိုက်ထုတ်ခြင်းအတွက် မလိုက်လျောခဲ့ကြပေ..။

ထို့နောက် မာကျောသည့်အရာတစ်ခုမှာ တစ်ကိုယ်လုံး ပစ်ဆောင့်မိကာ ကိုယ်လုံးထဲမှာ မီးပွင့်သွားသည်။

အသိတရားတွေအားလုံးက သူ့ကိုယ်ကနေ ခွာထွက်သွားလျက် မိုးစက်တွေနဲ့အတူ ခုန်ပေါက် ကခုန်နေကြသည်လား…၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂]

"အား!... ကျွတ်.. ကျွတ်.."

မိုးသံတွေက အရင်ဆုံး နားထဲဝင်လာသည်။ သူ့ရဲ့ နောက်ဆုံးအသိတရားကို့ဟာ မိုးစက်သံများနှင့် နှုတ်ဆက်ခဲ့ရတာဖြစ်သလို ပထမဆုံး ပြန်လည် သတိရခြင်းမှာလည်း မိုးတွေ ရွာသွန်းနေဆဲပါလား..။

သူ သတိရလာတာ ဟုတ်ရဲ့လား..၊

မျက်လုံးတွေကို အမြင်ကြည်လင်အောင် ဖွင့်သည်။ မှုန်ဝါးဝါးအလင်းရောင်က ညင်သာစွာ နှုတ်ဆက်လာသဖြင့် တဖြည်းဖြည်းကြည်လင်လာ၏။

ညကအဖြစ်ကို ပြန်တွေးမိကာ သူ မသေသေးဘူးဆိုတာ သေချာသွားသည်။ လက်တွေကို စမ်းမိစမ်းရာ ဆုပ်ဆွဲကြည့်တော့ မြက်ပင်တွေလား .. ဘာပင်တွေမှန်း မသိ..။

ကိုယ့်ရဲ့ခန္ဓာကိုယ်ဟာ ပုစွန်တုပ်လို ကွေးကောက်နေမှန်း သိလာသည်က လည်ပင်းလိမ်ပြီး မျက်နှာမှောက်လိုက်မှ မိုးစက်မှုန်ဖွားတွေ မျက်နှာပေါ်ကို ခုန်ပေါက်ဆင်းလာခြင်းကြောင့် ဖြစ်သည်။





မိုးသံက ကျယ်လောင်နေပြီး ကျနေတာကတော့ မိုးစက်မှုန်တို့ပဲ ဖြစ်တော့သည်။ သူ့တစ်ကိုယ်လုံး ပြင်းထန်စွာ နာကျင်နေလျက် ငုတ်တုတ်ထိုင်ဖြစ်တဲ့အထိ အသက်ထွက်လုအောင် ကြိုးစားလိုက်ရသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဘယ်ကိုကြည့်ကြည့် စိမ်းညို့ညို့ ပင်ခြေတန်းတို့နှင့် လယ်ကွက်တချို့..၊

ပြီးတော့ ကုန်းမြင့် ကုန်းနိမ့်တွေ များစွာရှိနေသည့်ဘက်မှာ ရေမြောင်းငယ်လို ကျင်းလိုဏ်တွေလည်း ရှိ၏။

သူ မျက်နှာမူထားသည့် အမြင့်ဆုံးရဲ့ဟိုဘက်မှာတော့ ကားလမ်းမ ရှိနေမှာကို သိပြီးသားပါ။ ကားပေါ် တင်ခေါ်လာသည်ဆိုပေမယ့် သိပ်ဝေးဝေးမရောက်တာကို သူ သိသည်။

ထို့ကြောင့် ဒါ နယ်စပ်တစ်နေရာပဲ ဖြစ်လိမ့်မည်။

ဒီဒဏ်ရာတွေနဲ့ သေကိုသေမှာလို့ အတိအကျတွက်ပြီး စိတ်ချလက်ချထားခဲ့ကြတာ ဖြစ်သည်။

"ငါ မသေဘူးဆိုတော့ ကျားကြီး .. မင်းနဲ့ ငါ ရေစက် မကုန်သေးဘူး"

ဒဏ်ရာများကြောင့် မို့သွားသည့်မျက်နှာမှာ ကျိုခနဲ အံကြိတ်သံပါသွားခဲ့၏။

"ဒီတစ်ခါ မင်းရဲ့ ကလိန်ကကျစ်ဉာဏ်တွေ ထုတ်ခွင့်မရတော့ဘူးဆိုတော့ ငါ့အလှည့်.."

နေရာမှ ဒယိမ်းဒယိုင် ထရပ်သည်။ ပခုံးတစ်ဖက်လုံး အထုံအကျင်စွဲကာ ကျောက်ဖျာကြီးလို ဖြစ်နေသဖြင့် ဒီထဲကကျည်ဆံကို ထုတ်ရဦးမည်။ ခြေထောက်မှာ ရှပ်ထိသွားသလား .. ကျည်ဆံကျန်နေ သလား သေချာအောင် စစ်ကြည့်ရမည်။

ထို့ကြောင့် သူ့အတွက် နားခိုရာ လိုအပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီကိုမြှောက်ကြည့်တော့ နံနက်ခြောက်နာရီ ထိုးတော့မည်။

လဲကျသွားလိုက် .. ပြန်ထလိုက်နှင့် ကားလမ်းထက်က မမြင်နိုင်အောင် ကျောကပ် နားနေရတာလည်းရှိကာ နောက်ဆုံး ဘုန်းကြီးကျောင်းလား .. လူနေအိမ်လား ပြာဝေစပြုလာသည့် မျက်လုံးတွေက မသဲကွဲဘဲ အဆောက်အဦးတစ်ခုဆိုတာပဲ သိလိုက်သည်။

ထိုဆီကို ရောက်အောင်သွားဖို့ အားတင်း၍ ချမ်းတုန် ကိုက်ခဲနေတာတွေကို မျိုသိပ်ပြီး ဆက်လှမ်းခဲ့သည်။

မိုးစက်တွေ လက်လျှော့ ကျန်ရစ်ခဲ့ကြ၏။ အဆောက်အဦးရဲ့ ခေါင်မိုးရိပ်အောက်ကို သူ ရောက်လာသည်။ သတိဆိုသည့် အန္တရာယ်ကို ရှောင်ကွင်းဖို့ အသိစိတ်နှင့် ပုန်းကွယ်ရာကို ရှာဖွေရင်း...

"အား!..."

လူက မုံခေါက်ကျသွားပြီး ပြန်မထနိုင်တော့ပေ။ ဒါပေမယ့် ကိုယ်ကိုလှိမ့်၍ သစ်သားပုံကြီးရဲ့နောက် ရောက်အောင် ဝင်လိုက်သည်။

ထို့နောက် ဒုတိယတစ်ဖန် သူ့အသိတရားတွေ ခန္ဓာကိုယ်ကနေ ပြေးလွင့်သွားကြလေသည်။





## အခန်း [၃]

"ဘာ!... မရှိတော့ဘူး ဟုတ်လား.."

"ဟုတ်တယ် ဆရာကြီး၊ မရှိတော့ဘူး"

"တောက်.."

ဗိုလ်ကျား မျက်နှာမှာ ဝေခွဲရခက်ခြင်းတွေ ပြည့်နှက်လျက် တန်းစီရပ်နေကြသည့် တပည့်တွေရှေ့မှာ အတန်ကြာ တိတ်ဆိတ်သွားခဲ့၏။ ပြီးမှ...

"မင်းတို့ မိုးလင်းလင်းချင်း ဘာလို့ သွားမကြည့်တာလဲ"

"ညက ပြောင်းဖို့ရွှေ့ဖို့လုပ်ကြရင်း သုံးနာရီလောက်မှ အိပ်ရတော့ မနိုးလို့ပါ"

"ဘာကွ!.."

"နိုးတာနဲ့ ပြေးကြည့်တာပါ ဆရာကြီး၊ ကားမောင်းတာနဲ့ဘာနဲ့..."

"ဟိုကို ဘယ်အချိန် ရောက်လဲ.."

"ရှစ်နာရီ လေးဆယ့်ငါး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပါ တစ်ခါတည်း ချောက်ထဲ ထိုးဆင်းလိုက်ပါလား"

ငှက်ဆိုး တို့ လူသိုက် ခေါင်းတွေ ငုံ့ကုန်ကြသည်။

"ဒီကောင့်ဂျာကင်ကို ချွတ်မယူခဲ့ဘူး၊ ဖိနပ်ထဲမှာ သူ အမြဲဆောင်ထားတဲ့ 'အော်ဖိန်း'တွေ ရှိတယ်၊ ဘယ်လောက် ဒဏ်ရာပြင်းပြင်း မသေဘူးဆိုရင် ဒီကောင် ပြန်ကုနိုင်တယ်"

ပြောနေရင်း ဗိုလ်ကျား တက်ခေါက်ပြန်သည်။

"သေနတ်ပစ်တဲ့ကောင်က ဘယ်ဘက်ရင်အုံကို ပစ်လိုက်တာ မဟုတ်ဘူးတဲ့၊ တစ်စက်မှ အသုံးမကျတဲ့ကောင်တွေ"

"ဂျာ .. ဂျာကင်က ဘာဖြစ်လို့လဲ ဆရာကြီး.."

"မင်းအမေ့လင်တွေ ရှိနေလို့ပေါ့"

ဒေါသကြောင့် အသံကျယ်ခြင်း၊ ဆဲဆိုခြင်းတွေကို ထိန်းသိမ်းဖို့ သတိမရ..၊

ခရီးထွက်ကြဖို့ တန်းစီလျက် အဆင်သင့်ရှိနေသည့် ကားသုံးစီးကို မိတယ်လ်၏ ပြတင်းပေါက်ကနေ ငုံ့မိုးကြည့်ရင်း ဗိုလ်ကျား ဒီဘက်ပြန်လှည့်လာသည်။

ပြီးတော့ ပြတင်းပေါက်နားကို ပြန်လျှောက်ပြန်၏။

ဒီကောင်က အရိပ်မဲ့ ဆိုသည့် နာမည်အတိုင်း လျင်လည်း လျင်သည်။ သူ့ကို ဒုက္ခပေးနိုင်ဖို့ကလည်း မလွယ်..၊

ထို့ပြင် သူ့ကိုယ်မှာ သူ့အတွက် အသက်ကယ်ဆေးနှင့် လက်နက်အတိုအထွာတွေ အမြဲရှိနေတတ်သဖြင့် ဘယ်လို ချောင်ပိတ်ဖို့ ကြံစည်ပစေ သူများထက် အမြဲတမ်း တစ်ကွက်ကျော်လျက်သာ..။

"တောက် .. ရိုက်သတ်ပစ်ဖို့ကောင်းတဲ့ ကောင်တွေ.."

ဗိုလ်ကျား စဉ်းစားလိုက် .. တက်ခေါက်လိုက်နှင့် ကိုယ့်ညီကိုလည်း အထပ်ထပ် အပြစ်တင်နေမိ၏။





ဘာဖြစ်ဖြစ် ဒေါသရှေ့ထားပြီး ဆုံးဖြတ်သည်။

ငွေရှိတိုင်း တပည့်တွေမွေးကာ ခိုင်းသမျှ ခေါင်းညိတ် ပြေးလွှားနေကြတာကို ကျေနပ်နေ၏။ အရေအတွက်ထက် အရည်အချင်းက အဓိကဆိုတာ ဘယ်လောက်ပြောပြော ဂရုလည်း မစိုက်ခဲ့ပေ..။

ခုတော့ အရေးကြီးတဲ့ပြဿနာကို အသုံးမကျတဲ့ တပည့်တွေနဲ့ လွှတ်ပေးလိုက်တာ မျက်နှာလွှဲ ခဲပစ်..။

"ငှက်ဆိုး.."

"အမိန့်ရှိပါ ဆရာကြီး"

"ကျားလေး ညက ဘယ်မှာလဲ.."

"ကလပ်မှာပါ"

"ကောင်းတာပေါ့၊ ဒေဝီ မဟေသီတွေနဲ့မို့လား"

ငှက်ဆိုး ထပ်မဖြေပါ၊ မဟာရန်သူတော်ကြီးကို အပြီးသတ်ချေမှုန်းလိုက်နိုင်သည့်အောင်ပွဲ ကျင်းပနေရင်း သူတို့အတွက်လည်း ပေးခဲ့တာ မနည်းမနော..၊

ဒါကြောင့် ညက သူတို့ ပြန်ရောက်ပြီး သောက်စားပျော်ပါးရင်း အအိပ်လွန်ခဲ့ကြ၏။

ဗိုလ်ကျားကြီး ဆီက ဖုန်းဝင်လာမှ ကားပေါ်ပြေးတက်၍ ညက နေရာကို ပြေးကြည့်ကြခြင်း ဖြစ်သည်။

"အဲဒီနေရာမှာ အနီးဆုံး ဘယ်အိမ်ရှိလဲ..၊ တဲဖြစ်ဖြစ် .. ကျောင်းဖြစ်ဖြစ်.."

"မရှိဘူး ဆရာကြီး၊ ကျွန်တော် မျက်စိတစ်ဆုံးကြည့်တာ သစ်ပင်အုပ်တွေပဲ ရှိတယ်"

ဗိုလ်ကျား သက်ပြင်းရှိုက်၏။

သေချာပါပြီ..၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ပြန်တက်ပြီး ကားတစ်စီးစီးနဲ့ ပါသွားပြီလား .. တစ်စုံတစ်ယောက် အကူအညီနဲ့ နားခိုရာ ရသွားတာလား..။

"ဆရာကြီး အမှတ်(၈)တဲကို သွားတဲ့နှစ်ယောက် ပြန်ရောက်လာပါပြီ"

"ဟေ့.. ရောက်လာတာကို သတင်းပို့နေဖို့ မလိုဘူး၊ လွှတ်လိုက်စမ်း .. အရိုင်သုံးပါး နားမလည်ဘဲ လူမိုက်လုပ်စားနေတဲ့ လေဗိန်းတုံးတွေ.."

ဗိုလ်ကျား ၏ဆဲရေးသံအဆုံးမှာ သတင်းလာပို့သူ လှစ်ခနဲ ပြေးထွက်သွားကာ နောက်တစ်ယောက် ပြန်ဝင်လာခြင်းက ခွေရစ်တာထက် မြန်၏။

"ပြော .. ဘယ်လိုလဲ"

"လူရော ပစ္စည်းတွေရော ဘာမှမကျန်တော့ဘူး ဆရာကြီး"

"ဟွန်း.."

မဲ့ရွဲ့အံကြိတ်ရုံပဲ မျက်နှာမှာ ထင်သွားသော်လည်း ဗိုလ်ကျားရင်ထဲမှာ မီးညွန့်မီးစွယ်တွေ တက်လာခဲ့တာ တဖျစ်ဖျစ်မြည်၏။

သူများတွေ တပည့်မွေးထားတာ တစ်ယောက်ဆိုတစ်ယောက်၊ နှစ်ယောက်ဆို နှစ်ယောက်၊ ဆရာ သေလမ်းရောက်သွားတာတောင် လျှင်လိုက်တာ လှစ်လှစ်ပြေးနေသည်။

ဒီမှာတော့ တပ်စု ဗိုလ်ထုနဲ့ချီပြီး လူတွေ ရှိနေပါလျက်...

"သွားကြ .. ဟိုကောင်ကို အကြောင်းကြား..၊ ခုချက်ချင်း ခရီးထွက်မယ်.."

"ဆရာကြီး ဟိုညီနောင်ကို လိုက်မရှာ..."

"ဟာ!... ခွေးလေးချပိုး.. ကိုင်းကွာ.."

"ဒန်း.."





"ခွမ်း"

ခုံဆွဲပြီး ကိုင်ပေါက်ပစ်လိုက်သဖြင့် မှန်အလှကပ်ထားသည့် စားပွဲခုံမျက်နှာပြင်မှာ စိပ်စိပ်မြွှာမြွှာ ကွဲထွက်သွား၏။

ဗိုလ်ကျားကြီး ရှေ့မှာ တစ်ယောက်မှ မရှိကြတော့ပေ..၊

တစ်ဝက်ပဲရမှာကို မကျေနပ်လို့ အပြည့်အဝရဖို့ ကြိုးစားခဲ့တာ..၊ ခုတော့ အလကား။

နယ်စပ်အလွန်ကနေ မြန်မာပြည်နယ်နိမိတ်ကို ခြေချပြီဆိုကတည်းက ဒီဘက်ကကိစ္စအဝဝကို အပြီးသတ် ဖျောက်ဖျက်ခဲ့ရမှာ ဖြစ်သည်။

စွန့်စားခဲ့ရတာနဲ့ ရတာ မတန်ပါလား..၊

အဲဒါ ကျားလေး ဆိုတဲ့ ဟိုခွေးကောင်ကြောင့်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄ ]

ဒဏ်ရာကို ကုစားလို့ရခဲ့ပေမယ့် မစားမသောက်ရသည့် ချို့တဲ့ခြင်းကို ဘာနဲ့မှ ကုစားဖို့ မဖြစ်နိုင်..။

တစ်ကိုယ်လုံး ကိုယ်ပူတွေတက်ကာ ဗိုက်ထဲမှာလည်း ဟာနေသည်မို့ အသားတွေပါ တုန်၏။ ထိုစဉ် ခွေးတစ်ကောင်၏အရိပ်က အရင် ပေါ်လာသည်။ ပြီးမှ နားရွက်ကုပ်နှင့် ခွေးဝါလေးတစ်ကောင် ဟိုနမ်း ဒီနမ်းနဲ့ ဝင်လာ၏။

သူ့ပခုံးက ထုတ်ထားသည့် သွေးပေနေသည့်ကျည်ဆံကို အသာလေး ကောက်ယူကာ ချွတ်ထားသည့် ဂျာကင်အိတ်ထဲကို ထည့်လိုက်သည်။ လက်ထောက်ပြီး ဖင်ရွှေ့ကာ ချောင်ထဲကို ထပ်တိုး၍ ဂျာကင်ကို ဖြုတ်ယူလိုက်၏။

သွေးစွန်းထားသည့်အင်္ကျီကိုတော့ လုံးထွေးပြီး မြေကြီးထဲ မြှုပ်လိုက်ပြီ ဖြစ်သည်။

တဲပျက်လေးဖြစ်ပေမယ့် ထင်းတွေ စုဆောင်းထည့်ထားတာမို့ ဒီနေရာကို လူလာမှာပဲဆိုတာ တွက်ထားပြီးသား..၊





ဒါပေမယ့် ကြီးမားသည့် အဆောက်အအုံ၏ ခေါင်မိုးစွန်းက ဟိုအဝေးမှာမို့ အလွယ်တကူ သွားလာနေနိုင်သည့်နေရာ ဖြစ်သည်လို့တော့ မထင်..၊

ဂျာကင်ကို ကိုယ်ပေါ်မှာ ဒီတိုင်း စွပ်ချလိုက်ပြီး လက်တစ်ဖက်က အိတ်ထဲ ထည့်ထားလိုက်၏။

ခွေးလေးက ဝဝလုံးလုံးလေးဖြစ်ကာ သန့်သန့်ရှင်းရှင်း လှလှပပလေး ဖြစ်နေသောကြောင့် နောက်မှာ ခွေးသခင် ပါလာလိမ့်မည်။ သူ ထင်သည့်အတိုင်းပင်...

"အကဲလေး.. နေဦးလေ၊ ငါ ကြိုးလွတ်သွားပြီ"

မိန်းကလေးတစ်ယောက်ရဲ့အသံ..၊ မိန်းကလေးသံ ဆိုတာထက် နွဲ့ဆိုးဆိုးတတ်နေသည့်အသံလေးလို ကရုဏာသံ သြရှရှလေးမို့ ထူးခြားသည့်အသံမျိုး ဖြစ်သည်။

ခွေးလေးက လည်ပတ်ကနေ တန်းလန်းဖြစ်နေသည့် ကြိုးရှည်လေးနှင့် နောက်ကို ပြန်ကြည့်လိုက် .. မြေပြင်ကို နမ်းရှုံ့ရင်း ရှေ့တိုးလာလိုက်..၊ အနားကိုရောက်လာလျှင် သူ့ကို မျက်လုံးပြူးလေးနှင့် ကြည့်ကာ တလှုပ်လှုပ် ခါနေသော အမြီးလေးပါ ငြိမ်သက်သွား၏။

"အု.."

သူ ဖျတ်ခနဲ လှမ်းဆုပ်လိုက်တာ နှုတ်သီးကို ဖြစ်၏။

"အကဲလေး .. အကဲလေး .."

"အိ .. အိ .."

အဖြူရောင်ပုံရိပ်လေး ရှေ့ကိုရောက်လာသည်။ ပြီးတော့ အသံဗလံကို နားစွင့်၍ တုံ့ခနဲ ရပ်သွား၏။

"အကဲလေး.."

တောင်ကွယ်ကနေ သူ့ရှေ့တည့်တည့် ဝင်လာသည်နှင့် ခွေးလေး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ လွှတ်ပေးလိုက်သည်။ ဒါပေမယ့် နှုတ်သီးမှာ တိပ်ကပ်ပြီးသား ဖြစ်သွားပြီမို့ ခွေးလေး ခုန်ဆွခုန်ဆွ ရုန်းကန်ရင်း သခင်ကို အကူအညီ တောင်း၏။

သူမ ခြေတစ်လှမ်း နောက်ဆုတ်သွားကာ...

"ဘာဖြစ်တာလဲ .. အကဲလေး .."

ကြောက်လန့်သံလေးနှင့် ထပ်မေးကာ အန္တရာယ်ကို ခံစားမိသွားတာမျိုး နောက်ကို ပြန်လှည့်လိုက်လျှင်...

"အား!..."

"မအော်နဲ့နော် .. မင်းခွေးလို ဖြစ်သွားမယ်"

"ဟင့် .. အင်း .. ဟင့် .."

နှုတ်ခမ်းလေးတွေပေါ်မှာ လက်ဝါးနဲ့ အတင်းဖိအုပ်ထားသဖြင့် သူ့ရင်ခွင်ထဲမှာ နောက်ပြန်လဲကျနေသည့် သူမခမျာ ခေါင်းခါရုန်းကန်ရင်း ဘာမှမပြောနိုင်..။

"မင်း မအော်နဲ့နော် .. ငါ့မှာ ဓားပါတယ်၊ တစ်ခါတည်း ထိုးသတ်ပစ်မယ်၊ နားလည်လား .."

သူမ ခေါင်းလေးညိတ်ပြမှ လက်ကို အသာလေး ခွာပေးလိုက်၏။

"အကဲလေး ရော .. ကျွန်မ ခွေးလေးကို ရှင် သတ်ပစ်လိုက်တာလား"

"ဟိုမှာ မမြင်ဘူးလား"

"မမြင်ဘူး"

"ဘာ!..."

သူမက မျက်လုံးတွေကို နစ်ချက်လောက် ပွတ်ပစ်ပြီးမှ နှုတ်သီးကို လက်ကလေးတစ်ဖက်နဲ့ ဖိပွတ်ချရင်း တစ်နေရာမှာ သည်းကြီးမည်းကြီး အလုပ်ရှုပ်နေသည့် ခွေးလေးဆီ အကြည့်ရောက်သွားသည်။





ဒါပေမယ့် မျက်ခုံးထူထူလေးတွေ ကုတ်ကွေးနေတဲ့အထိ မျက်လုံးတွေ ကျဉ်းမြောင်းသွားအောင် စူးစိုက်ကြည့်တာတောင်...

"သူ ဘာဖြစ်နေတာလဲဟင်၊ လှုပ်နေတာကိုပဲ မြင်တယ်"

"မင်းက မျက်လုံး မမြင်ဘူးလား"

"အလင်းအမှောင်နဲ့ အရိပ်တွေ ဘာတွေတော့ သိတယ်၊ တစ်ခါတစ်ခါ အရောင်တောက်တာတွေလည်း မြင်ရတယ်၊ တစ်ခါတစ်ခါကျတော့ ဝေဝါးကုန်ပြန်ရော.."

သူမက သူ ချုပ်ဖက်ထားခဲ့သည့် လက်မောင်းလေးတွေပေါ်မှာ ဖိသိပ်ခါချနေရင်း သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် နေရာရွှေ့ထိုင်သည်။

"ကျွတ်!.."

သူမကိုကြည့်၍ စိတ်ပျက်ခြင်းက ခံစားနေရသည့် ဝေဒနာထက် ဆိုးသွားသည်။ ကိုယ့်ကိုမြင်ပြီး လှည့်အော်ပြေးတော့မည့်ထင်ကာ ကမန်းကတန်း ဖမ်းဆွဲထားလိုက်ခြင်း ဖြစ်သည်။

"မင်း မမြင်ရတာ သေချာတယ်နော်"

"မမြင်ပါဘူးဆိုမှ ဘာဖြစ်လို့လဲ.. ကျွန်မ ဒီလိုဖြစ်သွားတာ သိပ်မကြာသေးဘူး၊ မမကြီးတို့က ပြောတာတော့ ရွာကတစ်ယောက် ဖြုစားလိုက်တာတဲ့၊ အဲဒါကြောင့် အခု ရွာကိုပြန်လာပြီး ဆေးကုတာ"

သူမသည် အကြောက်အလန့် နည်းတာလား .. စကားပြောနေရတာကို ဝါသနာကြီးတာလားတော့ မသိ..၊

တစ်ဖက်လူကို လူဆိုးလူကောင်းလည်း မခွဲခြား၊ ဘာမှလည်း မမေးသေးဘဲ ဂိတ်ဆွေတွေ ပြန်တွေ့နေသလို စကားပြောနေတာ အကောင်း..၊

"ဒီနားမှာ ရွာရှိတယ်ပေါ့"

"ရှိတယ်လေ .. လွယ်မိုင်းချောင်းဘေးမှာ၊ 'လွယ်မိုင်း'လို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ ရွာက သိပ်တော့မကြီးပါဘူး၊ ဒါပေမယ့် ပညာရှင်တွေချည်းပဲ"

"ဘာပညာရှင်တွေလဲ.."

"ခုနက ပြောသလို လုပ်တတ်တဲ့လူတွေပေါ့"

"မင်းက အဲဒီရွာ ဇာတိလား.."

"မသိဘူး..၊ ကျွန်မအကြောင်း ကျွန်မ ဘာမှမသိဘူး၊ မမကြီးက လည်း အရင်းလား .. ဝမ်းကွဲတော်တာလား၊ အဖေအမေတွေက ရှိသေးသလား .. မရှိတော့ဘူးလား၊ ပြီးတော့..."

"တော်ပြီ.. တော်ပြီ၊ မင်းကို ငါ ပြောမယ်၊ အခု မင်းရဲ့ခွေးကို နှုတ်သီးမှာ တိပ်ပတ်ထားတယ်"

"ဟယ်... ပြန်ခွာရင် နာပြီပေါ့၊ သနားပါတယ်ရှင်.. အကဲလေး က ကိုက်တဲ့ခွေး မဟုတ်ပါဘူး"

"ငါ လိုအပ်လို့ လုပ်လိုက်ရတာ၊ မင်းကိုလည်း ပြောမယ်၊ ငါ ဒီမှာ ရှိနေတာကို ဘယ်သူ့ကိုမှ မပြောဘဲ နေမလား၊ ပြန်ခွင့်မရတော့ ဘဲ ဒီမှာပဲ နှုတ်ပိတ်ပစ်လိုက်ရမလား"

"ဟင်!..."

ပြောလိုက်ကာမှ သူမ ကိုယ့်ကံကြမ္မာကို သတိရသွားပုံပေါ်ကာ မျက်လုံးဝိုင်းသွား၏။

"ရှင်က လူဆိုးလား .. ဒီမှာ ဘာလာလုပ်နေတာလဲ"

"လူကောင်းမဟုတ်လို့ ပုန်းနေရတာပေါ့၊ မင်း တော်တော် နား ဝေးပါလား"

"ဒါ .. ဒါဆို ဓားပြလားဟင်"

"ဓားပြထက် ဆိုးတယ်"

"ဟင်!..."

တဟင်ဟင်နှင့် သေချာ မမြင်ဘဲ သူ့မျက်နှာကို လိုက်ကြည့်နေ





သေးသည်။ သူမသည် ဆံပင်တွေ ဘယ်လောက်ထိ ရှည်သည်မသိ။ ထိုင်တော့ ဆံပင်တွေကို ရှေ့ကို ဆွဲယူလိုက်တာ မြင်သည်။

ဆံမြိတ်တွေဘာတွေ မထားဘဲ မျက်နှာ အပြောင်သားဖြစ်အောင် နောက်မှာ စုစည်းထား၏။ မျက်နှာတစ်ပြင်လုံးမှာ ထူလွန်းသည့် မျက်ခုံး တွေ၊ က နှာတံထိပ်ဖျားမှာ ထိဆက်နေကာ နားသယ်စပ်ကနေ မေးရိုး မရောက်တရောက်အထိ ဆင်းနေသော စိမ်းလဲ့ညိုမှောင်သည့် ဆံစတွေ က အထင်ရှားဆုံး ဖြစ်နေ၏။

နှာတံက သိသာအောင် ချွန်နေသည်။ နှုတ်ခမ်းထူပေမယ့် ပုံကျ နေတော့ လှပါသည်။ ပြောရလျှင် မြန်မာမလေးလို ယဉ်စစလေး လှ နေတာမျိုး..။

"မင်း တိုင်းရင်းသားထဲက မဟုတ်ပါဘူးနော်"

"မြန်မာစစ်စစ်ပါ၊ ရှင်က လူဆိုးဖြစ်နေပြီး လူကောင်းကို စစ် လားဆေးလားနဲ့..၊ ဘယ်မှာ ဓားပြတိုက်ပြီး ဒီထဲ ဝင်ပုန်းနေတာလဲ"

"မင်း ငါ့ကို ပြန်မမေးနဲ့၊ မင်းကို တစ်ချက်တည်း အသက်ပါ သွားအောင် ငါ လက်လှုပ်လိုက်တာနဲ့ ဖြစ်တယ်၊ မေးတာကိုပဲ ဖြေ.."

"ကျွန်မ ပြန်တော့မယ်"

"မပြန်ရဘူး"

သူမက မြန်မြန်ဆန်ဆန် ထလိုက်ဖို့တော့ ကြိုးစားရှာ၏။ ဒါပေ မယ့် မအောင်မြင်ခဲ့ပါ..။

"ရှင် ဘာလုပ်တာလဲ.. ရှင် ဒီမှာရှိတာ မပြောဘူးဆိုရင် ပြီးတာပဲ"

"မင်း မျက်လုံးမမြင်ဘဲနဲ့ တောထဲကို ဘယ်လိုလုပ် [illegible]လဲ"

"တောမှ မဟုတ်တာ.. ရှင် ထွက်ကြည့်ပါလား၊ မမြင်ပေမယ့် ကျွန်မ ကန်းနေတာ မဟုတ်ဘူး၊ ဒီနေရာတွေကလည်း ဒီတစ်ခါပဲ လာဖူးတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခပ်ပြောပြီး ခွေးလေးအသံကို နားစွင့်၍ လိုက်ကြည့်ကာ...

"အကဲလေး ရှိရင် ကျွန်မ ဘယ်ဖြစ်ဖြစ် သွားလို့ရတယ်"

ထိုအခါကျမှ ခွေးရဲ့လည်ပတ်ကြိုးကနေ သွယ်တန်းထားသည့် လက်ကိုင်ကြိုးရှည်ကို သဘောပေါက်သွားသည်။

သူမ တကယ် မမြင်ရဘူးဆိုတာတော့ သူ ယုံကြည်သွားခဲ့၏။

"မင်းနာမည် ဘယ်သူလဲ.."

"မျက်ထားညို.."

ဒေါသဖြစ်လွယ်ပေမယ့် ဖြူစင်ပုံလေးတော့ ရှိသည်။ မေးလိုက်တိုင်း ပြန်ဖြေဖော်ရသဖြင့် သူ ပြောသင့်မပြောသင့် စဉ်းစားကာ...

"မျက်ထားညို .. မင်း ငါ့ကို တစ်ခုကူညီပါ"

"ရှင်က လူဆိုးဆို .."

"ဟုတ်တယ် .. လူကောင်း မဟုတ်ဘူး၊ ဒါပေမယ့် ငါ ဓားပြတော့ မဟုတ်ဘူး၊ လူကောင်းတွေကို ဒုက္ခပေးနေတဲ့လူလည်း မဟုတ်ဘူး၊ ငါ့အလုပ် ငါလုပ်နေရင်း ပြိုင်ဘက်တွေနဲ့ သူနိုင်ကိုယ်နိုင် အကွက်ရွှေ့ကြတာမျိုးပေါ့"

"ရှင်က ဒုစရိုက်လုပ်ငန်းတွေ လုပ်နေတာလား"

"မင်း ပြန်မမေးပါနဲ့.. ငါ အခု သူများလုပ်ကြံခံရလို့ ဒဏ်ရာတွေ ရထားတယ်"

"ဟုတ်တယ် .. ရှင့်လက်တွေ တအားပူနေတယ်"

သူမကို ရင်ခွင်ထဲ ဆွဲချပြီး ပါးစပ်ပိတ်လိုက်တုန်းက သတိထားမိသွားတာ ဖြစ်မည်။ ဘာဖြစ်ဖြစ် ကရုဏာ၏ အငွေ့အသက်လေးတော့ လွင့်ပါလာသဖြင့်...

"ဒဏ်ရာထက် ငါ ဘာမှမစားရတာ နှစ်ရက်ရှိပြီ"

"ကျွန်မကို စားစရာ ယူပေးစေချင်လို့လား .. အဲဒါ မဖြစ်နိုင်ဘူး





ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ရွာကျောင်းနဲ့က အဝေးကြီးပဲ၊ ရွာက ချောင်းကို ကူးရဦးမှာ၊ ဆမင်း ဟင်းတွေ ဘယ်လိုလုပ် သယ်မလဲ၊ ပြီးတော့ ကျွန်မက ခဏခဏ ပြန်ထွက်လို့ မရဘူး"

သူ စိတ်ညစ်သွားသည်။ မျက်ခွံတွေလည်း ဖန်စပ် ပူကျိန်းနေပြီဖြစ်၏။ အဖျားပဲတက်တက် ပြီးမှပဲ သေသေ အစားတစ်ခုခု မျိုချပြီး ပစ်စလက်ခတ် အိပ်ပစ်ချင်စိတ်တွေ ဖြစ်နေသည်။

"ရှင် ဒီနေ့တော့ စားရမှာမဟုတ်ဘူး၊ နောက်နေ့ ကျွန်မတို့ မြို့မပြန်ခင် ထွက်လို့ရရင် ကြိုးစားပြီး ယူခဲ့ပေးမယ်"

"ငါ ဒီနေ့ တစ်ခုခု မစားရရင် မနက်ဖြန် လဲနေမယ်ထင်တယ်"

သူမထံမှ အသံလေး တိတ်သွားသည်။ ပြီးတော့မှ...

"နေဦး .. ကျွန်မ ဒီကိုလာတော့ အနံ့ရတယ်၊ လမ်းမှာ သစ်သီးခြံရှိတယ်ထင်တယ်၊ ကျွန်မ..."

"ဟာ!... မဖြစ်ဘူး .. မဖြစ်ဘူး၊ အဲဒီကနေ အစပေါ်မယ်၊ နေပါစေတော့"

"ရှင်က လူသတ်လာတာ မဟုတ်ဘူးမို့လား .. ဘာဖြစ်လို့ လူတွေ့မှာ ကြောက်နေတာလဲ"

"ငါ့နောက်ကို လိုက်လာမယ့်လူတွေ ရှိတယ်"

ပစ်ချခဲ့သည့်နေရာကို သူတို့ မိုးလင်းတာနဲ့လာကြည့်ကြမှာ သေချာသည်။ သူ့အလောင်းကို မတွေ့တာနှင့် အနေးနဲ့အမြန် ဒီပတ်ဝန်းကျင်မှာ ရှာကြလိမ့်မည်။

ကိုယ့်မှာ အကောင်းတိုင်းရှိနေရင် ပြဿနာမဟုတ်ပေမယ့် ဒီပုံနဲ့ဆို ဘောက်စ်ဆင်ပလေးသည့်ဖွဲ့အိတ်ထက် အဖြစ်ဆိုးဖို့သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း လူမသိအောင် ကျွန်မ ကြိုးစားကြည့်မယ်လေ"

"မင်းကို ဘယ်လောက်ထိ ယုံလို့ရမလဲ"

"ရှင့်ကို မမြင်ရဘဲနဲ့ ကျွန်မက ကူညီဖို့ပြောနေရတာ၊ ရှင် ကျွန်မကို မြင်နေရတယ်မို့လား၊ မယုံကြည်ထိုက်တဲ့ရုပ် ပေါက်နေလို့လား"

သူ ဘာမှမဖြေဘဲ ခဏ တိတ်သွားသည်။ သူမမျက်နှာမှ တစ်ကိုယ်လုံးကို စူးစူးရဲရဲ ကြည့်နေပြီးမှ...

"လှတော့ လှတယ်၊ ဒါပေမယ့် ဒါ ယုံကြည်ထိုက်စရာ မဟုတ်ဘူး၊ လုပ်စရာကလည်း ဒီတစ်လမ်းပဲရှိတော့ မင်း ပြန်သွားပါ၊ ငါ့အတွက် စားစရာ မလိုဘူး၊ ပါးစပ်ကိုပဲ ပိတ်ထား"

မာနကတော့ သေးသေးနုပ်နုပ် မဟုတ်ပါလား..၊ အံ့သြသည့် မျက်ဝန်းလေးတွေက သူ့ဆီ အကြာကြီး ငေးနေသေးသည်။ ပြီးတော့ နေရာမှ ထရပ်လိုက်ပြီး ဆံဂင်ရှည်တွေကို ကျောနောက်ပြန်ပို့၏။ ရှည်သည့်ဆံပင်တွေက တင်ပါးသာသာထိ ရှိနေသည်။

မနိမ့်မမြင့်အရပ်နှင့် ကိုယ်လုံးက စေ့စေ့မကြည့်ရဲအောင် လှ၏။ သူ မကန်းဘဲနဲ့ တကယ်ကို သတိမထားမိခဲ့တာ ဖြစ်သည်။

'မျက်ထားညို' ဆိုပေမယ့် ဝင်းဝင်းစက်စက်လေး လှနေသူပါ။ မြို့ကို ပြန်မှာဆိုတာ ဘယ်မြို့ကလဲ..၊





## အခန်း [၅]

"ဟိုလူ .. ရှင် အထဲမှာ ရှိသေးလား ..."

ရေ့ဆက်တိုးဖို့အတွက် ခေါင်းနဲ့ ခေါင်မိုးအစပ် တိုက်နေသဖြင့် တဲအိမ်ပြိုကျနေပြီမှန်း သိလိုက်ကာ မရှိတော့ဘူးလို့လည်း ထင်ပေမယ့် အသံတော့ ပေးမိသေး၏။

ထို့ပြင် မိုးရွာနေသဖြင့် တစ်ကိုယ်လုံးလည်း စိုနေပြီဖြစ်ရာ...

"ရှင် မရှိတော့ရင်..."

သူမ စကားမဆုံးသေးခင် လက်ကောက်ဝတ်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ခြင်း ခံရကာ...

"ခေါင်း နည်းနည်းငုံ့.."

"ရှင်.. ရှင် အထဲမှာ ဘယ်လိုလုပ်နေလဲ၊ တဲက ဘာဖြစ်သွားတာလဲ"

"စကား မများပါနဲ့"

ကိုယ်ချည်းပဲ စားစရာ လာပို့ပေးရတာ မနေ့က သစ်သီးတွေ တစ်ခေါက်၊ ဒီနေ့ ထမင်းနဲ့ ဟင်း..၊ စကားပြောဆိုပုံက ကျေးဇူးရှင်လို့လည်း မှတ်ယူပုံ မပေါ်..။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကတော့ မကျေနပ်ပေမယ့် ဘယ်လိုဆွဲခေါ်ခေါ် သူမ ပါသွားခဲ့တာပဲ ဖြစ်၏။

"အား.."

ခါးကျိုးမတတ် ငုံ့ဝင်နေရသဖြင့် နဖူးနဲ့ တိုက်မိ၊ ခေါင်းနဲ့ ဆောင့်မိ..၊ ဒါပေမယ့် သူမ ညည်းသံမထွက်ဘဲ သူ့ဆီက အသံသဲ့သဲ့ ထွက်လာသည်။

"ရှင် ဘာဖြစ်တာလဲ"

"ဒဏ်ရာတွေ မသက်သာလို့.."

"ရှင် ညက မိုးရေထဲမှာလား"

"မဟုတ်ပါဘူး၊ ဇာဲကို နောက်တိုင်တစ်ချောင်း ဖြုတ်ချလိုက်ပြီး အထဲကို ကိုယ့်ဖာသာ လုံခြုံအောင် လုပ်ရတာပေါ့၊ အငြိမ်မနေလို့ ထင်တယ်၊ ဒဏ်ရာတွေက သွေးကျပြီး တစ်ညလုံး နာနေတာ.."

"မိုးအေးတော့ ပိုနာတာပေါ့၊ ဒုက္ခပဲ.. ကျွန်မ လုပ်ပေးချင်ပေမယ့် သေချာ ဘာမှမမြင်ရဘူး"

သူမထံမှ ကရုဏာသံလေး ထွက်လာတော့ မျက်တောင်တဖျပ်ဖျပ် ခတ်နေသည့် မျက်ဝန်းလေးတွေကို စိုက်ကြည့်မိသည်။

မျက်တောင် သိပ်မရှည်ပေမယ့် မျက်ရစ်လေးတွေ နက်မှောင်နေတော့ လှနေ၏။ ဒီကောင်မလေး တောထဲတောင်ထဲမှာ တစ်ယောက်တည်း သွားလာခွင့်တွေ ရနေသလား..၊

ရေစိုထားသည့် သူမ၏ ကိုယ်ခန္ဓာထက်ကို မျက်လုံးဝေ့သွားပြီးမှ ချက်ချင်းရုတ်သိမ်း၍ ဇာဲခါးလို စီစဉ်ထားသည့် သစ်တုံးတွေကို ပြန်ပိတ်လိုက်ရသည်။

"ရှင် ဘာလုပ်တာလဲ"

"ဇာဲဆိုရင် အနားကို လူလာတာနဲ့ အထဲဝင်ကြည့်ဖို့ လုပ်မှာလေ၊





အဲဒါကြောင့် ခေါင်မိုးတစ်ခြမ်း ပြိုကျနေအောင် လုပ်ထားတာ"

"ဒါကျတော့ ရသားပဲ"

"ဇာဲက ယိုင်နေတော့ သိပ်မခက်ပါဘူး၊ ဒီထဲက သစ်လုံးတွေက သိပ်အကောင်းကြီးတော့ မဟုတ်ပေမယ့် ထင်းတော့ မဟုတ်လောက်ဘူး၊ ဘာလုပ်ဖို့ဟာတွေလဲ..၊ ပိုင်ရှင်ရှိလား"

"မသိဘူးလေ.. ဒါပေမယ့် ဒီနားမှာ ဇာဲဆောက်ဖို့ ရောက်လာကြရင်တော့ ပြန်ရောင်းတယ်လို့ ကြားတာပဲ၊ ဒါတွေ ဟုတ်မဟုတ် မသိဘူး၊ ဒီမှာ နေရာယူကြတာက နီးဘဲ့လူ ယူတာပဲလေ၊ အိမ် တစ်လုံးပြီးတစ်လုံး တိုးသွားပြီး ရွာတစ်ရွာ ဖြစ်လာရင်တော့ ခြံတွေ၊ အိမ်တွေက ပိုင်ရှင်နဲ့ သူ့တန်ဖိုးနဲ့သူပေါ့"

"မင်းက ဒီရွာသူ မဟုတ်ပေမယ့် သိနေသားပဲ"

"ခဏခဏသာ မရောက်တာ၊ ဒေါ်လေးတို့ ပြောနေကြတာပဲ၊ တွေးကြည့်ရတာတော့ ကျွန်မမိဘတွေက ဒီနားမှာနေတာ ထင်တယ်"

"မြို့ကို ပြန်မယ်ဆိုတာ ဘယ်ကိုလဲ"

"ရန်ကုန်"

"ဘယ်မှာနေတာလဲ"

"သဃ်န်းကျွန်း.."

မေးသမျှ ဖြေနေပြီးမှ သူမ မျက်ခုံးလေး တွန့်သွားကာ ...

"နေ့လယ်တောင် ရောက်နေပြီ၊ ရှင် ထမင်းမဆာဘူးလား၊ ရော့.."

"မနေ့က မင်း ပြန်လာပို့တဲ့ သရက်သီးနဲ့ ဘာတွေမှန်းမသိတဲ့ အသီးတွေ စားလိုက်တာ ကုန်တောင် မကုန်သေးဘူး"

"ဘာတွေမှန်း မသိဘဲနဲ့ စားတာလား"

"မင်း ယူလာတာလေ"

"ကျွန်မက သေချာမှ မမြင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံသဲ့သဲ့လေး နားထဲမှာ ဝင်လာသည်။ လူကို မမြင်ရပေမယ့် ရယ်သံက နားထဲမှာ စွဲသွား၏။

တည်ကြည်ချောမောသည့် ယောက်ျားတစ်ယောက်၏ ရယ်သံလို့ စိတ်က ဘာဖြစ်လို့ ခံစားမိလိုက်မှန်း မသိ..၊

ပြီးတော့ သူမ ဒီလူကို ဘာဖြစ်လို့ ဒီလောက် စွန့်စားပြီး ကူညီနေမိတာလဲ..၊ လူကောင်း မဟုတ်ပါဘူးလို့ သူ့ကိုယ်သူ ပြောထားခဲ့တာကို..၊

"ရှော့လေ .. ကျွန်မ ချမ်းနေပြီ၊ ပြန်တော့မယ်"

"ဟုတ်သားပဲ .. မိုးက လုံးဝ တိတ်သွားတယ်ဆိုတာ မရှိဘူး၊ မင်းက ဘာဖြစ်လို့ ထီးဆောင်းမလာတာလဲ"

"သြော် .. ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သွားပို့တာမှ မဟုတ်တာ၊ ထီးလေးဆောင်းပြီး ကြော့ကြော့မော့မော့ ထွက်လာလို့ ရမလား"

"အဟွန်း .. ဟွန်း .. ဆောရီး"

သူ့ရယ်သံကို ပြီးပျောက်တဲ့အထိ နားစွင့်နေပြီးမှ...

"ရှင် အဖျားမတက်တော့ဘူးလား"

"ဟုတ်တယ် .. သူများတွေ အဖျားရှိရင် အစာမာမာ မစားရဘူးတဲ့၊ ငါတော့ မနေ့က သစ်သီးတွေ မျိုချလိုက်တာ ကိုယ်ပူ တန်းကျသွားတယ်"

သူပြောတော့ လက်လေးပိုက်ထားရင်း မျက်ထား ရယ်လိုက်မိသည်။ မိုးစက်ကျသံတွေ ကြားနေရပေမယ့် ဒီထဲမှာတော့ မိုးလုံအောင် သူ လုပ်ထားပုံ ပေါ်၏။ ရေတစ်စက်မှမကျဘဲ အောက်ခင်းကလည်း ခြောက်သွေ့နေသည်။

"တဲက သိပ်မသေးဘူးပေါ့နော်"

"ဘာဖြစ်လို့လဲ.."





"ဂစ်ခြမ်းဖြိုထားတော့ ရှင် ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်နေလားလို့ပါ"

"မကျဉ်းပါဘူး၊ သုံးယောက်လောက်တော့ အသာလေး လှဲနေလို့ ရတယ်၊ ငါလည်း တစ်ရက် နှစ်ရက်ဆို သွားတော့မှာ"

"ဘယ်ကိုလဲဟင်"

"တစ်နေရာပေါ့"

ကိုယ်ကတော့ မေးသမျှ ဖြေရပြီး သူက ဘာမှပြန်ဖြေတာ မရှိ၊ ဒါပေမယ့် ထိုအတွေးကို ဖျောက်ပစ်လိုက်ကာ ခုထိ သူ မယူသေးသည့် ထမင်းထုပ်လေးကို ရှေ့မှာ လက်တစ်ဖက်နဲ့ စမ်းကြည့်ပြီးမှ ချထားလိုက်ကာ...

"ကျွန်မတို့ ဒီညနေ ပြန်ကြမှာ၊ နောက်နေ့ ရှင် ထမင်းစားရတော့မှာ မဟုတ်ဘူး"

"မင်း ရှိနေသေးရင်လည်း ငါ့ဆီကို နောက်ထပ် ဘာမှ လာမပို့နဲ့တော့လို့ ပြောမလို့ပဲ"

"ဘာဖြစ်လို့လဲ"

"အဲဒီစိတ်က အခု မင်း ဝင်လာမှ ဖြစ်တာပါ၊ ငါ စားဖို့ သစ်သီးတွေ ရှိသေးတယ်၊ ကုန်သွားရင်တောင် နောက်နှစ်ရက်လောက် အငတ်ခံနိုင်သေးတယ်၊ မင်း သွားရပြန်ရတာ ငါ ငတ်မှာထက် ပိုပြီးအန္တရာယ်များနေလို့"

နှစ်ယောက်ကြားမှာ ဘာမှမဟုတ်ဘဲ တိတ်ကျသွားပြန်သည်။ ထိုအခါ မိုးစက်ကျသံတွေက ကြီးစိုးနေကာ...

"ပြန်တော့မယ်"

"အိုခေ .. မင်းက ပြန်တော့မှာဆိုတော့ တစ်ခါတည်း နှုတ်ဆက်ကြရအောင်၊ မင်း ကျေးဇူးကို ကိုယ် မမေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ 'ကိုယ်'ဆိုသည့် အသုံးအနှုန်းကြောင့် စိတ်ထဲမှာ နွေးထွေးသွားသလိုပင်…၊

"နေဦး .. သစ်လုံး ရွှေ့ပေးမယ်"

ကိုယ့်နားကို သူ တိုးလာမှန်း သိသည်။ ချမ်းလည်း ချမ်းနေတော့ မျက်ထား လက်ပိုက်လေး ပိုတင်းသွား၏။ ကိုယ်လေးလည်း ကျုံ့သွားလေသည်။

ထိုစဉ်…

"အဲဒါ သစ်ပုံကြီး ထင်တယ် .. ဝင်ကြည့်မလား"

စကားသံတွေ ကြားလိုက်ရ၏။

သူ့လက်တွေ ဘယ်လောက်ထိ မြန်သလဲဆိုလျှင် လူကို ဆွဲ့ခနဲ ပွေ့ယူလိုက်ကာ နှစ်ပတ်လောက် လိမ့်ထွက်သွား၏။

လန့်အော်လိုက်ပေမယ့် ပါးစပ်မှာ ဖိကပ်ပိတ်လိုက်သည့်လက်ကို ကိုယ့်အသံ ထွက်မလာမှ ထပ်ကိုင် စမ်းမိ၏။

အော်လို့လည်း မရ၊ လှုပ်ကြည့်တော့လည်း မရ၊ ကိုယ့်ရင်ဘတ်ပေါ်မှာ သူ့ရဲ့ရင်ခွင်၊ မျက်ထား ရဲ့လက်ဖဝါးလေးတွေ မရဲတရဲ တွန်းဖယ်ဖို့ ကြိုးစားရင်း သူ့ရင်ဘက်ပြင်ကို ရောက်သွားသည်။

ဂျာကင်သားလိုအင်္ကျီကို ရင်ကွဲဝတ်ထားပုံရှိကာ အတွင်းခံအင်္ကျီမရှိသည့်ရင်ဘတ်မှာ ကြမ်းရှသော ရင်အုံမွေးတွေနှင့်…

လှုံ့သံတွေ အနားရောက်မလာပေမယ့် ပက်လက်ကလေးဖြစ်နေသည့် ထား ကိုယ်ပေါ်မှာ ဖိကပ်ချုပ်ထားသလိုရှိသည့် သူ့ကိုယ်က မခွာသေး…၊ ထား ရင်တွေ တဒိတ်ဒိတ်ခုန်လာကာ ကြောက်လန့်စိတ်တွေ ကြီးစိုးလာလျက် သူ့ရင်ဘတ်ကို တွန်းပစ်မိသည်။

မျက်နှာမှာ လေငွေ့တွေရိုက်ခတ်လာတော့ သူ့မျက်နှာ ကိုယ့်မျက်နှာထက်ကို ငုံ့ကျလာသည်မှန်း သိကာ…





"ဟင့်အင်း .. ဟင့်"

ခေါင်းအကင်းရမ်းနေရင်း နှုတ်ခမ်းပေါ်ကလက်ကို ဖယ်ချဖို့ ကြိုးစား၏။ သူက လက်ကို အသာလေး ဖယ်ပေးလိုက်ကာ…

"မင်းရဲ့အလှတွေကြောင့် ကိုယ် ယစ်မူးသွားပြီ မျက်ထားညို"

"ဟင့်အင့် .. ရှင် .. မယုတ်မာနဲ့နော်၊ ဖယ်ပေးပါ .. လွှတ်ပါ.. ဟင့်အင်း .."

"ငါ လူကောင်းမဟုတ်ပါဘူးလို့ မင်းကို ပြောခဲ့သားပဲ"

"ရှင်.. ရှင်.. မလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်.. ကျွန်မ …"

ထား ရဲ့ တောင်းပန်နေတာတွေ ပျက်စီး ပျောက်ရှသွားခဲ့၏။

မိုးစက်တို့ လွင့်ပါကုန်အောင် အကြမ်းပတမ်း တိုးဝှေ့သွားသည့် လေပြင်းတစ်ရိုက်မှာ သစ်ရွက်စိမ်းတချို့ပါ ကြွေကျ ရောပါသွားခဲ့၏။

ရင်ခုန်သံတွေတော့ မှန်သည်…၊

ဒါပေမယ့်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၆ ]

လေကတော့ ဒီလေပဲ ဖြစ်လိမ့်မည်။

ဒါပေမယ့် လန်ဒန်လေဆိပ်က တက်လာခဲ့တဲ့အတိုင်း ကားလမ်းတစ်လျှောက်မှာ ဆံပင်တွေ ပလူပျံကုန်အောင် တိုက်ခတ်သည့်လေက အေးမြခြင်းမရှိဘူး ထင်၏။ ပါလီမန်အဆောက်အဦးကြီးကို ငေး၍ သူ့စိတ်တွေကို ငြိမ်းချမ်းဖို့ ကြိုးစားနေစဉ် ဖုန်းဝင်လာသဖြင့် ထုတ်ကိုင်လိုက်သည်။

"ကိုကင်း .. ရောက်ပြီလား"

"အေး .. ငါ ဒီမှာ တစ်ပတ်လောက် ကြာမယ်"

"သူတို့လည်း အလုပ်တွေ အကုန်လုံးကို နာမည်ပြောင်းနဲ့ ကြော်ငြာနေတယ်"

"အဟွန်း.."

"ကျွန်တော်တို့ အရင်အတိုင်းပဲနော်"

"အေး.."

"ကျွန်တော်တို့ကို သူတို့ မထင်ဘူး သိလား ကိုကင်း၊ နောက်မှာပဲ မဲပြီး ရှာနေကြတယ်"





"ကျားလေး ကျန်ခဲ့တယ်မို့လား"

"ဟုတ်မယ် ထင်တယ်၊ ကျော်ကြား ဆီက အကြောင်းမကြားသေးဘူး၊ ပြီးခဲ့တဲ့ ဖရိုက်ဒေးတုန်းက ကျားလေး မူဆယ်မှာ ပျောက်နေတယ်လို့ ဖုန်းဆက်တယ်.."

"ဟွန်း .. ဘယ်တော့မှ ပြန်လာနိုင်တော့မှာ မဟုတ်ဘူး"

"ကျွန်တော် ထင်ပါတယ်၊ ကိုကင်း အေးဆေး အနားယူလေ၊ ရန်ကုန်က အလုပ်ကိစ္စတွေအားလုံး အေးဆေးပဲ"

"အိုခေ.."

သူ ဖုန်းပိတ်လိုက်တော့ ဟိုတယ်လ်ထဲကို ကားဝင်လာခဲ့ပြီ ဖြစ်သည်။ အခမ်းနားဆုံးဟိုတယ်လ်မှာ ဇိမ်ကျကျ အနားယူနေဖို့တော့ မဟုတ်ပေ..၊ သူ့အတွက်က နာမည်နဲ့လူ တစ်ထပ်တည်း ဘယ်တော့မှ ကျခဲ့သည် မရှိ..၊ နာမည်က 'စစ်ရိပ်ကင်း"။

လူကတော့ အမြဲတမ်း အတိုက်အခိုက်တွေနဲ့ လုံးထွေးလျက်သား။ ဒါပေမယ့် အားလုံးကို အဆုံးသတ်တော့ဖို့ ဒီခရီးစဉ်ကပဲ ဆုံးဖြတ်မှာ ဖြစ်သည်။

ဘဝအတွက် ဘယ်အရွယ်မှာ ဘာကိုရှာသင့်တယ်ဆိုသည့် သတ်မှတ်ချက်တွေ ရှိလင့်ကစား သူကတော့ ကိုယ်ထင်ရာ ကိုယ်လုပ်၊ ကိုယ့်ဘဝမှာ ကိုယ်သာ ဘုရင်..။

"ဆရာ အပေါ်ကို မတက်သေးဘူးလား"

"အေး .. ငါ အပြင်ဘားမှာ ခဏထိုင်ဦးမယ်၊ ဘယ်ဖုန်းလာလာ မခေါ်နဲ့"

"ဟုတ်.."

သူ ကားပေါ်ကဆင်းကာ ဟိုတယ်လ်၏ ပထမထပ်ထဲကနေ ညာဘက်ကို ချိုးဝင်ခဲ့ပြီးမှ ခတ်လှေကားရှေ့ကနေ နောက်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာခဲ့သည်။

လန်ဒန်ကိုရောက်တိုင်း ဒီဟိုတယ်လ်မှာပဲ တည်းနေကျမို့ ဘယ်လမ်းဖြစ်ဖြစ် သူ သိနေသည်။ မြင့်မားကြံ့ခိုင်သည့် သူ့ပုံစံကိုက ဒီလူတွေထဲမှာ ရောထွေးနေကာ ဘာသာစကားလည်း ကျွမ်းကျင်နေသည်မို့ မြန်မာစစ်စစ်ဖြစ်မှန်း တော်ရုံလူ သိမည်မထင်..၊

"ဟိုင်း .. မစ္စတာကင်း"

"ဟိုင်း .."

ဟိုတယ်လ်ဝန်ထမ်း ကောင်မလေးတစ်ယောက်က လှမ်းနှုတ်ဆက်၏။ သူ လက်တစ်ဖက် မြှောက်ပြပြီး ဆက်ထွက်ခဲ့သည်။

ဒီမှာ သိထားသည့် နိုင်ငံသားတချို့ကတော့ သူ့ကို မြန်မာပြည်က သူဌေးကြီးတစ်ယောက်အဖြစ်သာ သိထားကြကာ အနာအဆာများစွာနှင့် ပြည့်နှက်ခဲ့သည့်အတိတ်နဲ့ စစ်ရိပ်ကင်း ကို ဘယ်သူမှ မသိကြပေ..။

သူ့ဘဝဟာ လူမှန်းသိတတ်စကတည်းက အိမ်ထောင်ရေး မညီညွတ်ကြသည့် မိဘနှစ်ပါးရဲ့အလယ်မှာ စည်းစိမ်ရတနာတွေ ပြည့်စုံနေပေမယ့် သာယာမှုဆိုတာ စိုးစဉ်းမျှ မရှိခဲ့ပေ။

အလယ်တန်းကျောင်းသားအရွယ်လောက်မှာ မိဘနှစ်ပါးစလုံးက ကိုယ့်သာယာမှုတွေနဲ့ ကိုယ့်လမ်း ကိုယ်လျှောက်ခဲ့ကြတော့ တစ်ဦးတည်းသောသားဆိုသည့် သူ့အတွက်က တိုက်ကြီးထဲမှာ အိမ်ဖော်တစ်ယောက်၊ ခြံစောင့်တစ်ယောက်နှင့်။ အမေက လုံးဝ အစပြန်မပေါ်လာခဲ့ဘဲ အဖေနဲ့ သူ့ဇနီးကတော့ မကြာမကြာ ရောက်လာခဲ့သည်။

"မင်းအမေက မိခင်သာဖြစ်တာ မင်းရဲ့ဘဝအတွက် အဖေ့လောက် ပူပန်မှု မရှိပါဘူးကွာ"

ဆိုသည့် စကားနှင့် ဤကဲ့သို့ တိုက်ကြီးထဲ ထည့်ပေးထားရ





သည့်ဝတ္တရားကျေပွန်မှုကို တစ်လ တစ်ခေါက်၊ နှစ်ခေါက်တော့ လာပြောဖော်ရလေသည်။

ဒေါ်သွဲ့သွဲ့အေး ဆိုသည့် 'မိထွေးတော်'ကတော့ ရောက်လာတိုင်း ခြံနဲ့တိုက်ကို လှည့်ကြည့်သွားတတ်ကာ သိပ်မကြာလိုက်ခင်မှာ နိုင်ငံခြားသားတွေကို ငှားလိုက်သည်ဆိုသည့်ခေါင်းစဉ်နှင့် သူနဲ့တကွသော အိမ်ပေါ်မှာ ရှိသမျှအားလုံးကို ဆွဲချ ရှင်းလင်းခဲ့၏။

ဘားမှာ သောက်ချင်တာကို ယူခဲ့ပြီး ရေကူးကန်စပ်က ပန်းခြံနားထိ ဆင်းလာခဲ့မိသည်။

စိတ်တွေက ပစ္စုပ္ပန်ခမ်းနားမှု မှန်သမျှမှာ ခံစား သာယာလို့မရဘဲ အတိတ်ကိုသာ ပြန်ပြေးနေခြင်းသည် ဘယ်လို တိုက်ဆိုင်မှုတွေကြောင့် အစပေါ်လာခဲ့မှန်း မသိ..၊

လောလောဆယ် တိုက်ဆိုင်သွားတာကတော့ ပြာလဲ့လဲ့ ရေကူးကန်ကြီးနှင့် သက်ဆိုင်၏။ ခြံထဲမှာ ရေကူးကန်ကြီး ရှိသည်။ ဒီလိုအပြာရောင် ကြည်လဲ့နေအောင် မလှပေမယ့် မြသားရောင်တော့ ကြည်လင်နေခဲ့တာပင်..။

ဒေါ်သွဲ့သွဲ့အေး နဲ့ သူ ရေကူးကန်နှုတ်ခမ်းပေါ်မှာ စကားများကြသည်။ အဖေနဲ့လက်ထပ်ခဲ့ပြီး အသက် ဆယ်နှစ်ကျော်လောက်ကြီးသည့် ယောက်ျားသေးမှာ စကက်တွေ၊ ဂါဝန်တွေနဲ့ပဲ အပြင်ထွက်လည်း ဝတ်သည်၊ အိမ်မှာနေလည်း ဒါပဲ။

ဆံပင်က ပခုံးလောက် ဖြောင့်ထားတာမို့ ဖြန်းခနဲကြည့်လျှင် ဆံပင်ဂုတ်ဝဲနှင့် မိန်းကလေးတစ်ယောက်ပုံ ထွက်နေလျက် အသက်ငယ်ငယ် လူကောင်ထွားသည့် သူနဲ့မှ အထက်အောက် မောင်နှမတွေလိုလို၊ သူငယ်ချင်းလိုလို..၊

တရားလွန် ပြင်ဆင်မှုများနှင့် လူတွေ ခလုတ်တိုက်အောင်သတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်တာလည်း မရှက်တတ်ဘူးလားလို့ မေးချင်စိတ်တွေ တဖွားဖွား ဖြစ်ရတဲ့အထိ..၊

ရေကူးဖို့ဆင်းလာတော့လည်း မကြည့်ရဲစရာ၊ မြန်မာမိန်းကလေး တွေလည်း ရေကူးဝတ်စုံတွေနဲ့ ရေကူးကြတာပါပဲ..၊

အရွယ်မရောက်သေးဘူးဆိုပေမယ့် ယောကျ်ားလေးမို့ ဒီလောက် တော့ သူ ကျွမ်းကျင်နေပါပြီ။ ဒေါ်သွဲ့သွဲ့အေး ဆင်းလာပုံက တံကယ့် အနောက်တိုင်းသူတွေလို..၊

ဒါတောင်မှ ထပ်ပြီး အတိအကျ ပြောရမည်ဆို ဗရုတ်ကျကျ အက်ရှင်ဇာတ်လမ်းတွေထဲက ကလပ်မှာ ကနေကြသည့် မိန်းမတွေ လို..၊ သူမ ဆင်းလာတော့ သူ ကန်ဘောင်မှာ ခဏထိုင်ပြီး ကုတ်ဒ်တစ် ဘူးဖောက်၍ မော့နေတုန်း ဖြစ်သည်။

မော့ပြီး မျက်နှာတည့်တည့် ပြန်ရောက်တာနှင့် 'ဝုန်း'ခနဲ ခုန်ချ လိုက်သည့် သူမက ချက်ချင်း ဘွားခနဲ ပြန်ပေါ်လာ၏။

"ဟဲ့ .. ဘာထိုင်ကြည့်နေတာလဲ.. သွားလေ"

"ခင်ဗျားကို ထိုင်ကြည့်နေတာ မဟုတ်ဘူး၊ ရေကူးနေတာ"

"အခု မကူးနဲ့တော့၊ သွားတော့"

"ဘာလို့ သွားရမှာလဲ"

သူမက တက်ခေါက်ပြီး လှေကားကနေ ပြန်တက်လာသည်။ ပြီးတော့ ဘာတစ်ခွန်းမှ မပြောတော့ဘဲ ခြေချထိုင်နေသည့် သူ့ကို တအား တွန်းချပစ်လိုက်ကာ...

"တက် .. အခု တက်ဆို ကက်၊ လူကို မိထွေးဆိုတဲ့အကြည့်နဲ့ ဂျစ်ကန်ကန်နဲ့ ဟွန်း..၊ တစ်ဘဝလုံး ပျက်စီးခံပြီး နင့်ရဲ့မိထွေးအဖြစ် ခံနေရတာ ငါကရော ပျော်နေတယ် မှတ်လို့လား.."

ကန်ဘောင်ပေါ်ကနေ လက်သီးနှစ်ဖက်ဆုပ်၍ ပြောချင်တိုင်း





ပြောနေ၏။ ရေကူးကန်နေရာမှ ဘာတွေပြောပြော ဘယ်လို ခုန်ပေါက် နေနေ တိုက်ကြီးဆီက မကြားနိုင်တာကို သူမက သိနေလိမ့်မည်။

သူကလည်း 'အဖေရေ..' အော်ပြီး တိုင်တန်းမည့်သူ မဟုတ်ပေ၊ သူမလိုပဲ ရေထဲကနေ ပြန်တက်လိုက်သည်။

သူ နှင်လွှတ်လို့ သွားရရှာတော့မည်ထင်ကာ လက်သီးဆုပ်ကနေ ခါးထောက်လိုက်ခြင်းဖြစ်လျက် သူမ လေသံက ပိုကျယ်လာ၏။

"နေရာမပျောက်ချင်ရင် နေတတ်အောင် နေ၊ နင့်အဖေက ငါ့ရဲ့ ချည့်တိုင်မှာ မြဲနေပြီ၊ ရေကြည်ရာမြက်နုရာ ရှာစားပါဆိုပြီး ကြိုးဖြည် ပေးရင်တောင် ဘယ်မှ သွားမှာမဟုတ်ဘူး"

ကန်ထဲကနေ သူ တက်လာသည့် ခြေလှမ်းတွေအတိုင်း သူမ မျက်လုံးတွေ ပါလာကာ ပါးစပ်ကပြောနေတာ တစ်ချက်မှ မနား..၊

အဖေတစ်ယောက်လုံးကို နွားနဲ့နှိုင်းပြောသည့်စကားတွေက သူ့ရဲ့အသိစိတ်တွေကို အမှောင်ချပစ်လိုက်သလိုရှိကာ...

"အပျက်မကြီး.."

"ဖောင်း.."

"အား.."

"ဝုန်း.."

ဇက်ပိုးကို ဖြောင်းခနဲ ရိုက်ချလိုက်တာ လက်ပြန်ရိုက်ချက်မို့ ဒေါ်သွဲ့သွဲ့အေး တစ်ကိုယ်လုံး အရုပ်တစ်ရုပ်လို ကန်ထဲကို ဇောက်ထိုး လွင့်ကျသွား၏။

နောက် တစ်နာရီမပြည့်မီမှာ အဖေ့လက်သီးကြောင့် သူ့နှာခေါင်း နှင့် နှုတ်ခမ်းကြားမှာကျသည့်သွေးတွေ လက်ခုပ်ထဲမှာ ရေခပ်ထား သလို တင်၏။

"ခွေးကောင်.. မင်းကို ချစ်ခင်ပါ၊ ရှိသေပါလို့ ငါ ပြောဖူးလား



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဒီလို မိုက်ရိုင်းစော်ကားဖို့ ပါမစ်ရနေပြီလို့ မင်းကိုယ်မင်း ထင်တယ်ပေါ့"

အဖေ ပြောသမျှကို သူ ခေါင်းငုံ့ခံခဲ့ပေမယ့် ဒေါသွှဲ့သွဲ့အေး ပြောသမျှ အဖေ့စကားထဲ ပြန်ပါလာတော့ မခံနိုင်..၊

"မိန်းမတစ်ယောက် ရေချိုးတာကို မင်း ငုတ်တုတ်ထိုင်ကြည့်နေတာ မရှက်ဘူးလား"

"ဘယ်သူက ကြည့်မှာလဲ အဖေ.. သူက ကျွန်တော့်ကို ခွေးမောင်းသလို မောင်းထုတ်တာ၊ ကိုယ်ပိုလက်ရောက် စလုပ်တာရော ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် မင်း အချိုးမျိုးကို ဒေါသဖြစ်မှာပဲ၊ ပြောကြကြေးဆိုရင် မင်းကို သူ ဆုံးမခွင့်ရှိတယ်၊ ငါ့မိန်းမဖြစ်လာရင် မင်းအမေပဲ"

"လူတစ်ယောက်ကို မိန်းမတစ်ယောက်ကပဲ မွေးနိုင်တာ၊ အမေက တစ်ယောက်ပဲ ရှိတယ်"

"ဟေ့ မိထွေးကို မခေါ်ချင်လည်း အမေတော်သွားရင် အမေပဲ"

"ဒီမိန်းမကြီးပုံစံနဲ့ မိထွေးဖြစ်ဖို့တောင် မတန်သေးဘူး" လို့ ပြောလိုက်တာနှင့် သုံးချက်မြောက်လက်သီး ရောက်လာသည်။

အဖေက လက်သီးရွယ်ပြီဆို သူက ရှောင်ပြီးသား ဖြစ်သွားတတ်သည်မို့ မျက်နှာကို နောက်ထပ် ဟည့်တည့်မဟုတ်တော့ဘဲ ကိုယ်ပေါ်မှာ လက်သီးမိုး ရွာသွားသည်။

"ပြောလေ ကဲလေ .. ကဲကွာ .. ကဲ .."

အဖေ့ဒေါသတွေ မီးကုန်ယမ်းကုန်ဖြစ်လျက်...

"ဒီမိန်းမပုံစံက ဒီလိုဖြစ်နေလို့ဆိုတော့ မင်းအမေဆိုတဲ့ မိန်းမက တော်တော် စာရိတ္တကောင်းခဲ့တယ်ပေါ့၊ ဟုတ်လား.. ဆံပင်ရှည်နဲ့ ရိုးပုံရိုးပန်းနဲ့လေ၊ ပြောစမ်း ဟိုတ်ကောင်.. အဝတ်အစား အနေအထိုင်





နဲ့ စိတ်ဓာတ်နဲ့ ဆိုင်သလား၊ ရိုးရိုးလေးပတ်နေတိုင်း ရိုးကြသလား"

ရင်ထဲမှာ စူးစူးရှရှ နာကျင်ခဲ့၏။ အမေက အဖေ့ကို "ကျွန်မတို့ ဒီတိုင်း အေးစက်စွာ နေကြမယ့်အတူတူ ကွဲကြရအောင်" လို့ စပြောခဲ့တာ သူ့ရှေ့တင်...။ နှစ်ယောက်စလုံး ခြေလှမ်းမှားကြတာ အတူတူပေမယ့် ပန်းဝင်ကြိုးကို ဖြတ်ခဲ့တာက အမေ ဖြစ်သည်။

ပြိုင်ပွဲတစ်ခု မဟုတ်ခဲ့ဘဲ သူ့ရဲ့ ကြံစည်အားထုတ်မှုတွေကို ထိုနေ့မှ စ၍ လွတ်လပ်စွာ ချီတက်ခွင့်ရသွားတာမို့ ပြတ်တောက်ခဲ့တာက ပန်းဝင်ကြိုးပဲ ဖြစ်၏။ တစ်စုံတစ်ယောက်၏လက်ကို ချိတ်၍ အောင်မြင်စွာ ပန်းဝင်ခဲ့သည့်ည..၊

မိဘနှစ်ပါး၏ပဋိပက္ခကို နားစွင့်ရင်း အိပ်ရာထက်မှာ တင်ပျဉ်ခွေထိုင်၍ ကျောက်ရုပ်လေး ဖြစ်နေဆဲ..၊ အခန်းတံခါး နည်းနည်းဟသွား၏။

"မင်းအဖေနဲ့ မပျော်ရင် ဖုန်းဆက်လိုက် သား.. အမေ လာခေါ်မယ်၊ ခုတော့ နေခဲ့ဦး.. မင်းအဖေ ချမ်းသာတာတွေ မင်း ရမှ ဖြစ်မှာ" တဲ့။ တံခါးကို အေးဆေးစွာ ပြန်စေ့သွားသည်။ ငုတ်တုတ်မေ့နေပြီးမှ ကားသံကြားတော့ သူ ပြတင်းတံခါးဆီ ပြေးကာ ခွေးခြေခုံလေးပေါ် တက်၍ ငုံ့ကြည့်မိ၏။

ခြံထဲကို ကားတစ်စီး ဝင်လာသည်။ အမေက ပေါ်တီကိုအောက်ကနေ လျှောက်ထွက်လာပြီးမှ ပြန်ရပ်စောင့်၏။

ကားက အမေ့ဘေးမှာ ရပ်ကာ အဖြူရောင်ဝတ်စုံနှင့်လူ ဆင်းလာပြီး အမေ့လက်ကို လှမ်းတွဲ၏။

ခန်းဆီးစကို ပင့်ကိုင်ထားသည့် ကလေးတစ်ယောက်ရဲ့ လက်တစ်ဖက်ဟာ ဆတ်ဆတ်တုန်လာခဲ့ပြီး မနိုင်သည့်ခြေထောက်တွေက ခွေးခြေပေါ်က ပြုတ်ကျ၏။

ထိုအခါ မြဲမြံစွာ ဆုပ်ထားသဖြင့် စုတ်ပြဲပါလာသည့် ခန်းဆီးစ



www.burmeseclassic.com

www.burmeseclassic.com



က မျက်နှာပေါ်ကို ရုတ်တရက် အုပ်ချပစ်လိုက်သလို ဖြစ်သွား၏။

ပြုတ်ကျတာလည်း နာရမှန်း မသိ၊ မျက်နှာပေါ်မှာ အဝတ်အုပ် နေသဖြင့် မြင်လွှာတွေမှာ အပြာရောင်လွင်ပြင်သာ ဖြစ်သွားသည်။ ဖယ်ပစ်ဖို့လည်း သတိမရပေ။

ဆုပ်မိထားသည့် ခန်းဆီးစက ဆုပ်ထားလျက်သားဖြစ်ကာ သူ့ မျက်ရည်ကျတာမဟုတ်ဘဲ အံကြိတ်နေခြင်းသာ ဖြစ်ခဲ့၏။

ရှက်တဲ့စိတ်ကို ကလေးမို့ နားမလည်။ ပြတင်းပေါက်ထိ လိုက်ငုံ့ ကြည့်မိသည့် ကိုယ့်အဖြစ်ကို ရှက်ရွံ့နာကြည်းနေခြင်းအား ဝမ်းနည်း ကြေကွဲတာနှင့် မခွဲခြားတတ်..။

ကလေးအရွယ်မို့ အံကြိတ်လျက် လက်သီးဆုပ်လေး ဆတ်ဆတ် ခါနေသော်လည်း ကိုယ့်ရင်ထဲကို မသိခဲ့ပေ။

အဖေ့ရဲ့ စကားတစ်ခွန်းနောက်မှာ သူ့ဘဝသည် သစ်ပင်တစ်ပင် မှာ ဖြစ်ခဲ့တာလား၊ မြစ်ချောင်းအင်းအိုင် တစ်နေရာမှာ ရေမြှုပ်ဘဝ ကနေ လူလားမြောက်ခဲ့သည်လား..၊ ဘာမှန်း မခွဲခြားတတ်သော်လည်း အသိစိတ်မှာ အဖေရယ်၊ အမေရယ်ဆိုတာ မရှိတော့တာ သေချာခဲ့၏။

"မင်း ဒီမှာ မနေနဲ့တော့"

ဆိုပြီး တိုက်ခန်းငယ်လေးထဲကို ပြောင်းထည့်လိုက်၏။ သူ ဒီတိုင်း ပဲ နေခဲ့သည်။ ရတနာကုန်သည် သူဌေးကြီး၏သားလို့ တချို့က သိနေ ကြပေမယ့် သူ့အတွက် လောက်ငှရုံပဲ ပို့ပေးခဲ့သော ငွေကြေးလေးနှင့် ကျောင်းကို ဖယ်ရီနဲ့ တက်ခဲ့ရသည်။

ကပ်လျက်တိုက်ခန်းက နှလုံးရောဂါအထူးကု သမားတော်ကြီး နှင့် ရင်းနှီးသွားကာ အသက်ကြီးလို့ အနားယူနေသည်ဆိုပေမယ့် သမား တော်ကြီးက သူ့ကို ဘာသာစကားတွေ ပြောတတ်၊ ရေးတတ်အောင် သင်ပေးခဲ့၏။





"ဘဘရဲ့ဘဝ အစကလည်း ဒီတိုက်ခန်းလေးထဲမှာပဲကွ၊ သား နှစ်ယောက် မွေးခဲ့တယ်၊ သူတို့အတွက် တာဝန်မကျေနိုင်ဘဲ စာမေးပွဲ တွေ ဖြေပြီးရင်း ဖြေ .. ဘွဲ့တွေရလာတော့လည်း နိုင်ငံပေါင်းစုံသွား..၊ စိတ်ထဲမှာ ဆေးပညာက လိုက်လေ ပြေးလေ ဖြစ်နေသလိုပဲ၊ လူတိုင်း က အဘကို ဘွဲ့တွေတသီကြီးနဲ့ ဘာသာစကားတွေလည်း ကျွမ်းကျင် ရန်ကောဆိုပြီး လက်ဖျားခါနေတာတောင် ကိုယ့်ကိုယ်ကိုယ် ဆေး ပညာကြွယ်ဝတဲ့ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ပြီလို့ မသတ်မှတ် ချင်ဘူး၊ အဲဒီစိတ်က ခုချိန်ထိပါပဲကွာ.."

"မိသားစုအပေါ်မှာ တစ်ကိုယ်ကောင်းဆန်ခဲ့မိတဲ့အတွက် ဇနီး ဆုံးသွားတော့ သားတွေကို အဘလို ထူးချွန်အောင် ပြုစုပျိုးထောင်ပေး ခဲ့တယ်၊ အကောင်းဆုံး မဖြစ်ခဲ့ပေမယ့် သူတို့ တော်ကြပါတယ်၊ အဘ အခု အသက်ရှစ်ဆယ်ကျော်နေပြီ၊ ကိုယ့်အရည်အချင်းနဲ့ ရှာဖွေ စု ဆောင်းထားခဲ့သမျှ ကိုယ့်အတွက် တိုးလုံးစာလေးချန်ပြီး သူတို့ကို ပေးခဲ့ပြီလေ၊ ဒီနေရာလေးက အဘရဲ့ငယ်ဘဝပါ"တဲ့။

ဒီလိုနေရတာကို ကျေနပ်တယ်ဆိုသော်လည်း သူ့တိုက်ခန်းဘေး မှာ 'စစ်ရိုပ်ကင်း' ဆိုတဲ့ ချာတိတ်လေးတစ်ယောက် ရှိလာခဲ့သည့် အဖြစ်ကို ကျေနပ်နေခဲ့တာ သိသာပါသည်။

အထီးကျန်သူနှစ်ယောက်၏ အပေးအယူ နားလည်မှုတွေ ကြောင့် သူ ဆယ်တန်းမအောင်မီကတည်းက ဘာသာစကား သုံးမျိုး လောက်ကို အရေးအပြော ကျွမ်းကျင်ခဲ့၏။

အောင်လက်မှတ်တွေ မရှိခဲ့သော်လည်း ခုချိန်မှာတော့ 'စစ်ရိုပ် ကင်း'ဆိုသည့် နာမည်အစား 'အရိပ်မဲ့' ဖြစ်လာခဲ့၏။

အရိပ်လို လှစ်လှစ်ပါအောင် ပြေးလွှားပြင်းထန်ခဲ့သည့် မျက် မြက် မာကျောခြင်းတွေသည် ယုတ်မာရိုင်းစိုင်းလွန်းသည့် မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ညှာတာမှုကင်းစွာ တုံ့ပြန် ဆုံးမပြီးသည့်အချိန်မှ အစပြုခဲ့သည်ဆိုလျှင် မမှားနိုင်ပေ..။

ထိုမိန်းမသည် ဒေါ်သွဲ့သွဲ့အေး ပုံစံ အရေခြုံခဲ့သည့် သွဲ့သွဲ့အေး..၊ အသက်ကို အရှိအတိုင်းထက် ပိုကြီးလိုက်ပြီး ငါးဆယ်အရွယ်ယောကျ်ားနှင့် လက်ထပ်၏။ လက်ထပ်ပြီးမှ 'ကျွန်မက ရှင့်သမီးလောက်ပဲ ရှိသေးတာ'လို့ ပြောင်ပြောင် ကြေညာသည်။

ရွယ်တူယောကျ်ားလေးတွေနဲ့ တွဲ၏။ ပတ်ဝန်းကျင်စကားအရ အစကတည်းက အိမ်ထောင်ရှိခဲ့တာလိုလို .. ရှုပ်နေတာလိုလို..၊

သူ နောက်ဆုံးနှစ်ဖြေသည့်အချိန်မှာ အဖေ့ရဲ့တိုက်တာ အဆောင်အယောင်၊ ပစ္စည်းအားလုံး သူမ သုံးဖြုန်းပစ်တာနှင့် တက်တက်ပြောင်၏။ မကြာခင်မှာပဲ အဖေ ဆုံးသွားသည်။

သူ 'အရိပ်မဲ့'ဖြစ်လာဖို့ အခြေခံ အကြောင်းတရားတစ်ရပ်သည် ပစ္စည်းတွေဟာ သုံးဖြုန်းပစ်လို့ ရိုးရိုးသားသား ကုန်ဆုံးခဲ့တာ မဟုတ်ဘဲ ထိုမိန်းမ၏ လျှို့ဝှက်ကြံစည်မှုကြောင့်ဆိုတာ သိလာခဲ့သည့်နောက်...

သူ့အဖြစ်သည် လူတို့ လက်သပ်မွေးထားသော ကျားတစ်ကောင်လိုလား..၊ ငယ်စဉ်က ကြောင်တစ်ကောင်လို ရှိခဲ့သော်လည်း တောစိတ်ဝင်လာသည့်အခါ..၊





## အခန်း [၄]

"နင့်ကို ငါ သိုးကလေးတစ်ကောင်လို မှတ်ခဲ့တာ"

"ဟဲ့ .. နေစမ်းပါဦး.. ဒီကိစ္စကို သူဌေး သိသွားပြီလား"

မေဝင်း က ဒေါ်ဝင်းဝင်းနု ကို ပြောချင်လွန်းနေသည့်မျက်နှာနှင့် ပြန်ကြည့်၍...

"ဒီလောက် အပေါင်းအသင်းနယ်ပယ်ရှိတဲ့လူတွေကို ဘယ်လောက်ထိ ဖုံးဖိလို့ရမှာလဲ အမေ"

"ဘယ်သူကရော.. ဒါကြီး ပေါ်ထွက်လာအောင် လိုင်ကြည့်နေမှာမို့လို့လဲအေ၊ အခု ဘယ်နှစ်လတဲ့လဲ"

"လေးလတဲ့..၊ ငါ ထပ်ရိုက်လိုက်ရရင် သေဦးမယ်"

"နေဦး .. နေဦး"

သားအမိနှစ်ယောက်ရှေ့မှာ မျက်ထား ဘယ်သူ့မျက်နှာကိုမှ မော့မကြည့်ရဲတော့ဘဲ နာကျင်နေသည့် ပါးနှစ်ဖက်ကို လက်ဝါးနှစ်ဖက်နဲ့ ထပ်ကပ်ထားရင်း မျက်ရည်တွေသာ ကျနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်သာမက တစ်ကိုယ်လုံးက ကိုင်ရိုက်ခံထားရသလို အောင့်သက် နာကျင်နေသည်။ ဗိုက်ထဲမှာ ခိုတွယ်နေပြီဆိုသည့် ကလေးလေး ဘယ်လိုနေမလဲ မသိပေမယ့် သူမ အသားတွေ ကြေကုန်ပြီလား မသိ..၊

"မျက်ထားညို.."

"ရှင်..."

"မော့လိုက်စမ်းပါ နင့်မျက်နှာကို.."

မေဝင်း အမိန့်ပေးကာမှ ဖီဆန်ရဲသည့်သတ္တိ မရှိခဲ့သော မျက်ထား မျက်နှာလေး မော့လာသည်။

"အို!... မျက်နှာမှာလည်း အညိုအမည်းစွဲတော့မှာပဲ၊ ဒုက္ခပါပဲ မေဝင်း ရယ်.."

ဒေါ်ဝင်းဝင်းနု တူမဖြစ်သူကို သံယောဇဉ်ကြီးပါသည်။ ဒါကြောင့်လည်း မိဘမဲ့လေးဖြစ်သွားခဲ့သည့်အချိန်ကတည်းက ကိုယ့်သမီးနဲ့အတူ ကျွေးမွေး စောင့်ရှောက်ထားခဲ့တာ ဖြစ်သည်။

သူမ အားငယ်သွားမည်စိုး၍ နှစ်ဝမ်းကွဲလောက် သွေးဝေးနေတာတော့်င် ပေးပါတယ်လို့ မပြောရက်..၊ ဒါပေမယ့် ခုချိန်မှာတော့ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့်ကိစ္စတစ်ခုကို နာခံလာအောင် ကြိုးစားရမည်သာ..။

ကိုယ်လည်း အဆင်ပြေမည်၊ သူမဘဝလည်း နေ့ချင်းညချင်း တိုးတက်ပြောင်းလဲသွားမှာ ဖြစ်သည်။ ဒီကောင်မလေး ဟိုအရင်တုန်းကလည်း မကြည်ဖြူနိုင်တဲ့ပုံစံလေး ပြနေခဲ့ပေမယ့် နာခံဖို့ အဆင်သင့်ရှိနေခဲ့တာပါ။

ခုမှ ဒီပြဿနာတွေ ဘာကြောင့် ဝင်လာတာလဲ၊ ဘာမှမပြောဘဲ ဒီအခြေအနေကျမှ အိပ်မက်ကနိုးသလို သူမကိုယ်တိုင် မသိဘူးချည်းပဲ ခေါင်းခါနေတာရော ဘာလဲ..၊





"မျက်ထား.."

မျက်မှောင်ကုတ်ထားမိပေမယ့် ဒေါ်ဝင်းဝင်းနု လေသံမှာ ကရုဏာတွေနဲ့ ဖြစ်သည်။

"ဒီကိစ္စမျိုးက ကာယကံရှင်ကိုယ်တိုင် မသိဘူးဆိုတာ လုံးဝ သဘာဝမကျဘူး၊ ဟိုခေတ်က 'ချက်တော်ကို လက်တော်နဲ့ ရစ်'တာမျိုးလား..၊ ခုခေတ် 'ဖန်ပြွန်သန္ဓေသား' ယူတာမျိုးလား"

ဘယ်သူ့ကိုမှ မေးတာမဟုတ်ဘဲ စကားထဲက မေးခွန်းတွေဖြစ်သွားခဲ့ပြီး သူပဲ ဆက်တိုက်ပြောသွား၏။

"ဒီအခြေအနေတွေက ငါတို့နဲ့ အဝေးကြီးပါအေ၊ ဒီကိုယ်ဝန်ရလာခဲ့တဲ့အကြောင်း၊ ကလေးရဲ့အဖေ ဘယ်သူ..၊ ညည်း သိကို သိတယ်၊ ဘာဖြစ်လို့ မျိုသိပ်ထားရတာလဲ"

"ငြင်းစမ်း .. မသိပါဘူးလို့၊ ဒီတစ်ခါ ထပ်ငြင်းကြည့်.. ပါးစပ်ထဲက သွားတွေ အခွေလိုက် ကျွတ်ထွက်လာမယ် မှတ်.."

ဒေါ်ဝင်းဝင်းနု မေးပြီးတာနှင့် မေဝင်း က လက်ရွယ်ပြီးသားဖြစ်ကာ မျက်ထား တစ်လုံးမှ ငြင်းစကားမဆိုဝံ့အောင် မျက်လုံးတွေက မီးတောက်တော့မည့်နှယ်..၊

"နင့်မျက်လုံးတွေထဲမှာ တစ်ခုခုကို ဖုံးကွယ်ထားတာ ငါ မြင်နေရတယ်နော်၊ ပြော .. တစ်ခုခု ပြင်ပြော..၊ ဒီကိုယ်ဝန် ဘယ်သူ့ကိုယ်ဝန်လဲ"

"မမကြီးရယ်.. မျက်ထား .. မျက်ထား လေ.."

"ပြောပါ.. ဆက်ပြောပါ.."

ခေါင်းပေါ်မှာ သန်လျက်နဲ့ မိုးထားသလို မြှောက်ရွယ်ထားသည့် လက်ဝါးက စက္ကန့်ပိုင်းအတွင်း ဖြောင်းခနဲ ရိုက်ချလိုက်ဖို့ အဆင်သင့်..။

"မျက်ထား ရှက်လို့ မပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရက်မရှိဘဲအလုပ်ကို လုပ်ထားပြီးမှ ရှက်နေတယ် ဟုတ်လား"

မေဝင်း ရွယ်ထားသည့်လက်ကို ဖျတ်ခနဲ ပြန်ချကာ ထိုင်နေသည့် ဆက်တီပေါ်ကနေ မျက်ထား ဘေးကို ဆင်းထိုင်လိုက်ပြီး...

"ငါတို့တွေ မချမ်းသာပေမယ့် အဲဒီလို အောက်တန်းမကျခဲ့ကြဘူး၊ မျိုးရိုး မရှိဘူး၊ နင့်ကို သူဌေး ဦးမျိုးခိုင်နဲ့ ပေးစားဖို့ ကြိုးစားကြတာလည်း စင်ဒရဲလားပုံပြင်ထဲက ညီအစ်မတွေလို မကောင်းရှုတ်ချကြံစည်နေတာ မဟုတ်ဘူး၊ အဲဒါ နင် နားလည်ရဲ့လား မျက်ထား၊ နင့်ထက်ငါ ပိုပြီး သူဌေးကတော် ဖြစ်ချင်သေးတယ်၊ ဒီလူကြီး အသက်ကြီးပေမယ့် ငါ့အမေအတွက် ငါ စဉ်းစားပြီး ခေါင်းညိတ်မယ်၊ ရွှေဘုံပေါ်မှာ စံနေရင်း ပျော်နိုင်အောင် ကြိုးစားမယ်၊ အခု နင့်ကိုမှ လိုချင်ပါတယ်ဆိုလို့ နင်နဲ့ လက်ထပ်ပေးဖို့ ပြောနေရတာ .. စည်းရုံးနေရတာ၊ နင် ရသွားရင် နင် ကောင်းစားမှာ၊ ငါတို့က သူဌေးက ကျေးဇူးတင်ပါတယ်ဆိုတဲ့ ပေးစာကမ်းစာပဲ ရမှာပါ"

မေဝင်း က ပြောရင်း အားပါလာသလို ပြောတိုင်းလည်း မကောင်းတော့ လေသံကို ပို၍ နှိမ့်ချကာ...

"နင် ဘာတွေ အသိခေါက်ခက် အဝင်နက်နေတာလဲ၊ ဘာအားကိုးနဲ့ ဒီလို လုပ်လိုက်တာလဲ.."

"သမီး နေဦးလေ .. မေးနေပြီးတော့ ဖြေတာကို စောင့်ဦးမှပေါ့၊ မျက်ထား ပြော .. ဒါ ဘယ်လို ရခဲ့တာလဲ"

မေးသံအဆုံးမှာ အသံတွေ တိတ်ကျသွားသည်။ ဒီ ရှက်စရာအဖြစ်ကို ဘယ်တော့မှ မပြောတော့ဘူးလို့ ဆုံးဖြတ်ပြီး ဒီကိုယ်ဝန်ရှိနေမှန်းကိုယ့်ဘာသာ သိခဲ့သည့်အချိန်ကနေ ဒီနေ့ သူတို့ သိသွားကြတဲ့အထိ မျိုသိပ်ထားခဲ့သည်။

ဘာလုပ်ရမှန်းမသိအောင် ပူလောင်ပြင်းပြနေဆဲ ဒေါ်လေးတို့





သိသွားကြသည်။ ဒါလည်း ထုထောင်းရိုက်ပုတ်နေသမျှကို အံကြိတ်ခံရင်း ပါးစပ်ပိတ်ထားခဲ့၏။

သို့သော် ဒီခန္ဓာ ဒီရုပ်ကြီးက နာကျင်မှုဒဏ်ကို မခံစားနိုင်အောင် ဖြစ်လာခဲ့သည့်နောက်...

"မမကြီး ထင်နေသလို မျက်ထား မဟုတ်ပါဘူး၊ ဒါ စော်ကားခံရတာ.."

"ဘာ!..."

မျက်လုံးတွေ ဝေဝါးနေခဲ့သည့်ကာလ ဘယ်ကမှန်း မသိ၊ နာမည်လည်း မသိသော ယောကျ်ားတစ်ယောက်အပေါ် အခွင့်အရေးပေးသလို ဖြစ်ခဲ့တာ ကိုယ့်အမှား...၊

ပြောပြလိုက်တာနှင့် ဒေါ်ဝင်းဝင်းနု တို့ တန်းယုံသွားသည်။ ဒါပေမယ့် အပြစ်တင်ခြင်းများနှင့် တအံ့တသြ...

"ကိုယ့်ကို နာမည်လေးတောင် ပြောမပြဘဲ တင်တင်စီးစီး ဆက်ဆံ ပြောဆိုသွားတာကို ညည်းက ဒီလောက်ထိ..."

ဒေါ်ဝင်းဝင်းနု မေးနေရင်း နားမလည်နိုင် ဖြစ်လာသည့် မျက်နှာနှင့်...

"သမီးတော့ ခုမှ ပိုပြီး လူသတ်ချင်စိတ် ပေါက်လာတာ အမေ.."

မေဝင်း က တက်ခေါက်ပြီး ဆက်တီပေါ် ဘောင့်ခနဲ ပြန်ထိုင်၏။ မျက်ထား ပဲ ကြမ်းပေါ်မှာ လူးပျံ့နေအောင် အရိုက်ခံထားရသည့် ပုံစံလေးအတိုင်း ဆက်တီတွေကြားမှာ ခွေခေါက် မှီနွဲ့လျက်...

"မျက်ထား မှားပါတယ်၊ ဒါပေမယ့်လေ မမကြီး ထပ်မရိုက်ပါနဲ့တော့နော်၊ အားလုံး အရှက်တကွဲမဖြစ်ရအောင် မျက်ထား ဒီက ဆင်းသွားပါ့မယ်"

"အေး .. အဲဒါလည်း နင့်ကို ကန်ထုတ်ပစ်လိုက်တာနဲ့ ကိုးပြတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အခု မပြတ်တာက သူဌေးက နင့်ကို လိုချင်နေတဲ့ကိစ္စပဲ..၊ ငါတို့ ပွဲရုံပြဿနာကြောင့် တင်ခဲ့တဲ့ကြွေးတွေ၊ နင့်မျက်လုံး ခွဲစိတ်ဖို့ ကုန်ခဲ့တဲ့ စရိတ်စကတွေ အဲဒီမျက်နှာတွေနဲ့ အခု ဘယ်လိုလုပ် ငြင်းမလဲ.."

"ဒါကိုပဲ ခေါင်းထဲ ထည့်မနေနဲ့ မေဝင်း၊ တို့တွေက သူ့ကို ငွေကြောင့် ထိုးထည့်တဲ့ပုံစံမျိုးပဲ ဝင်သွားလိမ့်မယ်၊ ကျေးဇူးကလည်း ကျေးဇူးပေါ့၊ ဒါပေမယ့် မဖြစ်နိုင်တဲ့ နည်းလမ်းဆိုရင် စဉ်းစားမနေပါနဲ့တော့.."

ဒေါ်ဝင်းဝင်းနု မျက်နှာသည် ဒေါသတွေ၊ စိတ်ပျက်ခြင်းတွေနှင့် ကိုယ့်သားသမီး မဟုတ်တော့လည်း ဘာပြောပြော အပြစ်ဖြစ်မှာပဲဆိုတာကို သိနေတော့ ပိုဆိုးသည်။

မျက်ထား ကို ခပ်စိုက်စိုက် တစ်ချက်ကြည့်ပြီး နေရာမှ ထရပ်လိုက်ကာ...

"ကိုယ်ဝန် ဒီလောက်ကျမှ ညည်း သိတာ မဖြစ်နိုင်ဘူး မျက်ထား၊ အဲဒါ ညည်း ငါ့စေတနာကို ကျကျနန စော်ကားပြလိုက်တာပဲ၊ အားလုံး အဆင်ပြေဖို့ပေမယ့် ညည်းဘဝ ကောင်းစားမှာပဲဆိုတာကို အဓိကထားခဲ့တာပါ"

"ဒေါ်လေး..."

"တော်ပါတော့အေ.. ငါ နားလည်သွားပါပြီ၊ ဒီကောင့်ကို ညည်း မသိခဲ့ဘူးဆိုတာ ထား၊ သဘောကျခဲ့တယ်မို့လား.. ဒါကြောင့် မှားကြတဲ့အထိ ဖြစ်ခဲ့တာပေါ့၊ ဒါကြောင့်လည်း ကိုယ်ဝန်ရှိနေတာကို သိသိနဲ့ ညည်း မျိုသိပ်ပြီး ကြံစည်နေတာ၊ ဒီကောင့်နောက်ကို ရှာဖွေ လိုက်ချင်တာလား၊ သူ့ရင်သွေးကို လွယ်ကို လွယ်မှာပဲ .. မွေးကို မွေးမှာပဲဆိုတဲ့ မာနတွေလား.."





"မဟုတ်ပါဘူး .. အဲဒီလို လုံးဝ မဟုတ်ပါဘူး ဒေါ်လေးရယ်.."

"တော်ပြီ.. တော်ပြီ၊ မေဝင်း ညည်းလည်း စိတ်ရှုပ်ခံမနေနဲ့၊ သူဌေးနဲ့ ပြောဆိုထားပြီးတဲ့ကိစ္စကို ငါ့ဟာငါ ရှင်းနိုင်တယ်၊ သူထင်တာ လုပ်သွားပစေ"

ဒေါ်ဝင်းဝင်းနု လှည့်ထွက်သွား၏။ မေဝင်း ကတော့ စူးစိုက်ကြည့်ရင်း ခက်ထန်နေသည့်မျက်နှာကို တစ်စက်လေးမှ မလျှော့ဘဲ ငြိမ်သက်နေကာ ဒေါ်ဝင်းဝင်းနု ထွက်သွားမှ...

"နင် အဲဒီလို မဟုတ်ဘူးဆိုရင် ငါ စီမံတဲ့အတိုင်း နာခံမှာလား"

"ဟင်!..."

"နင် ဒီကိုယ်ဝန်ကို လုံးဝ မမွေးရဘူး"

မျက်ထား အသံလေး တိတ်သွား၏။ မေဝင်း က အံကြိတ်နေသည့် နှုတ်ခမ်းများကို စေ့ပိတ်လျက် တိတ်ဆိတ်စွာ နားစွင့်နေသည်။ ပြီးမှ...

"ဘယ်လိုလဲ.. နင့်စိတ်ထဲမှာ အမေ ပြောသွားတဲ့အတိုင်း ရှိနေလို့လား.."

မျက်ထား ခေါင်းခါလိုက်တာကိုကြည့်ပြီး မေဝင်း က ခေါင်းညိတ်၍...

"အားလုံး ငါ စီစဉ်မယ်"

လို့ ပြောကာ နေရာမှ ထထွက်သွားလေသည်။

ဒီတစ်ခါ ပူနွေးစွာ လိမ့်ဆင်းလာကြသည့် မျက်ရည်များက ရိုက်နှက်ခံထားရသည့်ဒဏ်ရာများနှင့် မသက်ဆိုင်သော..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၈ ]

သူဌေး ဦးမျိုးနိုင် က အသက်တော့ ငါးဆယ်နီးပါးလောက် ရှိနေပြီဆိုပေမယ့် သူဌေးပီပီ စမတ်ကျကျ ဝတ်စားနေထိုင်တတ်သဖြင့် ကြံ့ခိုင်တောင့်တင်းသည့် ယောကျ်ားတစ်ယောက်အသွင်နှင့် ကြည့်ကောင်းနေဆဲ ဖြစ်သည်။ ပြာလဲ့လဲ့ ရှပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားကာ ဆံပင်ပုံစံရိုးရိုးကို သေသပ်စွာဖြီးထား၏။

မျက်ထား အပြင်ထွက်လာတာကို ပြုံးနေသည့်မျက်နှာနှင့် သူ့ရှေ့မှာ ထိုင်ပြီးတဲ့အထိ မလွှဲတမ်း ကြည့်နေကာ...

"မျက်နှာတွေ အစ်နေသလိုပဲ.. မျက်ထား နေကောင်းရဲ့လား.."

"ဟုတ်.."

"တစ်ခုခု အဆင်မပြေတာရှိလို့လား.. ရှိရင် အစ်ကိုကြီးကို ပြောလေ၊ မျက်ထား စိတ်ညစ်နေတာဆိုရင် ဘာဖြစ်ဖြစ် ရှင်းပေးမယ်ကွာ"

"ဟင့်အင်း"

မျက်ထား က နောက်မှာ ဆံပင်တွေစည်းထားပေမယ့် မနိုင်သည့် ဆံစက ပြိုကျလျက် မျက်နှာထက်မှာ မသေမသပ်..၊





ပြောင်သလင်းခါနေသည့် မျက်နှာပြင်ဟာ နှာသီးဖျားတွေ၊ ပါးမို့တွေ နီမနေတော့တာပဲ ရှိသည်။ မို့အစ်နေတာတွေက ဒီတိုင်း ရှိနေသေး၏။ ဦးမျိုးနိုင် က မျက်ထား ကိုပဲ ဂရုစိုက်ကြည့်နေကာ...

"နေထိုင်မကောင်းရင်လည်း အစ်ကိုကြီး အပြင်ကို မခေါ်တော့ပါဘူး၊ ဒီမှာပဲ စကားပြောရအောင်.."

"ဟုတ်.."

'အင်း' 'အဲ'လုပ်နေရုံနှင့် မျက်လွှာချနေသည့် မိန်းကလေးကို ကြည့်ကာ ဦးမျိုးနိုင် သက်ပြင်းချ၏။ ဒါပေမယ့်...

"အစ်ကိုကြီးတို့ လက်ထပ်ဖို့ကိစ္စအတွက် မျက်ထား ဘယ်လိုဆန္ဒရှိလဲ ပြောပါဦး၊ မင်္ဂလာပွဲကို ဟိုတယ်လ်တွေဘာတွေမှာ အကြီးအကျယ် လုပ်မနေတော့ဘဲ ညဘက် ညစာစားပွဲနဲ့ လက်မှတ်ထိုးကြမယ်ဆိုတာရော စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေလားဟင်.."

မျက်ထား ဘာမှမဖြေ၊ ဒါပေမယ့် ခေါင်းတော့ ခါပြခဲ့၏။ ဦးမျိုးနိုင် က ဒါကို ထပ်ရှင်းပြနေသည်။

"အစ်ကိုကြီးက တခမ်းတနား လုပ်ပေးရမယ်ဆိုလည်း ပေးနိုင်တယ်နော်၊ အစ်ကိုကြီးနဲ့ ကျန်ခဲ့တဲ့ အိမ်ထောင်ရေးကိစ္စတွေက အားလုံးရှင်းခဲ့ပြီးသား၊ လက်ထပ်ပြီးစီးခြင်းသတင်းကိုလည်း သတင်းစာထဲမှာ သုံးရက်ဆက်တိုက် ထည့်မယ်၊ အလှူဒါနတွေ မင်း ကြိုက်သလောက်လုပ်၊ မင်္ဂလာပွဲကို အကျယ်မချဲ့ချင်တာက အစ်ကိုကြီးက မျက်ထားနဲ့ အသက် အရမ်းကွာနေတယ်၊ ပြီးတော့ တစ်ခုလပ် တစ်ယောက်၊ ဖြုန်းခနဲကြီး လက်ချင်းချိတ်ထွက်ရမှာ မျက်ထား မကြိုက်လောက်ဘူးထင်လို့ပါ၊ နောက်တစ်ခုက မင်္ဂလာပွဲအတွက် ပြင်ဆင်နေရမယ့်အချိန်တွေ အကုန်မခံချင်တော့ဘူး၊ ကိုယ်တို့ လက်ထပ်ဖို့ မြန်နိုင်သမျှ မြန်ချင်တယ်ကွာ၊ အဲဒါတွေကို မျက်ထား လက်ခံပါတယ်နော်.."



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရွံ့သိမ်ငယ်ခြင်းက ဝမ်းနည်းတာနဲ့ မတူဘဲ မျက်နှာကို လုံး
မော့ခွင့်မပြုနိုင်အောင် ဖြစ်ခဲ့၏။ ကိုယ့်မှာ ပြစ်ချက်ရှိနေသည်။ အပျိုစ
လေးဆိုပြီး ဘစ်ဖက်က တယုတယ တန်ဖိုးထား၍ ပြောဆို မေးမြန်
နေတာတွေကို ခေါင်းညိတ်ခေါင်းခါ လုပ်နေရတာ မုသာဝါဒတွေနှင့်

ခေါင်းထဲမှာ မမကြီး သတိပေးထားသည့်စကားသံတွေက ခေါ
လောင်းတွေ စုပြုံမြည်နေသလို ဆူညံ ပူလောင်နေလျက်...

"အမူအရာမပျက် နေပါ၊ သူ ဘာပြောပြော မျက်နှာမပျက်နဲ့
နင့်ကိစ္စကို ငါ ရအောင် ရှင်းပစ်မယ်"

"ကျေးဇူးဆိုတာ ဆပ်တတ်ရင် ကျေတယ် မျက်ထား၊ နင့်ကို
မိသားစုလိုပဲ ပြုစုစောင့်ရှောက်လာခဲ့ကြတဲ့ ငါတို့တွေကို ပြန်သိတတ်
မယ်ဆိုရင် နင်လည်း သိက္ခာကျ အရှက်မရအောင် ဒါကို လုပ်ကိုလုပ်
မှာပဲ၊ ငါတို့လည်း သူဌေးကို ကျေးဇူးဆပ်ရာရောက်မယ်၊ နင့်ဘ
လည်း နေ့ချင်းညချင်း မြင့်မားသွားမှာ.."

"ခေါင်းထဲမှာ ဟိုဒီ ဖောက်ထွက်ဖို့ စိတ်ကူးတွေရှိရင် ကြိတ်မကြ
နဲ့နော်၊ တစ်ခါတည်း ပြော .. မဟုတ်ဘူးဆိုရင်လည်း လုံးပ ဖျောက်
ထားလိုက်တော့၊ အမေကတော့ လူကြီးမို့ လူကြီးစကား ပြောမှာပဲ
နင် အမေ့ကို ဘာမှသွားပြောမနေနဲ့" တဲ့။

နားနားမှာ ကပ်သင်ခဲ့တာ၊ သတိပေးခဲ့တာတွေ ဒီထက်မကသေး
ပါ။ ဦးမျိုးခိုင် ရဲ့ကား အိမ်ရှေ့မှာ ရပ်သံကြားတာနှင့် 'ပြောထားတာ
တွေ မမေ့နဲ့နော်၊ ကြပ်ကြပ်သတိထား' ဆိုတာလည်း ပါသေးသည်။

ပေါင်ပေါ်တင်၍ ထပ်ဆုပ်ထားသည့်လက်က ဗိုက်သိကို မသိ
မသာလေး ထိကပ်မိကာ ငိုချင်စိတ်တွေ ချက်ချင်း ဖြစ်လာ၏။

မနေ့ကလည်း ဆေးခန်းသွားပြခဲ့ရသည်။ ဒီနေ့လည်း သွားရဦး
မှာ ဖြစ်သည်။ ဘယ်နေ့ထိဆိုတာ မသိ...၊





"မျက်ထား.."

"ဟင်!.."

မျက်နှာလေး ဆတ်ခနဲ မော့လာတော့ ဦးမျိုးခိုင် က ပြုံးကာ...

"ဘာတွေ တွေးနေတာလဲ.. မကျေနပ်စရာတွေတော့ မဟုတ်ပါ
ဘူးနော်"

"မဟုတ်ပါဘူး"

"ဒါဆိုလည်း စကားလေးဘာလေး ပြန်ပြောပါလား မျက်ထား
ရယ်၊ ဟိုအရင်တုန်းက မျက်ထား ဒီလို မဟုတ်ပါဘူး"

မဟုတ်ခဲ့ဘူးဆိုတာ မှန်ပါသည်။ ဦးမျိုးခိုင် ၏ အရေးပေး အလို
လိုက်သည့် အမူအရာ၊ စကားပြောပုံတွေက ခင်စရာကောင်းသလို
ကိုယ့်ကို ဒီလို စိတ်ကူးထားလိမ့်မည်လို့လည်း မတွေးမိခဲ့...။

မမကြီးကလည်း အပျိုကြီး၊ မမကြီးရဲ့ အလုပ်ရှင်သူဌေးအဖြစ်
ကနေစပြီး အိမ်ရောက်လာတာမို့ ထင်ခဲ့တာက ကိုယ့်အတွက် မဟုတ်...၊
ထို့ကြောင့် ဟိုတုန်းက လေးစားခင်မင်ခဲ့တာက တစ်မျိုး၊ ခုချိန်မှာ...

"ခုချိန်မှာတော့ အစ်ကိုကြီးကို ပိုပြီး ပွင့်လင်းစေချင်တယ် မျက်
ထား ရယ်.. လူကြီးတွေ သဘောတူလို့ လက်ထပ်ရမှာကို ကိုယ်
နားလည်ပါတယ်၊ ဒါပေမယ့် မင်းလည်း လက်ခံနိုင်တဲ့ ကြည်ဖြူတဲ့
အပြုံးလေး တစ်ချက်လောက်ပေါ့"

ဦးမျိုးခိုင် က တောင့်တောင့်တတ ပြောနေသည်။ မျက်ထား
သူ့မျက်နှာကို မော့ကြည့်ကာ ပြေပြစ်ဖို့ ကြိုးစားပါသည်။

မျက်နှာကို အပြေအပြစ် ပြုနိုင်ခဲ့ပေမယ့် ပြုံးဖို့က မလွယ်...၊
ရင်ထဲမှာ သည်းသည်းမည်းမည်း ရွာချနေတာက မျက်ရည်မိုး...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၉]

ကားပေါ်က ဆင်းမလို့ ရှေ့က ဆင်းသည့်လူတွေကို စောင့်
တုန်း လက်တစ်ဖက်တည်းမှာ လေးတစ်နေသည့် အထုပ်တွေ
လက်နှစ်ဖက် ခွဲ၍ ဆွဲထားလိုက်သည်။

ဒီတော့မှ စုပြုံဆွဲထားသဖြင့် နာကျင်နေသည့်လက်က သက်သ
ရာ ရသွား၏။ တစ်ယောက်ပြီးတစ်ယောက် ဆင်းသွားကြတာ ဘ
သူမှ ဘာမှမဖြစ်ဘဲ သူမ ဆင်းလိုက်ကာမှ...

"အမလေး.."

ရှေ့မှာ လူတစ်ယောက် ဘွားခနဲ ရောက်လာကာ မျက်ထား ထို
ရင်ခွင်ထဲကို ခုန်ချလိုက်သလို ဖြစ်သွား၏။

လက်ထဲမှာ အထုပ်တွေနဲ့မို့ ထိုသူ အမှတ်တမဲ့ ဆီးပွေ့လိုက
သည့် ရင်ခွင်ထဲမှာ ပူးကပ်ထပ်သွားခဲ့သည်။ ထိုအခါ ဒုတိယအကြိ
ပွေ့ဖက်ခံလိုက်ရသလို ဒီလို ဖက်ထားလိုက်သည့်လက်တွေ၊ ရင်ခွင်
အငွေ့အသက်..၊ အားလုံးသော ထိတွေ့မှုတွေက လူကို ရုတ်တရက
အတွင်းမှာ တရင်းတနှီးကြီး ညှို့ခေါ်သွားခဲ့၏။





မျက်ထား ကိုင်ထားသည့်အထုပ်တွေ တစ်ထုပ်ပြီးတစ်ထုပ် ပြုတ်ကျကုန်သည်။ ထိုသူကို မော့ကြည့်မိသည့် မျက်ဝန်းတွေက ပြူးကျယ်ငြိမ်သက်လျက်..၊ တခြားသော လှုပ်ရှားမှုတွေပါ ရပ်တန့်သွားခဲ့၏။

သူ့ကလည်း ခဏတဖြုတ် ငြိမ်သက်သွားခဲ့ပြီး ဖက်လိုက်မိသည့် လက်တွေကို ပြန်လွှတ်ပေးကာ...

"မင်း ဖြစ်လာတာနော်၊ ငါနဲ့ မဆိုင်ဘူး"

မျက်နှာက ခပ်တည်တည်၊ ဘာပဲဖြစ်ဖြစ် 'ဆောရီး'ဆိုတာလောက်တော့ ပြောသင့်ပါလျက်နှင့် လွတ်လွတ်ပါခါ ပြောပြီး လှည့်ထွက်သွား၏။ တစ်ဖက်သားကို ညှာတာမှုနည်းစွာ မာကျောကျော ပြောတတ်သည့်အကျင့်၊ ပြီးတော့ ဒီအသံ..၊

"နေပါဦး.."

မျက်ထား သတိဝင်လာပြီး လှမ်းခေါ်တော့ သူ ကြားနိုင်လောက်သည့် အကွာအဝေးမှာပါ။ ဒါပေမယ့် တစ်ချက်မှ ပြန်လှည့်မကြည့်..၊

မျက်ထား ပြေးလိုက်မိမလို.. အထုပ်တွေပဲ ပြန်ကောက်ရမလို ခဏလေးအတွင်း ဗျာများသွားသည့်ခြေလှမ်းများကြောင့် သူ ဘယ်ကို ရောက်သွားသည်မသိ..၊

အရူးလိုဖြစ်နေသည့် ကိုယ့်ကို မတ်တိုင်ကလူတွေ လှမ်းကြည့်နေကြမှာ သတိရလိုက်တာတောင် ဂရုမစိုက်နိုင်..။

လူရှုပ်ရှုပ်ထဲမှာ သူ ထွက်သွားသည့် အရပ်မျက်နှာအတိုင်းပဲ လိုက်ခဲ့မိသည်။ လက်ထဲမှာ ဆွဲထားရသည့် အချိုမှုန့်ထုပ်တွေနှင့် တခြား အဟိုအထွာပစ္စည်းထုပ်တွေက လက်ချောင်းတွေကို နာကျင်အောင် ကောင်းကောင်း နှိပ်စက်နေကြ၏။

သူ ဟုတ်ပါတယ်.. သူမှ သူပဲ၊ ဒီအသံကို မမှတ်မိဘဲ နေမလား ထိုစဉ်က မမြင်ဘူးဆိုပေမယ့် သူ့ရဲ့ပခုံးကျပုံ၊ ကိုယ်နေဟန်ထား



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ဝိုးတဝါး မှန်းဆကြည့်နိုင်ခဲ့သည်။

ပြီးတော့ ဘယ်လိုမှမေ့နိုင်ဖွယ်မရှိသည့် သည်ရင်ခွင်၊ သည်အ အသွက်တွေ..၊

ခြေလှမ်းတွေ နှေးကျသွားကာ ရင်ထဲမှာ လှိုက်ခနဲ ကြေကွဲသွ ၏။ ဟိုကြည့်ဒီကြည့် ရှာဖွေနေမိသည့်မျက်နှာက မသိမသာ ငုံ့ သွားခဲ့သည်။ သူမ ဘာလို့ လိုက်ရှာနေမိတာလဲ..၊

ကိုယ်က မသိနိုင်ရင်တောင် သူကတော့ ဒီမျက်နှာကို မသိ နေမလား..၊ သိလျက်နှင့် တမင်ရှောင်ထွက်သွားတာဆိုလျှင် မျက်ထား ခြေလှမ်းတွေ သတိလက်လွတ် တုံ့ခနဲ ရပ်၏။ ထိုအခါ

"ဟ!.."

"အား!..."

နောက်ကနေ ဝင်တိုက်လိုက်သည့် လူတစ်ယောက်ကြော ဒုတိယအကြိမ်မြောက် လူက ယိမ်းထိုးသွားကာ လက်ထဲက အထု တစ်ထုပ် ပြုတ်ကျလေသည်။

"ဆောရီးပါ အစ်မရယ် .. ဆောရီးနော် .."

အထုပ်ကျတာကို ပြန်ကောက်ပေးပြီး ပျာပျာသလဲ တောင်းပ တော့ လူကို မော့ကြည့်မိ၏။

ကိုယ့်ထက် အသက်ငယ်ပုံပေါက်သည့် လူရွယ်တစ်ယောက်ဖြ ကာ ဘာတွေ အရေးကြီးလာမှန်း မသိဘဲ ကမန်းကတန်း ပြေးသွ ၏။ သူ ကောက်ပေးသွားပေမယ့် နှစ်လက်ကြားမှာ ပြန်လည် ပြု ကျရရှာသည့်အထုပ်ကို ကိုယ့်ဖာသာ ပြန်ကောက်လိုက်ပြီး မတ်မ ပြန်ရပ်စဉ် ချိုင်းကြားထဲမှာ ညှပ်ထားသည့် ပိုက်ဆံအိတ်ကို သတိ သွားကာ လက်တစ်ဖက်နဲ့ စမ်းလိုက်မိ၏။

စိတ်ထဲမှာ အထိတ်တလန့်ဖြစ်သွားလျက် လမ်းမပေါ်မှာ ဟိုရှ





ဒီရှာနှင့် အထုပ်တွေကိုင်ရင်း ချာလပတ် ရမ်းသွားသည်။

"ညီမ ဘာရှာနေတာလဲ"

"ကျွန်မ .. ကျွန်မ ပိုက်ဆံအိတ် မရှိတော့ဘူး"

"ဟုတ်လား .. ထင်သားပဲ၊ ညီမကို ခုနက လူတစ်ယောက် ဝင်တိုက်သွားတယ်မို့လား အစ်မ မြင်လိုက်တယ်၊ နောက်ပြီး ညီမ ဟိုရှာဒီရှာဖြစ်သွားတာ မြင်တော့ ပါသွားပြီဆိုတာ သိလိုက်တာ"

"ဟင်!... ကျွန်မ ပိုက်ဆံအိတ် ခါးပိုက်နှိုက်သွားတာလား၊ ကျွန်မ ချိုင်းကြားမှာ ညှပ်ထားတာ"

"အေးလေ.. ကိုးတိုက်မိတော့ ဟိုဟာပြုတ်ကျ ဒီဟာပြုတ်ကျနဲ့ ညှပ်ထားတာလည်း ပြုတ်ကျသွားတာ ဖြစ်မှာပေါ့"

လာပြောသည့် အမျိုးသမီးက ဒါမျိုးတွေ သူမ အတွေ့အကြုံရှိထားကြောင်း လာပြောသွားရုံသာ..၊ စိတ်မကောင်းသည့်ပုံစံနှင့် ဆလင်းဘက်ခ်လေး ထပ်ဆွဲတင်ကာ ခေါင်းတယမ်းယမ်းနှင့် ထွက်သွား၏။

ဘယ်သူနဲ့မှ ဘာမှမဆိုင်တော့လည်း အပြစ်မတင်နိုင်၊ တောက်လျှောက် မှားလာခဲ့သည့် ကိုယ့်ခြေလှမ်းတွေကိုပဲ ရိုက်ချိုးပစ်ချင်လာ၏။

ထိုသူ ဟုတ်နေတာကို ကိုယ့်ဘက်က သေချာနေရင်တောင် သူက မသိပါဘူးလို့ ငြင်းလိုက်ရင်ရော ဘာတတ်နိုင်မှာမို့လဲ..၊

'သိတော့သိတယ်၊ ဘာဖြစ်လဲ'လို့ ပြန်မေးခဲ့ရင်ရော...

ပိုက်ဆံအိတ် ပါသွားတာရော .. ဟိုလူကို အာရုံထဲက မဖျောက်နိုင်သည့်သောကတွေ ဖိစီးလျက် မျက်ထား ငိုချင်လာ၏။

နောက်ပြန်လှည့်ခဲ့ရင်း အင်အားမဲ့သွားသည့် ခြေလှမ်းတွေက အိပ်မက်ထဲမှာ လမ်းလျှောက်နေသလိုပင်။ မျက်ရည်တွေ တစိမ့်စိမ့် တက်လာသည်။ ဒီနေ့မှ ဖားလျားဖြန့်ချထားခဲ့သည့်ဆံပင်တွေက အပူ ရှပ်အဖြစ် သရုပ်ဖော်ဖို့ ဖြစ်ခဲ့တာလား...။



www.burmeseclassic.com

www.burmeseclassic.com



သုံးလွှာစကတ်နှင့် စပို့ရှပ်အဝါရောင်ကိုယ်ကျပ်လေး ဝတ်ထားသည့် သူမကိုယ်မှာ တောက်ပပေါ်လွင်စေတာ ဘာမှမပါ..၊ ပြီးတော့ ဖြန့်ချထားသည့် ဆံပင်ရှည်တွေက ပျော့ပျော့ဝဲဝဲနှင့် တင်ပါးထိ ဆင်း၏။

မျက်နှာငုံ့လိုက်တိုင်း ပါးရိုးတွေပေါ် ပြိုဆင်းလာသဖြင့် မျက်နှာမော့တော့ ဆံပင်ကို ခါပြီးသာ မော့ရသည်။

တစ်လမ်းလုံး ငုံ့သွားမိလိုက်၊ မျက်နှာမော့ ခါလိုက်နှင့် သူမပုံစံ ဘယ်လိုဖြစ်နေပြီလဲ.. သေချာတာကတော့ ပါးပေါ်မှာ ခံ့ညားစွာ နေရာယူပြီးဖြစ်သည့် မျက်ရည်တွေကို သုတ်ပစ်ဖို့ သူမ လက်နှစ်ဖက်စလုံး မအားခြင်းပင်..။

ထို့ပြင် လက်တွေက နာကျင်အောင့်တက်လျက် လမ်းစရိတ်ပါ မကျန်တော့သည့်အဖြစ်ကြောင့် လူက ပုံလဲချင်လာသည်။

"ညီမ.."

"ဟင်!..."

အနားရောက်လာတာက စောစောက အမျိုးသမီး..၊

"ညီမ ပိုက်ဆံအိတ် ပါသွားတော့ လမ်းစရိတ် ကျန်သေးရဲ့လား"

"ရှင်!..."

"အဲဒါ တွေးမိပြီး စိတ်မကောင်းတာနဲ့ ပြန်လှည့်လာတာ.."

မိန်းမချင်းလည်း ဖြစ်ကာ အစအဆုံး သိထားတဲ့သူမို့ မျက်ထား မရှက်နိုင်..၊

"ဟုတ်ပါတယ် အစ်မရယ် .. အဲဒါပဲ ကျွန်မ စိတ်ညစ်နေတာ"

"အထုပ်တွေကလည်း ဆွဲထားရတာ လေးရောပေါ့၊ လာ .. လာ ဒီနားမှာ အစ်မရဲ့တက္ကစီ ရှိတယ်၊ ညီမကို လိုက်ပို့ခိုင်းပေးမယ်"

ပြောပြီး ရှေ့က ထွက်သွား၏။ လိုက်လာခဲ့ရင်း မျက်ထား အံ့ဩနေသည်။ အမျိုးသမီးပုံစံက အပေါ်ယံကြည့်လိုက်တာနှင့် တက္ကစီပိုင်





တစ်ယောက် ဖြစ်နေနိုင်တဲ့အထိ သပ်ရပ်တင့်တယ်မှု မရှိပါ။

အသားအရေ မွဲခြောက်ခြောက်၊ လူက ပိန်ပိန်ခွဲ့ခွဲ့နှင့် နားမှာ ပြူးပြူးပြဲပြဲ ပန်ထားသည့် နားကပ်က ရွှေရောင်မရှိတော့ဘဲ ရေညှိရောင် ဖြစ်နေ၏။ ထို့ပြင် လွယ်ထားသည့် ဆလင်းဘက်ခ်က အရောင်တောက်နေတာပဲ ရှိသည်။ ခပ်ညှံ့ညှံ့ထဲကမှန်း သိသာ၏။

ဒါပေမယ့် တချို့ကျတော့လည်း ဝတ်စားနေထိုင်ပုံနဲ့ ကိုယ့်အဆင့်အတန်း ကွာခြားနေတာတွေ ရှိတတ်တာမို့ ကျေးဇူးတင်သည့်စိတ်နဲ့ပဲ ခပ်သုတ်သုတ် လိုက်ခဲ့သည်။

"လာ .. ညီမ .. ဒီမှာ .."

"အစ်မ အထဲမှာ ပါစင်ဂျာရှိတယ် ထင်တယ်"

အဝါရောင် တက္ကစီက ခပ်စုတ်စုတ်မို့ သူမ ပိုင်တာ ပို၍ ဖြစ်နိုင်သွား၏။ မြို့ကြီးပြကြီးတွေမှာ လူလိမ်တွေ ပေါသည်။

ကားကိုမြင်လိုက်မှ စိတ်ထဲမှာ မသိုးမသန့် ဖြစ်မိ၏။ အမျိုးသမီးက သူမကိုယ်တိုင် တံခါးဖွင့်လိုက်ပြီး လှည့်ပြုံးပြကာ...

"လာပါ ညီမရဲ့ .. ဒါ အစ်မရဲ့ကားပါ"

"မမကြီး ကျွန်တော် ဘယ်ကို ပို့ပေးရမှာလဲ"

ဒရိုင်ဘာက ရှေ့ခန်းကနေ ခေါင်းထွက်လာပြီး ပျာပျာသလဲ မေး၏။ ပြီးတော့ မျက်ထား ကို လှမ်းကြည့်ကာ...

"တက်ပါ.. သူက ပါစင်ဂျာ မဟုတ်ပါဘူး၊ ရတယ်.."

ယောက်ျားနှစ်ယောက်ဆိုတာကို သိလိုက်ပေမယ့် တက္ကစီနဲ့ ဒီလို ဖြစ်ရပ်မျိုးတော့ မကြားဖူးခဲ့တာမို့ ကိုယ့်အတွက်လည်း အန္တရာယ်မရှိနိုင်ဟု တွက်လိုက်၏။

"ကဲ .. သူ ပြောတဲ့နေရာကို သေချာပို့ပေးလိုက်နော်"

မျက်ထား ကို တံခါးပြန်ပိတ်ပေးကာ ဒရိုင်ဘာကို လှမ်းမှာသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြုံးပြုံးတော့လည်း ပြောသေး၏။

"အစ်မက ကိုယ်ချင်းစာလို့ပါ၊ စိတ်ချလက်ချ လိုက်သွား လို့ အပ်တဲ့နေရာအထိနော်၊ ကူညီကာမှတော့ အစအဆုံးပေါ့" တဲ့။

ကားထွက်လာကာမှ နာမည်တောင် မသိလိုက်ဘဲ သူ တင်ပေး လိုက်သည့်ကားပေါ် ရောက်နေသော ကိုယ့်အဖြစ်ကို သတိရသည်။

နှစ်ယောက်ရှိသွားပြီ မျက်ထား..၊

ခဏတဖြုတ်ဆုံပြီး ပြီးသွားမယ်ထင်ခဲ့လို့ နာမည်ကို အရေး တကြီး မရှိခဲ့တာလား..၊ အဲဒီလို နင် ထင်ခဲ့တာတွေဟာ နင့်အတွက် ဘဝနဲ့ချီပြီး ထိခိုက်နစ်နာစေမယ့်လူတွေဆိုရင်...

"ဟင်!..."

ရင်ခုန်သံတွေ မြန်လာကာမှ အပြင်ကနေ သေချာမကြည့်ဖြစ်ခဲ့ သည့် ဘေးကလူကို လှည့်ကြည့်လိုက်မိသည်။

သူ...

ကူရှင်မှာ မှီလျက် ဟိုဘက်ကို ငေးကာ နှုတ်ခမ်းထောင့်တစ်ဖက် မှာ စုပ်လုံးငုံထားသဖြင့် ရှိုးတံဖြူဖြူလေးကို မြင်နေရ၏။

စောစောကထက် ပို၍ မြန်ဆန်သော ရင်ခုန်နှုန်းက လက်ဖျား တွေ ယောင်ရမ်းဆုပ်လိုက်မိတဲ့အထိ..၊

လှိုင်းအနည်းငယ်ရှိသည့် ဆံပင်တွေက ဘေးခွဲလိုလို အလယ်ခွဲ လိုလို ခပ်အုပ်အုပ်ရှိကာ လည်ဂုတ်နားမှာ ပါးသွား၏။ အညိုရောင် အစင်းတွေပါသည့် ရှပ်အင်္ကျီကော်လံကို ကျော်လွန်၍ ဆံပင်ဖျားတချို့ ထောက်ကျ ခွေဆင်းနေပုံအထိ သေချာကြည့်နေမိသည်။

တစောင်းမြင်နေရသော အသားခပ်လတ်လတ်နှင့် မျက်နှာသည် မေးဖျားမှာလည်း မုတ်ဆိတ်တချို့ ငုတ်တိုငုတ်စတွေနဲ့...

"ဘယ်လိုလဲ.."





ဖျတ်ခနဲ လှည့်မေးလိုက်သဖြင့် မျက်ထား မျက်နှာလေး နောက် တွန့်သွား၏။

"နောက်တစ်ခါ မမေ့တော့အောင် မှတ်နေတာလား.."

မျက်မှောင်ကုတ်၍ ခပ်စူးစူးကြည့်နေပြီး မေးသည့်နှုတ်ခမ်းတွေ က ခပ်မဲ့မဲ့၊ မျက်ထား မျက်ရည်တွေ အိခနဲ ဝိုင်းတက်လာသည်။

အရင်ဆုံး လုပ်မိသည်က အံကြိတ်လိုက်ခြင်း၊ ဘာမှ မပြောနိုင် သေးခင် သူ့ကို စိုက်ကြည့်နေသည့် မျက်ဝန်းမှ ရေပူစမ်းတို့ တရိပ်ရိပ် လျှံ၏။

"ဟုတ်တယ် .. ကန်းနေတုန်းက မသိခဲ့ရင်တောင် မြင်နေရက်နဲ့ ပြန်မေ့သွားမှာစိုးလို့"

မျက်ထား နာကြည်းစွာ တစ်လုံးချင်း ပြောသည်။

သူကတော့ ပခုံးတစ်ချက်တွန့်၍ မဲ့လိုက်တာလား .. ပြုံးတာလား မသိ..။

"ရှင် ကျွန်မကို သိနေတယ်ပေါ့"

"ကိုယ်က အကန်းမှ မဟုတ်တာ"

ပြောရက်လိုက်တာ..၊ နားထဲမှာ အရာဝတ္ထုတစ်ခု စူးစိုက်သွား သလို ကျင်ခနဲ ဖြစ်၏။

"ရှင် .. ရှင် .. လူယုတ်မာ .."

စိတ်ကို ဘယ်လိုမှ ထိန်းမရတော့ဘဲ လက်တစ်ဖက်က တအား မြောက်တက်သွား၏။ သူ့ပုံစံက ပြုံးပြုံးပျာပျာ ဖြစ်မသွားခဲ့ပေ။

မျက်နှာနဲ့ လက်ဝါး မိတ်ဆက်နီးပါးကျမှ မျက်နှာကို နည်းနည်း လှန်၍ လက်ကို ဖမ်းဆုပ်ထားလိုက်၏။

"ဘယ်လိုဖြစ်တာလဲ .. ဒီအချိန်မှာ မင်း ဒေါသထွက်နေတာ အကျိုးရှိမှာမို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သက ကိုယ်ကျိုးကြည့်ထွက်တဲ့အရာ မဟုတ်ဘူး"

မျက်ထား လက်ကို အတင်းပြန်ရုန်းတော့ သူက လွှတ်ပေးကာ...

"မင်းကို သိရက်နဲ့ ကိုယ် ထွက်လာတာ မင်း သဘောမပေါက်ဘူးလား မျက်ထားညို၊ တကယ် သိတတ်တဲ့ မိန်းကလေးဆိုရင် ငါ့ရှေ့မှာ မင်း မျက်ရည်ခံထိုးရမှာ.."

"မထိုးဘူး .. ကျွန်မက ဘာမှမသိတတ်တဲ့ မိန်းမ၊ အဲဒါကြောင့် တိရစ္ဆာန်လိုလူနဲ့.."

သူမ စကားရပ်သွားကာ မျက်ရည်တွေကို လက်ခုံတွေနဲ့ ပွတ်သုတ်ပစ်၏။

"ဒီမှာ ကျွန်မကို ကားရပ်ပေးပါ"

ကားက သူမစကားဆုံးတာနှင့် လမ်းဘေးမှာ အရှိန်ချပြီး ရပ်သွား၏။ မျက်ထား တံခါးဖွင့်ထားပြီးမှ ဘေးမှာချထားသည့် အထုပ်တွေကို ကောက်ဆွဲသည်။

"နေဦး.."

သူက မျက်ထား ရဲ့လက်ကို ဆွဲထားလိုက်ကာ ...

"မင်း ငါနဲ့ ဆွေးနွေးလို့ ရတယ်"

မျက်ထား မျက်နှာလေး မျက်ရည်စေ့၍ နီရဲတင်းမာနေတာကို စိုက်ကြည့်ရင်း...

"မင်းနဲ့ငါ သံယောဇဉ်စကားတွေ ပြောနေဖို့မှ မလိုတာ၊ ဘာတွေ ဒေါ်ကန်စရာ ရှိလို့လဲ"

သူ့ရဲ့မေးခွန်းတိုင်းက ရင်ဘတ်ထဲမှာ ဒဏ်ရာတွေ တစ်ခုပြီးတစ်ခု ဖြစ်စေလျက်...

"ဘာမှမရှိခဲ့ဘူး .. ဟုတ်ပါတယ်"

အံကြိတ်ထားသည့် စကားလုံးတွေက မပီပြင်..၊





"ကျွန်မဘက်က ဒေါ်ကန်ဖို့ မရှိဘူးပေါ့"

ထပ်မေးလိုက်မှ သူ့မျက်နှာထက်က မထိတထိအကြည့်တွေ ပျောက်ကွယ်သွားလျက်...

"ငါ မှားခဲ့တာ ငါ သိတယ်၊ မင်းရဲ့ကျေးဇူး၊ မင်း ကျွေးမွေးခဲ့တာတွေ ငါ စားခဲ့တာလေ၊ အဲဒါတွေအတွက်ရော အခု မင်း ဘာဖြစ်ချင်သလဲ"

မျက်ထား မျက်ခုံးလေးတွေ တွန့်ကော့သွား၏။

ဘာဖြစ်ချင်သလဲ ဆိုပါလား..၊ ဖြစ်ချင်တာကတော့ ပါးကို ဖြောင်းခနဲ ရိုက်ချလိုက်ချင်တာ ဖြစ်သည်။

တကယ်တမ်းကျတော့ နောက်ထပ် 'လက်က မရောက်၊ သူမဘ၀အတွက် အလိုအပ်ဆုံးဟာ ဒီယောက်ျား ဖြစ်နေသည်။ ဦးမျိုးနိုင်ကို ရှောင်လွှဲပြီး ဒီကိုယ်ဝန်ကိုမွေးဖွားဖို့ဟာ ကလေးအဖေသာ လိုအပ်ဆုံးမို့...

"ဆက်မောင်းပေးပါ ကိုစိုး.."

သူ့အသံ ကြားလိုက်မှ တွေဝေသွားသည့်စိတ်တွေ လွင့်ရှားသွားခဲ့၏။ ကားဆရာက နောက်ကိုတော့ လှည့်ကြည့်ပါသေးသည်။

မျက်ထား ဆီက အသံမထွက်မှ ဆက်မောင်းတာ ဖြစ်၏။ ကူညီလိုက်သည့် အမျိုးသမီးကို တစ်မျိုးတစ်မည် သံသယဝင်မိသည့် ကိုယ့်စိတ်ကို ပြန်တွေးမိ၏။ အားလုံး ရိုးရိုးသားသားထဲမှာ မရိုးသားစွာ ပတ်ပြေးသည့်သူကိုတောင် ဒီပေါ်မှာ လာတွေ့ခဲ့ရသေးသည်။

"မင်းမှာ ပြောဖို့ မရှိဘူးလား"

"ရှိတယ် .. ရှင့်နာမည် ဘယ်သူလဲ.."

သူ စိုက်ခနဲ ကြည့်လိုက်ပြီး ပြုံးသည်။ ပြီးတော့ ရယ်လိုက်သည့် မျက်နှာကို ဟိုဘက်လွှဲပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ပြန်မမေးနဲ့လို့ ရှင် ထပ်ပြောဦးမလို့လား"

"ပြောမလို့ပဲ"

သူ ပြန်လှည့်ပြီး ဖြေသည်။ လူတစ်ကိုယ်လုံးကိုလည်း စေ့စေ့စပ်စပ် ကြည့်၍...

"အခု မင်းကို ပြန်ဖြေသင့်တဲ့လူလို့ ထင်တဲ့အတွက် ဖြေမယ်၊ ငါ့နာမည်က 'အရိပ်'၊ မိဘမဲ့၊ တစ်ကောင်ကြွက်၊ နေထိုင်စရာက ခုချိန်ထိတော့ အစဉ်သဖြင့် မြဲတယ်ဆိုတာ မရှိသေးဘူး၊ အလုပ်အကိုင်က မယ်မယ်ရရ မရှိပေမယ့် တစ်ခါတလေ ဝင်ငွေကောင်းပြီး မကောင်းတာက များတယ်"

"ရှင်က လုပ်ငန်းရှိတယ်ဆို..၊ ပြိုင်ဘက်တွေကြောင့် ဒဏ်ရာတွေ ရအောင် ဒုက္ခပေးကြတာဆို.."

မျက်ထား ကို သူ စိုက်ကြည့်လိုက်သည့် မျက်လုံးတွေက အံ့ဩသွားသလိုလို၊ ဖြေရခက်တာလိုလို နောက်မှ နှုတ်ခမ်းတွန့်ရုံလေး ပြုံးလိုက်၍...

"မင်းက ငါ့ကို အထင်ကြီးခဲ့ပုံရတယ်၊ ဒါပေါ့ .. အထင်ကြီးလို့လည်း ပုံအပ်ရဲတာပေါ့"

"ရှင့် ..."

မျက်ထား ပါးပြင်တွေ ရဲတွတ်သွား၏။ နားရှက်ခြင်းသည် တစ်ကိုယ်လုံးကို ဖျန်းဖျန်းထသွားစေကာ ဘာမှလည်း မချေပနိုင်..၊

သူက 'မင်း ပြောစမ်းပါ'ဆိုသည့် စိန်ခေါ်သောအကြည့်နှင့် စောင့်ဆိုင်းနေသော်လည်း...

"ပြောပါ.. ရှင် ပြောနိုင်ပါတယ်"

သူမ လည်စင်းပေးလိုက်ပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။ သူ့မျက်နှာ တစ်ဘက်လှည့်သွားပြီး တော်တော်နဲ့





ဒီဘက် ပြန်မလှည့်..၊

"ရှင့်ကို ကျွန်မ ပြောစရာရှိတယ်"

ရှိုက်သံမပါအောင် ထိန်းနေရင်း သူ့မျက်နှာ ပြန်လှည့်လာအောင် စောင့်လိုက်သည်။ သူက စိတ်မရှည်သည့်အကြည့်နှင့် မျက်တောင်ဖျားတွေ စင်းကြည့်လျက်...

"မင်းကို ပြောပါလို့ ငါ ပြောနေတာပဲ၊ ဘာလဲ.."

"အခု ကျွန်မ ပြန်ရတော့မယ်၊ ရှင့်ကို ဘယ်လို ဆက်သွယ်ရမလဲ"

"ဘယ်လိုမှ ဆက်သွယ်လို့ မရဘူး၊ မင်း ပြောချင်တာကို ခုပြော.."

"ပြောတော့ ရှင်က ..."

ကိုယ်ဝန် ရှိနေသည်၊ လက်တွဲကြမှ ဖြစ်တော့မည်။ ဒါတွေကို ဘယ်လို စပြောရမလဲ၊ ဆက်သွယ်လို့ မရဘူးဆိုတဲ့လူကို ဒီကိုယ်ဝန်အကြောင်း ပြောလိုက်တော့ရော ယုံကြည်မှာလား..။

'ငါ မှားခဲ့တိုင်း တာဝန်ယူစရာလား၊ ဒါကို ဘယ်လိုယုံရမှာလဲ' ဆိုတဲ့ မေးခွန်းတွေ ထွက်မလာဘူးလည်း မပြောနိုင်..၊

မျက်ထား လည်ချောင်းတွေ ခြောက်သွေ့လာသည်။ ရင်ထဲမှာ ရှိသမျှအားလုံး ရင်ဘတ်မှာပဲ ပျို့တက် စုပြုံနေသဖြင့် အသက်ရှူရတာတောင် မဝချင်..၊ ပြီးတော့ အလုပ်အကိုင် မရှိ၊ နေစရာ မရှိတဲ့သူလို့ ပြောထားတာက မျက်ထား သူ့ကို တွယ်ကပ်နေမှာစိုးလို့ ပိတ်ပြောခဲ့တာလား .. ဒါလည်း မသေချာ..။

"မျက်ထားညို"

"ဟင်!..."

"မင်း ဘာဖြစ်နေတာလဲ..၊ အခက်အခဲတွေ ကျပ်သိပ်နေအောင် ဖြစ်နေရင် ပါးစပ်ကြီးပိတ်ထားတော့ ငါ ဘာလုပ်ပေးရမှာလဲ"

"ကျွန်မ ပြောရင် ရှင်က ဘာဖြစ်ဖြစ် လုပ်ပေးမှာလား.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ငါနဲ့ပဲ သက်ဆိုင်တဲ့ကိစ္စဆိုရင် ပြော..."

တစ်လျှောက်လုံး မေ့လျော့နေခဲ့ပြီးမှ ဝိုက်ချပစ်လိုက်သည့်အရှိန်နှင့် တစ်ကိုယ်လုံး ငိုက်ခနဲ ဖြစ်သွားလျှင် ကားသမားကို သတိရသွား၏။

သူမ ကားပေါ်မှာပဲ..၊ ဒါပေမယ့် မှားယွင်းစွာ ပုံအပ်ခဲ့မိသည့် ကိုယ့်ဘဝအတွက် စေလိုရာ စေနိုင်သူဟာ သူပဲဖြစ်သည်မို့ မျက်လွှာချ လိုက်မိသည်။ ပြီးတော့ ကူရှင်ကိုမှီကာ သူ့ဘက်ကို မျက်နှာလေးငဲ့၍...

"ရှင် ကျွန်မကို တာဝန်ယူမှ ဖြစ်မယ်"

ပြောလိုက်ပြီးတော့ ရှက်သည့်စိတ်နှင့် မျက်ရည်စက်တွေ ပူလောင်စွာ ဖြတ်ဆင်းသွားကြသည်။

သူ့ဘက်က အသံတိတ်သွားတာကို မြင်းမိုရ်တောင်ကြီးတစ်ခု လုံး ပြိုကျလာဖို့ လှုပ်လီလှုပ်လဲ့ဖြစ်နေတာကို မြင်နေရတဲ့အတိုင်း...

ကိုယ်ကို မသိမသာ ပြန်မတ်၍ တစ်စုံတစ်ရာကို ဆုံးဖြတ်ပစ် လိုက်ဖို့ ကြိုးစားမိစဉ်...

"ကိုစိုး စမ်းချောင်းကို မောင်း.."





## အခန်း [ ၁၀ ]

"တောက်.."

မေဝင်း တက်ခေါက်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း နံရံကို လက်သီးဆုပ်နဲ့ ထုပစ်သည်။

ဒေါ်ဝင်းဝင်းနု က သုန်မှုန်သည့်မျက်နှာနှင့် ငြိမ်သက်လျက်..၊ ဦးသက်ပိုင် က ရေမိုးချိုးပြီး ခုမှ ရောက်လာတဲ့ သူ..၊

"ဘယ်လိုလဲ .. ပြန်မလာတော့ဘူးလား"

"မလာတော့ဘူး၊ ဒီဟာမလေး ဒါ အားကိုးတစ်ခုခုရှိလို့ လုပ်သွားတာ၊ ကြည့်တော့ မြဲ့စိစိနဲ့ .. တောက် .."

"ဒီလောက်ထိ တက်တွေခေါက်ပြီး မခံမရပ်နိုင် ဖြစ်မနေစမ်းပါနဲ့ သမီးရယ်.. သူ့ခွေးကိစ္စကို အဖေ ရအောင် ရှင်းပါ့မယ်၊ သူ့မှာ မဖုံးနိုင်မဖိနိုင်ကိစ္စကြီးနဲ့၊ ကိုယ့်အိမ်မှာ မရှိတော့ တို့တွေ အရှက်မကွဲဘူးပေါ့"

"ဟုတ်ပါတယ်အေ.. ဒီလိုဖြစ်လို့ နှင်ချလိုက်ဖို့ကျတော့လည်း မလုပ်ရက်ဘူး၊ သူ့ကိစ္စအတွက် ငါလည်း ခေါင်းခဲနေတာ၊ သူ့စရိတ်နဲ့ သူ သွားတာ သွားပါစေတော့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အမေ၊ သူဌေးကို သမီးတို့ ပေးစရာရှိနေတာတွေ နည်းတာ မဟုတ်ဘူး၊ လွယ်လွယ်နဲ့ ရှင်းလို့ရမလား"

"မရတော့ရော သူ့မှာ ကိုယ်ဝန်ကြီးနဲ့ သူဌေးကသိရင် ယူတော့ မှာလား .. ထားလိုက်စမ်းပါအေ"

မေဝင်း ပါးစပ်ပြင်လိုက်ပြီးမှ ပြန်ပိတ်၏။

သူ လုပ်ထားတာတွေ သူပဲ သိသည်။

လူကြီးတွေကို ဘာမှ အသိမပေးခဲ့တာမို့ ရေငုံနှုတ်ပိတ်နေလိုက်ဖို့ အပြင် ဘာမှမရှိတော့..။

မကျေနပ်နေတာက မျက်ထားညို ဖြစ်သည်။

ငယ်ငယ်ကတည်းက ဒီမိသားစုကပဲ ကျွေးမွေးစောင့်ရှောက်ခဲ့ တာ၊ မျက်ထားညို ရဲ့စိတ်ကို အူသိမ်အူမကအစ သူ သိသည်။

ကလေးဆန်ဆန် ပေါ့ပေါ့ပါးပါး နေတတ်သလို စိတ်ဆတ် မာကျောတဲ့သူလည်း မဟုတ်၊ ဒါလုပ်ဆို လုပ်သည်၊ ဒီလိုနေဆို နေ.. လူကြီးတွေ မျက်နှာတင်းသွားတာနှင့် သူမဘက်က လိုက်လျော အဆင်သင့် ပြင်ထားပြီးသား ဖြစ်နေတာမျိုး...၊

ဒီလိုမိန်းကလေးက တစ်ဖက်မှာ အကမ်းအလှမ်း ရှိမထားဘ စွန့်စားရဲမှာ မဟုတ်ပေ။

ဒါဆို သူ့ကို မသိတဲ့ လူဆိုးတစ်ယောက်က စော်ကားခဲ့ပါသည် ဆိုတာ ညာခဲ့တာပေါ့..။

မေဝင်း နာရီ မော့ကြည့်လိုက်မိသည်။

ည ဆယ့်တစ်နာရီ...၊

မနက်တည်းက ဈေးအတူသွားခဲ့ကြပြီး သူမက သိုးမွေးဆိုင်မှ မြို့လွှာရွေးနေရင်း စကားကောင်းနေခဲ့သည်။

"နင် ပြန်နှင့်တော့၊ တော်ကြာ .. သူဌေး စောစောလာခေါ်နေ





လွဲနေဦးမယ်"

လက်ထပ်ဖို့ကိစ္စအတွက် မျက်ထား လိုအပ်တာတွေ ဝယ်ပေးဖို့ လာခဲ့မည်လို့ သူဌေး အကြောင်းကြားထား၏။

ထို့ကြောင့် အချိန်ကိုကြည့်ပြီး ပြန်လွှတ်လိုက်မိတာ ဖြစ်သည်။

ထိုအချိန်ထိ မျက်ထား မျက်နှာပေါ်မှာ လျှို့ဝှက်စွာ တစ်ခုခု ကြံစည်နေသည့်အမူအရာမျိုး လုံးဝ မမြင်ခဲ့တာလည်း သေချာ၏။

ဘယ်လိုမှ ဆက်စပ်တွေးကြည့်လို့ မရအောင် ခြေရာဖျောက်သွား ခဲ့တာကို သူမ အသည်းယားတိုင်း တက်ခေါက်မိသည်။

"ဟင်း..."

တိတ်သွားကြသည့်ထဲမှာ အဖေ့ သက်ပြင်းချသံကြောင့် လှည့် ကြည့်လိုက်မိ၏။

ဦးသက်ပိုင် ကတော့ ဇနီးဖြစ်သူကိုပဲ ကြည့်ကာ...

"မင်းတူမကို ငါ တစ်သက်လုံး ကြည်ကြည်ဖြူဖြူ စောင့်ရှောက် ခဲ့တာနော်၊ ဒါပေမယ့် မနက်ဖြန် မပါတော့ဘူး"

ဒေါ်ဝင်းဝင်းနု က ထိုင်ရင်းကနေ ထွက်လာကတည်းက မထိုင် သေးသည့် ဦးသက်ပိုင် မျက်နှာကို မော့ကြည့်သည်။

ဦးသက်ပိုင် က မျက်နှာ ခပ်လွှဲလွှဲ လုပ်ထားလျက်...

"မနက်မိုးလင်းမှ ပြန်လာရင် တစ်ရှက်က နှစ်ရှက် သူ သယ်လာ တော့မှာ၊ ငါ လုံးဝ ပြန်လက်ခံမှာ မဟုတ်ဘူး"

ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ပြောပြီးတာနှင့် လှည့်ထွက်သွား ၏။ မေဝင်း ကလည်း မြင်ကွင်းထဲမှာ ဖအေ မရှိတော့မှ...

"အဖေက အမေ့ကို အားနာလို့ ဒီလောက်ပဲပြောသွားတာ၊ သမီး ကတော့ ပြောမှာပဲ အမေ၊ အမေ့တူမကို နောက်ထပ်မြင်ရရင် အိမ်မှ လက်ခံဖို့ မပြောနဲ့ အပြင်မှာတွေ့ရင်တောင် အသေဆွဲရိုက်မှာ...၊ ..းပြီး



www.burmeseclassic.com

www.burmeseclassic.com



နားမလည် ဝါးပြီးထွေးထုတ်၊ ခွေးတစ်ကောင်လိုမျိုး စားခွက်သေးပန်း လုပ်သွားတာ”

တစ်ယောက်ပြီးတစ်ယောက် ကြိမ်းမောင်းသွားကြတာကို ဒီတိုင်း နားထောင်နေရသည်။

ရင်ထဲမှာလည်း ဒါဟာ ခွင့်မလွှတ်နိုင်သည့် လုပ်ရပ်ဆိုတာကို အထပ်ထပ် တွေးနေမိတာပင်..၊

ဘယ်သူတားတား မတားတား အိမ်မှာ ပြန်လက်ခံဖို့ မဖြစ်နိုင်တာ သေချာပြီးသား..၊

ကိုယ်လျှောက်မယ့်လမ်း ကိုယ့်ဟာကိုယ် ထွင်တော့မယ်ဆိုမှတော့ နေပေါ့..။





## အခန်း [ ၁၁ ]

ကိုယ် နေရမည်ဆိုတော့လည်း ကိုယ်တိုင် လုပ်ရတော့မှာပါ၊ တိုက်ခန်းက အပြင်ကကြည့်တော့လည်း ဟောင်းနေသည်။ အထဲမှာလည်း အဖြူရောင်နံရံတွေက အဝါရောင်သမ်းနေ၏။

ပြီးတော့ တံခါးပေါက်တွေမှာ မှန်တွေရှိပေ ယ့် အက်ရာထင်တာက ထင်၊ တစ်ခြမ်းမရှိတော့တာတွေရော .. မှန်တစ်ကွက်လုံး မရှိတော့တာတွေပါ မြင်ကွင်းထဲမှာ အားလုံးက အပျက်အစီးတွေချည်းသာ..။ ထို့ပြင် ဝေါလ်ရှီအဟောင်းတွေက ကွာကျတာ ကျ၊ မကျတာက တို့လို့တန်းလန်းနှင့် ကြမ်းခင်းတစ်ပြင်လုံးမှာ ဖုန်တွေ ထူတက်နေ၏။

သူ လာချပေးသွားသည့် အထုပ်ကြီး အထုပ်ငယ်တွေကို သေချာဖွင့်မကြည့်ဖြစ်သေးဘဲ တိုက်ခန်းတစ်ခုလုံးကို ဘာကစလုပ်ရမလဲ စဉ်းစားရင်း ဟိုမော့ဒီမော့ လိုက်ကြည့်နေမိသည်။ မီးဖိုခန်းလေးနဲ့ ရေချိုးခန်း၊ အိမ်သာကို နောက်ဆုံးမှာ ကျဉ်းကျဉ်းလေးပဲ သီးသန့် ကန့်ထားလျက် ဒီဘက်မှာ နှစ်ယောက်အိပ် ခုတင်ကြီးက အကာအကွယ်မဲ့စွာ ရပ်တည်နေ၏။ မြန်လှည့်လာပြီး အထုပ်တွေကို ဖွင့်ကြည့်လိုက်သည်။

ကက်ထူဘူးတွေထဲမှာ စတီးအိုးတွေ အထပ်လိုက်ရှိနေကာ ပန်းကန်နှစ်ချပ်နှင့် ဟင်းသောက်ပန်းကန်လေး အသေးတစ်လုံး၊ အကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး…၊ ပြီးတော့ ဟင်းခပ်ဇွန်းတွေ၊ ထမင်းစားဇွန်းတွေ၊ ဆပ်ပြာဆီနှင့် တခြား အသုံးအဆောင်ပစ္စည်းတွေလည်း ပါသည်။

လက်ဆွဲအိတ်လှလှလေးတွေထဲမှာတော့ မိန်းမဝတ်အင်္ကျီ လေးငါးထည်လောက်နဲ့ ထဘီလို တွက်ချက်ပြီး ဝယ်လာပုံရသည့် ပိတ်စတွေ…၊ အိမ်သန့်ရှင်းရေးလုပ်ဖို့ကျတော့ ဘာတစ်ခုမှ မတွေ့၊ အသစ်စက်စက် ဝယ်လာသည့် တိုင်ကပ်နာရီကို ထုတ်ကြည့်လိုက်မိသည်။

နေ့လယ် နှစ်နာရီ ထိုးပြီ…။

"အဲဒီမှာ လုပ်စရာရှိတာ လုပ်ထားလိုက်၊ တစ်နာရီလောက်ကြာရင် ပြန်လာမယ်၊ ပိုက်ဆံ ခဏသွားဆွဲမလို့"တဲ့…။

စိတ်ချမ်းသာစရာ စကားကို မပြောခဲ့ဘဲ ဆယ့်နှစ်နာရီလောက်က ထွက်သွားခဲ့တာ ခုထိ ပြန်ရောက်မလာသေး.၊

"ဟော့.. တံခါးလည်း သော့ခတ်မထားဘူး၊ ဘာထိုင်လုပ်နေတာလဲ"

တွေးနေတုန်း သူ ဝင်လာသည်။ ပြီးတော့ မျက်ထား ချထားလိုက်တဲ့နာရီကို လိုက်ကြည့်၍…

"ဘာလဲ.. ငါပြန်လာမှာကို နာရီကြည့်ပြီး ထိုင်စောင့်နေတာလား"

"ထိုင်စောင့်နေတာ မဟုတ်ပါဘူး၊ အိမ်သန့်ရှင်းရေးလုပ်မလို့ ပစ္စည်းဟောင်းတွေ ဘေးကပ်ထားပြီးပြီ"

"ဘာလို့ မလုပ်လဲ"

"ဘာမှမှ မရှိဟာ…၊ အဝတ်စုတ်လည်း မရှိ၊ ဆပ်ပြာ မရှိ၊ [illegible] မရှိနဲ့၊ ပြီးတော့ ရေချိုးခန်း အိမ်သာတွေက ညစ်ပတ်နေတာ၊ အက်ဆ[illegible] သုံးမှ ရမှာ.."

"ဟား!…"

မျက်ထား ပြောသမျှ နားထောင်နေပြီး လက်နောက်ပို့ကာ ဆံပ[illegible]





တွေကို ဖွပစ်၏။

"တစ်နေ့တည်း တစ်ရက်တည်းနဲ့ ဒါတွေအားလုံး ပြီးသွားအောင် မင်း တစ်ယောက်တည်း လုပ်လို့ရမှာလား..‥"

"ရပါတယ်"

"ရလည်း လောလောဆယ် ထိုင်စရာ၊ တုံးလုံးပက်လက်လှဲစရာ တစ်ခုခုကို အရင် လုပ်ထားရမှာပေါ့၊ အခု ငါက ဘယ်မှာမှ မထိုင်ရတော့ဘူးလား"

"ဒီမှာ လာထိုင်"

မျက်ထား က သူမ ထိုင်နေသည့်နေရာကို ဖယ်ပေးလိုက်ကာ ကြမ်းပေါ်မှာ ချထားသည့် လက်သီးဆုပ်လောက် အဝတ်စုတ်လေးကို သွားကောက်၏။

"ဟိတ် .. ဘာလုပ်တာလဲ"

သူမ ဘာလုပ်မှာမှန်း မသိလို့ လိုက်ကြည့်နေတာမို့ အဝတ်စုတ်ကို ကောက်လိုက်တာနှင့် အသံဖြဲနဲ့ လှမ်းအော်မိ၏။

ဒါပေမယ့် အဝတ်စုတ်က သူမလက်ထဲ ရောက်သွားပြီဖြစ်သည်။

"မင်း မရှုံ့မရှာ ဘာလုပ်တာလဲ..၊ ဒါ သူများသုံးပြီးသား၊ ဘာတွေလုပ်ထားမှန်း မသိတဲ့ဟာကို.."

ပြောလိုက်ကာမှ မျက်ထား က ကိုင်ထားတာကို ပြန်ငုံ့ကြည့်ကာ…

"အဝတ်စုတ်ပါပဲ.. ကျွန်မ သိပါတယ်၊ ဒီရှေ့မှာ သုံးတာမို့လို့ ဆက်တီအဟောင်းတွေကြားထဲက တွေ့တာပေါ့၊ သေးသေးလေးဆိုတော့ ဖုန်လောက်ပဲ သုတ်လို့ရတယ်"

မျက်ထား က ရွှေ့ထားသည့် ဆက်တီအဟောင်းတစ်လုံးဆီ သွားပြီး ဖုန်သုတ်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ .. ထိုင်လည်း မထိုင်တော့ဘူး၊ ငါ အပြင်သွားမယ်၊ ညနေကျမှပဲ ပြန်ခဲ့တော့မယ်၊ မင်း ဗိုက်ဆာရင် မြေညီထပ်မှာ ကုလားထမင်းဆိုင် ရှိတယ်၊ ကပ်လျက်မှာလည်း မုန့်မျိုးစုံရောင်းတဲ့ဆိုင် ရှိတယ်၊ ရော့ ..."

တစ်ထောင်တန် ခပ်ပါးပါး အကြွေးလိုက်လေးကို ချပေးတော့ မျက်ထား က ပိုက်ဆံနဲ့ သူ့ကို ကြည့်ကာ...

"ရှင်က ကျွန်မ သန့်ရှင်းရေး မလုပ်ထားလို့ ပြန်ထွက်တာလား"

"ဟုတ်တယ် .. ဒါပေမယ့် သွားဖို့ကလည်း ရှိနေသေးလို့၊ ဒီတစ်ခါ ပြန်လာရင် ဖင်နေရာ၊ ကျောနေရာလောက်တော့ လှဲကျင်းထားလိုက်၊ တစ်ခန်းလုံး ပြောင်လက်နေအောင် ကြိုးစားလည်း မင်းကို ဘယ်သူမှ အမှတ်ပေးမှာ မဟုတ်ဘူး"

စကားပြောလိုက်တိုင်း လူကို ခဲနဲ့ထုသွားသလိုပင်၊ ချထားချန်ရစ်သည့် ပိုက်ဆံအထပ်လေးကို ငုံ့ကြည့်ရင်း မျက်ထား ကိုင်တောင် မကြည့်ခဲ့..။

ရေမရှိသည့်ကိစ္စအတွက် ကြိုးစားရဦးမည်၊ သူ ပြန်မလာခင် သန့်ရှင်းထားဖို့ကလည်း အရေးကြီးသည်မို့ နားလို့မဖြစ်..၊ သူ ပြောတာဆိုဟာတွေ ဘယ်လောက်ပဲ တင်းကျောမောနေပါစေ မျက်ထား စိတ်ထဲမှာ ကြာကြာမနေနိုင်ခဲ့တာ ဝင့်ကြွေးပဲ ထင်သည်။

သူ့အသံကို ကြားလိုက်ကတည်းက စိတ်က တိမ်းညွှတ်ခဲ့သည်။ အနိုင်ယူသွားတော့လည်း ရှုံးနိမ့် ကျန်ရစ်သည်လို့ မမြင်..၊

ခုချိန်မှာတော့ သူဟာ ကိုယ့်အတွက်..၊





## အခန်း [ ၁၂ ]

"ဟိတ် .. မျက်ထား .."

"... ... ... ..."

"မျက်ထား .."

"ဟင်!..."

ဆက်တီဟောင်းက ဟိုက်ချွတ်ပြီး နေရာပြန်ချထားတော့ ဧည့်ခန်းနေရာမှာ လူလူသူသူ ဖြစ်နေသည်။

ဆက်တီပေါ်မှာ မျက်ထား က ခွေခွေလေး အိပ်ပျော်နေ၏။ မျက်လုံးဖွင့်လိုက်တော့ မီးတွေလင်းနေသဖြင့် မတ်တပ်ကနေ ငုံ့ကြည့်နေသည့် သူ့ကိုပါ မြင်လိုက်ကာ...

"မျက်ထား အိပ်ပျော်သွားတာ"

လို့ ပြောရင်း ကမန်းကတန်း ထထိုင်လိုက်မိ၏။ သူက သူ ချပေးခဲ့သည့် ပိုက်ဆံနှင့် ရှင်းလင်း ပြောင်လက်နေသည့် တစ်ခန်းလုံးကို တစ်ချက် ဝေ့ကြည့်ကာ...

"သိမ်းကျုံးလုပ်ထားပြီး ဘာမှ မစားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မစားဖြစ်ဘူး"

"ဟင်!... ဆာတော့ ဆာနေတယ်မို့လား"

"အင်း .. အခု ဆာသလိုပဲ"

စားစရာအကြောင်း ပြောလိုက်မှ နှာခေါင်းထဲကို ခေါက်ဆွဲကြော်နံ့က ဝင်လာသည်။ ရှိုးကေ့စ်ပေါင်းလေးပေါ်မှာ ခေါက်ဆွဲဘူးကို နောက်ကျမှ လှမ်းမြင်၏။

အရိပ် က သူ့မဘေးမှာ ဝင်ထိုင်လိုက်ပြီး...

"ခေါက်ဆွဲကြော် ဝယ်ခဲ့တယ်၊ မင်း ဆင်းစားမှာ မဟုတ်ဘူးဆိုတာ သိလို့"

"နေရာနဲ့ မရင်းနှီးတော့ မဆင်းချင်လို့ပါ၊ စားဖို့ ပြင်လိုက်မယ်နော်"

"ငါက စားပြီးပြီ၊ အဲဒါကြောင့် တစ်ပွဲပဲ ဝယ်လာတာပေါ့၊ မင်းစားပြီးရင် ဒီကိုပြန်လာ.."

စိတ်ထဲမှာ နာကျင်လာတိုင်း ကိုယ့်ဘက်က မှားယွင်းခဲ့မိတာနဲ့ပဲ ဖြေခဲ့ရသည်။

ဒါပေမယ့် ခဏခဏ နာကျင်ရတော့လည်း...

"ရှင် ဘာပြောမလို့လဲ.."

စားသောက်ပြီး ပြန်လာတော့ ဘေးမှာ မထိုင်ဘဲ ရှေ့က ဆက်တီမှာပဲ ထိုင်လိုက်၏။ အရိပ် က စီးကရက် လက်ကြားညှပ်ထားရင်း မျက်ထား ကို စိုက်ကြည့်သည်။

မျက်နှာလေး ပြောင်စင်နေတာက ရေချိုးထားမှန်း သိသာနေပေမယ့် အင်္ကျီတွေက မနေ့ကလည်း ဒါပဲ၊ ဒီနေ့ထိ ဒါပဲမို့...

"အဝတ်အစားက ဘာလို့ မလဲတာလဲ"

ကိုယ် မေးတိုင်း သူ ဖြေချင်မှ ဖြေတာတွေကို ခံစားရပေမယ့်...





"ထဘီတွေက ချုပ်မှ မချုပ်ရသေးတာ၊ အင်္ကျီတွေကလည်း အိမ်နေရင်း ဝတ်လို့ကောင်းတာ မပါလို့.."

"အိမ်နေရင်းတွေ ဘာတွေ လုပ်မနေနဲ့လေ၊ လောလောဆယ် မျက်စိထဲဝင်တာကို ဝယ်လာခဲ့တာ၊ အင်္ကျီကို နမြောပြီး ကိုယ့်ကိုယ်ကိုယ် ချဥ်ပတ်စော်နံအောင် နေမှာလား"

သူ ပြောလိုက်ကာမှ ကိုယ့်ကိုယ်ကိုယ် ငုံ့နမ်းမိတော့မလို ဖြစ်သွားသည်။ တကယ်က ဘယ်တုန်းကမှ မရင်းနှီးခဲ့သည့် ယောကျ်ားတစ်ယောက်နှင့် ချက်ချင်းကြီး လက်ထပ်ဖို့ ဖြစ်လာတာကို လက်မခံနိုင်သေးတာ ဖြစ်သည်။

သူ ဝယ်ခြမ်းပေးတာကို ကိုင်သုံးဖို့၊ ဝတ်ဆင်ဖို့အတွက် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေခဲ့၏။

အရိပ် က မျက်ထား မျက်တောင်တွေခတ်နေရင်း ငြိမ်နေတာကို မျက်မှောင်ကုတ်နှင့် ကြည့်နေ၏။

ဆံပင်တွေ အရှည်ကြီးက သူများတွေ လှအောင် လုပ်ထားကြသလို ပျော့ပျော့ပါးပါးလေး မဟုတ်ဘဲ ထူခဲ ညိုမှောင်နေတာ ဖြစ်သည်။ ဆံပင်ကောင်းသလောက် မျက်ခုံးလေးတွေထူကာ မဖြူမညိုအသားဝင်းကလေးမို့ ဘယ်လိုပဲကြည့်ကြည့် ယဥ်သည်။

ထိုင်နေနေ ထနေနေ ရှေ့နောက် ဘယ်ကကြည့်ကြည့် ချပ်ရပ်တင်းပြည့်သည့် ကိုယ်လုံးလေးက ထင်းနေအောင် လှ၏။ လိုနေတာက လှနေတာတွေကို ပိုကြွလာအောင် ပြင်ဆင်လိုက်ဖို့သာ..၊

"မင်း အိမ်ပြန်ချင်နေတာတော့ မဟုတ်ပါဘူးနော်"

မျက်ထား ကြည့်လိုက်တော့ မျက်လုံးချင်း ဆုံသွား၏။

"ရှင်က ဘာသဘောနဲ့ မေးတာလဲ"

"ငါ မေးရင် ဖြေပါ၊ ပြန်မမေးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေးရမှာပဲ"

ဒီလိုအပြောမျိုးကို ခံရခက်ခဲတာမို့ မျိုသိပ်ခဲ့ရတာတွေပါ ချက်ချင်း ဆောင့်ခုန်ထွက်၏။

"ကျွန်မ အခက်အခဲကို ပြောပြမှ ရှင် သိလို့ ခေါ်လာခဲ့ရတာလေ၊ ကျွန်မ ဘေးကျပ်နံကျပ်ဖြစ်နေမှန်းသိလို့ အသားယူပြီး မေးနေတာလား"

"မင်းဘက်မှာ အဲဒီလို ဖြစ်သွားတာလား"

မေးပြီး သူ့ဖာသာ ခေါင်းညိတ်သည်။

"ငါ့ဘက်က အဲဒီလိုစိတ်နဲ့ မဟုတ်ဘူး၊ ဒါပေမယ့် မင်း ဒီလို တစ်ဖက်သတ် အထင်ရောက်ပြီး မကြာခဏ ငြူစူနေရင်တော့ ငါက ရှင်းပြနေမှာ မဟုတ်ဘူးနော်၊ ပြောထားတာ"

မျက်ထား က နှုတ်ခမ်းလေး မသိမသာ ဖိကိုက်ပြီး စိုက်ကြည့်နေ၏။

"မင်း အခက်အခဲဆိုတာ ငါ့ကြောင့်မို့လို့ ငါ တာဝန်ယူဖို့ ခေါ်လာတာ၊ မင်း စိတ်ထဲမှာ ဘာမှမသက်ဆိုင်တဲ့ လမ်းပေါ်ကကောင် တစ်ယောက်ကို အကူအညီတောင်းထားရတယ်လို့ မှတ်ထားတာလား"

ဆိုနေသည့် မျက်ဝန်းတွေကို လွှဲပစ်လိုက်ပြီး မျက်ထား က တော်တော်နဲ့ မဖြေ၊ သူကလည်း ဘာမှဆက်မပြောဘဲ စောင့်နေ၏။ ပြီးမှ...

"မေးနေတာ ဖြေလေ.."

"ဟုတ်တယ်.. ရှင့်ဘက်က တုံ့ပြန်မှုအတိုင်းပဲ သတ်မှတ်ခဲ့တာ၊ ဒါမှလည်း ကျွန်မဘက်က ဖြေသာမှာလေ၊ မဟုတ်ရင် ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိဘူး ဖြစ်နေမှာ.."

"အခု မှတ်ထားလို့ ရပြီ၊ မင်းက ငါ့ရဲ့ဧနီး.."

မျက်ထား ဆတ်ခနဲ လှည့်ကြည့်သည်။ မနေ့ကနေ ဒီနေ့ မိုးချုပ်ခဲ့တဲ့အထိ လက်မှတ်ထိုးဖို့ သူ စကားဟခဲ့သလား..၊ မနေ့ညက





ပျဉ်ထောင် တစ်ထပ်တိုက်လေးတစ်လုံးမှာ သူများတွေနဲ့အတူတူ တစ်ည အိပ်ခဲ့ရသည်။

လိုအိမ်က မိသားစုတွေက သဘောကောင်းကြပါသည်။ သူ့လို လူနဲ့ ဘယ်လိုပတ်သက်ကြမှန်း မသိသော်လည်း အကုန်လုံးက ဂရုတစိုက် ရှိကြသည်။

"သမီးကို မာလာ နဲ့အတူတူ သိပ်လိုက်လေ၊ မနက် ရုံးမှာ လက်မှတ်ထိုးကြပေါ့၊ မြန်မာလူမျိုးဆိုတာ အရှက်သိက္ခာကို တခြားလူမျိုးတွေထက် ပိုပြီး တန်ဖိုးထားကြတာ၊ လက်မထပ်ရသေးဘဲ အတူတူနေလို့တော့ မဖြစ်ဘူး"တဲ့..။

ဆံပင်တွေဖြူနေသည့် အမျိုးသမီးကြီးက သူ့သမီး အပျိုကြီးနဲ့ မျက်ထား ကို အိပ်စေခဲ့သည်။ အရိပ် ကတော့ ဘာမှ အပြောအဆို မရှိဘဲ ခဏထိုင်ရုံ ပြုံးရယ်ရုံလောက်နှင့် ညဥ့်နက်တော့ မတွေ့တော့ပါ။

"ဒီလိုပဲ သူ ရောက်လာရင် မျက်နှာမြင်ရ ခဏပဲ၊ သိပ်လမ်းများတာ၊ တို့တွေက ဆွေမျိုးရင်းချာလို ဖြစ်နေကြပါပြီ၊ ဝင်ချင်တဲ့အချိန် ဝင်၊ ထွက်ချင်တဲ့အချိန် ထွက်သွားကြတာပဲ၊ သားကြီးနဲ့ ညီအစ်ကိုလို ချစ်ကြတာ" တဲ့..။

ညဥ့်နက်နက်မှာ ထိုင်စကားပြောရင်းမှ သိရတာ ဖြစ်သည်။

"မနက် ကိုးနာရီလောက်ကျတော့ လက်မှတ်ထိုးလိုက်ကြ သိလား ညီမလေး၊ အစ်မကတော့ မိန်းကလေးဘက်ကပဲ နစ်နာမှာစိုးတယ်၊ ရိပ် က ပြောလို့ရတာ မဟုတ်ဘူး၊ စိတ်ကောင်းလေးသာ ရှိတာ၊ သူ့ကို မခံချင်လုံးလေး နည်းနည်းမှ သွားပြောလို့မရဘူး၊ လုပ်ပြီးဆို သူ့အတွက်လည်း မကြောက်ဘူး၊ ဘယ်သူ့အတွက်မှလည်း မကြည့်တတ်ဘူး"တဲ့။

အပျိုကြီးက အပျိုကြီးပီသစွာ မိန်းမသားထုဘက်က ရပ်တည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သင်ပြပေးခဲ့၏။

ဒါပေမယ့် လက်မှတ်ထိုးကြရအောင်လို့ ကိုယ်ကစပြီး ပြောရအောင် ချစ်သူတွေလည်း မဟုတ်၊ မီးရောင်ဖွေးဖွေးအောက်မှာ ညိုမှောင်သည့်မျက်ဝန်းလေးတွေထဲက အုံ့ဖွဲ့ခြင်းကို အရိပ် မြင်နေရကာ...

"ငါ ပြောလိုက်တာကို မင်း ရင်ခံသွားတာလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ရှင်နဲ့ ကျွန်မ လက်မှတ်မထိုးရသေးဘူး"

မပြောချင်ဘဲနဲ့ ပြောလိုက်ရသည်။ ဒါက အရှက်သိက္ခာအတွက်..၊ သူ့ရယ်သံသဲ့သဲ့ ထွက်လာတော့ ရင်ထဲမှာ ဖျင်းခနဲ ဖြစ်၏။

"မင်းနဲ့ ကိုယ် နှစ်ယောက်တည်း ဖြတ်သန်းခဲ့တဲ့ ခဏလေးတုန်းက ဘယ်လူကြီးရဲ့ လက်မှတ်တွေ ပါခဲ့လို့လဲ.."

"ဘာ!..."

မျက်ထား ရဲ့ ပါးမို့လေးတွေ ရဲတွတ်သွားသည်။ စကားလုံးတွေ ပျောက်ဆုံးကုန်တဲ့အထိ ဒေါသထန်နေသည့်မျက်နှာကို အရိပ် က အေးစက်စက်ကြည့်၍...

"ပြောပြတာလေ.. အမိကက ကိုယ် မင်းရဲ့ဘေးမှာ ရှိနေမယ်၊ အဲဒီအတွက် ကိုယ် လူယုတ်မာ မဖြစ်တော့ဘူး၊ ဒါဆို မပြီးဘူးလား"

"မပြီးဘူး .."

မျက်ထား စိတ်ထိန်းမရတော့ဘဲ ဆတ်ခနဲ ထရပ်လိုက်၏။

"ရှင် လာချင်ရင် လာ .. မလာချင်ရင် ပြန်သွား.. ကျွန်မက ရှင် ထားခဲ့တဲ့အတိုင်း ကျန်ခဲ့ရမယ်ပေါ့"

"ဘယ်အခြေအနေမှာ ဖြစ်ဖြစ် ငါ ထားခဲ့ရင် မင်း ကျန်ခဲ့မှာပဲ၊ စာချုပ်ရှိနေခြင်း မနေခြင်းက ဘာထူးသွားလို့လဲ"





မျက်ထား လက်သီးဆုပ်ထားပြီး တဆတ်ဆတ် တုန်နေ၏။ ပြီးတော့ မျက်ရည်တွေ အင်တိုက်အားတိုက် သွန်ကျလာကြသည်။

ထို့နောက် နေရာမှာပဲ ပြန်ထိုင်ကျသွားပြီး နှုတ်ခမ်းမှာ လက်ခုံလေးကပ်၍ ရှိုက်ငို၏။ သူ ဒီတိုင်းပဲ ထိုင်ကြည့်နေကာ စီးကရက်သောက် မပျက်..၊

ရှိုက်သံတွေ တိုးသဲ့ဝေးကွာသွားမှ တိုနေပြီဖြစ်သည့် စီးကရက်ကို ဆက်တီလက်တင်မှာ ဖိကပ်ချေပစ်ကာ...

"အိပ်ရာခင်း နှစ်စုံ ပါတယ်၊ ဘာဖြစ်လို့ ခင်းမထားတာလဲ"

မွေ့ရာနှင့် ဒီတိုင်းရှိနေသည့် ခုတင်ကို လှမ်းကြည့်ပြီး မေးတာမှန်း မျက်ထား သိသည်။ ထို့ကြောင့်...

စကားလည်း မပြောချင်တော့ဘဲ မျက်ရည်သုတ်လိုက်ပြီး နေရာမှ ထလာခဲ့သည်။ ခင်းမထားတာက ခေါင်းမိုးပေါ်က အိမ်မြှောင်တွေ ဘာတွေ ချေးပါချမှာ စိုးလို့ပါ..။

ညကျမှ ခြင်ထောင်ထောင်လိုက်တော့ ခြင်ထောင်ပေါ်မှာ အမိုးအုပ် တစ်ထပ်ပါသည်မို့ သက်သာမည်လို့ တွက်မိသည်။

ခြင်ထောင်ထောင်ဖို့အတွက် ကြိုးတွေ ကွင်းတွေပါ အဆင်သင့် ပြင်ထားပြီးသား..၊ မျက်ထား တစ်ယောက်တည်း လှုပ်ရှားနေတာကို သူ တစ်ချက်မှ ကူဖော်မရဘဲ ဒီတိုင်း ထိုင်ကြည့်နေ၏။

မျက်ထား ဝမ်းနည်းစိတ်မပြေသလို သူလည်း ဒါကို သိသည်။ သိပေမယ့် ဆံပင်ရှည်ကြီးတွေ တန့်နွဲ့နွဲ့ လှုပ်ခါလျက် ရှေ့ကို ငိုက်လိုက်တိုင်း လျှောခနဲ ပြိုကျသွားကာ ကိုယ်လေး ပြန်မတ်လိုက်တိုင်း နောက်ကို ပြန်နွဲ့ကျလာသည့် လူနဲ့ဆံပင် ရောထွေး လှုပ်ရှားနေတာက ကြည့်ကောင်းနေ၏။

ကြည့်ကောင်းကောင်းနှင့်ငေးရင်း မကျေနပ်နေသည့် နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို သိနေသဖြင့် ပြုံးမိသည်။

"ရှင် အိပ်လို့ရပြီ"

"မင်းကရော ဘာလုပ်နေမှာလဲ"

"ကျွန်မ အိပ်ထားတာ မအိပ်ချင်သေးလို့"

သူ ထလျှောက်လာပြီး မျက်ထား ရှေ့မှာ ရပ်လိုက်၏။

"တစ်နေ့ကုန် ပင်ပန်းထားတယ်မို့လား၊ ငုတ်တုတ်ထိုင်ပြီး ငို
ဦးမလို့လား"

မျက်ဝန်းလေးတွေ သူ့မျက်နှာဆီ ဝင့်တက်လာ၏။ ပြီးတော့
တစ်ဖက်လှဲ့ပစ်ကာ...

"ကျွန်မဖာသာ ဘာလုပ်လုပ်ပါ"

"ဒါဆိုလည်း အင်္ကျီတွေ လဲထားလိုက်၊ အဲဒီထဲက တစ်အိတ်
ထဲမှာ ညဝတ်အင်္ကျီနှစ်ထည် ပါတယ်"

"ညဝတ်တွေဘာတွေနဲ့ ကျွန်မ မအိပ်တတ်ဘူး"

"အရင်က မအိပ်တတ်လည်း ခု အိပ်ရမှာပဲ၊ သွားလဲလိုက်.."

ရှောင်ထွက်သွားမလို့ ပြင်ပြီးမှ မျက်ထား သူ့ကို မော့ကြည့်ကာ...

"အဲဒီလောက်ထိ ရှင် အမိန့်မပေးပါနဲ့၊ တစ်ခန်းလုံး အကာအ
ဘာမှမရှိဘဲနဲ့ ဘယ်မှာ အင်္ကျီလဲရမလဲ"

ဒါကျတော့ သူ မျက်မှောင်ကုတ်သွား၏။ ပြီးတော့ အထဲက
လှမ်းပင်သွားကာ နောက်ဖေးမှာ ထုတ်ထားသည့် အဝတ်လှမ်း
ဝရန်တာကျဉ်းကျဉ်းလေးထိ ရောက်သွား၏။

ပြန်ထွက်လာတော့ အတိုအရှည်တွေ ကပ်စည်းထားသည့် စတီ
ချောင်းတွေ ပါလာသည်။

သူငယ်ချင်းဆီမှာ ပြောကြည့်မည်၊ ဒီတိုက်ခန်းမှာ နေခွင့်ရဖို့တဲ့
ခုကျတော့ ဘယ်နေရာမှာ ဘာရှိနေတာကို သူ ဘာဖြစ်လို့ သိနေတာ





လဲ..၊ သူမ သတိထားမိသလောက်မှာ တိုက်ခန်းကို ပြောင်းလာကြကာ
မှ သူ နောက်ထဲထိ မဝင်ခဲ့သေးပါ..။

ဟိုကစွပ်၊ ဒီကတပ်နှင့် ခဏကြာတော့ ကန့်လန့်ကာတပ်ရန်
အဆင်သင့်ဖြစ်နေသော ထောက်စင်လေးတစ်ခု ဖြစ်လာ၏။ ပြီးတော့
အတိုအထွာတွေ စုပြုံရှိနေသည့် ရှီးကော့စ်လေးကို ဖုန်တွေကို ပါးစပ်နဲ့
မှုတ်ပစ်လိုက်ပြီးမှ မှန်ချပ်ကို တွန်းဖွင့်သည်။

အထဲက ဆွဲထုတ်လိုက်တော့ ဖုန်တက်နေသည့် ပါကင်ထုပ်လေး
ပါလာ၏။ ထိုဟာကို ရှီးကော့စ်မှာ ရိုက်ခါပြီးမှ အထဲက ကန့်လန့်ကာ
အပြာရောင်ကို ဆွဲထုတ်လိုက်သည်။

ဘာပဲကိုင်ကိုင် ကိုင်လိုက် လက်ကို ခါပစ်လိုက်နှင့် ယောကျ်ား
ဖြစ်ပြီး အသန့်အပြန့် ကြိုက်တာကလည်း လွန်မယ်ထင်သည်။

သူ တပ်ဆင်ခြင်းကိစ္စတွေ ပြီးတဲ့အထိ ဒီနေရာမှာပဲ မျက်ထား
မတုန်မလှုပ် ရပ်ကြည့်နေခဲ့၏။ သူကလည်း လာပါ ကိုင်ပါ မပြောဘဲ
တစ်ယောက်တည်း ပြီးအောင် လုပ်သွား၏။

"လာ .. မင်း အင်္ကျီလဲလို့ ရပြီ"

သူ ဒီလောက် အသန့်ကြိုက်တာ မျက်ထား ကိုကြည့်ပြီး ဘယ်
လောက် စိတ်ပျက်နေသည် မသိ..၊ ဒီတိုင်းနေလည်း ရွံ့တယ် ချိုတ်
တယ်ဖြစ်ပြီး စကားများရဖို့ပဲရှိတာမို့ အင်္ကျီတွေထဲက ရွေးယူပြီး
ခန်းဆီးနောက်ကို ဝင်ခဲ့လိုက်သည်။

ပြီးတော့ နှစ်ယောက်အိပ် ခုတင်ကြီးကို လှမ်းကြည့်ကာ ဒီည
သူမ ဘယ်မှာအိပ်ရမလဲဆိုတာကို စိတ်ပျက်စွာ တွေးရင်း ငိုင်နေမိ၏။
အပြင်မှာ အိပ်ရာခင်းမရှိ၊ ခြင်ထောင်မရှိ။ ဒီခုတင်ပေါ်မှာ နှစ်ယောက်
အိပ်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

ဟိုအိမ်မှာ အဘွားသွန့် ပြောလိုက်တဲ့စကားတွေကို သူမ နား



www.burmeseclassic.com

www.burmeseclassic.com



လည်သလို အရိပ် လည်း စောင့်ထိန်းရမှာကို သိနေမှာပဲ ဖြစ်၏။

ဒါဆို လက်ထပ်စာချုပ်နဲ့ လက်မှတ်ထိုးခြင်း ဖြစ်မြောက်ဖို့ မကြ
စားခဲ့တာ ကိုယ့်အပေါ်မှာ စိတ်မဝင်စားခဲ့လို့လား..၊ ဒါပဲ ဖြစ်မှာ
သူ့အပြုအမူတွေဟာ ကြင်နာခြင်း တစ်စုံတစ်ရာမှ မပါခဲ့ဘဲ...

"မပြီးသေးဘူးလားကွာ၊ ကိုယ် အိပ်မလို့"

ဟင်!...

ကြားလိုက်ရသည့်အသံက ဒီနားမှာ နီးနီးကပ်ကပ်လေးမို့ သူ
စောင့်နေတာကို သိလိုက်ကာ မျက်ထား လှုပ်လှုပ်ရှားရှား ဖြစ်သွား

"ခဏ .. ခဏလေး .."

အင်္ကျီချွတ်ဖို့ပြင်ပြီးမှ အပေါ်က မီးချောင်းကို မော့ကြည့်မိက
ခုတင်ခေါင်းရင်းက မီးခလုတ်ဆီ ပြန်ကြည့်မိ၏။ အနားတိုးသွား
ပိတ်လိုက်မှ အဆင်ပြေသွားသည်။ အပြင်က အလင်းရောင်လေး
နေသဖြင့် မှောင်မိုက်မသွားပေ။

"ရပြီ .. ရပြီ"

စောင့်နေမှန်း သိနေသဖြင့် အားနာသည့်စိတ်က ပြီးတာနှ
သတင်းပေးပြီးသား ဖြစ်သွားသည်။ ကိုယ်က အထွက်မှာ သူက
လာပြီဖြစ်လျက်...

"ဘယ်ထွက်ဦးမလို့လဲ"

လက်ကို ဖမ်းဆွဲလိုက်သဖြင့် နှစ်ယောက် မျက်နှာချင်းဆိုင် ဖြ
သွား၏။ မျက်ထား လက်ကို ပြန်ရုန်းကာ...

"ဘယ်ဖြစ်ဖြစ်ပေါ့၊ ရှင်သာ အိပ်ပျော်အောင် အိပ်၊ ကျွန်မ
ဘယ်မှာဖြစ်ဖြစ် အိပ်လို့ရတယ်"

"မင်းကို ဘယ်သူက ဘယ်မှာအိပ်ပါလို့ နေရာချပေးလိုက်တာလဲ

"ရှင် ဘာပြောတယ်"





ဒေါသရောင်လက်နေသည့် မျက်ဝန်းလေးတွေကို သူက ငုံ့မိုး
ကြည့်လျက်...

"မင်း ကိုယ့်နောက်ကို လိုက်လာခဲ့တာ စိတ်ကူးထဲမှာ မဟုတ်
ဘူး..၊ အဲဒါ သဘောပေါက်လား"

"အို .. ဖယ်ပါ"

သူ မျက်ထား ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။ ဖယ်ချပစ်
ဖို့ ကြိုးစားရင်း ငိုချင်လာသည်။ ထို့ကြောင့် ခေါင်း တွင်တွင်ခါရင်း..

"ဟင့်အင်း .. လွှတ် .. ရှင်နဲ့ မျက်ထား လက်မထပ်ရသေးဘူး၊
အစက မှားခဲ့ရင်တောင် နှစ်ခါ မမှားပါရစေနဲ့၊ လွှတ်ပါ .. လွှတ်ပေးပါ
အရိပ် ရယ်.."

နှုတ်ဖျားမှ ငြင်းနေရင်း သူ့အနမ်းများစွာမှာ မျက်ထား ရဲ့စိတ်
တွေ ညွတ်ကျ ယိမ်းယိုင်ကုန်၏။

ချစ်မိတဲ့သူက ရှုံးတာပဲဆိုတာ တကယ် မှန်နေသည်လား..၊

အရိပ် သည် ရယူခြင်းသာဖြစ်လျက် မျက်ထား ဘက်က အမြဲ
တမ်း ပေးဆပ်ခြင်း..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၃ ]

"ဈေးသိသွားအောင် လိုက်ပြထားမယ်၊ အကျီလဲပြီးရင် အောက်ဆင်းလာခဲ့.."

"ကျွန်မ အပြင်မထွက်ချင်သေးဘူး"

"မထွက်လို့ ရမလား၊ တော်ကြာ ဟိုဟာမရှိလို့ ဒီဟာမရှိလို့နဲ့ မင်းမှာရော ဝတ်ဖို့စားဖို့ ဘာရှိလို့လဲ"

မျက်နှာသစ်ပြီး ရေမသုတ်ရသေးသည့် မျက်ခုံးထူထူလေးတွေကို လက်မနဲ့ ဖိသပ်ပွတ်ချနေပြီး တဘက်ကိုင်ထားလျက်နှင့် သုတ်မပစ်ဘဲ မနေ၏။ ပြီးတော့ လက်နဲ့ပဲ မျက်နှာကို အထပ်ထပ် ပွတ်သပ်ချနေရင်း သူ့ကို ကြည့်၍...

"တစ်ပတ်လောက်တော့ ရပါသေးတယ်၊ ကျွန်မ ..."

"လုပ်မနေနဲ့.. သယ်နှ်းကျွန်းနဲ့ စမ်းချောင်း အဝေးကြီးပဲ၊ တွေ့ရော့ ဘာဖြစ်လဲ.. ဒီအရွယ်ရောက်နေမှ ယောက်ျားယူတာ.."

"ကျွန်မက ခိုးရာလိုက်ခဲ့တာလေ၊ ပြီးတော့ လူကြီးတွေကို အရှက်ခွဲခဲ့သေးတယ်"

"အဲဒါ မင်းမိဘတွေမို့လို့လား"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ရှင်ကရော ကျွန်မကို အုပ်ထိန်းသူဆီမှာ ပြန်အပ်ပေးဖို့ထိ စိတ်ဝင်စားလို့လား.."





"မဝင်စားဘူး၊ မင်းအတွက် မပြောနဲ့ ငါ့အတွက်ကိုတောင် လိုပ်တဲ့ အရေးကြီးတာကလွဲရင် အစွန်အဖျား ပတ်သက်တာလောက် ကို နီးပဲ"

"ရှင် ဘယ်တုန်းတည်းက မိဘမဲ့ခဲ့တာလဲ"

မေးချလိုက်တော့ သူက မျက်နှာတည်သွားပြီး စိုက်ကြည့်၏။

"ဘာလဲ .. မင်းက ငါ့ကို မိဘနဲ့မနေဘူးလို့ မိုက်ရိုင်းတာလို့ပြောင်လို့လား"

"မပြောပါဘူး.. ရှင့်ကို အဲဒီလိုပြောလိုက်ရင် ကျွန်မကို ပြန်ထိမှာပါ၊ ကျွန်မက ငယ်ငယ်ကတည်းက မိဘနှစ်ပါးစလုံး မရှိခဲ့တာ၊ပေမယ့် မိဘမဲ့ချင်းတူရင်တောင် ကျွန်မစိတ်က ရှင့်လို မကြမ်းဘူး"

"ကြမ်းလို့ ဘယ်ရမလဲ၊ မင်း ကြမ်းတမ်းရင် တဲအိုပျက်ထဲမှာကတည်းက မင်းနဲ့ငါ မညားဘဲ အဲဒီနေရာမှာ မင်းရဲ့သချိုင်း ဖြစ်သွားမှာ.."

စိတ်မာတ်က မနူးညံ့သလို အပြောက ပက်စက်လွန်းသည်။

ဒေါသထွက်လွန်းလို့ ဆွံ့အခဲ့ရတာတွေ၊ အံ့သြလွန်းလို့ ပြောဖို့မသွားတာတွေကြောင့် သူ ပြောသမျှ ရင်ထဲကို ထိမှန်သွားတိုင်းလွယ်တကူ ကြေပျက်မသွားဘဲ ဒဏ်ရာအဖြစ် ကျန်ရစ်ခဲ့၏။

ပြန်လည် ချေပနိုင်ခြင်းမရှိခဲ့သော တစ်ဖက်သတ် ဖိနှိပ်ပြောဆိုမှုသည် ရေပြင်ထဲကို ပစ်ချလိုက်သော ခဲလုံးလေးတွေလို..၊ တစ်လုံးပြီးတိုင်း ရေပြင်မှာ ပြန်လည် ငြိမ်သက်သွားခဲ့ပေမယ့် အောက်ခင်းမြေပြင်ထဲမှာတော့ တစ်လုံးပြီး တစ်လုံး..။

"မင်းကိုယ်ဝန် လေးလကျော်သွားပြီမို့လား"

"ဟင်!..."

ပြောနေတာက တခြား .. ကောက်မေးလိုက်တာ တစ်မျိုး..၊ ပြင် သူ တန်းခနဲ ပြောချလိုက်တာကို မျက်ထား အံ့ဩစွာ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့ သိနေတာလဲ"

"ငါ့ကိုယ်ဝန်ဆိုရင် ငါ သိနေတာ ဘာဆန်းလို့လဲ"

မျက်ထား နားမလည်တတ်လွန်းသည့် ကိုယ့်ကိုယ်ကိုယ် တိုင်နဲ့ ခေါင်းနဲ့သာ ပြေးဆောင့်ပစ်ချင်၏။ သူများ ပြောကွက်ရဖို့ချည်းပဲ ဘာလို့ ဖြစ်နေခဲ့တာလဲ..။

"အဲဒါအတွက် လိုအပ်တာတွေ ဝယ်ရမယ်.. အိမ်အတွက်ရောပဲ မင်းကို အခု ဈေးဝင်မို့ပြီးရင် ငါ သွားစရာရှိတယ်၊ ပြည့်စုံအောင် ဝယ်ပြီး ကားငှားပြန်.."

"ရှင်က ကျွန်မကို ဈေးမှာ ထားခဲ့မှာပေါ့"

"မထားခဲ့လို့ မင်းရဲ့ဘေးမှာ ဆွဲခြင်းလေးကိုင်ပြီး တကောက်ကောက် လိုက်နေရမလား.."

"လိုက်တော့ ဘာဖြစ်လဲ .. အလုပ်သမားက အလုပ်သမား ယောက်ျားက ယောက်ျားပဲ"

မျက်စောင်းထိုးပစ်လိုက်မိသလား မသိပါ၊ စိတ်ကတော့ တော်တော် ကြီး ချဉ်သွားခဲ့တာ အမှန်ပင်။ မဆိုင်သလို ရှင့်ရှင့်သီးသီးတွေ ပြောနေ တော့လည်း သူ၊ ဆိုင်ချင်ပြန်တော့လည်း သူပဲ။ အရိပ် က မျက်ထား ကို စိုက်ကြည့်နေရင်း နှုတ်ခမ်းဖျားမှာ တဖြည်းဖြည်းပြုံးယောင်သမ်းလျက်...

"ဆောရီး .. ငါ သွားစရာရှိလို့ပါ၊ မင်းအတွက် ပြည့်စုံအောင် ဖန်တီးနေတာတွေက ပါးစပ်ထဲမှာ မာတ်လုံးငုံပြီး ဥပုဒ္ဓ မန်းလို့ရလာ တာ မဟုတ်ဘူး၊ အလုပ်လုပ်ရမယ်"

"ဘာအလုပ်လဲ"

"မင်း သိဖို့ မလိုသေးဘူး"

အပြတ်အသက်ပြောဖို့ ဘယ်အချိန်မှာမှ ဝန်မလေးတဲ့သူပါလာ နေပစေ..၊ မျက်ထား သူ့နားက ထွက်လာခဲ့ပြီး တဘက်နဲ့ မျက်နှာသုတ်





နေလိုက်၏။ ဒါပေမယ့် သူက ခပ်လှုပ်လှုပ်လျှောက်ရင်း ပါလာကာ...

"နောက် တစ်ရက်ရက်ကျရင် မင်းထက် အသက်ကြီးတဲ့ အမျိုး သမီးတစ်ယောက် ရောက်လာမယ် ထင်တယ်"

မျက်ထား ခေါင်းဖြီးဖို့ ဘီးကိုင်လိုက်ပြီးမှ ပြန်လှည့်ကြည့်ကာ...

"ဒီမှာ နေမှာလား.."

"ဟုတ်တယ် .. သူ့သမီးလေးတောင် ပါချင်ပါမှာ၊ ဒီတိုက်ခန်း ပိုင်ရှင်ရဲ့ ဆွေနီးမျိုးစပ်ပါ၊ သူ့အိမ်ထောင်ပျက်လို့ ဒုက္ခရောက်လာတော့ နေစရာ မရှိဘူးလေ၊ ငါတို့က တိုက်ခန်းကို ယူထားတော့ အားနာဖို့ ကောင်းတာနဲ့ ဒီမှာပဲ အတူလာနေလို့ ပြောလိုက်ရတယ်"

မျက်ထား အဲဒီလိုကြီးတော့ မနေချင်ပါ၊ ဒါပေမယ့် အဖော်ရတာ ပေါ့လို့ပဲ တွေးယူလိုက်၏။

"မင်း မကြိုက်ဘူးလား"

"မဟုတ်ပါဘူး၊ ကိုယ်လည်း သူများနဲ့ ကင်းနိုင်တာမှ မဟုတ် တာ၊ ပြီးတော့ လူပိုတော့လည်း အဖော်ရတာပေါ့"

"ဟုတ်တယ် .. သူတို့က ညဘက် မအိပ်ပါဘူး"

"ဘယ်လို!.."

"ညကျတော့..."

အရိပ် က ပြောရခက်သည့်မျက်နှာနှင့် ဆံပင်တွေဖွရင်း ဟိုဘက် လှည့်သွားသည်။ ပြီးမှ...

"အဲဒါ သူများအတွင်းရေးတွေကွာ..မေးမနေနဲ့တော့၊ အမျိုးသမီးက မကောသီ တဲ့၊ သူက သူနာပြုလုပ်ခဲ့ဖူးတယ်ဆိုတော့ မင်းနဲ့အဆင်ပြေမှာပါ"

အရိပ် က ချထားသည့် သူ့အိတ်ကြီးထဲက စပို့ရှပ်တစ်ထည် ကောက်ဝတ်ကာ အပေါ်ကနေ ကုတ်အင်္ကျီထပ်ဝတ်၏။ ဆောင်းနှောက် နေပေမယ့် ဒီလို အမြဲတမ်း ဝတ်နေလောက်အောင်တော့ အားပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက ဒီအင်္ကျီကြောင့် ပူတာအေးတာတွေ ဖြစ်ခြင်း မဖြစ်ခြင်း အတွက် ဘာမှမထူးခြားသလိုပင်။ ထို့ပြင်.. ဒါ ထပ်ဝတ်လိုက်မှ ပိုခန့်သွားသလိုလို ဂိုဏ်းစတားနဲ့ တူသွားလိုလို..။

"ကိုအရိပ်.."

"ပြော.."

"ရှင့်ကို တစ်ခုတော့ ပြောချင်တယ်၊ ဇနီးမယားတစ်ယောက်ပုံစံနဲ့ ချုပ်ချယ်ကန့်သတ်တာမျိုး မဟုတ်ဘဲ ကျွန်မ ဖြစ်စေချင်တဲ့ဆန္ဒပါ"

သူက ဘာမှ ထပ်မပြောဘဲ နားထောင်နေ၏။

"ရှင် ဒုစရိုက်မကောင်းတဲ့ ကိုယ်ကျိုးရှာမှုတွေတော့ မလုပ်စေချင်ဘူး"

သူ့မျက်နှာမှာ ဘာမှ ပြောင်းလဲမသွားပေ။ ဒါပေမယ့် ခဏကြာမှ...

"မင်းရဲ့ဆန္ဒက ဒီလိုပေမယ့် ကိုယ့်ဆန္ဒက အဲဒီလို ခြေရာ မထင်အောင် ပြေးလွှားကစားရတဲ့အလုပ်ကို စိတ်ဝင်စားတယ်"

ပြောလိုက်ကာမှ ရွံ့လိုက်သလိုပင်..၊ မျက်ထား မျက်မှောင်ကုတ်ကြည့်တော့ သူက ပခုံးတွန့်၏။

"မကောင်းရာမကောင်းကြောင်းတွေ ရှိခဲ့မယ်၊ ရှိချင်ရှိလာမယ်၊ မင်းကစလို့ ပြောပြတာပါ၊ ကိုယ်က အစကတည်းက မိဘမဲ့လေ၊ အရပ်ရှစ်မျက်နှာမှာ ကြီးပြင်းခဲ့တာ၊ ကိုယ်နဲ့ စိမ်းသက်တဲ့နယ်ပယ် မရှိဘူး"

ကောင်းတာပေါ့..၊ ကိုယ့်ကိုယ့်ကိုယ် ရွံ့လိုက်တာလား၊ သူပြောတာကို လက်ခံလိုက်မိတာလားတောင် မသိ၊ ဒီတိုင်းဖြစ်သွားသည့်စိတ်နှင့် ခေါင်းညိတ်လိုက်မိသည်။

အရှုံးမပေးချင်ပေမယ့် မနိုင်နိုင်မှန်းသိလျက်နှင့် မပြိုင်ချင်တော့ပါ။ ဘာဖြစ်ဖြစ် သူ့ရဲ့စိတ်နဲ့ ကိုယ့်ရဲ့ကိုယ်..၊





အခန်း [ ၁၄ ]

"ညီမလေးက အရမ်းချစ်ဖို့ကောင်းတာပဲ၊ ညီမလေးမျက်နှာနဲ့ ဆံပင်ရှည်တာ သိပ်လိုက်တာပဲ သိလား"

မကေသီ က ခဏလေး ပြောဆိုရင်းနှီးပြီးမှာနှင့် မျက်ထားရဲ့ဆံပင်တွေကို ဆံဖျားလေးကို မထိတထိ၊ လက်မောင်းလေးကို မရဲတရဲနှင့် တို့ထိ ကိုင်တွယ်ကာ...

"အေးလေ.. ဒီလောက်ချစ်ဖို့ကောင်းလို့လည်း ရိပ် က လက်ထပ်ယူထားတာပေါ့"

နံရံမှာ ကြေးစွဲနေတာတွေကို ဆပ်ပြာရည်နဲ့ ပွတ်တိုက်နေရင်း မျက်ထား ရဲ့ လှုပ်ရှားမှုလေးတွေ နှေးကျသွားသည်။

ပြောသည့်ပုံစံက အရိပ် ဆိုတဲ့လူကပဲ ဘယ်မိန်းမကိုမှ လက်ထပ်ဖို့ မစဉ်းစားဘဲ ရှုပ်ပွေနေတာလိုလို..၊ သူနဲ့ လက်ထပ်ခွင့်ရပါလားဆိုပြီး ထပဲ 'က' ရတော့မလိုလို..။

"ဒီလိုပါ မျက်ထား ရဲ့.. ရိပ် က နေပုံထိုင်ပုံ ညီမလေး အမြင့်[illegible]လေ၊ ယောကျ်ားချင်းလည်း မကြောက်တတ်ဘူး၊ မိန်းကလေး[illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း တခြားယောက်ျားလေးတွေလို ခြွင်းချက်မထားတတ်ဘူး၊ အဲဒါကို ပြောတာပါ"

မျက်ထား စိတ်ထဲမှာ ဖြစ်သွားတာကို အကဲခတ်မိသွားသလိုမျိုး မကေသီ က ရှင်းပြသည်။ ဒီတော့မှပဲ မျက်ထား လည်း ဘဝင်ကျခဲ့၏။

"သူနဲ့ မကေ တော်တော် ရင်းနှီးလားဟင်"

ကိုယ် မသိရတဲ့ အကြောင်းတချို့ကို ပြောရင်းဆိုရင်း သိခွင့်ရမလားလို့ မေးကြည့်မိတော့ မကေ က ခေါင်းခါသည်။

"တို့နဲ့ သိပ်မရင်းနှီးပါဘူး၊ မောင်မောင် ရင်းနှီးပြီး အိမ်မှာ အဝင်အထွက်ရှိနေလို့ သိတာ၊ တို့ကလည်း ကိုယ့်သောကနဲ့ ကိုယ် ဖြစ်နေတာလေ"

မကေ က ပြောနေရင်း မျက်ထား လုပ်နေတာတွေကို ဟိုဟာလေး ဝင်ကူ၊ ဒီဟာလေး ဝင်ကိုင်နှင့် မနေတတ်ရှာပါ..။

"ညီမလေးကို သန့်ရှင်းရေးတွေ ဘာမှမလုပ်တော့နဲ့လို့ မှာခဲ့တယ်ဆို.."

"ရှင်!..."

"တို့ကိုလည်း မှာခဲ့တယ်၊ မလုပ်ပါစေနဲ့ တဲ့"

"မလုပ်လို့ ပြီးမလား မကေ ရယ်.. ကိုယ်နေတဲ့နေရာ သန့်ရှင်းဖို့ ကိုယ်ပဲ လုပ်ရမှာပေါ့၊ ချမ်းသာပြည့်စုံမှ အိမ်ဖော် လက်ရာမြောက်လို့ ပြောင်ရောင်ရတာမျိုးက လူမသိသူမသိ သူများအားကိုးရင်း ခါးကျိုးနေရတာပါ၊ အိမ်ဖော် မရှိတဲ့အခါ ကိုယ်လည်း မလုပ်ချင်၊ လုပ်မယ့်သူလည်း မရှိ.."

"ဟုတ်တယ် .. ဟုတ်တယ် .. အဲဒါတော့ မှန်တယ်"

"မှန်တာပေါ့ မကေ ရဲ့ .. မျက်ထား အများကြီး တွေ့ဖူးပါတယ်၊ အိမ်ဖော်တွေ မမြဲတော့ ရှေ့လူနဲ့နောက်လူ အပြောင်းအလဲ ချိတ်ဆက်





မမိခင်မှာ အိမ်မှာ ယင်တလောင်းလောင်း ဖြစ်ကုန်တာပဲ၊ အဲဒါကြောင့် မချမ်းသာလည်း ကိုယ့်မှာ ရှိတာလေးလောက်ကို ပြောင်ပြောင်လက်လက်ဖြစ်နေအောင်ထားတော့ အိမ်လည်း ကျက်သရေရှိတယ်၊ ကိုယ့်မှာလည်း စိတ်ချမ်းသာမှု ရတယ်၊ နောက်တစ်ခုက အလုပ်လုပ်နေတော့ တခြားအာရုံများတာတွေလည်း သက်သာတယ်လေ"

မကေ က ရယ်နေရင်း ခေါင်းညိတ်သည်။ ဒါပေမယ့် အပြုံတ်အသက် ထောက်ခံနေတာ မဟုတ်ဘဲ နှုတ်ခမ်းခပ်မဲ့မဲ့နှင့်...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မိန်းကလေးတွေက ချမ်းသာတဲ့ဒဏ် မခံနိုင်ဘူးဆိုတဲ့ စကားလည်း ရှိသေးတယ်နော်၊ ဆင်းရဲတုန်းက ဒီလိုစိတ်ကူးတွေ ရှိနေရင်တောင် ချမ်းသာလာတဲ့အခါ အချိုးပြောင်းသွားကြတာတွေ ရှိတယ်.."

"ပြောင်းလဲတာကတော့ မိန်းကလေးတွေပဲ ရှိတာ မဟုတ်ပါဘူး မကေ ရယ် .. ယောက်ျားလေးတွေလည်း ဒီလိုပါပဲ၊ ဒါမျိုးက ငါ ဘယ်တော့မှ မပြောင်းလဲပါဘူးလို့ ကြိုတင်အာမခံထားလို့လည်း ဖြစ်တဲ့အရာ မဟုတ်ဘူး၊ အရေးကြီးဆုံးက ပြောင်းလဲမယ်ဆိုရင်တောင် ကောင်းသောပြောင်းလဲခြင်းဖြစ်ဖို့ ကိုယ့်စိတ်ကို ခိုင်အောင် ကြိုးစားရမှာပေါ့"

"အင်း.. ညီမလေးက 'ယထာဘူတ' ကျအောင်ပြောတတ်သားပဲ၊ တို့ကလည်း မျက်ထား ကို မြင်ကတည်းက ထင်ပါတယ်၊ ရိုပ် ကို ပြောင်းလဲသွားအောင် ဆွဲဆောင်နိုင်မယ့်မိန်းကလေးဟာ ညီမလေးပဲဆိုတာ.."

မကေ က သူမနာမည် မကေသီ ဆိုတာကလွဲ၍ ဘာမှမပြော..။ အရိပ် ပြောပြထားသည့် အကြောင်းအရာလောက်ထက် ပိုမို၍လည်း ဘာမှမသိရပါ..။

ညဘက်ကျတော့ သူမ လွယ်လာသည့် ကျောပိုးအိတ်လေးထဲက



www.burmeseclassic.com

www.burmeseclassic.com



အဝတ်တွေ လဲကာ အရိပ် ပြန်ရောက်မလာခင် နှုတ်ဆက်၏။

"တို့ သွားမယ်နော်၊ သမီးတို့အဖေနဲ့က ဘယ်ဆွေမျိုးကမှ သဘော မတူတော့ ညဘက်လေးမှာ ပြေးတွေ့ပြီး မနက်ကျတော့ လူကြီးတွေ သဘောကျ နေပြရတာပေါ့နော်၊ သမီးလေးတစ်ယောက်ရတဲ့အထိ ကိုယ့်အိမ်ထောင်ရေးကို ဘာမှန်းတောင် မသိခဲ့ပါဘူး မျက်ထား ရယ်.."

ပြောချင်တာကျတော့ ပြောသွားသည်။ ဒါပေမယ့် အစက ဘာမှ မသိခဲ့တဲ့အကြောင်းကို အစအဆုံးဖျောက်ကာ အလယ်ကနေ ဖြတ်ပြော သွားသည်မို့ သူမ ဘယ်လိုဖြစ်၍ ဘယ်ပုံစံ ဖြတ်သန်းနေတယ်ဆိုတာ နားလည်ဖို့တော့ မလွယ်..။

မကေ ပြန်သွားမှ အိပ်ခန်းလုပ်ထားသည့် မျက်နှာစာ သုံးဘက် ကာထားသော ကန့်လန့်ကာတိုင်တွေကို တစ်ဖက်ခြမ်းမှာ ဘေးနည်းနည်း ကားသားလိုက်၏။

ပြီးတော့ အထဲမှာပဲ ကြိုးတန်းကာ တမင် ဒီအတွက် ဝယ်လာသည့် အပြာရောင်ပိတ်ပါးစလေးကို တန်းမှာချိတ်လိုက်လျှင် အိပ်ခန်းထဲမှာပဲ အဝတ်လဲလို့ရသည့် ကာရံလေးတစ်ခု ရှုပ်ရသွား၏။

ပလာဇာတွေမှာ အင်္ကျီလဲကြသည့် တစ်ကိုယ်စာ အခန်းပုံစံလေးတော့ ဖြစ်ခဲ့သည်။

"မင်း ဘာလုပ်နေလဲ"

တံခါးဖွင့်သံကြားကတည်းက သူ ပြန်လာတာကို သိသည်။

တံခါးသော့ကို သူ တစ်ချောင်းယူထားသဖြင့် ပြန်ချိန်ကိုစောင့်ပြီး ဖွင့်ပေးဖို့ မလို..။

"ခဏလေး ပြီးပြီ"

အားလုံးလည်း ပြီးနေပြီမို့ မျက်ထား အပြင်ထွက်လိုက်၏။ အရိပ်က အပေါ်အင်္ကျီမချွတ်ဘဲ ဆက်တီမှာ ထိုင်နေကာ...





"မကေ ပြန်သွားပြီလား"

"ပြန်သွားပြီ"

"မင်းနဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

မျက်ထား က သူနဲ့ ထောင့်မှန်ကျ တစ်ယောက်ထိုင် ဆက်တီမှာ ဝင်ထိုင်၍...

"အဝတ်ဗီရိုလေးတစ်လုံး ကျွန်မ ဝယ်လိုက်တယ်၊ အဲဒါ သယ်လာတဲ့စရိတ်နဲ့ ဘာနဲ့ဆိုတော့ ရှင် ပေးသွားတဲ့ပိုက်ဆံ ကုန်သွားပြီ"

သူ့မျက်လုံးတွေ အိပ်ခန်းရဲ့ခြေရင်းမှာရှိနေသည့် ဗီရိုဆီရောက်သွားသည်။ ဗီရိုလေးဆိုပေမယ့် တစ်ရပ်ကျော်လောက်ရှိသည်မို့ မသေးပါ။

"ကိုယ့်အိမ် မဟုတ်ဘူးဆိုပေမယ့် အစားအသောက်တွေကို ဝယ်လာတဲ့ အိတ်နဲ့ပဲ ဖြစ်သလို စားလိုက်တာတွေ၊ အင်္ကျီအဝတ်အစားကို ခရီးဆောင်အိတ်ထဲကပဲ ထုတ်ဝတ်တာတွေ၊ ကျွန်မ အဲဒါမျိုး မနေတတ်ဘူး၊ နောက်နေ့တွေကျတော့ မီးဖိုချောင်စရိတ် ချေတာလိုက်ပါ့မယ်"

အရိပ် က သူမ ပြောနေတာကို နားထောင်ရင်း အပေါ်အင်္ကျီကို ချွတ်လိုက်၏။

"သုံးစရာရှိတာတော့ သုံးပေါ့၊ တမင်တကာ ချို့တဲ့ခံပြီး ချွေတာဖို့ မလိုဘူး၊ မင်းတစ်ယောက်စာတော့ ငါ ရှာနိုင်ပါတယ်"

ကုတ်အင်္ကျီကို ဆက်တီလက်တင်မှာ တင်လိုက်ပြီး နေရာမှထကာ...

"အထဲမှာ နှစ်သိန်း ပါတယ်၊ အဲဒါ ယူထားလိုက်"

အင်္ကျီကို ချိတ်မှာချိတ်မလို့ လက်လှမ်းလိုက်ကာမှ သူ့စကား ကြောင့် မျက်ထား လက်တွန့်သွား၏။

"မနက်ဖြန်ကျတော့..."

မတ်တပ်ရပ်ပြီးမှ စကားပြန်လှည့်ပြောစဉ် မျက်ထား ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်သွားပြီး သူ့စကား ရပ်သွား၏။ မျက်ထား ကလည်း မော့ကြည့် တော့ မျက်လုံးချင်းဆုံကာ...

"ဘာဖြစ်သွားတာလဲ.."

မျက်ထား ဘာမှမဖြေဘဲ လှမ်းထားသည့်လက်ကို ပြန်ရုတ်လိုက် သည်။

သူက တည့်တည့်ပြန်လှည့်ပြီး ဘောင်းဘီအိတ်ထဲ လက်တစ်ဖက် ထည့်လိုက်ရင်း...

"ငွေနှစ်သိန်း မင်း မကိုင်ဘူးလို့ လန့်သွားတာဆိုရင် ဒါ နိုးပရော် ဘလန်၊ ဒါပေမယ့် ငါ့ကို အဲဒီမျက်လုံးနဲ့ နောက်ထပ်မကြည့်နဲ့၊ မိန်းမ တစ်ယောက်ကို ရှာကျွေးဖို့အတွက်နဲ့ ဒုစရိုက်လုပ်ပြီး ထောင်နှုတ်ခမ်း နင်းနေရအောင် ငါ အရူး မဟုတ်ဘူး"

"ရှင်လည်း သူများ နားမခံသာအောင် ရင့်ရင့်သီးသီး ပြောတာ တွေ ဆင်ခြင်ဖို့ သတိရစမ်းပါ"

ဆင်းရဲခဲ့ပေမယ့် မာနတော့ ချမ်းသာပါသေးသည်။ မျက်ထား ဆတ်ခနဲ ထရပ်ပြီးတော့ သူ့မျက်နှာကို စူးစူးရဲရဲ ကြည့်မိ၏။

"ဟုတ်တယ်.. မျက်ထား ငွေနှစ်သိန်း မကိုင်ဖူးခဲ့ဘူး၊ ဒါပေမယ့် ကိုင်ဖူးချင်တဲ့ဆန္ဒတွေနဲ့ ရူးသွပ်နေတဲ့ မိန်းမလည်း မဟုတ်ဘူး၊ ရှင့်ကို ဘယ်လိုမျက်လုံးနဲ့ပဲ ကြည့်မိကြည့်မိ အဲဒါ စေတနာနဲ့.."

ပြောနေတာကို ပေါ်တင်ကြီး မဲ့ပြီး ပခုံးတွန့်လိုက်တော့ မျက်ထား အံကြိတ်မိသည်။

"ရှင်ဟာ စေတနာဆိုတာ ဘာအရောင်လဲလို့ မေးမယ့်လူမျိုး တကယ့်စေတနာ၊ တကယ့်ဖြူစင်မှုကို မခံစားဖူးခဲ့ဘဲ စော်ကားဖို့ လည်း ဝန်မလေးဘူး၊ ဖျက်ဆီးဖို့လည်း လက်မတွန့်ဘူး၊ နောက်ဆို ရှင် ဘာလုပ်လုပ် ကျွန်မ ဝင်ပြောမိရင် သတ်.."





မျက်ထား သူ့ရှေ့ကနေ လှည့်ထွက်ခဲ့သည်နှင့် လက်ထဲမှာ သူ့ရဲ့ ...တ်အင်္ကျီက ပါလာပြီးသား ဖြစ်သည်။

ဒါက အထဲမှာ ငွေပါလို့မဟုတ်ပေမယ့် အင်္ကျီနဲ့ အဝတ်တို့၊ အဝတ်စ ...တွက် တို့လို့တွဲလောင်း အပုံလိုက်တွေ မြင်ရတိုင်း မနေတတ်သည့် ...က်ကိုက အကျင့်ပါနေတာ ဖြစ်၏။

အင်္ကျီကို ချိတ်နဲ့ချိတ်ကာ ကိုယ့်ဖာသာလုပ်ထားသည့် ကြိုးတန်း ...လေးမှာ ချိတ်လိုက်တဲ့အထိ ဒေါသထန်နေဆဲလက်က မညင်သာ..၊

သတိလက်လွှတ် ဒေါသထွက်သွားတိုင်း သူ့ကိုယ်သူ 'မျက်ထား' ...ို့ ပြောတတ်၍ အေးဆေးနေသည့်အချိန်မှာဆို 'ကျွန်မ'လို့ ပြောထွက် ...အတွက် အထူးတလည် ပြင်ဆင်ထားပုံလည်း ရှိ၏။

အရိပ် က သူမ လှုပ်ရှားသွားသည့်အတိုင်း မျက်တောင်မခတ် ...ိုက်ကြည့်နေပြီး ပြုံးလိုက်၏။

တကယ် ဒီတစ်ယောက်ပဲ တွေ့ဖူးသေးသည်ဆိုတာ အပိုမပါ ...ည့် စကား..၊

ဒေါသထွက်တိုင်း ချစ်ဖို့ကောင်းနေသည့် မျက်နှာလေး..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၅ ]

"အရိပ်မဲ့ ပါလာပြန်ပြီလား"

"လုံးဝ သေချာတယ် ဆရာကြီး သူမှသူပဲ၊ ကျွန်တော်တို့ အစီး နှစ်ရာကျော် ဆုံးရှုံးသွားတုန်းကလည်း ဟိုဘက်ကုမ္ပဏီကိုယ် လှယ်ကို ဘယ်လိုမှ ညှိမရတာ သူ့ကြောင့်.."

"တောက်.."

ဦးကောင်းကင် တက်ခေါက်သည်။ ညိုနေသည့် မျက်နှာကြီး ဆုံလည်ကုလားထိုင်ကနေ ထရပ်လိုက်ပြီး ဘာနီးစီရှိနေကြသည့် အ မကျသည့် တပည့်တွေရှေ့မှာ နှစ်ခေါက်လောက် လျှောက်၏။

အားလုံး၏ မျက်နှာတွေကို သုန်မှုန်စွာ စိုက်ကြည့်ပြီးမှ ထို သည့် မိုးကြိုးဆီ အကြည့်ပြန်ရောက်၏။

"ငါတို့ရဲ့ပစ္စည်းတွေ ဒီပါမစ် မရရင် အားလုံး တိုင်ပင်တွေလ ကမောက်ကမ ဖြစ်ကုန်မှာ၊ ဒါကို ဘယ်သူမှ မသိပေမယ့် ဒီကော သိတယ်"

"ဟုတ်တယ်.. အဲဒါကြောင့် တမင် လိုက်လုပ်နေတာ၊ သံရုံ ရှိသမျှလူကြီးပိုင်းတွေဆိုလည်း ဒီကောင်က ငယ်ပေါင်းကြီးဖော် လို့ပဲ"





"စီးပွားရေး အာမခံလုပ်ငန်းရှင်တွေနဲ့ကျတော့လည်း လင်မယား တွေလိုပဲ၊ ဒါတွေ မင်းပဲ သိသိလာတာ၊ နေပါဦး မိုးကြိုး .. ဒါတွေ ဟာကယ်ဟုတ်ရဲ့လား၊ မင်း အဲဒီကောင်ကို အထင်ကြီးလွန်းပြီး ကယောင် ကတမ်းတွေ မြင်နေတာတော့ မဟုတ်ပါဘူးနော်"

ဦးကောင်းကင် မျက်နှာကြီးပေါ်က မုန်တိုင်းအရှိန်ကို မိုးကြိုး သိသည်။ အချိန်မရွေး ဦးတည်ရာလမ်းကြောင်း ပြောင်းလာနိုင်တာ သူ့ဆီကို..၊

"မဟုတ်ပါဘူး ဆရာကြီး၊ သတိထားသင့်တဲ့လူမို့လို့ ဂရုစိုက် စောင့်ကြည့်နေတာပါ၊ ကျွန်တော့်ဆရာ ကျားလေး သူ့ကြောင့်..."

"ဟိတ်ကောင် .. ပါးစပ်ကို ပိတ်ထားစမ်း"

တစ်ယောက်တည်းနှင့် ဘဝနှစ်မျိုးမှာ ရှင်သန်ခဲ့ကြတာ ဗိုလ် ကျားနှင့် ကျားလေး ညီအစ်ကို ဖြစ်သည်။

သူကတော့ ခုလို ရွှေမြို့တော်ကြီးမှာ လူဝင်ဆံ့တဲ့ သူဌေးကြီး ဦးကောင်းကင် အဖြစ်သာ လူသိများခဲ့ပြီး များသောအားဖြင့် နောက် ကွယ်မှာပဲ ရှိနေတတ်တာက ဗိုလ်ကျား ဖြစ်၏။

ခုတော့ ကျားလေး လည်း မရှိတော့သည်မို့ ဟိုဘက်လောကထဲ ကနေ အပြီးတိုင် နုတ်ထွက်ခဲ့လိုက်သည်။

အလင်းရောင်ထဲမှာ ထာဝရ ရပ်တည်တော့မလို အင်တိုက်အား တိုက် ရှိနေကာမှ...

"မဟုတ်သေးဘူး၊ ဒီကောင့်ပုံစံက အရင်ကတည်းက ငါ့လိုပဲ နှစ်ဘဝ ရပ်တည်ခဲ့တဲ့ပုံစံ ဖြစ်နေတယ်၊ ဒါ မဖြစ်နိုင်ဘူး"

တစ်ယောက်တည်းပြောသလို ရေရွတ်ရင်း ခေါင်းခါနေမိသည်။

ဘယ်လိုမှမထင်မှတ်ခဲ့သည့်လူက ခုချိန်မှာ ကိုယ့်ရှေ့ကနေ အန္တရာယ်ပေးနိုင်သော ခလုတ်ကန်သင်းအဖြစ် ထင်ထင်ရှားရှား ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ပြလာခဲ့တာကို လက်မခံချင်..။

"ဒီကောင် ဘာတစ်ခုမှ အလေးအနက်မရှိခဲ့တဲ့ကောင်ပဲ၊ အခြေ အနေမဲ့ ကာလေကချေ၊ ဘာတွေ ဖြစ်ကုန်တာလဲ"

နားမလည်နိုင် ဖြစ်နေပေမယ့် ပြန်ဖြေစေချင်လို့ မေးတာမဟုတ် ဒါကို အလိုက်ကမ်းဆိုးမသိသည့် တပည့်ကျော်က ကရားရေလွှတ် ပြောပြရှာ၏။

"အခြေမဲ့အနေမဲ့ ကာလေကချေတော့ မဟုတ်ဘူး ဆရာကြီး၊ ဒီ ကောင့်အဖေက ဟိုအရင်ကတည်းက အောင်မြင်တဲ့စီးပွားရေးလုပ်ငန်း ရှင်၊ နိုင်ငံခြားနဲ့ဖက်စပ်လုပ်ငန်းတွေကို သူက စခဲ့တာလို့တောင် ပြော လို့ရတယ်၊ နိုင်ငံခြားသားတွေနဲ့ အကောင်းဆုံးလက်တွဲနိုင်ခဲ့တာ အဲဒီ သူဌေးက လမ်းပြပဲ.."

ဦးကောင်းကင် မျက်နှာမှာ ပြတ်ထွက်မတော် တင်းမာနီရဲနေတာ ကို သိပေမယ့် မိုးကြိုး က ပြောနေတာကို မရပ်ပေ..၊

သူဟာ ကျားနှစ်ကျား ရဲ့လက်ထဲမှာ လက်ပိုက် ခေါင်းငုံ့ရပ်နေရ မယ့် ခပ်ညံ့ညံ့ တပည့်တပန်းမျိုး မဟုတ်..။

ကျားလေး ၏ ညာလက်ရုံးလက်ထောက် ဖြစ်သည်။ ဆရာကျား လေး မသေဆုံးမီမှာ အရိပ်မဲ့ လက်ချက်နဲ့ ညာလက်ရုံးပြုတ်သွားတော့ သူက ၊ ဒိုနေရာမှာ ရပ်တည်ခဲ့သည်။

ကိုယ့်ဆရာ သေဆုံးသွားကတည်းက အရိပ်မဲ့ ဆိုတာ ဘာကောင် မှန်းသိအောင် သူ အပူတပြင်း စုံစမ်းခဲ့၏။

အရိပ်မဲ့ ရဲ့ မိသားစုနောက်ကြောင်းတွေကို မသိရသော်လည်း...

"သူတို့ ဘာဖြစ်လို့ စီးပွားပျက်သွားတယ်၊ ဘယ်လောက်ထိ ပျက်သွားတယ် ဆိုတာတော့ မသိပါဘူး၊ ဒါပေမယ့် သူ့အဖေရဲ့အရိပ် သူ့မှာ ရှိနေမှာပဲ၊ အမွေပစ္စည်း မကျန်ခဲ့ဘူးလို့လည်း မပြောနိုင်ဘူး၊





ဆရာ ရှိနေတုန်းတည်းက ဆရာ့ကို ကျွန်တော် ဒီသတင်း ပြောဖို့ ကြိုးစားပါတယ်၊ ဆရာက လက်မခံဘူး၊ အခု ဆရာကြီးလိုပဲ အရိပ်မဲ့ ကို ရည်ရွယ်ချက်မရှိတဲ့၊ ဘာမှမရှိတဲ့ကောင်လို့ပဲ မြင်ခဲ့တာ.."

"အခု ငါက ကိုးကွယ်ထိုက်တဲ့ ဆရာသခင်လို့ မြင်ပေးရမယ်ပေါ့"

"မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော့်စကားမှားရင် အပြစ် ဘယ် လောက်ကြီးမားမယ်ဆိုတာကိုလည်း သိပါတယ်၊ ဒါပေမယ့် ခုချိန်မှာ ရှေ့ဖြစ်နောက်ဖြစ် အားလုံးကို ပြန်ဖွင့်ကြည့်သင့်တာကို ဆရာကြီး မေ့နေမှာစိုးလို့ပါ"

"ဟွန်း .."

ဦးကောင်းကင် ပြုံးလိုက်တော့ ဟိုဘက်နယ်စပ်ထဲကို ရောက် လာသည့်အခါ ရက်စက်စွာ ပြုံးတတ်သည့် ဗိုလ်ကျား ၏ အေးစက် စက်မျက်ဝန်းတွေ ပြန်ပေါ်လာ၏။

လက်တွေ နောက်ပစ်ဆုပ်၍ တန်းစီရပ်နေကြသည့်လူတွေ ခါး တွေ တောင့်၊ တံတွေးမျိုချတဲ့သူ ချနှင့် မိုးကြိုး အစား နေစရာမရှိအောင် ဖြစ်နေကြသည်။

"ငါကတော့ ဒီလို မထင်ဘူး၊ မင်းကို နေရာပေးထားမှန်းသိလို့ လူတွင်ကျယ် ဝင်လုပ်တာလို့ ထင်တာ"

"မလုပ်ဝံ့ပါဘူး ဆရာကြီး"

မိုးကြိုး ထိုင်နေရာမှ ထရပ်လိုက်ပြီး ခေါင်းငုံ့၍...

"ဆရာကြီး ငြိုငြင်စရာ ပြောမိတဲ့အတွက် ကျွန်တော့်မှာ အပြစ်ရှိ ပါတယ်"

ဦးကောင်းကင် ခပ်မိန့်မိန့်ပြုံးကာ ဟိုဘက်လှည့်သွား၏။

"မင်းစကားကို ဆက်စမ်းပါဦး"

လို့ မထင်မှတ်သည့်မေးခွန်းနှင့်အတူ ပြန်လှည့်လာသည်။ မိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းညိတ်ကာ...

"အရိပ်မဲ့ မှာ နောက်ဆုံး သဲ့ယူသွားတာတွေနဲ့ တွက်ကြည့်ရင် ကျွန်တော်တို့ထက် အဆများစွာပိုတဲ့ ရင်နှီးထူထောင်မှုတွေ ရှိနေတာ သေချာပါတယ်"

"ဒါဆို သူ ဘာလုပ်ငန်း လုပ်နေသလဲ ဆိုတာရော.."

"ကျွန်တော် မသိပါဘူး၊ အခု ကျွန်တော်တို့ကို တိုက်ရိုက် နှောင့်ယှက်လာကာမှ ဟိုအရင် သိထားခဲ့တဲ့ အချက်တွေနဲ့ ချိန်ထိုးကြည့်တာပါ၊ လုပ်ငန်းတွေက ကလေးကစားစရာတွေမှ မဟုတ်တာ၊ သူ ဘယ်လောက်ပဲ တော်တော်၊ အပေါင်းအသင်းနယ်ပယ် ရှိတာလောက်နဲ့ ဒီလောက်ထိ သူ မတတ်နိုင်ပါဘူး"

"ဒါဆို သူ ဘာလုပ်ငန်း လုပ်နေနိုင်သလဲ၊ မင်းပဲ ခန့်မှန်းကြည့်ပါဦး"

"တော်တော် ခက်ပါတယ်၊ ပြောနေရင် သူ့ကိုပဲ အမွှန်းတင်သလို ဖြစ်နေမှာမို့ ကျွန်တော်လည်း မပြောချင်တော့ဘူး ဆရာကြီး၊ ဟိုအရင် ကျွန်တော်တို့ ဘယ်လိုမှ ခေါင်းထဲ မထည့်မိခဲ့တဲ့ကာလမှာတည်းက သူက ကျွန်တော်တို့ကို သိနေခဲ့တာ သေချာတယ်"

ဒါကို ဦးကောင်းကင် လက်ခံသွားသည်။ အရိပ်မဲ့ ဆိုတဲ့နာမည် ကျားလေး ပါးစပ်ထဲမှာ ပါနေတုန်းက နယ်စပ်မှာ မိုက်တိမိုက်ကန်း လှုပ်ရှားနေတဲ့ ကြေးစားလူမိုက်လေးသာသာ..။

"မင်းက သူလည်း ဟိုတုန်းကတည်းက ငါ့လိုပဲ နှစ်ကိုယ်ခွဲထားတာ သေချာတယ်လို့ ပြောချင်တာလား"

"အဲဒါကတော့ လုံးဝ သေချာပါတယ်၊ ဒီလောက် လပိုင်းလေးနဲ့ သူ ဒီလို..."

"ငါ လက်မခံဘူး"

ဦးကောင်းကင် က ပိတ်ပြောပြီး ခေါင်းပါခါ၏။





"ဒီကောင် လုပ်တတ်တာ အဖျက်လုပ်ငန်းတွေပါ၊ လုပ်ငန်းပိုင်း င်ရာတွေမှာ ဒီလောက် အရေးပါနိုင်မယ့်သူ မဖြစ်နိုင်ဘူး၊ ဒီတစ်ခါ တို့ ခြေလှမ်းရွှေ့ကြည့်မယ်၊ ဒီကောင် ပါလာရင် ငါ လုံးဝ မရှောင် ကာဘူး"

"ရှောင်သင့်ပါတယ် ဆရာကြီး"

"ဘာကွ!.."

မိုးကြိုး က အော်လိုက်လျှင် မျက်လွှာချသွားတတ်ပေမယ့် ပြော ဆို ပြီးဆုံးအောင် ပြောပြီးမှ ပါးစပ်ပိတ်၏။

"အချင်းချင်း ပြန်မငြိကြရင် အကောင်းဆုံးပါပဲ၊ ဖြစ်ကြပြီဆို ျန်တော်တို့ကို လက်ညှိုးထိုးပြဖို့တွေ သူ့မှာ ရှိဟုတယ်၊ ကျွန်တော်တို့က ့ကို ပြန်ပြီး..."

"တိတ်စမ်း.. မင်းပါးစပ်ထဲက သွားတွေ အပုံလိုက် ကျွတ်ကျ သွားချင်ရင် တစ်ခွန်းမှ ထပ်မပြောနဲ့"

ဦးကောင်းကင် မိုးကြိုး ကို ကိုယ်ထိလက်ရောက်တော့ မလုပ် သးပေ၊ ဒေါသဖြစ်ဖြစ်နှင့် ဘေးလူတွေဆီ ဆတ်ခနဲ လှည့်ကာ...

"အဲဒီကောင် ဘာတွေ လုပ်နေသလဲ ရအောင် စုံစမ်း၊ ငါ အမိန့် ပေးဘဲ ဘာမှမလုပ်နဲ့"

"ဟုတ်ကဲ့ ဘော့စ်"

"ခွေးသူတောင်းစား ကိုယ့်လမ်းကို မသွားဘဲ ကျားမြီးဆွဲဖို့ ကြိုး ားသေးတယ်၊ အပြေးကောင်းလို့ ဟိုတစ်ခါ မသေခဲ့တာ၊ ဒီတစ်ခါဆို ေါင်း ဘယ်မှာ ရှာရမှန်းမသိ ဖြစ်သွားမယ်၊ ကျားကို ဘာမှတ်နေသလဲ၊ တောက်.."

နောက်ထပ် တက်ခေါက်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေ ာ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ငါ့ညီကို ဖြုတ်ပစ်လိုက်ကတည်းက မြေလှန်ရှ
အမှုန့်ကြိတ်ပစ်သင့်တာ၊ ပေါ့လျော့ခဲ့မိတာကိုက ငါ့အမှား.."

ဦးကောင်းကျင် တက်ခေါက်လို့ မပြီးနိုင်..၊ ထိုစဉ်တုန်းကလည်း ဘယ်ကျော်တိုင်းလုံး က သတိပေးခဲ့သေးသည်။

"သူ ပြန်သတ်နိုင်ပြီဆိုပြီး ဒီကောင် ပြီးသွားမှာ မဟုတ်ဘူး ဆ ကြီး၊ ဆရာကျား ကြောင့် သူ တော်တော်ခံလိုက်ရတာ၊ ဒီကောင် သ အငြိုးကြီးတာ၊ သူ ဒုက္ခမပေးခင် လက်ဦးထားမှ ဖြစ်မယ်"

ထိုစဉ်ကလည်း အလုပ်တွေ ကမောက်ကမ ဖြစ်၊ ရှေ့က နောက်ကပေါ်တာတွေနှင့် ပြဿနာတွေကို ဘာမှ လှုပ်လှုပ်ရှား အဖြစ်မခံနိုင်တော့ဘဲ ကိုယ်ယောင်ဖျောက်ခဲ့ရတာမို့ သင်း ကံကော သွားခဲ့၏။

ခုတော့ ကိုယ်က ထားလိုက်ခဲ့တာတောင် သူက မပြီးနိုင် လား..၊ ခက်တာက မကောင်းမှုနယ်ပယ်မှာ လှုပ်ရှားခဲ့ဖူးတာချ တူတာတောင် ကိုယ့်ဘက်မှာ ခြေရာကြီး ထင်ခဲ့၏။

သူကတော့ လေတိုက်သလို နာမည်ကျော်လာပြီး တိမ်တွေ ပျောက်ကွယ်သွားတော့ ဘယ်မှာဖြစ်ဖြစ် ခြေရာမထင်..။

မိုးကြိုး က ဒါကို ဂရုစိုက်ဖို့ ပြောနေတာမှန်း သူ သိသည် ဒါပေမယ့် ရာဇဝင်တွင်ခဲ့သော မာနက ဘယ်လိုမှ လက်မခံနိုင်..

ဖြစ်လာပြီဆိုရင်တော့ ရှင်းကြရုံအပြင် ဘာမှမရှိ..၊





## အခန်း [ ၁၆ ]

ဝရန်တာပုံစံလေး ထုတ်ထားပေမယ့် ကျဉ်းကျဉ်းလေးဖြစ်သည်။ အဝတ်လေးဘာလေး လှန်း..၊ ကုလားထိုင်ဖြစ်ဖြစ် ခွေခြေလေးဖြစ်ဖြစ် ချပြီး ထိုင်၊ ဒီလောက်ပဲ လှုပ်ရှားသာ၏။

မျက်ထား ကတော့ မတ်တပ်ရပ်ပြီး ရန်ကုန်မြို့ရဲ့ညကို မြင်မြင် သမျှ ငေးနေမိတာ ဖြစ်သည်။

မြင်ကွင်းကောင်းလွန်းလို့ မဟုတ်ပေမယ့် တိုက်တာ အနိမ့်အမြင့် တွေမှာ မြင်နေရသည့် မီးရောင်တွေကတော့ လှနေကြသည်။

ညနေစောင်းမှ ခေါင်းလျှော်ထားသဖြင့် ဖြန့်ချထားသည့် မစို မခြောက်ဆံပင်တွေကို လေတိုးနေတာကလည်း စိတ်ကိုပါ အေးမြ ကြည်လင်စေ၏။ ညဦးပိုင်းဆို တစ်ယောက်တည်း ဖြစ်နေတတ်သည့် သူမအတွက် ဒီနေရာလေးဟာ ဘုမိနတ်သန် ဖြစ်လေသည်။

မှောင်မိုက်သည့်နေရာတွေနှင့် မီးရောင်စုံတွေကြားမှာ တစ်ချက် တစ်ချက် သုတ်ခနဲ ဆွတ်ဖျန်းသွားသည့်လေကြောင့် စိတ်က ဒီရောက် ဒီရောက်နှင့် အထီးကျန်သလိုလို လွမ်းသလိုလို..။



www.burmeseclassic.com

www.burmeseclassic.com



ခုလောက်ဆို မမကြီးနဲ့ ဒေါ်လေးတို့ ဘယ်လိုဖြစ်နေကြပြီလဲ..၊ သူမဘဝကတော့ ဟောင်းနွမ်းသည့်တိုက်ခန်းအိုထဲမှာ ထားသလို နေ၊ စရာ သွား..၊

"တစ်ယောက်ယောက်ကို လွမ်းနေတာလား"

ဖြန်းခနဲ အရိပ်ရဲ့အသံကြောင့် လန့်သွား၏။ လှည့်ကြည့်လိုက်တော့ လယ်သာဂျာကင်အပြာရောင်နှင့် ဂျင်းဘောင်းဘီကို ဝတ်ထားသည့်သူက ဝါကျင့်ကျင့် မီးရောင်ပျပျအောက်မှာ ထည်ဝါသည့် ချော မွေ့ခြင်းများနှင့်...

မျက်ထား ရှေ့ကို ပြန်လှည့်လိုက်ကာ...

"လွမ်းစရာ မရှိပါဘူး၊ ကျွန်မက မိဘမဲ့ ခိုကိုးရာမရှိတဲ့ တစ်ကောင်ကြွက်ပါ"

"အဲဒါတွေ ထားလိုက်ကွာ .. စကားကောင်း ပြောရအောင်"

"ရှင် ပြောစရာရှိရင် ပြော.."

သူက မျက်ထား ဘေးမှာ ရပ်လိုက်ပြီး လက်ပိုက်၍...

"မနက်ဖြန် မင်းနဲ့ကိုယ် လက်ထပ်မယ်"

မီးရောင်က တိုက်နံရံမှာမို့ ကျောခိုင်းထားသလိုဖြစ်ကာ သူ မြင် မှာ မဟုတ်ပေမယ့် မျက်ထား နှုတ်ခမ်းလေး သိသာစွာ မဲ့ကျသွား၏။

သူ ဒီလိုပြောလိုက်တာနဲ့ ဝမ်းသာအားရ ခုန်ပေါက်သွားမယ် ထင်နေလို့လား..၊ ရယူနိုင်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဟာ မိမိ အလိုရှိနေခြင်း၊ အလိုမရှိတော့ခြင်းနဲ့ပဲ သက်ဆိုင်သည်ဆိုလျှင် သူမ အလိုမရှိတော့ဘူးလား..၊

သူ့ဆီက ဒီစကား ဒီအဖြစ်ကို ရယူချင်ခဲ့သည်၊ အလွန်အမင်း မျှော်လင့်ခဲ့မိ၏။ ဒါပေမယ့် တကယ် ရယူနိုင်တဲ့အခါမှာ သူမ...

"မင်းအတွက် လက်ထပ်ဆွဲကြိုးပေါ့၊ ကိုယ် ဝယ်လာခဲ့တယ်"





သူပဲ ဆက်ပြောပြီး ဂျာကင်အိတ်ထဲက တစ်စုံတစ်ခု ထုတ်ယူသည်။ မျက်ထား လှည့်မကြည့်ခဲ့ပါ၊ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့ တက်လာတာ ဝမ်းသာလို့ မဟုတ်တာတော့ သေချာပါ၏။

သူ ဂရုစိုက်တာထက် သူ့ရဲ့ ပက်စက်ရင့်သီးသော အပြုံးတွေ၊ စကားလုံးတွေသာ ပြည့်နှက်နေပြီဖြစ်သည့် ရင်ထဲမှာ..၊

မြင်းမိုရ်တောင် မီးလောင်နေတာကို ပါးစပ်မှုတ်၍ ငြိမ်းသတ်ဖို့ ကြိုးစားတာမျိုး၊ ဂမာဏချင်းက မယှဉ်သာ..၊

"ဆံပင်တွေ နည်းနည်း ဖယ်ပေး.."

လှည့်ကြည့်လိုက်တော့ အလင်းရောင်ထဲမှာ လက်ခနဲ ဖြစ်သွားသည့် အဖြူရောင်လေးကို မြင်လိုက်ရ၏။

သေးမျှင်သော ကြိုးကုံးတိုတိုလေးမှာ လော့ကက်သေးသေးလေး လှုပ်နေတာလည်း မြင်သည်။ ဒါပေမယ့် မျက်ထား ခေါင်းခါ၍...

"ကျွန်မ မလိုချင်ဘူး"

"မင်း မလိုချင်လည်း ငါ ပေးတာကို ငြင်းလို့မရဘူးဆိုတာ မင်း သဘောပေါက်သင့်တယ်၊ မပေးနိုင်တာကို သေပြပြီး တောင်းလည်း ငါ ပေးမှာ မဟုတ်ဘူး၊ ပေးတာကိုလည်း အပိုတွေ ငြင်းမနေနဲ့"

ရင်ထဲမှာ အောင့်သွားသည်။ ကိုယ့်နောက်ကို သူ ရောက်သွားကာ ဆံပင်တွေကို သူ့ဟာသူ ဆွဲသိမ်းပြီး လက်လျှို၍ ဝတ်ပေး၏။

"ဓားပြတိုက်လာတာ မဟုတ်ဘူး.. စိုးရိမ်မနေနဲ့၊ မင်းကို ခိုးရာပါ ပစ္စည်းနဲ့ ဘယ်သူနဲ့ မဖမ်းဘူး"

အစိမ်းရောင် လည်ဟိုက် လက်ပြတ်လေး ဝတ်ထားသဖြင့် လည် ပင်းမှာ အေးစက်စက်လေး ထိတွေ့သွားတာ သိသာနေသည်။ ပြီးတော့ ဆံပင်တွေကို သူပဲ ပြန်ဆွဲချကာ...

"မကျေနပ်တာတွေ တော်တော် များနေပုံပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ထား ကိုယ်လေးကို သူ့ရင်ဘတ်နဲ့ ထိတဲ့အထိ တိုးကပ်လိုက်ပြီး လက်နှစ်ဖက်ကို ဝရန်တာမှာ ထောက်ထားလိုက်တော့ သူ စကားပြောတဲ့ လေငွေ့နွေးနွေးက ပါးပြင်မှာ မထိတထိ ကျီစယ်၏။

မျက်ထား မျက်နှာလွှဲလိုက်လျှင်...

"မင်း အရင်တုန်းက စကားသွက်ပါတယ်"

"အို!..."

တစ်ကိုယ်လုံးကို နောက်ကနေ သိမ်းဖက်ထားလိုက်တာ...

"မင်း စိတ်ကောက်နေလည်း ငါက ချော့မှာ မဟုတ်ဘူး၊ လူလို နေရင် လူလို ဆက်ဆံမယ်၊ အရုပ်လေး ဖြစ်နေရင်တော့..."

"ဟင့်အင်း.."

အရိပ် က မျက်ထား လှုပ်လို့မရအောင် ဖက်ထားကာ ဆံပင်တွေကို မွှေနှောက် နမ်း၏။ ပြီးတော့ လည်တိုင်နုနုမှ ပါးပြင်လေးကို တိုးရွှေ့လျက်...

"ငြိမ်ငြိမ်နေပါ .. ငါ အရုပ်မကို နမ်းတာ"

"ရှင်နော်.."

အတင်းအကျပ် ရုန်းနေကာမှ ပခုံးလေးတွေကို ကိုင်၍ မျက်နှာချင်းဆိုင် လှည့်ယူလိုက်တော့...

"ကိုယ်ဝန်က ရင့်လာပြီမို့လို့ မင်းနဲ့ငါ လက်ထပ်ဖို့ လုံးပန်းရတာ၊ ငါ့ဘဝအတွက် ရုန်းကန်နေတဲ့ကြားမှာ တကယ်ဆို ဒါတွေလုပ်ဖို့ အချိန်မပေးနိုင်ဘူး"

"ရှင့်ကို ကျွန်မက သေပြပြီး တောင်းပန်နေလို့လား"

မျက်ထား ပြန်အော်တော့ သူက ဟွန့်ခနဲ မဲ့၍...

"ပြောပြီးပြီလေ .. သေပြလည်း ရမှာမဟုတ်ဘူးဆိုတာ"

သူ ပြောသမျှမှာလည်း နူးညံ့ခြင်း တစ်စုံတစ်ရာမျှ မပါ..။





"ငါတို့အတွက် မလိုပေမယ့် ကလေးအတွက် လိုတယ်ထင်လို့ လုပ်ပေးမှာ၊ ဒါကို ထပ်ပြီး မင်းရဲ့လူကြီးတွေဆီမှာ ပြန်အပ်မပေးလို့၊ တခမ်းတနား လက်ထပ်မယူလို့ စတဲ့ လောဘတွေနဲ့ မင်း လည်ပင်းအစ်နေရင် သေမှာပဲ၊ ငါက မိဘမဲ့ ကလေးကချေ၊ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့၊ အတူနေနိုင်ဖို့အတွက် ငါ တတ်နိုင်တာ ဘာမှမရှိဘူး၊ မင်း ငါ့ဆီက ထုံးစံတွေ၊ အစဉ်အလာတွေ ဘာမှ မမျှော်လင့်နဲ့.."

"မမျှော်လင့်ဘူး .. ကျွန်မကလည်း ကိုယ့်မိုက်ပြစ်အတွက် ပြန်ပြီး ပေးဆပ်ရတယ်လို့ပဲ မှတ်ပါတယ်၊ စိတ်ရှိရင် လာ.. မရှိရင် ခွာ.. ရှင် ထင်သလို နေနိုင်တယ်"

"ဟုတ်လား .. ဒါဆို စောစောကတည်းက ငြိမ်ငြိမ်လေးနေပါလား"

မျက်ထား တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ မြုပ်ဆင်းသွားသည်။ ကြည်ကြည်နူးနူး ငေးကြည့်နေခဲ့သမျှ မီးရောင်နဲ့ ညရဲ့အလင်းရောင်တွေ အားလုံး ပျောက်ဆုံးသွားခဲ့၏။

ဒီရင်ခွင်ကို သူမ နှစ်သက်ခဲ့ဖူးသည်၊ စွဲလမ်းခဲ့ဖူး၏။

ဒါပေမယ့် နုတော့...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၇ ]

"စိတ်ချမ်းသာသွားပြီလား.."

စာချုပ်နှစ်စောင်ကို စားပွဲပေါ်မှာ ချလိုက်ပြီး အရိပ် က ထိသလို လို ရှိသလိုလို..၊ မထူးတော့သည့် သူ့ရဲ့ ရင့်သီးဖွယ် ပြက်ရယ်ပြုခြင်းတွေကို ဝမ်းနည်းဖို့ မရှိတော့ပေမယ့် ကြားလိုက်ရတိုင်း နာကျင်သွားနဲ့သည့်ရင်ဘတ်က မျက်နှာဘက်မှာ စာတမ်းတင်၏။

"ဟုတ်တယ်.. စိတ်ချမ်းသာသွားတယ်၊ ရှင့်ကို လက်ထပ်ခွင့် ရလိုက်လို့လေ"

သူနဲ့ ထပ်တူညီသော အေးစက်သည့်မျက်ဝန်းလေးတွေကို အရိပ် က စိုက်ကြည့်ရင်း ရေခဲသေတ္တာထဲက ထုတ်ယူထားသည့် ရေဘူးကို စိမ်ပြေနပြေ ဖွင့်နေ၏။

ပန်းနုရောင်အခံပေါ်မှာ အပြာဖျော့ဖျော့ ဒုံးနားချိတ်နှင့် ပါတိတ်ဝတ်စုံလေးက သူမကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်နှင့် လှနေ၏။

လည်ဝိုင်း ဟိုက်ထားသည့်အင်္ကျီပုံစံလေးက ဖြူနုတင်းပြည့်သည့် ရင်ဘတ်လှလှလေးကို ပိုလှအောင် အနားသတ်ပေးထားသလိုပင်..၊





သူ ကြည့်နေတာကို မလိုလားသည့် မျက်နှာလေး ဖြစ်သွားကာ မျက်ထား က တစောင်းလှည့်ပစ်၏။

ခုထိ ကိုင်ထားဆဲ လက်ကိုင်အိတ် အပြာကွက်လေးကို စားပွဲပေါ်မှာ ချလိုက်ပြီး...

"ရှင်ကလည်း လက်ထပ်ထားသင့်တယ်ထင်လို့ လက်မှတ်ထိုး ပေးခဲ့သလို ကျွန်မကလည်း အဲဒီအတွက် ရှင့်လက်မှတ်ကိုရခဲ့တာ ကျေးဇူးတင်တယ်"

"ဒါဆို.. မင်းအတွက် ဒီလက်မှတ်ပဲ လိုတာပေါ့"

မျက်ထား က စာချုပ်နှစ်စောင်ကို ကောက်ထပ်လိုက်ပြီး သူ့ကို မျက်ဝန်းတွေ စောင်းကြည့်ကာ...

"ဟုတ်တယ်.. လောလောဆယ် ကျွန်မအတွက် လိုတာ အဲဒါပဲ"

"ဟော့.."

ရေသန့်ဘူးတစ်ဝက်နှင့် မျက်ထား လက်ကို ဖမ်းဆွဲလိုက်သဖြင့် သူ့ဘက်ကို ပခုံးတစ်ခြမ်းစောင်းလေး ပြန်ပါသွား၏။

လူတစ်ယောက်လုံးကို အဲဒီလို ထင်သလိုဆွဲလှဲပြီး ဂရုမစိုက်စွာ ပြောဆိုတတ်တာတွေကြောင့် မျက်ထား သူ့ကို ဘယ်လိုမှ ပြေလည်ဖို့ ကြိုးစားမရခြင်း ဖြစ်သည်။

အရိပ် က သူ့လက်ကို အတင်းခွာချဖို့ ကြိုးစားရင်း နီရဲနေသည့် မျက်ထား မျက်နှာလေးကို ငုံ့မိုးကြည့်လျက်...

"မင်း မျက်နှာကို နည်းနည်းလျှော့လိုက် မျက်ထား .. မင်းနဲ့ငါ ရန်သူတွေ မဟုတ်ဘူး"

"ရန်သူတွေ မဟုတ်လည်း စိတ်က ခံစားမိတဲ့အတိုင်း မျက်နှာမှာ ဖြစ်တာပဲ"

"ဒါဆို ငါ့ကို မင်းစိတ်ထဲမှာ ဘယ်လို ခံစားမိနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခံစားနေနေ ရှင် စိတ်မဝင်စားပါနဲ့၊ ရှင့်ခံစားချက်နဲ့ ရှင် စိတ်ချမ်းသာသလို နေလို့ရတယ်"

သူ့နှုတ်ခမ်း မသိမသာ မဲ့သွားသည်။ မညှာမတာ ဖိဆုပ်ထားမိသည့်လက်ကို အံ့နည်းငယ် ဖြည်လိုက်ရင်း...

"ဟုတ်ပြီ .. ဒါဆိုရင် မင်းမျက်နှာ အဲဒီလို တင်းနေတာ ငါ မကြိုက်ဘူး"

မျက်လုံးချင်း ဆုံသွားတော့ မျက်ထား ရဲ့မျက်ဝန်းလေးတွေ စူးရဲနေရာကနေ တဖြည်းဖြည်း မှေးဖျော့သွားခဲ့၏။

ဒါပေမယ့် တင်းတင်းစေ့ထားသည့် နှုတ်ခမ်းသားလေးတွေက အံကြိတ်ထားမှန်း သိသာလျက်...

"မပြုံးနိုင်ပေမယ့် ကျွန်မ ကြိုးစားပါ့မယ်"

အရှုံးပေးလိုက်ရခြင်းမှ မျက်ရည်တွေ ချက်ချင်း ဝေ့တက်လာသည်။ သူကတော့ ပခုံး ခပ်တွန့်တွန့်ဖြစ်သွားပြီး ပြုံးလျက်...

"စာချုပ်ထဲက လက်မှတ်တစ်ချက်ကို သိမ်းထားနိုင်ရင် မင်း ကျေနပ်တယ်ဆိုတာ ပြန်ဖြေ..၊ အခု ကိုယ် မလိုတော့ဘူးလား"

ရေသန့်ဘူးကို သူ ပြန်ထားတုန်း မျက်ထား သူ့မျက်နှာကို နာနာကြည်းကြည်း စိုက်ကြည့်နေမိ၏။ သူ ဒီဘက်လှည့်လာသည်နှင့် ဖျတ်ခနဲ ကျောခိုင်း၍...

"ရှင် ဘာဖြစ်စေချင်တာလဲ .. အဲဒါပဲ ပြောပါ"

"ကိုယ့်ကို မင်း အမြဲတမ်း လိုအပ်နေဖို့.."

မျက်ထား ရဲ့လက်နှစ်ဖက်ကိုပါ ရောသိမ်း၍ နောက်ကနေ ပွေ့ပိုက်ထားလိုက်သည်။

ပြီးတော့ ဖြူနုသည့် ဂုတ်သားလေးကို နမ်းကာ မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်ပြီး မျက်ဝန်းလေးတွေကို စိုက်ကြည့်၏။





"စာတစ်လုံး နှုတ်တစ်ရာဆိုတာ ဒီလိုနေရာမှာ မလိုဘူး မျက်ထားညို၊ မင်းရဲ့ဘေးမှာ ငါရှိနေမှ မင်းဘဝ အဓိပ္ပာယ်ရှိမှာ၊ အဲဒါ့ကြောင့် လက်မှတ်ထိုးခြင်း၊ မထိုးခြင်းအတွက် ငါ ဂရုမစိုက်ခဲ့တာ၊ မင်း တကယ်နားလည်တတ်ရင် ငါ မင်းအနားက မသွားနိုင်အောင် စည်းရုံးဖို့ ကြိုးစား"

ကိုယ်သာလျှင် အမြဲတမ်း အရှုံးပေးခဲ့ရပြီး အနိုင်နဲ့ ပိုင်းခဲ့နိုင်တာ သူပဲ။ လွှမ်းမိုးနိုင်ခြင်းတစ်ခုသာ နားလည်ထားသည့်လူကို ဘယ်နည်းနဲ့ စည်းရုံးနိုင်မှာလဲ..၊ စည်းရုံးဖြားယောင်းနိုင်ဖို့လည်း သူမမှာ ဘာမှမရှိ..။

ရင်ထဲမှာ မပြောနိုင်ခဲ့သည့် စကားများနှင့် မွန်းကျပ်နေခဲ့သလို သူ အတင်းနမ်းနေ၍ ခဏတဖြုတ် ပျောက်ရှကုန်သော မာန်မာနအားလုံးဟာ..၊

အချစ်နဲ့ မာန အကွာအဝေး ဘယ်လောက်စီမှာ ရှိခဲ့သလဲ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၈]

"မာနကြီးရအောင် ရုပ်ရှင်မင်းသားမှ မဟုတ်တာဗျာ"

"အံမယ် .. ခုခေတ် ရုပ်ရှင်မင်းသားတွေက မာနမကြီးကြပါဘူး နော်၊ ပရိသတ်နဲ့တွေ့ပြီဆို ဖော်ဖော်ရွေရွေလေးတွေပါ"

"ဒါဆို မင်းက ကိုကင်း ကို မာနကြီးပါတယ်လို့ မရမက စွပ်စွဲချင်တာပေါ့"

"ဟုတ်တယ်.."

လင်မယားနှစ်ယောက် အတိုင်အဖောက်ညီနေတော့ ကင်း ဘာမှ မပြောတော့ဘဲ ရယ်နေလိုက်၏။

"ကိုကင်း ရယ် .. ဒါလေးတော့ စဉ်းစားပေးစမ်းပါ"

ဇနီးဖြစ်သူ စင်ဒီ က စနောက်သလိုနှင့် ရယ်စရာတွေ ပြောနေပြီ လိုရင်းကို ပြန်ရောက်အောင် ဆွဲယူသည်။ ကိုကျော်လင်း က ရယ်ဝေ သည့်မျက်နှာကို လေးနက်ခြင်းများနှင့် ပြင်ဆင်၍...

"လုပ်ပါ ကိုကင်း ရာ .. ကိုယ်တို့အတွက် အရမ်းခက်ခဲနေတာ က ကိုကင်း အတွက် ပါးပါးလေးပါ"





"ကျွန်တော် တစ်ယောက်တည်း မပြီးဘူး ကိုကျော်လင်း၊ ပါမစ်ခွန်သွင်းဖို့အတွက် ညွှန်မှူးဆီမှာ အစောကြီးကတည်းက appointment လုပ်ထားရတာ၊ နောက်ပြီး ..."

"ကိုကင်း ကလည်း အချင်းချင်းတွေကို အဲဒါတွေ မပြောပါနဲ့တော့၊ ပါမစ်ခွန်အတွက် ကိုယ်တို့က လက်တွန့်မယ့်လူတွေလည်း မဟုတ်ဘူး၊ ကုန်တွေ ပြင်ဆင်မှုနောက်ကျလို့ ဘာမှ မမီလိုက်တော့တာ၊ မင်း အားလုံး ပိုင်ပါတယ်၊ ကူညီပါ"

စကားမပြတ်ပြောနေရင်း သူ့မျက်လုံးတွေက ရှေ့တည့်တည့်က မှန်ချပ်ဆီကို မကြာခဏ ဝေ့သွားပြီး တင်းခနဲ ဖြစ်သွားလိုက်၊ လျော့ရိပ်နှင့် မှဲ့သွားလိုက်...

လေဆိပ်အဆောက်အဦးထဲမှာ လူတွေ ဘယ်လောက်ရှုပ်နေနေ သူ့မျက်လုံးကတော့ ရှာဖွေစက်တစ်ခုလို ကိုယ်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းဆီ တန်းမတ်စွာ ချိန်ရွယ်ပြီးဖြစ်၏။

"ရုံးမှာ ကျွန်တော် ဝင်ထွက်နေတာက ပါမစ်ကိစ္စတစ်ခုအတွက်ပါ၊ အခု အဲဒါက ပြီးသွားပြီ"

မတ်တပ်ရပ် စကားပြောနေတာမို့ ဟိုလှည့်ဒီလှည့် ဘယ်ကို ကြည့်ကြည့် လွတ်လပ်နေသည်။ နောက်ကနှစ်ယောက်ဆီ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီးမှ မသိမသာ ပြုံး၍ ဒီဘက်ပြန်လှည့်၏။

"ဒါပေမယ့် ကိုကျော် တို့ကိစ္စအတွက် အပ္ပိုင့်မင့် ဝင်သွားအောင် ကျွန်တော် ဆက်ပလိုင်း လုပ်ပေးမယ်၊ ကျန်တာတော့ ကြိုးစားပေါ့ဗျာ"

"ကျေးဇူး အရမ်း အရမ်းပါပဲ ကိုကင်း ရာ .. ဒီလောက်ကိုပဲ ကျေနပ်လှပြီ"

ကိုကျော်လင်း က လက်ဆွဲခါရင်း လှိုက်လှိုက်လှဲလှဲ ပြော၏။ စင်ဒီ ကလည်း ခုမှ ဘဝင်ကျသွားသည့်အပြုံးနှင့် ခေါင်းညိတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ကိုကင်း ကတော့ တကယ်ပဲနော်.. ပြည်တွင်းပြည်ပ ဆက်သွယ်ရေးတော့ တကယ် ညက်တယ်၊ ဘယ်နေရာမှာမဆို ကိုကင်း ပိုင်နိုင်ချည်းလို့ပဲ"

"မဟုတ်လောက်ပါဘူး၊ အဲဒီလိုတော့..."

"ဘာလို့ မဟုတ်ရမှာလဲ .. ကိုကင်း ကားကိုယ်စားလှယ် လုပ်လိုက်တုန်းက စင်ဒီ နဲ့ ကိုကို အိမ်ထောင်ကျခါစပဲ ရှိသေးတာ၊ ကြင်ဦးမှာ မကြင်နာခဲ့ရဘဲ ကိုကို ခေါင်းမီးတောက်နေရတာ မမေ့သေးဘူးနော်"

"ဟုတ်လား .. ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ကိုကင်း ရ .. ကားတွေ အစီးလိုက် သွင်းခွင့်တော့ဘူး ဖြစ်တာလေ၊ အဲဒီအချိန်မှာ ဟိုဘက်မှာ ကျွန်တော် အသုံးရာကျော် ပိတ်မိနေတာ၊ ကိုကင်း တော်လို့ နောက်ဆုံးအသုတ်အမီပါလာနိုင်တာပေါ့"

"တော်သေးတာပေါ့ဗျာ .. ကျွန်တော့်ကြောင့် မီးတောက်ခဲ့တာလားလို့"

"ဘယ်ဟုတ်မှာလဲ .. မီးငြိမ်းသွားတာ"

"ဟား .. ဟား .. ကျွန်တော်က မီးမွှေးတဲ့နေရာကို မီးတောက်နိုင်တယ်၊ ငြိမ်းသင့်တယ်ဆိုရင် ငြိမ်းပေးပါတယ်"

"ဟုတ်တယ် .. ယုံတယ်"

သူ လှမ်းကြည့်တိုင်း ဦးထုပ်ကို ဒိုက်အောင် ဆွဲချပစ်တာ မှန်မှာပဲ မြင်နေရသည်။ တည့်တည့်လှည့်ကြည့်တော့ ဆံပင်သပ်သပ်၊ ဦးထုပ်ပြင်သလိုလို ဟိုလှည့်ဒီလှည့်..၊

သူ ဒီဘက်ပြန်လှည့်၍...

"အခု ဒီဖလိုက်နဲ့လား.."





"ဟုတ်တယ် .. ကိုကင်း ရော .."

"ကျွန်တော်က ခေ့ညှိသည် လာတွေ့တာ"

"အဟွန်း .. ကိုယ်တို့ ကြားပါတယ်၊ နိုင်ငံခြားသင်္ဘောကျင်းကိုလာမယ့် တိုကျိုက ကိုယ်စားလှယ်တွေမို့လား"

သူ အားရပါးရ ရယ်လိုက်သည်။ ပြီးတော့ လေသံကို မသိသာအောင် မြှင့်၍...

"ကိုကျော် လည်း မျက်စိနဲ့နား လမ်းပမ်းဆက်သွယ်ရေး ကောင်းသားပဲ"

"မကောင်းလို့ ဘယ်ရမလဲ၊ နာမည်မှန်မပျောက်ပြီး 'ကင်း' ဆိုတဲ့ နာမည်တစ်လုံးနဲ့ အင်ပါယာ ကျယ်ပြန့်လာတဲ့ လူတော်တစ်ယောက်ကို မသိမမြင်လို့ ရကို မရဘူး"

"နာမည်မှန် မပျောက်ပါဘူး၊ ကျွန်တော့်နာမည် 'စစ်ရိုပ်ကင်း' ပါ"

"ဟုတ်ပြီ .. တစ်ကိုယ်တည်း လူပျိုကြီးဆိုတာလည်း ထည့်ပြောပါဦး"

"ဒါဆို စင်ဒီ တို့က ရှာပေးသင့်တာပေါ့၊ ဒီလောက် ရင်းနှီးနေတဲ့ဟာကို.."

သူ ရယ်နေရင်း လေယာဉ်ဆိုက်ဖို့ ကြေညာသံကို နားထောင်လိုက်ကာ...

"စိတ်ကူးပြီးသား ရှိပါတယ်၊ အချိန်တန်ရင်တော့ ဖြစ်လာမှာပါ"

"ဟယ် .. ဟုတ်လား၊ ဒီမိန်းကလေး အရမ်းကံကောင်းမှာပဲ၊ အဲဒီကျရင် စင်ဒီ တို့ မသိလိုက်ရဘဲ တစ်နည်းနည်းနဲ့တော့ မလျှို့နဲ့နော်..၊ မရဘူး"

လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာကြတော့ ကိုကျော်လင်း တို့က ဓာတ်ဆက်ရင်း နောက်ထပ်ဆုံဖို့ မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် နောက်ရောက်လာသည့် လှုရိပ်ကြောင့် ကင်း ခြေထောက် တစ်ဖက် မသိမသာလေး လှုပ်ရှားသွား၏။

"ဟ!.."

"အမလေးဟယ်.. ငေးလိုက်တာ"

ခြေထောက်တစ်ဖက်နဲ့ ခလုတ်တိုက်ပြီး ဦးထုပ်နဲ့လူ ဟတ်ထိုး လဲ၏။ ရှေ့က အမျိုးသမီးကြီး ခြေထောက်တစ်ဖက်ကို ဖက်လိုက် သလိုဖြစ်ကာ မြင်ကွင်းက ကြည့်မကောင်း..။

သူ့လူက သူ့ကို ဆွဲထူဖို့ပေမယ့် ကင်း က ထိုသူ့လက်မောင်းတစ် ဖက်ကို ဆွဲမ,လိုက်ပြီး ထူသလိုလိုနှင့် ဂုတ်ပိုးအကျီစကို လက်တစ်ဖက် က ဆုပ်ဆွဲ၍...

"ဆောရီးပဲ ကိုယ့်လူ.."

ဆောရီးကို ခပ်ပြုံးပြုံးမျက်နှာနှင့် ကျယ်ကျယ်ပြော၍ နားနားမှာ နှုတ်ခမ်းနှင့်ကပ်၍...

"ငါ့စကား မဆုံးသေးတော့ မင်း မကြားလိုက်မှာစိုးလို့၊ ဒီမှာ နားထောင်.. မင်းတို့ရဲ့ ဗိုလ်ကျား ကို ပြောလိုက်၊ အကွက်ရွှေ့ဖို့ မကြိုး စားနဲ့၊ ရွှေ့တာနဲ့ စားပြီးသားပဲလို့.."

ပြောပြီးမှ လွှတ်ပေးလိုက်ပြီး လက်ဖဝါးချင်း ပွတ်ရယ်ကာ..

"ကြောင်တောင်တောင်နဲ့ ဒီလူ.."

"အေးလေ .. စကားမပြောတတ်တဲ့ မျက်နှာကြီးနဲ့"

စင်ဒီ က သွားမယ့်ခြေလှမ်းကို ရပ်နေပြီး ကဲ့ရဲ့လိုက်သေးသည်။

လူတွေအမြင်မှာ ဆွဲယူလိုက်တဲ့အတိုင်း ပြုံးပြုံးပြဲပြဲ ပါလာပြီ လွှတ်ပေးလိုက်တော့လည်း ဘာမှမပြောဘဲ ခပ်သုတ်သုတ် ထွက်သွား သည်ဟု..၊

လေဆိပ်က ထွက်ခွာလာခဲ့ရင်း ခြေလှမ်းကျဲများ၏နောက်မှ





သူ့အပြုံးတွေ မပြီးမြောက်နိုင်ဘဲ ရှိခဲ့၏။ ကားထဲ ဝင်ထိုင်ပြီး မောင်း ထွက်လာတဲ့အထိ စိတ်က ဗိုလ်ကျား ဆီမှာ..၊

ထိုစဉ် သူ့ဖုန်းဆီမှ တိုးသဲ့သည့်မြည်သံလေး ထွက်လာသဖြင့် ထုတ်ဖွင့်လိုက်၏။

"ပြော.. ယူမီ.."

"ဘာ..ပြောလဲ ကိုကို ရဲ့.. သူများ လေယာဉ်ဆိုက်ကာမှ ဘာလို့ ပြန်သွားတာလဲ"

"မင်းက ခုမှ ပြန်လာတာလား"

"အင်းလေ"

"ကိုယ်က မင်း ပြန်ရောက်နေပြီ ထင်တာ"

"ကိုကိုရယ် .. ယူမီ ပြောထားသားနဲ့၊ မြန်မာပြည် ပြန်ရောက် ကာနဲ့ ကိုကို့ကို အရင်ဆုံး လိုက်ရှာမှာဆိုတာ..."

"ဆောရီး .. အဲဒါ ကိုယ် မေ့သွားပြီ"

"ဟား!... ကိုကိုက လုပ်ပြီကွာ၊ ပြန်သွားတာလည်း ယူမီ့ ကို နှုတ်မဆက်ဘူး"

"ဟိုတယ်လ်မှာ မင်း မရှိတော့ဘူး ထင်လို့လေ"

"ကိုကိုနော် .. မတည့်အောင် ရှေးပြောနေတာလား၊ ဒီကဖြင့် ခဏတဖြုတ် တွေ့ပေမယ့် သူ့ကို ခင်လိုက်ရတာ၊ အခု ပြန်လှည့်ခဲ့ ကွာ .. ယူမီ အိမ်ကကားနဲ့ မလိုက်ဘူး"

"ကိုယ် အလုပ်ရှိသေးတယ်ကွ၊ လေဆိပ်နဲ့လည်း ဝေးနေပြီ၊ ဆောရီး"

"ဆောရီး မရဘူး ကိုကို၊ ယူမီ့ မြန်မာပြည်ပြန်လာတာ ကိုကို့ကို တွေ့ချင်တာ အဓိက၊ ကိုကိုက ယူမီ လေယာဉ်ဆိုက်မှ ဘာဖြစ်လို့ ပြန်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို လာကြိုတာမှ မဟုတ်တာ"

ယူမီ ဆိုတဲ့ကောင်မလေး ဟာခနဲ ကျွတ်ခနဲ စိတ်ညစ်နေတာကို သူ နားထောင်ရင်း ပခုံးတွန့်၏။

ပြီးတော့ ဖုန်းအိတ်ကို ပြန်ထည့်လိုက်သည်။ ဟိုတယ်လ်မှာ ကိုယ်နဲ့ ခဏဆုံဖြစ်ခဲ့သည့် ကပြားမလေး ယူမီ ..၊

အမေက မြန်မာ၊ အဖေက ဂျပန်ကပြား..၊ ဟိုမှာတော့ လူချမ်းသာစာရင်းဝင် ဟုတ်ပုံမရပါ။ သူ တည်းသည့်ဟိုတယ်လ်မှာ ဝန်ထမ်းဝတ်စုံဖြင့် နှစ်ခါ တွေ့သည်။

ပြန်မယ့်ညမှာ တွေ့တော့ ကလပ်ထဲမှာဖြစ်ကာ သူမနဲ့ တွဲကခဲ့သေးသည်။ မြန်မာပြည် ပြန်ရောက်ရင်တော့ နိုင်ငံခြားပြန်ရာထူးနှင့် သူမလေး ကဲဦးမည် ထင်၏။

"ယူမီ က မြန်မာနဲ့ မတူဘူးဆို ဟုတ်လား .. အဲဒါကြောင့် ထင်တယ်၊ ယူမီ မြန်မာပြည်ကို ပြန်ရင် ခဏပဲ သိလား .. ဒီမှာပဲ နေဖြစ်တယ်"

ပြောသမျှ စကားထဲမှာ မြန်မာပြည်ကအကြောင်း မပါ..၊ ဝတ်စားထားလိုက်တာ ကလပ်ထဲမှာ တွေ့တုန်းကဆို မြန်မာမိန်းကလေးပါလို့ ကျိန်ပြောရင်တော့ ယုံနိုင်ဖွယ် မရှိ..၊

ဒီကောင်မလေးက ကိုယ့်ကြောင့် မြန်မာပြည်ကို ပြန်ခဲ့သည်တဲ့..၊ လွမ်းတတ်ရင်လည်း အကောင်းသား..။





အခန်း [ ၁၉ ]

"မရှင်းတတ်တော့ဘူးလား၊ ခုတော့ .. ကဲ .. ကွာ .."

"ခွပ်.."

လက်သီးချက်တွေ နှစ်ယောက်မျက်နှာပေါ်ကို ဆက်တိုက်ကျ၏။

"မော့စမ်း .. ဟိတ်ကောင် မော့လိုက်စမ်း.."

နာကျင်သွားတာတောင် ကြာကြာနာခွင့်မပေးဘဲ အတင်း ပြန်မော့ခိုင်း၍...

"မင်းကို ဟိုကသိသွားအောင် မင်း ဒီလောက်တောင်ညံ့ရသလား"

"သူ ပြောတာတွေကို ကြားရတဲ့နေရာမှာ နေတာပါ၊ သတင်း အတိအကျ ရဖို့က..."

"ဟေ့ .. မင်းမှာ ဒီလောက်တောင် ဉာဏ်နီဉာဏ်နက် မထုတ်တတ်ဘူးလား၊ သူ ပြောတာကို ကြားရအောင် အနားကပ် နားထောင်ဖို့အတွက် ဘယ်သူ့ ပိုက်ဆံပေးခိုင်းခိုင်း ရတယ်၊ ငါ .. တယ်.. တစ်ချက်တည်း ရိုက်သတ်ရရင် သေဦးမယ်"

ဦးကောင်းကင် တစ်ဖက်လှည့်၍ စားပွဲကို 'ဒုန်းခနဲ' ထုသည်။ ဒီနေရာမှာသာ ကျားလေး ဆိုလျှင် ဒီကောင်တွေ ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီ..။ သူကတော့ ဒီလိုတွေ မလုပ်မိဖို့အတွက် ထိန်းချုပ်တော့မည်လို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်ကာ ဆင်ခြင်နေဆဲကာလမို့...

"ဆရာကြီး အစက စစ်ရိပ်ကင်း ဆိုတာကို သိခဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုး ကမေးတော့ ဦးကောင်းကင် လှည့်ကြည့်၍ အံကြိတ်၏။

"ဒီကောင့်သတင်းတွေ မင်းပဲ သယ်လာတာ၊ မင်းတို့နဲ့ပဲ စငြိတဲ့ ကိစ္စ၊ ငါက ဘယ်လိုလုပ် သိမှာလဲ၊ မင်း သူ့အဖေကိုတောင် သိတယ်၊ နာမည်ကျတော့ မသိဘူးလား"

"ဟုတ်တယ် ဆရာကြီး .. ရိပ် ဆိုတာကို ကြားမိသလို ရှိပေမယ့် ရှေ့လုံးနောက်လုံးတွေကို ကျွန်တော် တကယ် မသိခဲ့ဘူး၊ ဒီတိုင်းဆို ကျွန်တော်တို့ကို သူ အဓိက ဖျက်ဆီးရေးနဲ့ လှုပ်ရှားနေတာ သေချာပြီ၊ ကျွန်တော်တို့ သဘောကျင်းလုပ်ငန်းကို ဂရုစိုက်မှ ဖြစ်မယ်"

"ဟုတ်တယ် .. အောင်ကြီး တို့ကို ချက်ချင်း အကြောင်းကြား၊ အောက်လိုင်းနဲ့ ဘာမှမလုပ်နဲ့လို့.."

မကောင်းမှု မဟုတ်သော်လည်း လုပ်ငန်းပြိုင်တွေအပေါ် ကျော်တက်နိုင်အောင် နည်းမျိုးစုံနဲ့ ကြိုးစားနေရတာတော့ အမှန်ပဲ ဖြစ်သည်။

ခုချိန်မှာ မဟုတ်တာ တစ်ချက်လုပ်လိုက်တာနှင့် အရိပ်မဲ့ ရဲ့ပစ်မှတ်ထဲမှာ တန်းခနဲ မိသွားမှာပင်၊ သူက အလင်းရောင်ထဲမှာ လွတ်လွတ်ခါခါ နေနိုင်ပေမယ့် ကိုယ့်မှာ အရိပ်မည်းတွေနဲ့ မလွတ်မကင်းရှိနေဆဲတွေ တစ်ပုံကြီး။

"မဖြစ်ဘူး.. ဒီကောင့်ကို ငါတို့ တိမ်းရှောင်နေသမျှ သင်း အားရနေမှာ၊ ထိပ်တိုက်တွေ့ပြီး ရှင်းမှ ဖြစ်တော့မယ်"

"စောပါသေးတယ် ဆရာကြီး .. သူ ခြေလှမ်းမှားတဲ့အချိန် ရှိဦးမှာပါ၊ ကျွန်တော်တို့..."

"ကိုယ့်ခြေလှမ်း မမှားအောင်တောင်မှ တစ် နှစ် သုံး ရေပြီး လျှောက်နေရပြီ၊ သူ့ခြေလှမ်းမှားအောင် မီးခွက်ထွန်းစောင့်နေရမလား၊ ဟေ့.. ဒီညနေ လူစုလိုက်.."





အခန်း [ ၂၀ ]

ညတိုင်း တီဗွီသေးသေးလေးကို အချိန်ကုန်အောင် ထိုင်ကြည့်ဖြစ်ရင်း ထိုရှေ့မှာပဲ အိပ်ဖြစ်တာမို့ မျက်ထား ရဲ့အိပ်ရာလိပ်က အနားမှာ အဆင်သင့်..၊

ညဥ့်နက်တော့ THOR ကားကြည့်နေရင်း ခါးတွေ ကိုက်လာ၏။ ထိုင်တာများလို့ပဲလို့ ထင်ကာ အိပ်ရာခင်း၍ တီဗွီပိတ်ပြီး လှဲလိုက်မိ၏။ ထိုအခါကျမှ ခါးတွေ အရမ်းကိုက်လာကာ ရေအိမ်ဝင်လေ ပိုဆိုးလေ..၊

"မင်း ဘာဖြစ်နေတာလဲ"

သူ အိပ်ခန်းထဲက ထွက်လာမေးတော့ မျက်ထား စကားတောင် ကောင်းကောင်း မပြောနိုင်တော့ပေ..၊ ညတွင်းချင်း ဆေးရုံရောက်သွားပြီး ထွက်လာသည့်အဖြေက abortion ဖြစ်သည်တဲ့..။

"ဆရာမ .. ကျွန်မယောကျ်ားရောဟင်.."

"သူ ပြန်သွားကတည်းက ရောက်မလာဘူး"

"ဘယ်တုန်းက ပြန်သွားတာလဲ"

"မိုးမလင်းခင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



နာရီကြည့်လိုက်တော့ မနက် ဆယ်နာရီခွဲ..၊ မျက်ထား နှုတ်ခမ်းလေး မသိမသာ ကိုက်မိကာ ...

"သူ ကျွန်မ ဘာဖြစ်တယ်ဆိုတာကို သိသွားတယ်ပေါ့နော်"

"သိသွားတယ် .. သူ မျက်နှာ အရမ်းပျက်သွားတယ် သိလား၊ ညီမလေးတို့က သားဦး ထင်တယ်၊ သူ စိတ်ထိခိုက်သွားမှာပေါ့ကွယ်၊ ဒေါက်တာကတော့ နောက်ထပ်ရဖို့တွေ ရှိပါသေးတယ်ဆိုပြီး အားပေးပါတယ်"

ဆရာမက မခြွင်းမချန် ပြောပြသမျှ မျက်ထား မျက်ရည်တွေ တရစ်ရစ် ဝေ့တက်လာခဲ့၏။

မကေ က ဆွဲခြင်းကြီးနဲ့ဝင်လာပြီး စားသောက်စရာတွေ တစ်ခုချင်း ချပြပြီး ပေါ့ပါးစေသော စကားတွေ ပြောနေတာလည်း နားထဲ မဝင်..၊

"သူ မျက်ထား ကို စိတ်ဆိုးသွားတာလား မကေ.."

"စိတ်ဆိုးစရာလားကွယ် .. သွေးနုသားနုနဲ့ လျှောက်တွေးနေပြန်ပြီ၊ ဒီလိုဖြစ်သွားပေမယ့် မွေးဖွားထားသလိုပဲ ဂရုစိုက်ရတယ် မျက်ထား၊ မငိုရဘူး.. အနေအထိုင် ဆင်ခြင်ရတယ်၊ သူ မျက်ထား ကို စိုးရိမ်လို့ တို့ဆီကို ဖုန်းဆက်ပြီး ဒီမနက် ပြည့်ပြည့်စုံစုံ ပြင်ဆင်လုပ်လာပေးဖို့ မှာတာပေါ့"

"ဒါဆို သူ ဘာလို့ မလာတာလဲ"

"အဲဒါတော့ မကေ မသိဘူး၊ သူ့ကိစ္စ အရေးကြီးရှိလို့ ထင်တယ်၊ တို့လည်း သူပြောတာပဲ သိရတာလေ၊ ရိပ် က ညာတော့ မပြောတတ်ဘူး၊ အဲဒါ ယုံပါ"

မကေ မျက်နှာကလည်း တမင် နှစ်သိမ့်နေတာမျိုးတော့ မဟုတ်ဘူး ထင်သည်။ ဒါပေမယ့် မျက်ထား သိမ်ငယ်စွာ ခံစားနေရတာကို





ဖျောက်မရနိုင်..၊

ဒီကိုယ်ဝန်ကြောင့် သူ ကိုယ့်နားကို ရောက်လာသည်။ ဒါကြောင့်ပဲ လက်ထပ်ပါသည်လို့ ပြောခဲ့တာ မကြာသေး..၊ ဒါဆို ခု မရှိတော့ဘူးဆိုတော့ ဘာတွေ လိုသေးလဲ..၊ သူနဲ့ မျက်ထား ဆုံခဲ့တာတွေ၊ ဒီလိုရှိခဲ့တဲ့အကြောင်းတွေ မကေ ကို သူ ပြောပြထားလား မထားလားတော့ မသိ..၊ မကေ က ဘာမှမမေးခဲ့ပေ။

လက်ထပ်တာ လပိုင်းလေးပဲ ရှိသေးသည်။ ကိုယ်ဝန် ငါးလရှိခဲ့ပြီ ဆိုတာကို လူသိရှင်ကြားဖြစ်သွားလို့ သူ ရှက်သွားတာလား..၊

ဒါဆိုရင်လည်း မျက်ထား ဘယ်သူနဲ့မှ မှားယွင်းခဲ့တာ မဟုတ်ဘဲ သူ ရင်ဆိုင်ဖို့ မသင့်ဘူးလား..၊

"ဘာတွေ တွေးနေတာလဲ မျက်ထား .. ထ .. မနက်စာ စားရအောင်၊ မနက်စောစောကြီးက ညီမ သတိမရသေးလို့ တစ်ခေါက်ပြန်ပြီး ပိုပြီး ပြည့်စုံအောင် ပြင်လာတာ၊ ထကြည့်ဦး .. တို့ လုပ်လာတာတွေ၊ စားချင်စိတ် ဖြစ်ရဲ့လား"

မျက်ထား ပက်လက်လေးကနေ မထပါ၊ မျက်ရည်လေး ဝေ့ဝေ့နှင့် ဘာမှမစားဘဲနေသည်မို့ မကေ လည်း စိတ်မကောင်းနိုင်..၊ ခေါင်းအုံးထက်မှာ ပြန့်ကျဲနေသည့် ဆံပင်တွေကို သူကိုယ်တိုင် သေသပ်အောင် ဖြီးသင်ပေးပြီး ချော့မော့နေတာ တစ်နေ့လယ်လုံး..။

သူမ ရိပ် ကို မျှော်နေရှာမှန်း သိပေမယ့် ဖုန်းမဆက်နဲ့လို့ မှာထားသဖြင့် လှမ်းပြောပေးဖို့ကလည်း အခက်တွေ့နေ၏။

"မျက်ထား ဆင်းချင်တယ် မကေ.."

"ဆင်းရမှာပေါ့.. ဒေါက်တာ လာရင် တို့ မေးလိုက်မယ်၊ စိတ်ချ ညီမ စိတ်ချမ်းသာသလို လုပ်ပေးမယ်၊ စိတ်အေးအေးနေ ဟုတ်လား.."

"မကေ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

"မျက်ထား ဘာဖြစ်လို့ ဒီလို ဖြစ်သွားတာလဲဟင်"

သူမ သိသည်ဖြစ်စေ မသိသေးဘူးဖြစ်စေ အရှက်လည်း ကွဲနေပြီမို့ သိချင်တာကို မေးရင်း အသိပေးလိုက်တာ ဖြစ်သည်။

မကေ မျက်နှာ တစ်ချက် ပျက်သွား၏။ ပြီးမှ မျက်ထား လက်ဖဝါးလေးကို ဆုပ်ကာ...

"တို့ မိန်းမသားချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောမယ်နော်၊ ဒါကို ရိပ် ကို တို့ အသိမပေးပါဘူး"

"ဟုတ်ကဲ့ပါ၊ ပြောပါ မကေ.."

"ဒေါက်တာကတော့ ကိုယ်ဝန်ကို အစကတည်းက ဟိုဟာ.."

မကေ စကားရပ်သွားပေမယ့် မျက်ထား ရဲ့မျက်ဝန်းထောင့်မှာ မျက်ရည်စက်တွေ ဆံစများထဲသို့ တလိမ့်လိမ့် ကြွေဆင်းသွား၏။

"ဟုတ်ပါတယ် .. ဒါပေမယ့် မဟုတ်ပါဘူး .."

မျက်ထား အင့်ခနဲ ရှိုက်တော့ မကေ တားဆီးဖို့ ပျာပျာသလဲဖြစ်သွား၏။ ကိုးရိုးကားရား ပြင်လာသည့် မကေ လက်တွေကို သူမ ဖမ်းဆုပ်ကိုင်ထားမိပြီး ...

"မျက်ထား ဒီကိုယ်ဝန်ကို မငြိုငြင်ခဲ့ပါဘူး၊ သတ္တိမရှိပေမယ့် မွေးချင်တဲ့ဆန္ဒတွေ ပြင်းပြခဲ့တယ်၊ အဲဒါ ယုံပါ မကေ ရယ်.."

ယုံတဲ့အကြောင်း မကေ က ခေါင်းတွင်တွင် ညိတ်၏။

"ဒါပေမယ့် သူတို့ လက်မခံဘူး၊ မျက်ထား သူတို့ လက်ခုပ်ထဲမှာ၊ ခေါ်သွားတဲ့ဆီကို လိုက်.. ကျွေးတာတွေ စားပြီး..."

"ညီမရယ် .."

"သူ .. သူနဲ့ ပြန်တွေ့တဲ့အချိန်မှာ မျက်ထား အတွက် နောက်ကျသွားခဲ့တာပါ"





သူတို့တွေ သူတွေ ရှုပ်လျက် ဘယ်သူ့အတွက် နာမ်စားသုံးပါသည်ဆိုတာကို မရှင်းဘဲ ဒီတိုင်း ပြောသွားခဲ့သည်။ ရိပ် နဲ့ ဘယ်လိုဆုံခဲ့သည်၊ ဘာကြောင့် ပြန်ကွဲသွားသည်ဆိုတာ မပါ။

သို့သော် မကေ က ဖြစ်ရပ်ပုံလောက်ကိုတော့ နားလည်သွားသဖြင့် မျက်ထား လက်ကလေးကို ကြင်နာစွာ ပြန်ဆုပ်ကိုင်လျက်...

"တို့ ယုံပါတယ်၊ သူလည်း ညီမကို ဒီလိုတော့ ထင်မှာ မဟုတ်ပါဘူးကွာ၊ ကိုယ်ဝန်လွယ်ကြရပြီဆိုရင် ကိုယ့်ဗိုက်လေးကို ပြန်ငုံ့ကြည့်ပြီး တသိမ့်သိမ့် ကြည်နူးရင်း ပြုံးနေတတ်တာ မိခင်လောင်းတို့ရဲ့ သဘာဝပါ၊ ဒါကို ဖျက်ဆီးတယ်ဆိုတဲ့အထိ ဖြစ်ကြရင်လည်း အကြောင်းတွေ အမျိုးမျိုး ရှိကြမှာပေါ့၊ မျက်ထား အဲဒီလို မိန်းကလေး မဟုတ်ဘူးဆိုတာ သိသာပါတယ်၊ ပြီးတော့ ရိပ် လိုလူနဲ့ လက်ထပ်ဖြစ်ခဲ့တာ၊ သူ့ရဲ့ရင်သွေးကို လွယ်ရတာ၊ ဒါတွေမှာ ဖျက်ဆီးချင်တဲ့ထိဖြစ်ဖို့ အကြောင်း ဘာမှမရှိဘူးလေ"

အရိပ် နဲ့ တိုက်ရိုက်ရင်းနှီးတာ မဟုတ်ပါဘူးဆိုပြီး 'အရိပ်လိုလူ' ဆိုသည့်စကားနှင့် သူမ ဘယ်လောက်ထိ အထင်ပါကြီး ရှိနေတာကိုတော့ မဖုံးနိုင်..။

သူနဲ့ ပတ်သက်နေသမျှ မျက်ထား ဘာမှ ရေရာအောင် သိခွင့်မရခဲ့ဘဲ ဒီလူ ဘယ်လိုလူပါဆိုတာမျိုး ပြောပြမယ့်လူလည်း မရှိ..၊ ဒီနေ့ထိ တိုက်ခန်းတစ်ခန်းရယ် .. သူ့မျက်နှာရယ်က လွဲ၍ မျက်ထား မှာ ပက်ဝန်းကျင်ဆိုတာ မရှိခဲ့ပေ..။

လုံးဝ စိမ်းသက်သောနယ်ပယ်တစ်ခုမှာ ဆုံစည်းခဲ့ကြပြီး ခုလည်း မရင်းနှီးသေး၊ နောက်ထပ် ရင်းနှီးလာဖို့ဆိုတာလည်း..၊

သည်ဘဝ သည်မျှပဲ ရှိကြသည်ဆိုရင်တောင်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

နာရီမြှောက်ကြည့်လိုက် အရပ်မျက်နှာနှစ်ဖက်ကို ချာလပတ်ရမ်းအောင် လှည့်ပတ်ကြည့်လိုက်နှင့် ကုတ်အင်္ကျီအနက်နဲ့လူကို သေချာစိုက် ကြည့်မိသည်။

ပြီးတော့ ကွမ်းယာဆိုင် နောက်ကွယ်ကနေ ထွက်လာခဲ့ပြီး ဟိုဘက်ကို လည်ပင်းလိမ်အောင် ကြည့်နေသည့်အားမှာ နီးကပ်စွာရပ်၍...

"မီးတတို့လောက် ပေးပါလား"

"ဟင်!..."

မီးခိုးဖြူဖြူတို့ လွန့်တက်နေသည့် လက်ကြားက စီးကရက်ကို အမှတ်တမဲ့ နောက်လွှဲထားလိုက်ကာ ထိုသူ မျက်လုံးအကြောင်သားနှင့် ကြည့်၏။

အရိပ် က စေ့ပိတ်ထားသည့် နှုတ်ခမ်းကို ခပ်လွန့်လွန့်မဲ့၍ အနားကို ပိုကပ်လိုက်သည်။ ထိုသူ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်တော့ တိုက်နံရံမှာ ကျောကပ်သွား၏။

လေးလွှာတိုက်ခန်းတွဲ၏ အလယ်တွဲလှေကားရှေ့မှာ ဖြစ်သည်။





အရိပ် က သူ ဆုတ်တဲ့အတိုင်း လိုက်ကပ်ထားကာ သူ့လက်ထဲက စီးကရက်ကို အသာလေး လုယူလိုက်၏။

"မင်း ..."

"ဟုတ်တယ် .. ငါ အရိပ်မဲ့"

ခွန်အားမဲ့သလို ဟန့်ဖျန့်သွားသည့်မျက်နှာက မထူးဆာတ်ခင်းတော့မည့်အသွင်နှင့် ချက်ချင်း တင်းတင်းမာမာ အနီရောင်သမ်းလျက် လှုပ်ရှားဖို့ ပြင်၏။

"အား!..."

ထိုလက်ကို အရိပ် က နံရံနဲ့ ကပ်ဖိပစ်လိုက်သည်။ နံရံမှာ ညပ်ကာ စီးကရက်မီးနဲ့ပါ ဖိထိုးခံလိုက်ရသဖြင့် ထိုလူ ပါးစပ်ကြီးဖြဲပြီးမှ ကြိတ်အော်သည်။ သွားလာလှုပ်ရှားနေကြသည့် လူတွေအမြင်မှာတော့ သူတို့နှစ်ယောက် ပူးကပ်ပြီး တစ်ခုခု လျှို့ဝှက်တိုင်ပင်နေကြသလိုလို...

"အမူအရာမပျက်နဲ့ ကိုယ့်လူ၊ စီးကရက်မီးက မင်းလက်နဲ့ ထိတာနဲ့ သေသွားပြီ၊ သွား .. ရှေ့က တက်.."

"မင်း .. မင်းကို ခေါ်ထားတာ မင်း သွားပါလား၊ ငါက ဒီမှာ စောင့်ရမှာ.."

အရိပ် က ထိုသူ့လက်ကောက်ဝတ်အကြောထဲကို လက်မနဲ့ ဖိနှိပ်ချေပစ်လိုက်၏။

"အား!..."

"အခု ငါ အမိန့်ပေးနေတယ်၊ ရှေ့က သွားလိုက်.."

မတ်စောက်သည့် လှေကားထစ်တွေက တိုက်အိုကြီးဖြစ်တဲ့အတိုင်း သစ်သားလှေကား ကျဉ်းကျဉ်းလေးတွေဖြစ်ကာ မှောင်နေ၏။ ပြီးတော့ တစ်ဆစ်ချိုးမဟုတ်ဘဲ အတည့်အတိုင်း တစ်ထပ်ပြီး တစ်ထပ်...

"ဒုတ်.."



www.burmeseclassic.com

www.burmeseclassic.com



"အင့်.."

အပေါ်ဆုံးထပ် တံခါးရှေ့မှာ ရပ်မိသည်နှင့် ခတ်ပိုးကို ဖြုတ်ခုတ် ပစ်လိုက်တော့ ထိုလူ ငိုက်ခနဲ ဆင်းသွားသည်။ ဂျာကင်ဂုတ်ပိုးစကို တစ်ဖက်နဲ့ ဖမ်းဆွဲထားလိုက်ပြီး တံခါးခေါက်လိုက်၏။

"ဘယ်သူလဲ .."

"မင်း ဘယ်သူ့ကို ခေါ်ထားသလဲ"

အထဲကနေ အော်မေးပေမယ့် သူက ပုံမှန်ပဲ ဖြေလိုက်တာမို့ အထဲက သံကွဲပုံမပေါ်၊ ချောင်းကြည့်ပေါက်ကနေ မျက်လုံးတစ်လုံး ပြူလာ၏။

ပြီးတော့ ပြန်ခွာသွားကာ အထဲမှာ လှုပ်ရှားသွားသံတွေ ခဏ ကြာအောင် ဖြစ်နေသည်။ တံခါးလော့ခ် ဖြုတ်လိုက်သည့်အသံ ထွက် လာတော့ သူ ပြုံးလိုက်မိ၏။ လော့ခ်ပွင့်သွားပြီး တံခါးကို ဖွင့်မပေး သဖြင့် သူ အသာလေး တွန်းဖွင့်လိုက်လျှင်...

"ဒုတ်.."

"ဟင်!..."

လူလုံးပေါ်လာသည်နှင့် မေ့ဆေးသေနတ်နဲ့ပစ်လိုက်တာ ကွက်တိ ဒါပေမယ့် ကိုယ့်လူကို ပြန်ပစ်မိခြင်းဖြစ်ကာ အရိပ်မဲ့ က နောက်မှာ မေးဖျား ခပ်ရွှဲရွှဲနှင့် မဲ့လျက်...

"ဟွန့် .. သူခိုးကျင့် သူခိုးကြံ ချောင်းမြောင်းပြီး အသေသတ်မယ် မှတ်တာ၊ ဒါပေမယ့် မေ့ဆေး မလိုတော့ဘူး၊ သူက မေ့နေပြီးသား"

"ဝုန်း"

"ဒုန်း"

"ခွမ်း .. ချလွမ်း"

ဖမ်းဆုပ်ထားသည့်လက်ကို လွှဲ၍ ကိုင်ပေါက်ပစ်လိုက်တော့





ခေါင်းတိုးထွက်သွားသည့် ကိုယ်လုံးကြီးက စားပွဲနဲ့ ကုလားထိုင်တွေ ကြားထဲ ကားခနဲ ပစ်ကျ၏။

အခန်းထဲမှာရှိနေကြသည့် လူခြောက်ယောက်စလုံး ဘာမှ မလှုပ် ရှားရသေးဘဲ တစ်ခန်းလုံး ဝုန်းဒိုင်းကြဲသွား၏။ မိုးကြိုး မျက်မှောင် ကုတ်သွားကာ အံတကျိကျိ ကြိတ်သည်။

အရပ်မြင့်ပါသည်ဆိုသည့် ယောကျ်ားတွေထက် ပိုမြင့်၍ အဆီပို မရှိသော ကြံ့ခိုင်သည့်ကိုယ်နှင့် ဘယ်မှာဖြစ်ဖြစ် ထင်းနေတတ်သည့် အရိပ်မဲ့..၊ အထက်စီးဆန်သည့် မျက်လုံးများနှင့် မဲ့ပြုံးတွေ..၊ အရိပ်မဲ့ ဆိုကာ သိသာစေသော မတွန့်မရွံ့သည့် ခြေလှမ်းတွေ..၊

ဘယ်သူနဲ့မှ ရောနှောမရအောင် ထင်းနေသော အရိပ်မဲ့ ၏ လှုပ် ရှားမှုတွေကို စူးစိုက်ကြည့်နေရင်း သူ ဘာဖြစ်လို့ လှုပ်ရှားဖို့ မေ့နေ သည်မှန်း ကိုယ်တိုင် သတိမရ..၊

ဒါမှမဟုတ် သူ့ဆီကို အရိပ်မဲ့ တစ်လှမ်းချင်း လှမ်းလာနေသလို နောက်မှာ ဝိုင်းရံပြင်ဆင်ပြီး ကပ်လိုက်လာသည့် တပည့်တွေကို ယုံ ကြည့်လိုက်တာလား..၊

အရိပ်မဲ့ ကတော့ သူ ရပ်နေသည့် ရှေ့ကို ရောက်လာပြီ ဖြစ်၏။ ထို့ပြင် သူနဲ့တကွ တစ်ခန်းလုံးကို မျက်လုံးတွေ တစ်ပတ်ဝေ့သွားပြီး...

"မင်းက ကျားလေး ရဲ့အစေအပါးမို့လား"

ရဲသွားသည့် မျက်နှာတင်းတင်းကိုကြည့်ကာ အရိပ်မဲ့ က ပခုံး တွန့်အောင် မဲ့သည်။ မိုးကြိုး က နံရံကပ် သုံးထပ်စင်ဘေးမှာ လက် ပိုက်ရပ်လျက်ရှိကာ ခြေနှစ်ဖက်ချဲ၍ ရင်ကော့ထားပုံက လူမိုက်ရုပ် အပီအပြင် ဖြစ်၏။

ပြီးတော့ သူ့ကို စိုက်ကြည့်နေသည့် မျက်လုံးတွေက ကြောက်ရွံ့ နောက်တွန့်မည့် အရိပ်အယောင် လုံးဝ မပါ..၊



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီလို ပြောရတာကို ဝါသနာပါနေတယ်ဆိုတော့ ထား လိုက်ပါ၊ ငါက မိုးကြိုး .."

"ငါ မင်းနာမည် လာစုံစမ်းတာ မဟုတ်ဘူး၊ အကျပ်ကိုင်သလိုလို ခြိမ်းခြောက်သလိုလိုနဲ့ ခုချက်ချင်း လာပါလို့ ငါ့ကိုချိန်းတဲ့ ဗိုလ်ကျား ဆိုတဲ့ ခေါင်းပြောင် ဘယ်မှာလဲ.."

မိုးကြိုး က လှောင်ပြုံးနှင့် ခေါင်းတညိတ်ညိတ် ဖြစ်သွားကာ...

"ဘာပဲဖြစ်ဖြစ် မင်း အခု လာရတာပဲမို့လား"

"ဟုတ်တယ်.. ဒါပေမယ့် အရိုင်မဲ့ ဆိုတဲ့ကောင်က ငါ့ကို သွေး တစ်စက်ကျစေခဲ့ရင် တစ်ပွက်ပြန်ယူတယ်၊ ဆုံးခြစ်ရာပဲဖြစ်ဖြစ် ငါ့ကို ထိနိုက်မိပြီဆိုရင် ဓားနဲ့ ပြန်ပစ်တတ်တဲ့အကျင့် ရှိတယ်၊ အဲဒီသမိုင်း ပျက်မှာစိုးလို့ ငါ လာတာ၊ မင်းတို့ရဲ့ ဦးကောင်းကင် အမည်ခံထားပြီး ခြေကြီးရောင်ပေါက်နေတဲ့ ခေါင်းပြောင်ကို ပြောလိုက်..၊ ဒီနေ့ ငါ့ကို အလုပ်ရှုပ်အောင် လုပ်တဲ့အတွက် ငါ့ရည်ရွယ်ချက်ထဲမှာ နှစ်ဆ တိုး သွားပြီ၊ ငါ ဘာလုပ်နိုင်သေးတယ်ဆိုတာ ပြမယ်.."

မိုးကြိုး လက်ပိုက် ဖြည်းမလို့ပြင်လိုက်ပြီးမှ ချက်ချင်း ပြန်ငြိမ် သွားကာ မျက်နှာကတော့ ဒေါသများနှင့်...

"မင်း အခုလည်း လုပ်ပြနေတာပဲမို့လား..၊ ဟိုအစကတည်းက ငါတို့က စခဲ့တာပဲရှိတာ၊ မင်းချည်းပဲ လုပ်ချသွားတာ တစ်ချိန်လုံး မင်း လျှောက်မွှေနေတာ ဒီနေ့ထိ.."

အရိုင်မဲ့ က မိုးကြိုး နဲ့ လက်ပိုက်ထားသည့် လက်တွေကို စူးခနဲ ကြည့်ပြီး ပြုံး၏။

"အဲဒါတွေကို မေးချင်လို့ မင်းနဲ့ ထိပ်တိုက်ရှင်းဖို့ အခု ချိန်းတာ"

"သူက ဘယ်မှာလဲ.."

"ငါနဲ့ပဲ ဖြစ်တယ် အရိုင်မဲ့..၊ အခု သဘောကျင်းအတွက် ငါတို့





ဖိတ်ထားတဲ့ နိုင်ငံခြားဧည့်သည်ကို မင်း..."

"ငါ မင်းနဲ့ မပြောချင်ဘူး"

အရိုင်မဲ့ က အေးစက်စက်ပြော၍ နောက်ပြန်လှည့်လိုက်၏။ သူ့နောက်မှာ ဝိုင်းပတ်ထားသည့်လူတွေက ငါးယောက်..၊

သူ ခြေလှမ်းတုံ့သွားသည်နှင့် မိုးကြိုး ၏ ကျေနပ်အားရသော ခပ်မိန့်မိန့်စကားသံတွေ ထွက်ပေါ်လာခဲ့၏။

"မင်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတာပဲ အရိုင်မဲ့၊ ရန်သူ ကို ဘယ်တော့မှ ကျော်မခိုင်းရဘူးကွ၊ မင်းလိုကောင်ကို ဒီနေရာတိ ရောက်အောင်ခေါ်နိုင်ပြီးမှ လွယ်လွယ်လေး ပြန်ထွက်သွားလို့ရအောင် အခွင့်အရေးတွေ ချန်ထားပါ့မလား .. စဉ်းစားပါဦး .."

ရှေ့ကလူတွေကို ကြည့်ပြီး အရိုင်မဲ့ က ပြုံးလိုက်ကာ...

"ထက်မြက်တဲ့ သိုင်းသမားတွေရဲ့ကျောပြင်က မျက်နှာထက် မိုကြောက်စရာ ကောင်းတယ်ဆိုတာ မင်း မစဉ်းစားမိလို့ပါ"

စကားဆုံးအောင် မပြောဘဲ အရိုင်မဲ့ ခြေတစ်ဖက် နောက်ကို ရိပ်ခနဲ ဆန့်ထွက်သွားသည်။ ရှေ့ကို ငိုက်သွားသည့်ကိုယ်မှာ မျက်နှာ ချင်းဆိုင်လူရဲ့ ပခုံးနှစ်ဖက်ကို လက်ဝါးစောင်းနှစ်ဖက်နှင့် ရိုက်ချလိုက် ပြီး ဖြစ်၏။

မိုးကြိုး ဘယ်လိုမှ မထင်မှတ်လိုက်သည့် လှုပ်ရှားမှုမှာ အငိုက်မိ သွားသည်။ နောက်ပြန်ကန်ချက်နှင့် အတိအကျ မိတ်ဆက်သွားသည့် လက်က သေနတ်ကို ဘယ်လိုမှ မထိန်းလိုက်နိုင်..။

ထို့ပြင် အပေါ်ကို လွင့်တက်သွားတာ မြင်လိုက်ပါလျက်နှင့် သူ ပြန်ဖမ်းယူမလို့ အပေါ်ကို မော့ကြည့်နေတုန်းမှာ သေနတ်က အရိုင်မဲ့ လက်ထဲမှာ..၊

"မှတ်ထား.. အသံတိတ်ပစ္စတိုဆိုပေမယ့် ဒီကောင်တွေမှာ ရေဒီ



www.burmeseclassic.com

www.burmeseclassic.com



ယိုကြိမ်နှုန်း ရှိသေးတယ်၊ အသံမတိတ်ဘူး"

ကိုယ့်လည်မျိုကို လက်ဆန့်၍ တှန်းခနဲ ချိန်လိုက်တော့ မိုးကြိုး အမှတ်တမဲ့ တွန့်သွား၏။ နောက်ကလူတွေပါ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။ သေနတ်ကိုင်ထားသည့်အပြင် အရိပ်မဲ့ ရဲ့ ခြေတွေလက်တွေကိုပါ သတိထားနေရသဖြင့် အရမ်းလည်း မလှုပ်ရဲကြ..၊

"ဘယ်လိုလဲ .. အသံ တကယ် တိတ်မတိတ် ငါ ပစ်ပြရမလား"

သေနတ်ကိုင်ထားသည့်လက်ကို မိုးကြိုး မရဲတရဲ မျက်လုံး စိုက်ကြည့်၏။ ခုခေတ် ပန့်ဒီဖိုင်းမျိုး လက်ခုံပေါ်မှာ အပေါက်တွေပါပြီး လက်ကောက်ဝတ်ထိ စွပ်ထားသည့် သားရေလက်ပတ်က လက်အိတ်အတိုင်း..၊ သေနတ်ပေါ်မှာ သူ့လက်ဖွေရာ ထင်မှာမဟုတ်တော့ အကယ်၍ ပစ်ချလိုက်ရင်လည်း...

"ဟွန်း.."

အေးစက်စူးရဲလာသည့် မျက်ဝန်းများနှင့် မဲ့ပြုံးကြောင့် မိုးကြိုး ထိတ်လန့်လာ၏။

"အသံတိတ်ပစ်ချင်ရင် အသံတိတ်ပြောင်း တပ်ရတယ်၊ ဒီတိုင်း မိုက်ရဲရင်တော့ အရင်လို နယ်စပ်ကျော်အောင် ပြန်ထွက်သွားလို့ မြို့လယ်ခေါင်မှာ သေနတ်ပစ်လို့ မရဘူး"

"ဟာ!..."

"ဟင်!..."

အရိပ်မဲ့ က သေနတ်ကို လွှဲပစ်လိုက်၏။ ဒါပေမယ့် တခြားနေရာကို မဟုတ်ဘဲ အားလုံး၏ ခေါင်းပေါ်တည့်တည့်က နှစ်ပေပတ်လည် စတုရန်းပုံ မှန်ကွက်ဆီ သေနတ်က အရှိန်နဲ့ ပြေးထွက်သွားတာ ဖြစ်သည်။

"ချွမ်း"





"ဟာ!..."

ပြင်းထန်စွာ ထိခတ်မိသည့်အသံ၏နောက်မှာ ပြိုးပြက်လက်၍ ကြွေကျလာသော မှန်ကွဲစတွေကြောင့် အားလုံး ပြေးလွှား ရှောင်တိမ်းရင်း ဗရုတ်သုတ်ခတွေ ဖြစ်သွား၏။

"အား.."

အထပ်ဗီရိုနှင့် စားပွဲနောက်မှာ ရှိနေသော မိုးကြိုး ၏ အော်သံကြီး ကျယ်လောင်စွာ ထွက်လာသည်။

သူ့ပခုံးတစ်ဖက်မှာ စိုက်နေသော လက်တစ်ဝါးလောက် မှန်ကွဲစကြီးက အသည်းယားဖွယ်..၊ စားပွဲအောက်တွေ နံရံတွေမှာ ပြေးကပ်နေကြသည့် တပည့်တပန်းတွေ ဆရာဖြစ်သူဆီ ပြေးသွားဖို့ ကြိုးစားကြပေမယ့် ကြမ်းပြင်မှာ မွစကြဲနေသည့် မှန်ကွဲစများကြောင့် ပျာယာခတ်နေကြပြီး ရုတ်တရက် မတတ်နိုင်..။

အရိပ်မဲ့ က တံခါးဝမှာ လက်ပိုက်ရပ်နေကာ...

"မင်းဆရာ ကျားမြီးတိုခေါင်းပြောင်ကို ပြောလိုက် ဟိတ်ကောင်.. လူလိုသူလို ပြောဆိုကြဖို့ ငါလာတာ၊ အဲဒါ ခွေးတွေနဲ့ ရှူးတိုက်တဲ့ အတွက် ငါ တုံ့ပြန်လိုက်တာ၊ နောက်ထပ် အရိပ်မဲ့ ကို တွေ့ဖို့တွေ၊ ညှိနှိုင်းဖို့တွေ ဘယ်တော့မှ မကြိုးစားနဲ့၊ မင်းတို့ အစဖျောက်ပစ်လိုက်တဲ့ သတင်းထောက်ရဲ့ ကင်မရာထဲက **memory card** က ငါ့ဆီမှာ.."

"ဘာ!..."

မိုးကြိုး လက်မောင်းကို ဖိအုပ်ထားရင်း မှန်ကွဲစကို အံကြိတ်၍ ဆွဲနုတ်၏။ သို့သော် ထို့ထက်ပို၍ တုန်လှုပ်စေသည့်စကားကြောင့် မျက်လုံးကြီး ပြူးသွားကာ...

"ဘာ .. ဘာပြောလိုက်တယ်"

အရိပ်မဲ့ က တင်းမာသည့်မျက်နှာနှင့် စိုက်ကြည့်နေပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် ပြန်မဖြေဘဲ…

"ကိုယ့်ကိုယ်ကိုယ် ကောင်းကင် ဖြစ်ဖြစ် တာဝတိံသာပဲ ပြော… ပြောင်း ဗိုလ်ကျားနဲ့ ကျားလေးနှစ်ကောင်ရဲ့အရိပ်တွေ ငါ့မှာ ရှိတယ်… ဘယ်အချိန်ဖြစ်ဖြစ် ငါ ဒုက္ခပေးနိုင်တယ်ဆိုတာ မှတ်ထား၊ ငါ… ညှိနှိုင်းဖို့ထက် ငါ မျက်စိနောက်အောင် မနေမိဖို့ပဲ ကြိုးစား.."

"စကားလုံးတွေ မြင့်လှချေလား အရိပ်မဲ့.. မင်းကရော လူကော… မို့လို့လား.."

"လူဆိုးဖြစ်ခဲ့တဲ့ရာဇဝင် ငါ့မှာ မရှိဘူး"

မိုးကြိုး အံတကြိတ်ကြိတ်နှင့် ပါးစပ်ပိတ်သွား၏။

"အရိပ်မဲ့ ဟာ ရာဇဝင်လူဆိုးဆိုတဲ့လူတွေရဲ့ မျက်ခုံးမွေးပေါ်မှ… လျှောက်နေတဲ့ အရိပ်၊ ဒီနေ့ကစပြီး ငါ့သွေး မြေကျအောင် ဒုက္ခပေး… တဲ့အတွက် ငါ ပြန်ရပြီးပြီလို့ မှတ်လိုက်မယ်၊ နောက်ထပ် ကျား… တဲ့အသံ ငါ မကြားချင်ဘူး"

သေနတ်က ကိုယ့်အောက်နားမှာ ရှိနေလျက်နှင့် ကြိမ်းမောင်း… ထွက်သွားတာကို ဒီတိုင်းကြည့်နေခဲ့ရသည်။ ပခုံးကနေ လက်မောင်း… တစ်ဆင့် စီးကျနေသည့်သွေးတွေက ကြမ်းပေါ်မှာ မြင်မကောင်းတော…

"ဟိတ်ကောင်တွေ ဘာလုပ်နေကြတာလဲ၊ ဒါတွေ မြန်မြန်ရှင်း…"

"ဗျာ!… ဟုတ်ကဲ့ ဆရာ"

"ဟိုကောင် မေ့ဆေးသေနတ်ကြီး ဘာလုပ်တာလဲ"

"ဗျာ!…"

"ဒီသေနတ်ပါ လာကောက်၊ မင်းဘိုးအေက ဒုက္ခပေးဖို့ဆို… အကွက်စေ့တယ်၊ မြန်မြန်သိမ်းပစ်၊ တောက်.. အမဲလိုက်ခွေး… လောက်တောင် ရဲရင့်မှုမရှိတဲ့ နလဗိန်းတုံးတွေ၊ လူမိုက်လုပ်မစား… ခွက်ဆွဲပြီး သွားတောင်းစားကြ၊ သွား.."





"ဆရာ .. ဆရာဒဏ်ရာ .."

"ခွေးသူတောင်းစား သွား .. လာမမေးနဲ့၊ အခန်းကို အမြန်ဆုံး ရှင်း၊ အပေါ်မှန်ကွက် ပြန်တပ်ဖို့ မှန်သမားတွေ အမြန်ခေါ် .. သွားကြ၊ သွား.."

အားလုံး လန့်ဖျန့်ကာ ပြေးလွှားလှုပ်ရှားလိုက်ကြသဖြင့် ခဏ အတွင်းမှာ တစ်ခန်းလုံး ရှင်းသွားသည်။ သို့သော် မှန်သမားတွေ ရောက် မလာသေးမီ..၊

"ခေါက် .. ခေါက် .."

တံခါးခေါက်သံကြောင့် တစ်ယောက်က ချောင်းကြည့်ပေါက်က နေ ပြေးချောင်း၍…

"ဆရာ .. ရဲတွေ .."

မိုးကြိုး နှုတ်ခမ်းတွေ ဖိပိတ်တွန့်မဲ့ရင်း ခပ်ကြိတ်ကြိတ် တက်ခေါက် ၏။ ဒီလူ တစ်ခုခု လုပ်ဦးမှာဆိုတာ စိတ်က ခံစားမိပြီးသား..၊

"အဆင်ပြေသလို ဖြေလိုက်.."

သူ နောက်ဖေးတံခါးက ထွက်ကာ ဝရန်တာကနေ တစ်ဖက်ခန်း ကို ကူးခဲ့ရသည်။ ပတ်တီးစည်းထားပေမယ့် သွေးစိမ့်နေဆဲဒဏ်ရာကို ရဲတွေ မြင်လို့မဖြစ်..၊

ပြီးတော့ ဟိုဘက်ခန်းမှာ ဆရာကြီး ရှိနေသည်။ ဘာပဲဖြစ်ဖြစ် သူတို့အားလုံးအတွက် သေချာနေတာက အတိတ်က ပြစ်မှုတွေကို အစပြန်ပေါ်စေမည့် **memory card** တစ်ခုကြောင့် အရိပ်မဲ့ ကို သူတို့ ဘယ်တော့မှ မော်ကြည့်နိုင်မှာ မဟုတ်တော့ခြင်း..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၂ ]

BURMESE CLASSIC .com

"ဆရာဇော် လား.."

"ဟုတ်ပါတယ် .. ဘယ်သူများလဲ ခင်ဗျ"

"ကျွန်တော် ကင်း ပါ"

"သြော် .. ကိုကင်း၊ ပြောဗျာ .. ဘာအကူအညီပေးရမလဲ"

"(...) လမ်းထဲက လေးလွှာ 6B မှာ အော်သံတွေကြားလို့၊ ပြီးတော့ အထဲမှာ ဘာတွေကွဲနေလဲ မသိဘူး၊ တစ်ခုခုတော့ ပြဿနာ ရှိတယ် ထင်တယ်၊ ကျွန်တော် ခုပဲ 5A က ပြန်ဆင်းလာတာ၊ ခင်ဗျား ရဲ့နယ်မြေထဲမို့လို့ သတင်းပေးတာပါ"

"အိုခေ .. အိုခေ .. သန့်စ် ကိုကင်း၊ အဲဒီတိုက်ခန်းတွေမှာ ပြဿနာ ရှိတတ်တယ်၊ ကျွန်တော် ခုပဲ သွားလိုက်မယ်"

ဖုန်းပိတ်လိုက်ပြီး ကျေနပ်သည့် မဲ့ပြုံးက သူ့မျက်နှာမှာ ကြာရှည်စွာ တင်ကျန်ခဲ့၏။ ကျား ဆိုတဲ့နှစ်ကောင်ကို မျက်စိစပါးမွေး စူးနေသမျှ ကိုယ့်အလုပ်ကို လုပ်ရင်း အနည်းအကျဉ်း ဒုက္ခပေးရုံလောက်ပဲ စိတ်ထဲမှာ ရှိတော့တာပါ..။





သူတို့အပေါ်မှာ ကိုယ်ပဲ ဖြတ်ခုတ် ရိတ်စား လုပ်ပစ်ခဲ့တာတွေ သက်တမ်းတစ်လျှောက်ပဲဖြစ်ကာ ကိုယ့်ကို သေကြောင်းကြံတဲ့လူကို လည်း ကျေနပ်လောက်အောင် တုံ့ပြန်ခဲ့ပြီးပြီ..။

ကိုယ့်ဘက်မှာ အခဲမကျေလောက်စရာ မကျန်တော့သည့်အဖြေ ကို ထုတ်ပြီးကာမှ ဦးကောင်းကင် အဖြစ် ငြိမ်ငြိမ်လေး လုပ်စားနေတာ မဟုတ်ဘဲ ဗိုလ်ကျား က နောက်ကြောင်းပြန်လှည့်ဖို့ ကြိုးစားလာသည်။

မငြိချင်ရင် မငြိမိအောင် ရှောင်ဖို့ပဲ လိုသည်။ ဘာလို့ လိုက်ငြိနေ တာလဲဆိုသည့်အဖြေကို ရှာဖွေဖို့ မလို..။

တစ်ယောက်နဲ့တစ်ယောက် မြွေမြွေချင်း ခြေမြင်ပြီး ဖြစ်သင့်တာ မဟုတ်ဘူးလား၊ လူကို အသံတိတ် ရှင်းပစ်ဖို့ ကြိုးစားတဲ့အထိ ဖြစ်လာ တာကို ဒီလောက်တော့ တုံ့ပြန်သင့်သည်ပဲ..။

ဒါ ဟိုတုန်းက ထင်တိုင်းကြဲခဲ့ကြတဲ့နယ်မြေ မဟုတ်သည့် အတွက် ဒီလောက်နဲ့ပဲ ပြီးခဲ့ခြင်းဖြစ်သည်။

အရိပ်မဲ့ ရဲ့ရာဇဝင်မှာ လုပ်ပြီးပြီဆို နောင်တ မရှိ..၊ ကိုယ့်လက်ထဲ မှာ ကျားနှစ်ကောင်နဲ့ပတ်သက်သည့် ဘဝ၊ အသက် ဂုဏ်သိက္ခာတွေ ရှိနေသည်။ ဒါပေမယ့် သူများအပေါ်မှာ နိုင်ကွက်နင်းပြီး အနိုင်ယူနိုင် တာမျိုး မလိုချင်၍ သူ ဒီတိုင်းထားခဲ့သည်။

မကြာမတင်မီကာလမှာ အမှိုက်တစ်စလည်း ဖြစ်သွားနိုင်၏။ သွားပြီးခြောက်ပြမှ ကြောက်ရမှန်းသိတော့လည်း အစွယ်ရှိမှန်းသိအောင် တော့ ပြရမှာ ဖြစ်သည်။

မတူရင် မတုရဘူးဆိုတာ သိရမည်။ သနားလို့ မကြည့်ရက်တာ လား မသိ၊ ကြောက်လို့ မျက်လွှာချတာလား မသိ..၊

မသိတာတွေ ရှိနေလို့ သိသာသွားအောင် ပြခဲ့တာပါ..

"ဟွန်း.."



www.burmeseclassic.com

www.burmeseclassic.com



ကားကို ခြံကျယ်ကြီးတစ်ခုထဲ ကွေ့ဝင်လိုက်ရင်း ပြုံးမိသည်။ ခုလောက်ဆို အနီးဆုံး နံရံအကွယ်မှာဖြစ်ဖြစ် မနီးမဝေးက ကားတစ်စီးပေါ်မှာ ဖြစ်ဖြစ် ရှိနေမည့် ဗိုလ်ကျား ဆီကို မိုးကြိုး ဆိုတဲ့ သတ္တဝါကြီး ပြေးပြီး သံတော်ဦးတင်နေပြီ ထင်သည်။

"ဆရာ .. မလေးက ဖုန်းလာတယ်"

သူ့ကားရပ်တာနှင့် တံခါးပြေးဖွင့်ပေးရင်း သတင်းပို့၏။

"မက်ဆေ့ချ်ပို့ထားတာတွေ ဖွင့်မဖတ်ဘူးလားတဲ့၊ ဖတ်ပြီးတာနဲ့ အကြောင်းပြန်ပေးပါတဲ့၊ စက်ရုံဖွင့်ပွဲအတွက် ထင်တယ်"

သူ ကားပေါ်ကဆင်း၍ အထဲကို ဝင်ခဲ့လျှင် သူ့ခြေလှမ်းအတိုင်း ဘေးကနေ ပါလာကာ...

"ဩစည်က ကိုယ်စားလှယ်နှစ်ယောက်ကလည်း ထရေးဒါးမှာ ဆရာ့ကို စောင့်နေတယ်၊ မနေ့ညကတည်းက ဆရာက ဖုန်းပိတ်ထားတော့.."

"တော်ပြီ.."

သူ တုံ့ခနဲ ခြေလှမ်းရပ်ကာ..

"ဒီည ဒင်နာလုပ်ဖို့ ထရေးဒါးမှာ ဧည့်သည်တွေ သွားတွေ့ရင်း မင်း စီစဉ်ထားလိုက်.."

"ဟုတ်ကဲ့ ဆရာ"

"ညနေ ခြောက်နာရီမထိုးခင် လေဆိပ်ကပစ္စည်းတွေ သွားထုတ်ဖို့လည်း မီအောင်လုပ်.."

"ဆရာ.. သင်္ဘောကျင်းက ဂျပန်..."

"ဂျက်.."

"ဗျာ .. ဆရာ"

"အဲဒါတွေအတွက် မင်းမှာ တိုင်တယ်လ် ရှိရမယ်"



BURMESE CLASSIC .com



"ဟုတ်"

ကင်း မျက်နှာ တင်းသွားတာကိုကြည့်ပြီး ဂျက် က ခေါင်းပွတ်၍ မျက်လွှာချသည်။

"အခု နှစ်မိနစ်အတွင်း မင်း အရေးခွဲလဲတဲ့ကိစ္စ ပြီးအောင်လုပ်၊ အဲဒီ နှစ်မိနစ် အပါအဝင် ဆယ့်ငါးမိနစ်မကျော်ခင် ထရေးဒါးကို ရောက်ရမယ်"

"ဗျာ .."

"နောက်ထပ် တိုင်ပင်ကိုက်ဖို့ မင်း ဆက်လုပ်...၊ ညရှစ်နာရီတိတိ ပြီးစီးတဲ့အကြောင်း ငါ့ကို ဖုန်းဆက်"

"ဆ ... ဆရာက.."

"ငါ ဒီည နယ်စပ်ကိုသွားဖို့ ရှိတယ်"

တစ်ယောက်တည်း ကျန်ရစ်ပြီး ဂျက် က သက်ပြင်းမချနိုင်...၊ ကင်း သူ့ရှေ့က ထွက်သွားတာနှင့် နာရီမြှောက်ကြည့်ပြီး သုတ်ခနဲ ပြေး၏။

တစ်မိနစ်.. တစ်စက္ကန့်မှ တိမ်းစောင်းလို့ မဖြစ်...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၃ ]

BURMESE CLASSIC .com

ဆေးရုံက ဆင်းခါနီးမှ မူးလဲသဖြင့် တစ်ရက် ထပ်ကြာခဲ့သည်။ အခု ပြန်ဆင်းလာခဲ့တဲ့အထိ သူ ရောက်မလာပါ..။

အနားမှာ အားပေးနှစ်သိမ့်နေခဲ့သည့် မကေ လည်း အားပေးစရာ စကားလုံး ရှားပါးနေပြီဖြစ်ကာ အားမငယ်ဖို့ တတွတ်တွတ် ပြောနေရုံပဲ ရှိတော့၏။ မကေ ဟိုက်ခန်းထိ လိုက်ပို့ပေးပြီး သူ့အိမ်က ဖုန်းလာသဖြင့် ချက်ချင်း ပြန်ထွက်သွားရသည်။

ကြိတ်၍ ဆုံးဖြတ်ပြီးသားမို့ မကေ မရှိတော့တာနှင့် မျက်ထား ကိုယ့်အတွက် အရေးတကြီး လိုအပ်သည့် ဆေးနှင့် စာရွက်စာတမ်း တချို့ကို ခါလင်းအကျၤ်ထဲ ထည့်သည်။

လက်ဆွဲအိတ်လေးထဲကိုတော့ အဝတ် နှစ်စုံ၊ သုံးစုံလောက်ပဲ ထည့်ကာ မကေ လိုက်ဖွင့်ထားခဲ့သည့် တံခါးပေါက်တွေကို ပြန်ပိတ် လိုက်၏။

လူက လှုပ်ရှားနေရင်း ခြေတွေက ကယောက်ကယက်နှင့် လောင်မြိုက်နေသည်။





သည်အရိပ် သည်နေရာဟာ သူမအတွက် ခေတ္တနားခိုရာ ဇရပ် တစ်ဆောင်လား..၊

"မင်းမှာ ဌါရင်သွေးရှိနေလို့ ခေါ်ထားတာ၊ မရှိဘူးဆိုရင် ထွက်သွားတော့"လို့ ကိုယ့်ရဲ့ရှေ့မှာ ခါးထောက်ပြောနေသလို ရှက်ရွံ့ သိမ်ငယ်စွာ ခံစားနေမိရင်း မျက်ရည်တွေလည်း ကျ၏။

တကယ်ပဲ သူ ပြောလိုက်ကာမျိုး မျက်ထား ခေါင်းတွင်တွင် ညိတ်၍ ကိုယ်လုပ်သင့်တာကို နားလည်ကြောင်း ဝန်ခံနေမိသည်။ သံယောဇဉ်မပါ အချစ်ဗလာနှင့် ယောက်ျားတစ်ယောက်၏ မလွဲ မကင်းသာ စောင့်ရှောက်ခြင်းကို မျက်နှာပြောင်ပြောင်နဲ့ ခံယူခဲ့မိတာ ကိုယ်ပဲ..။

ဟုတ်ပါတယ် .. ဒီတိုင်းပဲ ဖြစ်ရမှာပါ..။

မျက်ထား မျက်ရည်တွေကို ကုန်စင်အောင်သုတ်၍ မှန်တင်ခုံ ရှေ့မှာ ခဏရပ်ကာ ခေါင်းဖြီးလိုက်သည်။

မတွေးတော့ဘူးလို့ ကြိုးစားပေမယ့် မျက်လုံးတွေက ဗိုက်ဆီကို ရောက်သွားခဲ့၏။ လူကို နောက်ကနေပဲ ပွေ့ပိုက်ဖက်ထားတတ်သည့် သူ့ရဲ့အပြုအမူတွေကြောင့် ကိုယ်ဝန်သာ ရင့်လာခဲ့ရင် နောက်ကနေ ဖက်ထားရင်း ဗိုက်ပူပူလေးကို သူ ပွတ်သပ်ကျီစယ်မှာပဲလို့ တိတ်တိတ် လေး စိတ်ကူးယဉ်ခဲ့ဖူးသည်။

ခုတော့ ဘာမှမရှိတော့ပါ..၊ တစ်ချိန်ချိန်မှာများ နူးညံ့တတ်လေ မလားလို့ မျှော်လင့်ခဲ့တာတွေလည်း ပြီးဆုံးခဲ့ပြီ..၊

ထိုစဉ်...

တံခါးဖွင့်သံကြားလိုက်သဖြင့် နားစွင့်လိုက်မိကာ ထိတ်လည်း ထိတ်သွားသည်။

"မကေ လားဟင်.. ခဏလေးနော်.."



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားသည့် အိတ်တွေကို ကွယ်ရာမှာ ခဏဝှက်ထားရမှာမို့ ဆံပင်တွေ စုညှပ်မလို့ ကိုင်ပြီးသည့် အော်တိုမစ်တစ်ကလစ်ကို တောင် ပြန်လွှတ်ချ၍ အိတ်ဆီ လှည့်လိုက်မိ၏။

ဒါပေမယ့် သူမ တံခါးလာဖွင့်မှာကို ရပ်စောင့်နေမည့် မကေ မဟုတ်ဘဲ ဝင်လာတော့ အရိပ် ဖြစ်နေ၏။

"အရိပ် .."

မျက်ထား ကြောင်တောင်တောင်ေးရင်း နေရာမှာပဲ ရပ်နေခဲ့မိသည်။ အရိပ် က စပို့ရှပ်အဖြူပေါ်မှာ လက်စကနှင့် လယ်သာဂျာကင် အနက်ကို ဝတ်ထားကာ ဘောင်းဘီရှည်အနက်နှင့် ဖြစ်၏။

မြင်နေကျတိုင်း သူ့လက်ထဲမှာ ဖုန်းပုံစံ မီးခြစ်လေးကိုပဲ ကိုင်ထားကာ...

"မကေ မလာဘူးလား"

မီးခြစ်ကို စားပွဲပေါ် လှမ်းတင်ရင်း မေးကာ မေးပြီးမှ တင်ထားသည့်အိတ်တွေကို မြင်သွားသဖြင့် မျက်မှောင်ကုတ်လျက်...

"ဒါ ဘယ်သူ့ဟာတွေလဲ.."

"ကျွန်မ ပြင်ထားတာ.."

"ဘာလုပ်ဖို့လဲ.."

မျက်ထား မဖြေတော့ပါ၊ သူမဖာသာ အိတ်တွေကို သွားဆွဲယူလိုက်ပြီး...

"ကျွန်မ ပြန်တော့မယ်"

"ဘာ!... ဟေ့ .."

လက်ကို ဆောင့်ဆွဲပစ်လိုက်သဖြင့် ဖြစ်သလို စုဆွဲထားသည့်ထဲမှ ဆလင်းဘက်ခ်လေး ပြုတ်ကျသွားသည်။ အစကတည်းက မညင်သာခဲ့သော သူ့ရဲ့ဒေါသတွေက မျက်ထား ပခုံးလေးနှစ်ဖက်ကို အကြမ်း





ပတမ်း ဖိဆုပ်ခါ၍...

"ဘာပြောလိုက်တယ် .. ပြန်ပြော.."

"ကျွန်မကို လွှတ်ပါ .. ရှင် ကျွန်မကို ဒီကိုယ်ဝန်ကြောင့် လက်ထပ်ခဲ့ရတာမို့လား၊ အခု ကိုယ်ဝန်မရှိတော့ဘူး၊ ကျွန်မတို့ ဘာမှပတ်သက်ဖို့ မရှိတော့ဘူး၊ ကျွန်မ ပြန်မယ်.."

"ဘာ!..."

သူ အတင်း ဆောင့်ခါပစ်လိုက်သဖြင့် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။ မျက်နှာချင်းနီးသွားအောင် သူက သူ့မျက်နှာကို ငုံ့ချလာပြီး...

"မျက်ထားညို.."

"ရှင်.. ရှင် ကျွန်မကို အဲဒီလောက် အနိုင်မကျင့်နဲ့သိလား၊ လွှတ်.."

"မင်းက ပြန်မယ် ဟုတ်လား၊ မင်းမှာ ပြန်စရာ အိမ်ရှိသလား"

မျက်ထား နားထဲမှာ ပူလောင်သွားသည်။ ရှက်ရွံ့သိမ်ငယ်ခြင်းကြောင့် သွေးတွေ တဖျင်းဖျင်း ဆောင့်တိုး၏။

"မင်းရဲ့ မှိုလိုဒီလိုတော်စပ်ပြီး သူဌေးနဲ့ ထိုးကျွေးဖို့ကြိုးစားတဲ့လူတွေက မင်းကို ပြန်လက်ခံမယ် ထင်နေလို့လား"

နှုတ်ခမ်းကို နာနာကျင်ကျင် ဖိကိုက်ပစ်မိရင်း မျက်ထား အတင်းရုန်းသည်။ ဘယ်လိုရုန်းရုန်း မရ..၊

"မင်းမှာ မြက်တစ်ပင်တောင် အားကိုးတကြီး လှမ်းဆွဲစရာမရှိဘူး၊ ဘယ်လို မာနတွေနဲ့ ငါ့ဆီက ထွက်သွားဖို့ ကြိုးစားတာလဲ"

"အရှက်မရှိ ခိုကပ်နေရတဲ့ဘဝကလွဲရင် ဘယ်ဘဝကိုဖြစ်ဖြစ် ရင်ဆိုင်နိုင်တဲ့မာနပဲ၊ ဒီကိုယ်ဝန်ကြောင့် မဟုတ်ရင် ရှင်နဲ့ကျွန်မ ဘာမှ ပတ်သက်ဖို့ မရှိဘူး"

"ဟား!... မင်းကို ငါက ကလေးလိုချင်လို့ ဖန်ပြွန်သန္ဓေထည့်ပြီး ကိုယ်ဝန်ဆောင်ခိုင်းထားတာလား.."



www.burmeseclassic.com

www.burmeseclassic.com



မျက်ထား မျက်နှာလေး ရဲခနဲ ဖြစ်သွား၏။

"ဟော့.. ပြောစမ်း၊ ဒီကိုယ်ဝန်မရှိရင် ဘာမှပတ်သက်ဖို့ မရှိဘူး ဆိုတာ ဘာကို ပြောတာလဲ..၊ မင်းနဲ့ငါက ဘာလဲ.."

"မသိဘူး .. မပြောနဲ့၊ ကျွန်မ ရှင် အနိုင်ကျင့်ပြောဆိုသမျှ ခံပြီး အမြဲတမ်း သိမ်ငယ်နေရတဲ့ဘဝနဲ့ မနေနိုင်ဘူး၊ ရှင် လွှတ်ဆို လွှတ်နော်"

"မလွှတ်ဘူး၊ ဒီထက်စိတ်ငိုလာရင် မင်းကို နှစ်ရက်လောက် သတိလစ်နေအောင် ရိုက်ပစ်ဖို့ပါ ရှိသေးတယ်"

"ရိုက်လေ .. ရှင့်သဘောပါ၊ လုပ်.."

"မင်း .. ငါကွာ .. တောက် .."

ပခုံးကို ဆောင့်လွှတ်ပစ်လိုက်တော့ မျက်ထား ကြမ်းပေါ်မှာ ပုံခနဲ ကျသွား၏။

"မိန်းမဖြစ်ပြီး ဘာမှ ပျော့တောဆင်ခြင်မှု မရှိဘူး"

အရိပ် ဒေါသဖြစ်လွန်းသဖြင့် စားပွဲခုံကို တအား လှဲကန်ပစ်သည်။ စားပွဲက ပစ္စည်းပေါင်းဖြစ်ကာ အနာရှိထားတာမို့ ခြေထောက်တစ်ဖက် ကျိုးထွက်ကာ ဒုန်းခနဲ ပြိုကျ၏။

မျက်ထား ရင်တွေ တအားခုန်လာကာ မျက်လုံးတွေပါ ပြာလာ၏။ ထိုအခါကျမှ...

"ဒါလည်း သွေးနုသားနုပဲနော် .. မီးနေသည်လို ဂရုစိုက်ရမှာ၊ စိတ်ညစ်စရာတွေ တွေးတာ၊ အလုပ်ရှုပ်နေတာတွေ ဆင်ခြင်ရမယ်" လို့ ဒေါက်တာနဲ့ မကေ တို့ မှာထားတာတွေကို သတိရမိသည်။

စိတ်ညစ်စရာကို ကိုယ်က တွေးတာမဟုတ်ဘဲ ကိုယ့်ကို အထုပ်လိုက် ရင်ခွင်ထဲပစ်ချပေးနေတာက တစ်ထုပ်ပြီးတစ်ထုပ် မပြီးနိုင်..၊

"ဒီမှာ အလုပ်ရှုပ်ပြီး လူက ခေါင်းချာစိုင်းနေတာ၊ ပြန်လာတော့ မင်းက ဂျပန်ဝက်အူရစ်လို .. ဘာတွေလဲ..၊ မင်း ထင်သလို လျှောက်





တွေးပြီး ခံစားနေတိုင်း ငါ ဘာလိုက်လုပ်ပေးရမလဲ၊ အဲဒီမှာ တွေးချင်သလို တွေး၊ နေချင်သလို နေ၊ အေး .. အောက်ကို ဆင်းလာရင်တော့ ခြေထောက်တွေကို ရိုက်ချိုးပြီးသားပဲ"

မီးခြစ်ကိုပြန်ကောက်ပြီး တံခါးကို ဂျိမ်းခနဲမြည်အောင် ဆွဲဖွင့်၏။

"ဘယ်လိုပုံစံပေါက်နေနေ မင်းကို ငါမိန်းမမို့ ငါ့နားမှာ ထားတာ၊ ကဗျာတွေ၊ စာတွေနဲ့ တယောထိုးနေရင်တော့ ကိုယ့်သမိုင်းနဲ့ ကိုယ် ..."

အပြင်ကို လှမ်းထွက်ပြီးကာမှ မျက်လုံးတစ်ချက်ဝေ့လိုက်တော့ အကြည့်မရောက်ဘဲ မျက်ဝန်းထောင့်မှာ ထင်သွားသည့်အရိပ်က မျက်ထား ကြမ်းပေါ်မှာ ခွေခွေလေး..၊

"မျက်ထား.."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၄ ]

"ရိပ်.."

တံခါးဖွင့်သံ ညင်သာပေမယ့် ဒီအသံကိုပဲ မျှော်နေတာမို့ မကေ ဝမ်းသာအားရ ပြေးသွားလိုက်မိသည်။

"တော်သေးတာပေါ့ ရိပ် ရယ်.. ငါ့မှာ ဂျူတီ ရှိသေးတယ်"

တံခါးနားမှာ အသံတိုးတိုးနှင့်ပြောရင်း အိပ်ခန်းဆီကိုလည်း လှမ်းကြည့်သေးသည်။

"သူ ဘာဖြစ်တာလဲ..၊ အခု သက်သာသွားပြီလား"

"ဘာဖြစ်ရမလဲ..၊ ဒီလိုဖြစ်ထားတယ်ဆိုတာ ကလေးမွေးထားသလိုပဲ ဂရုစိုက်ရဘယ်၊ နင် တော်တော်ခက်တယ် ရိပ် ရယ်.. ဒီလောက်ဖြစ်နေတာကို ငါ့ကို ဖုန်းဆက်ခေါ်ပြီး ဒီတိုင်းထားပြီး ထွက်သွားတယ်၊ ပြန်လာတော့ ညကိုးနာရီ၊ ပူပင်သောကကို မရှိဘူး"

"မပူဘူးလို့ ဘယ်သူ ပြောတာလဲ"

အရိပ် က ဝင်လာပြီး အိပ်ရာပေါ်မှာ တစောင်းလေးလှဲရင်း အိပ်ပျော်နေသည့် မျက်ထား ကို အပြင်ကနေ လှမ်းကြည့်သည်။





ပြီးတော့ မကေ လက်ကိုဆွဲ၍ နောက်ဖေးဝရန်တာထိ ထွက်သွားကာ...

"နင် ဒီည ဂျူတီအော့ဖ် လုပ်ဟာ"

"ဘာ!... အို .. မဖြစ်ဘူး၊ ဒီည ငါ့ဆေးရုံမှာ ဆယ်နာရီ အော်ပရေးရှင်းလုပ်ဖို့ ရှိတယ်"

"တခြားဆရာဝန်တွေ ရှိတယ်ဟာ .. လုပ်မနေစမ်းပါနဲ့"

အရိပ် က နာရီကို ငုံ့ကြည့်ပြီး အင်္ကျီအိတ်ထဲက ချက်တစ်စောင် ထုတ်၍ မကေ လက်ထဲ ထည့်၏။

"ငါ နိုင်ငံခြားကိုယ်စားလှယ်တွေနဲ့ လိုက်သွားဖြစ်ရင် ကြာမယ် ထင်တယ်၊ မဟုတ်ရင်လည်း ချက်ချင်း ပြန်လာမယ်၊ လုပ်ပါ.. တောင်တောင်အီအီတွေ အကြောင်းမပြပါနဲ့၊ သူ့ကို ဂရုစိုက်ပေး.."

ချက်စ်ကို အလင်းရောင်ပျပျမှာ ငုံ့ကြည့်ကာ မကေ မျက်နှာလေး ရှုံ့တွလျက်...

"အရိပ် ရယ်.. ငါ့မှာလည်း နင်နဲ့ သူငယ်ချင်းဖြစ်နေရတဲ့ဒုက္ခကြောင့် တစ်ခုလပ်လိုလို .. ဒုက္ခသည်လိုလို၊ ကိုယ့်ကိုယ်ကိုယ် အထူးကုဆရာဝန်ဆိုတာတောင် မေ့ချင်ပြီ.."

"ကောင်းဟာပဲ၊ ငါ့မိန်းမ ဘေးမှာ စပါယ်ရှယ်နာ့စ် အမြဲ လုပ်ပေး၊ နင့်လစာထက် သုံးဆ ပေးမယ်၊ လစ်မစ် မရှိဘူးနော်၊ တစ်သက်လုံး ပြောတာ"

"သေလိုက်ပါလား ကောင်စုတ်ရဲ့.. ငါ့ယောကျ်ားကြားရင် နင့်ကို သူငယ်ချင်းအဖြစ်က ရပ်စဲခိုင်းလိမ့်မယ်"

အရိပ် က ရယ်နေကာ ဆံပင်တွေ သပ်ချရင်း လက်တစ်ဖက်ကို ဝရန်တာတန်းမှာ တင်လိုက်၏။

ညဆိုရင်တော့ ဒီနေရာလေးက ကြည့်ပျော်ရှုပျော်လေးရယ်...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ တစ်ခါမှ ဒီနားမှာ အေးဆေးရပ် မကြည့်ခဲ့ဘူးပါ။ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့လိုက်ပြီးမှ မကေ ကို ပြန်ကြည့်၍...

"ငါ အခု ပြန်သွားမှာ.."

"ဘာ!..."

"ကဲ .. ပြူးပြူးပြဲပြဲ မလုပ်စမ်းပါနဲ့၊ မျက်လုံးက အစတည်းက ပြူးရတဲ့အထဲ ရုပ်ဆိုးလိုက်တာ"

အသားညိုတာထက်ပိုကာ မျက်လုံးအိမ်ကျယ်ပြီး မျက်တောင်ကျတော့ ပါးပါးလေးမို့ မကေ က မလှတဲ့စာရင်းထဲ ဝင်ပါသည်။

ဒါကို အမြဲတမ်းပဲ ရုပ်ဆိုးလို့ ဆိုးတယ်ချည်းပဲ ပြောတတ်တာလည်း အရိပ် ပဲ ဖြစ်၏။

"မိဘတွေကျေးဇူးကြောင့် သင်္ဘောအင်ဂျင်နီယာကတော့ ဖြစ်သွားတာ ဘဝင်မြင့်မနေနဲ့၊ ခုလောက်ဆို ကိုကိုဦး က မလေးမှာ ချာတိတ်မလေးတွေနဲ့..."

"ရိပ် နော်.."

ယောကျ်ားကိုထိရင်တော့ ပြန်အော်တတ်သည့် မကေ က လက်ပါရွယ်ပြီးမှ ပြန်ချကာ...

"ကောင်စုတ် .. ငါ အခုပြန်သွားရင် ငုတ်တုတ်မေ့ဦးမယ်၊ ကျည်ချင်အောင် ပြော.."

"ဟုတ်ပြီ .. ဟုတ်ပြီ .. မပြောတော့ဘူး"

အရိပ် က နာရီထပ်ကြည့်လိုက်ပြီး...

"ငါ သွားမယ်"

"အရိပ် .."

မကေ က သူ့လက်မောင်း အကျႌစကို ဆွဲထားကာ...

"ဖက်စပ်လုပ်ငန်းတွေနဲ့ နိုင်ငံခြားမှာလည်း ကုမ္ပဏီတွေ ကိုယ်





ပိုင် ထူထောင်ထားသေးတယ်၊ တစ်ယောက်တည်းနေပြီး နင် ဘာတွေ ပျာနေတာလဲဟင်၊ ကြည့်လိုက်ရင် မှောင်ခိုလုပ်ငန်းတွေ ပြေးလွှားနေရတဲ့ လူကြီးကျနေတာပဲ"

"မစပ်စုပါနဲ့.."

အရိပ် က လက်ကိုလွှဲ၍ ကိုင်ထားသည့်လက်ကို ပြုတ်ကျအောင် သုပ်၏။ မကေ က ပြန်ဆွဲထားလိုက်ကာ ...

"မဟုတ်ပါဘူး၊ ငါတို့က မောင်နှမတွေပါပဲ ရိပ် ရယ်.. နည်းနည်းပါးပါးတော့ သိပါရစေ၊ မျက်ထား ကိုရော ဒီလောက် စုတ်ပြတ်တဲ့တိုက်ခန်းမှာ ဘာဖြစ်လို့ လာထားတာလဲ၊ ကိုယ့်မှာ တခြား ဟိုဟာ ဒီဟာလည်း ရှိတာမဟုတ်ဘဲနဲ့ဟယ်၊ မျက်ထား ဝမ်းနည်းမယ်ဆိုလည်း ဝမ်းနည်းစရာပဲ၊ နင် သူ့ကို ထားပုံက..."

"အဲဒါတွေ နင် မစပ်စုပါနဲ့၊ ငါ ဘယ်ကောင်နဲ့မှ မဆက်သွယ်ဘဲနေတာ အဲဒါပဲ၊ စပ်စပ်စုစုတွေကို မဖြေချင်ဘူး"

"မဟုတ်ဘူးလေဟာ .. ငါတို့က သူများတွေထက်တော့ ပိုကြပါတယ်၊ နင် ပျောက်သွားပြီးမှ ပြန်ရောက်လာတာ လူတင် ပြောင်းလဲသွားတာ မဟုတ်ဘူး၊ ဘာတွေဖြစ်ပြီး ဘာတွေလုပ်နေမှန်း ဘာမှမသိအောင်ကို လျှို့ဝှက်လွန်းတာ.."

"လျှို့ဝှက်ထားမှန်း သိလည်း မမေးနဲ့ပေါ့"

"နင်နဲ့ မျက်ထား ချစ်သူတွေ မဟုတ်ဘူးလား"

"ငါ့ကိစ္စပါ"

"နင့်ကိစ္စမို့လို့ နင့်ကို မေးတာပေါ့၊ နင့်ရဲ့စိတ်ကို ငါ သိတယ် အရိပ်၊ မျက်ထား ထင်နေသလို နင် သူ့ကို မဖြစ်သလို ကြည့်ရှုစောင့်ရှောက်နေတာ မဟုတ်ဘူး၊ တခြားတစ်ယောက်ယောက်ကိုများ ချစ်ရက်စရာ ရှိနေသေးလို့လားလို့ ငါ တွေးမိတာမျိုးလည်း နင် မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တာက ဘာလဲ.."

"နင် မိန်းမသနာ မရှုပ်ဘဲနဲ့ ဗျက်ထား ကို ဘာဖြစ်လို့ ဒီမှာ ချောင်ထိုးပြီး ဂရုမစိုက်ဘဲ ထားတာလဲ၊ သူ့ထက် အရေးကြီးတဲ့ တခြား ကိစ္စတစ်ခုခု ရှိနေလို့ဆိုရင်တောင် နင့်ဟာက ရှုပ်သထက်ရှုပ်ပြီး ပြီးမှ မပြီးနိုင်တာ"

"အခု ရှုပ်နေတာကတော့ နင်ပဲ မယ်ကေသီ.. အဲဒါတွေ တွေးပြီး ဗျက်ထား အေးမှာ တစ်ညလောက် ငုတ်တုတ်ထိုင်နေပေး၊ စိတ်မအေး တော့ ပျင်းချိန် မရဘူးပေါ့"

"ကြည့်စမ်း၊ ဟဲ့ .. အရိုပ် .."

ခေါ်လည်း လှည့်မကြည့်တော့ပါ၊ ရိုပ် က ဝင်လာလည်း လက် ချည်းပဲဖြစ်ကာ ပြန်ထွက်သွားလည်း ဘာမှမပါ..၊

မိန်းမဆီကို လာတာများ .လူနာမိတ်ဆွေကို သတင်း လာမေး သလိုလို..၊

ကိုယ့်သူငယ်ချင်းပေမယ့် အထာမကျတာကိုတော့ မကျေနပ် ချင်..၊ ကိုယ်သာ ဗျက်ထား နေရာမှာဆိုရင်..၊





## အခန်း [ ၂၅ ]

သူက မရင်းနှီးပေမယ့် ကိုယ့်ဘက်မှာတော့ ရင်ထဲမှာ ထာဝရရှိ နေသူမို့ သူ့ရဲ့ကြင်နာခြင်းတစ်စုံတစ်ရာကလွဲ၍ ဘာမှမလိုချင်..၊

သူ ရက်စက်သမျှ နာကျင်အောင် ခံစားရသည်။ သူ့အတွက် ပန်းနဲ့ပေါက်သလို ဖြစ်ပေမယ့်လည်း ကိုယ့်အတွက်ကတော့ ရက်စက် တဲ့ သူ့ရဲ့အမူအရာ အပြောအဆိုတွေ လွင့်စင်လာတိုင်း သေလောက်တဲ့ ဒဏ်ရာတွေပဲ ဖြစ်ခဲ့၏။

အနားမှာ မကေ ဘယ်လိုပဲ ပြေရာပြေကြောင်းတွေ ပြောနေနေ သူ့စကားတွေကို မမေ့နိုင်၊ လူကို ပစ်စလက်ခတ်ထားပြီး ပြန်ချင်မှပြန်၊ ပြောချင်မှ ပြော..၊

"မကေ.."

"ဟင်.."

"သူ့မှာ အိမ်ထောင်တွေ ဘာတွေများ.."

"မဟုတ်တာ ညီမ ရယ် .. ရိုပ် အကြောင်းကို တို့တစ်မိသားစုလုံး သိတယ်၊ အပြောဆိုးတာ၊ နေပုံထိုင်ပုံတွေမှာ ပေါ့ပျက်ပျက်လို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေက သူက စိတ်ပင်စားတာ တစ်ခုကလွဲရင် အဲ .. သူ မှန်တယ်လို့ ထင်ထားတဲ့အရာပေါ့၊ အဲဒါကလွဲရင် ခေါင်းထဲ မထည့်တတ်လို့ပါ၊ မိန်းမ ပွေတာရှုပ်တာ ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ သူ လက်ထပ်ထားတယ်ဆိုတာတောင် တို့က အံ့ဩနေသေးတာ"

နေ့လယ်ပိုင်းဆို မကေ တစ်ခါတစ်ခါမှပဲ လာတတ်ကာ ညနေပိုင်းတော့ ပုံမှန်လာသည်။ ည ရှစ်နာရီခွဲလောက်ဆို ပြန်ဖို့ပြင်တတ်၏။

မှန်မကြည့်ဘဲ ခေါင်းဖြီးခြင်း၊ အင်္ကျီထဘီတွေ ပြုပြင်ဆွဲချရင်းနှင့် မျက်ထား မေးတာကိုလည်း ဖြေနေသေးသည်။

နောက်ဆုံး ဆလင်းဘက်ခ်ကို ပခုံးမှာ ချိတ်လိုက်ပြီးမှ စားပွဲခုံမှာတင်ပါးလေးနဲ့ ကပ်မှီ၍ မပြန်ဖြစ်သေးဘဲ...

"မိန်းမကိစ္စ ပြဿနာ ဘာမှမရှိဘူးဆိုတာတော့ ညီမ ယုံပါ"

"ဒါဆို သူ အလုပ်အကိုင် ဘာမှ မယ်မယ်ရရ မရှိဘူးဆိုပြီးတော့ အပြင်မှာချည်းပဲ ရှိနေတာ ဘာဖြစ်လို့လဲ၊ ပြီးတော့.."

မျက်ထား က အခန်းထဲမှာ သူ့နေရာနဲ့သူ ရှိနေသည့် ပရိဘောဂတွေကို ဝေ့ကြည့်ကာ...

"မျက်ထား ကို ပြည့်စုံအောင်တော့ ထားထားပေးတယ်၊ အဲဒါ သူ ဘာတွေ လုပ်နေလို့လဲဟင်"

မကေ က ကြင်နာသည့်အပြုံးနှင့် ကြည့်နေပြီ တော်တော်နဲ့ မဖြေ..၊ စစ်ရိပ်ကင်း ဆိုတဲ့ ယောက်ျား ဘယ်လိုအရည်အချင်း ရှိသည်၊ ဘယ်လောက် ချမ်းသာသည်ဆိုတာ ဘာမှမသိရှာတဲ့ မိန်းကလေးပါလား..။

သူမကိုယ်တိုင် ကိုယ့်သူငယ်ချင်းဖြစ်ပေမယ့် ရိပ် ဘယ်လို အစီအစဉ်တွေနဲ့ မျက်ထား ကို ခုလိုထားမှန်း မသိခဲ့တော့...

"သူ ဥပဒေနဲ့မကင်းတာ ဘာမှမလုပ်ဘူး၊ ဘာလုပ်နေမှန်း မသိပေမယ့် ဒါကိုလည်း ယုံလိုက်ပါ ညီမရယ်.."





"မကေ ရယ် .. မျက်ထား သူနဲ့ မနေချင်တော့ပါဘူး၊ သူ..သူက မျက်ထား အပေါ်မှာ သံယောဇဉ်ဆိုတာ ဝေးလို့ စိတ်ဝင်စားမှုလေးတောင် မရှိခဲ့တာ မျက်ထား ခံစားမိတယ်၊ တကယ်တော့ မှားယွင်းခဲ့မိလို့ လက်ထပ်ဖြစ်ခဲ့ကြတာ.."

"ဖြစ်ခဲ့တဲ့အကြောင်းတွေကို ပြန်ရှာပြီး ဘာတွေ ဖြစ်လာမလဲလို့ ကြိုတွေးမနေပါနဲ့၊ သူ အခု ခရီးသွားနေလို့ပါ၊ ပြန်လာတဲ့အထိ စိတ်ကို အေးအေးလေးထားပြီး စောင့်ပါ မျက်ထား ရယ်နော် .. မင်းကို စောင့်ရှောက်ဖို့ တို့ကို သူ သေချာမှာသွားတာ၊ သံယောဇဉ်မရှိဘဲ ဖြစ်ပါ့မလား"

မျက်ထား ခေါင်းခါရင်း မျက်ရည်တွေ ဝေ့လာ၏။

"မကေ က မျက်ထား မှာ အားကိုးစရာမရှိဘူးဆိုတာ သိလို့ စာနာစိတ်နဲ့ နှစ်သိမ့်နေတာ၊ သူက အဲဒီ အားနည်းချက်ကို ပြောပြောပြီး အားရနေတဲ့သူ.."

"မဟုတ်တာ မျက်ထား ရယ်.. ခက်တော့တာပဲ"

"မခက်ပါဘူး.. မျက်ထား ဒီကထွက်သွားရမှ စိတ်ချမ်းသာမှာ၊ မျက်ထား လေ သူ့ပါးစပ်က ရင့်သီးတဲ့စကားလုံးတွေကို နားထောင်နေရတဲ့ ဆင်းရဲခြင်းထက်စာရင် တခြား ဘယ်လောက် ဆင်းရဲပစေ မကြောက်ဘူး"

"အဲဒါ သိလား.. မျက်ထား သူ့ကို အရမ်းချစ်နေတာ"

"ဟင့်အင်း.."

ခေါင်းခါလိုက်တာကိုကြည့်ပြီး မကေ က ရယ်ကာ တံခါးဆီ လျှောက်ထွက်သွား၏။

"ဟင့်အင်း လုပ်မနေပါနဲ့ ညီမ ရယ် .. ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါဦး၊ ကိုယ်ကလည်း ချစ်နေတယ်၊ သူ့မှာလည်း ကို့ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရမယ့်လူ မရှိဘူးဆိုရင် လောလောဆယ် ကိုယ်ချစ်သလို မချစ်သေးဘူး ထင်ပေမယ့် သည်းခံလိုက်ပါ၊ ရိပ် က အပြောဆိုးတာပဲ ရှိတာ၊ စိတ်ရင်း ကောင်းပါတယ်"

တံခါးဆွဲဖွင့်လိုက်ပြီးမှ မကေ က ခပ်လှုပ်လှုပ်လေး ပါလာသည့် မျက်ထား ကို ပြန်ကြည့်၍...

"ချစ်သူ ညားသူတွေကြားမှာ အသိုင်းအဝိုင်း ဂုဏ်စနစ်ဆိုတာ ရှေးအရင်ကတည်းက ခုချိန်ထိ ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ ရှိနေတုန်းပဲ၊ ညီမကို နှိမ့်ချချင်တာ မဟုတ်ပေမယ့် အရည်အချင်းရှိတဲ့ ယောကျ်ားကောင်းကိုရဖို့ ညီမဘက်မှာ မပြည့်စုံတာတွေ ရှိတယ်၊ ရိပ် က မိဘရှိနေသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူ့ဆုံးဖြတ်ချက်နဲ့ ကိုယ်ပိုင်ဘဝကို ထူထောင် ရပ်တည်နိုင်တဲ့ယောကျ်ား..၊ ပြောချင်တာကတော့ သူ့ဘက်မှာ ညီမတို့ ထူထောင်ခဲ့တဲ့ အိမ်ထောင်ရေးအပေါ် ဆိုးသည်ကောင်းသည် ဝေဖန်မယ့်လူ မရှိဘူးလေ၊ ညီမတို့ချင်း ကြင်နာကြဖို့လေးပဲ လိုတော့တာ၊ အဲဒါကို ညီမက သည်းခံနိုင်ရမှာပေါ့၊ ငါ မှားခဲ့တယ်ဆိုတဲ့ နောင်တတွေနဲ့ လုံးထွေး ပူလောင်နေမယ့်အစား မိန်းမပဲ ညီမရဲ့ .. ဖြစ်ချင်တာကို ရအောင် စည်းရုံးနိုင်ရမှာပေါ့၊ မဟုတ်ဘူးလား"

စည်းရုံးရမယ်..၊

မကေ ပြန်သွားတော့ မျက်ထား ဒါကို ရေရွတ်ရင်း နှုတ်ခမ်းလေး မဲ့သွားခဲ့သည်။ ကိုယ်က အချစ်ကို လိုချင်လို့ပေမယ့် သူက ဒီလိုထင်မှာ မဟုတ်..၊

"မင်းမှာ မြက်တစ်ပင်တောင် အားကိုးဖို့ မရှိဘူး"တဲ့..၊

"ဘယ်လိုမာနတွေနဲ့ ဒီက ထွက်သွားဖို့ ပြင်တာလဲ"တဲ့..၊

သူ့လိုလူကို အားကိုးချင်လွန်းလို့..၊ အားကိုးမဲ့မို့လို့သာ ကိုယ်က





သူထားတဲ့ဘဝမှာ ကြိုးတစ်စလို နေခဲ့တာမျိုး..၊

နိုင်ပြီးရင်း နိုင်ချင်သည်၊ ရက်ရက်စက်စက် စကားလုံးတွေ ပြောပြီးရင်း ပြော၏။ ဒီနေ့ထိလည်း သူမ မာနကြီး မပြနိုင်သေးပါလား..။

မျက်ထား သူ့ကို စိတ်နာထွက်ခွာဖို့ စဉ်းစားတိုင်း ကိုယ့်အပြစ်တွေ လို့ပဲ ပုံချမိသည်။ ပေးဆပ်လိုခြင်းတွေသာ အဖြေထွက် ကျန်ရစ်၏။

တကယ်လည်း သူမဘဝက အထင်ကြီးဖွယ်မှ မရှိခဲ့ဘဲ..၊ မကျန်းမာသည့်မိန်းမကို သုံးရက်အထိ ထားရစ်ခဲ့ပြီး ဘယ်နေ့မှ ပြန်လာမည်မှန်း မသိဘဲ သူမ နားလည်ဖို့ ကြိုးစားရဦးမည်။

ဆက်တီမှာ ငုတ်တုတ်ထိုင်ရင်း နာရီမော့ကြည့်တော့ ကိုးနာရီခွဲနေပြီဖြစ်သည်။ မအိပ်ချင်ဘဲ အိပ်ရာထဲ လှဲမနေတတ်သည်မို့ တံခါးတွေ လိုက်စစ်လိုက်၊ ရှင်းစရာမရှိသည့် ဗီရိုကို ပြန်ဖွင့်၊ ပြန်ရှင်း..၊

ထိုစဉ်...

"ဂျောင်း.."

ဘာဂျာတံခါးမှာ ခတ်ထားသည့်သော့ကို ကိုင်ရိုက်ပစ်လိုက်သလို ညဉ့်နက်နေမှ အသံက အကျယ်ကြီး ဖြစ်သွား၏။

မျက်ထား ထိတ်ခနဲ ဖြစ်သွားသည်။

"မကေ လား.."

သော့က ဆက်လက် လှုပ်နေဆဲဖြစ်ကာ တုံ့ပြန်သံ မကြားရ..၊ မေးသာမေးရပေမယ့် မကေ က ညပိုင်းဆို ထွက်သွားပြီးတာနှင့် ပြန်မလာတတ်ပေ..။

"ဂျက် .. ဂျက်"

အသံတွေ မရပ်သဖြင့် မျက်ထား နေရာမှထကာ တံခါးဆီ တိုးလာခဲ့မိ၏။

သူ ပြန်လာတာလား..၊ သူ ပြန်လာတိုင်း မျက်ထား တံခါးဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ရတာ မဟုတ်ပါ၊ အထဲက ကျွန်းတံခါးကို သော့ခ်မချဘဲ ထား လိုက်ရုံနှင့် ဘာဂျာတံခါးကို သူ့ဟာသူ ဖွင့်ပြီး ဝင်လာကာပဲ ဖြစ်သည်။

အခုက အထဲကတံခါးကိုပါ သော့ခ်ချထားပြီးပြီမို့ ဖွင့်ကြည့်ရ ခက်၊ ဒီတိုင်း နားထောင်နေရမလား စဉ်းစားရင်း သော့ခ်ကို ဆုပ်ကိုင် ထားလျက် ငြိမ်သက်နေမိ၏။

"တောက် .."

"ဂျိမ်း .. ဂျောင်း .."

တက်ခေါက်သံနှင့် တံခါးကို ဆွဲခါပစ်လိုက်သံ ထပ်တူ ကြား လိုက်ရပြီး...

"မျက်ထား .. မျက်ထားညို .."

"ဟင်!..."

ထူးလိုက်တာ မဟုတ်ဘဲ မယုံနိုင်သလို ဟင်ခနဲ ဖြစ်သွား၏။ ကြားလိုက်တာ အရိပ် ရဲ့အသံမှန်း သိသည်။ ဒါပေမယ့် တစ်ခုခု ဝေဒနာ ခံစားနေရတာမျိုးလား..။

အသံက လေးဖင့်ကာ အာလေးလျှာလေး..၊

"မျက်ထားညို .. ဟော့ .."

"ဂျိမ်း .."

မျက်ထား တံခါးကို ကမန်းကတန်း ဆွဲဖွင့်လိုက်၏။ အထဲက မီးရောင်နှင့် လေ့ကားထိပ်က အပြင်မီးရောင်အောက်မှာ အရိပ် က တံခါးမှာ ပခုံးတစ်ဖက်နဲ့ မှီလျက်...

"မင်း ဘာလုပ်နေတာလဲကွာ .. ဂျွတ်!..."

"ရှင် ဘာဖြစ်လာတာလဲ"

"သောက်တာ များလာလို့.."

ဪ...





မျက်ထား ခုမှ သက်ပြင်းချနိုင်ကာ...

"ရှင့်မှာ သော့ ပါမလာဘူးလား၊ နေဦးနော် .. ခဏလေး .."

သော့ပြန်ယူဖို့ မှည့်လိုက်တော့ သူက သော့ခလောက်ကို အသံ မြည်အောင် ရိုက်ပုတ်လိုက်ကာ...

"ပေ့.."

"ဟင်.."

"ရော့ .. ဒီမှာ သော့"

သော့ကို ကိုင်ပြရတာတောင် လက်ကို မမြှောက်ချင်သလို ချက် ချင်း တွဲလွဲကျသွားပြီး...

"မျက်လုံးတွေ ဝေနေတယ်ကွ၊ နှစ်ရက်လုံး လုံးဝ မနားရသေး ဘူး၊ အဲဒီသော့ကို အဆင်ပြေအောင် မဖွင့်နိုင်တော့ဘူး"

နောက်တစ်ခါ လက်မြှောက်လာပြီး သော့ကိုပေးတော့ တံခါး ကြားထဲကနေ လက်လျှိုယူပြီး မျက်ထား ဖွင့်ပေးလိုက်ရသည်။

လည်ကပ်ဆွယ်တာအဖြူက ထင်းနေကာ လယ်သာဂျာကင် အနက်၊ ဘောင်းဘီရှည်အနက်နှင့် အရိပ် ပုံစံက ယိုင်နဲ့နဲ့ဖြစ်နေတာ တောင် ကြည့်ကောင်းနေဆဲ..။

"ဟား!... မသောက်ဖူးတာလည်း မဟုတ်ဘဲနဲ့ကွာ.."

သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်နေပုံနှင့် ဖွင့်ပေးလိုက်သည့် တံခါးကို ပခုံးနဲ့ ဖိကပ်တိုက်၍ ဝင်လာသည်။

"တကယ့်ပဲ အသည်းကျွမ်းအောင် စွဲနေတဲ့ ဂါရင့်အရက်သမား ကြီးလို သော့ဖွင့်တာ လက်တွေ တုန်နေတယ်၊ ဟွန်း .. ရယ်ရတယ်"

"အို .. လဲကျန်တော့မှာပဲ"

မှီလိုက်မည်မထင်တော့ အမှတ်တမဲ့ လှည့်ထွက်လိုက်မိသည်။ နောက်ကနေ သိမ်းကျုံးဖက်ပြီး မှီပစ်လိုက်သဖြင့် ကဲကောင်းလို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံး မလဲခြင်း ဖြစ်သည်။

"မင်းက ဘာဖြစ်တာလဲ..၊ ကိုယ့်ယောက်ျား မူးပြီးပြန်လာတာကို နည်းနည်းပါးပါး တွဲခေါ်ဖို့ မစဉ်းစားဘူးလား"

"ရှင်က..."

စကားပြောဖို့ နောက်ကို လည်ပင်းလေးလိမ်၍ မော့လိုက်ပေမယ့် ဘာမှမပြောဖြစ်တော့ဘဲ မွှေမူးစေသည့်အနမ်းများကြောင့် မျက်ထား ဆယ့်ခြောက်နှစ်သမီးလေးလို ရင်တွေ ဗရမ်းဗတာခုန်လျက် သူ့ရင်ခွင် ထဲမှာ...

"ကိုယ် ဘယ်မှာဖြစ်ဖြစ် ထိုးအိပ်ပစ်လိုက်လို့ ရတယ် သိလား၊ ဒါပေမယ့် မင်းဆီကိုပဲ ပြန်ချင်နေလို့.."

စကားတွေ တိုးလျှစွာဆိုရင်း သူ့အကျင့်အတိုင်း ပခုံးလေးတွေ ကိုင်ကာ မျက်နှာချင်းဆိုင် လှည့်ယူလိုက်သည်။ ပြီးတော့ မျက်ထား မျက်နှာလေးကို မျက်တောင်ဖျားတွေ စင်းကျလျက် လေးလံနေပုံရသည့် မျက်ခွံမှေးမှေးနှင့် ငေးကြည့်သည်။

သူမကတော့ ဒီနေ့ကျမှ ဘာလို့ ရှက်နေတာလဲ..၊

ကိုယ်ဝန်ရှိနေတုန်းက ကိုယ်ဝန်ကြောင့် ပတ်သက်ခဲ့ကြသည်ဆိုသော စိမ်းသက်မှုကြောင့်လား..၊ ခုချိန်မှာ ပထမဆုံး ရည်းစားနှင့် ချိန်းတွေ့ဖူးသည့် မိန်းမငယ်လေးလို..၊

"ဘယ်ကိုလဲ.."

မျက်ထား သူ့အကြည့်တွေအောက်က ရုန်းထွက်ပြေးဖို့ ကြိုးစား၏။ အရိပ် က အတင်းဆွဲချုပ်ပြီး ဖက်ထားလျက်...

"မင်းကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ဖက်ထားလိုက်ပြီဆိုရင် ကိုယ် လေ .. ကိုယ် ဘာဖြစ်သွားမှန်း မသိဘူး"

မူးနေသည်ဆိုပေမယ့် သူ့ရဲ့ ချုပ်ကိုင်မှုတွေက ကြံ့ခိုင် သန်မာနေ





သည်။ သော့တောင် ဖွင့်မရအောင် မူးနေသည့်လူက အရက်သမားလို ကျိုးထိုးတာ၊ ရုပ်ပျက်ဆင်းပျက် စကားမမီလောက်တဲ့အထိ ဖြစ်တာမျိုး လည်း မရှိ..၊

မျက်ထား ပခုံးလေးကို ဖက်လည်း ဖက်ထားသည်။ မှီလည်း မှီကာ အိပ်ခန်းဆီကို လျှောက်လာတော့ သူ ယိုင်သွားတိုင်း မျက်ထား လိုက်ယိုင်ကာ သူ့ပဲ ပခုံးကို ပြန်ဆွဲထားပြီး ထိန်းနေသေး၏။

"ရှင် တန်းလှဲမချနဲ့လေ .. ခဏထိုင်ဦး၊ အင်္ကျီနဲ့ ဖိနပ်တွေ ချွတ်ရဦးမှာ"

ထိုင်ဦးဆိုတော့ ထိုင်သည်၊ ဖိနပ်ချွတ်ပေးပြီး အပြင်တံခါးနားမှာ သွားထားလိုက်၏။ ပြန်လာတော့ အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ်ကြီး လှဲနေလျက် နဖူးပေါ် လက်တင်၍ ငြိမ်သက်နေ၏။

ကျာကင်မချွတ်ဘဲ ဒီတိုင်း အိပ်နေပြီမို့ မျက်ထား သက်ပြင်းချကာ ခုတင်အောက်ကျနေသည့် သူ့ခြေထောက်တွေကို သာသာလေး 'မ'ပြီး အပေါ်တင်ပေးလိုက်သည်။

ခြေရင်းဘက်ကို ဆန့်ထားသလိုဖြစ်အောင် သူနိုးမှာလည်း စိုးကာ ခြေထောက်နှစ်ချောင်းကို ချွေးပြန်အောင် ရွှေ့နေရ၏။

မချိမဆန့်မြင့်မားနေသည့် အရပ်ကြီးက ခုတင်ပေါ်မှာ ဘယ်လို ပြင်ပြင် ပုံပန်းတကျ မဖြစ်..၊

နောက်ထပ် ဟိုဘက်ကသွားပြီး သူ့ခေါင်းကို ခေါင်းရင်းဘက် ရောက်အောင် 'မ'ရွှေ့နေသည့်နောက်မှာ စည်းထားသည့်ဆံပင်တွေ သူ့မျက်နှာပေါ် ပြိုကျသွားသဖြင့်...

"ဟင်!..."

"အား.."

သူ့လက်တစ်ဖက် ဖျတ်ခနဲ လှုပ်ရှားသွားကာ မျက်ထား ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖမ်းဆုပ်လိုက်တော့ ဆောင့်ဆွဲလိုက်သလို ဖြစ်သွား၏။

"မျက်ထား .. ဆောရီး"

သူ့ပါ အမူးတွေဘာတွေ ပြေသွားသလား မသိ၊ ဆံပင်ကို ကမန်းကတန်း လွှတ်၍ လက်ကို ပြန်ဆွဲထားကာ...

"အရမ်းနာသွားလား"

"ရပါတယ် .. မျက်ထား ရှင့်ကို ခေါင်းအုံးပေါ် ရွှေ့မလို့ လုပ်နေတာ"

"ဟုတ်လား"

သူ့ဖာသာ ခေါင်းအုံးပေါ် တိုးရွှေ့လိုက်ကာ နဖူးက ဆံပင်တွေကို လက်တစ်ဖက်နဲ့ သိမ်းတင်လိုက်ရင်း...

"ကိုယ် အရမ်း ပင်ပန်းလာတာ၊ ခရီးလည်း ပန်း၊ စိတ်ကလည်း မကြည်တာနဲ့ အိမ်မှာပဲ ဝင်မှေးပစ်လိုက်တာ များသွားတယ်"

"ဘယ်အိမ်မှာလဲ.."

မျက်ထား ရုတ်တရက် မေးလိုက်တော့ သူ အံ့ဩသလို ဖြစ်သွားလျက်...

"ဩော် ... အသိအိမ်မှာပါ၊ မင်းက ဘာလို့ မအိပ်သေးတာလဲ၊ ကိုယ့်ကို စောင့်နေတာလား"

"မဟုတ်ပါဘူး.. ရှင် ဘယ်နေ့ပြန်လာမယ်မှန်း မျက်ထား မှ မသိတာ၊ မအိပ်ချင်သေးလို့ ထိုင်နေတာ၊ ရှင် ပင်ပန်းလာရင် အိပ်လေ၊ တစ်ခုခု စားဦးမလား"

ကိုင်ထားသည့်လက်ကို ရုန်းနေတော့ သူက ပို၍ ဖိဆုပ်ထားကာ...

"ဒီအချိန်ကြီး ကိုယ်က ဘာစားရဦးမှာလဲ"

"မသိဘူးလေ.."

"မျက်ထား.."





မျက်လုံးချင်းဆုံသွားတော့ သူ့မျက်ဝန်းတွေမှာ မရှိခဲ့ဖူးသည့် ကြည်စင်သော နူးညံ့မှုများနှင့် ဖြစ်နေကာ...

"မင်းနဲ့ ကိုယ် စတွေ့တုန်းက မင်းပုံစံ ဒီလိုမဟုတ်ဘူး၊ တစ်ခါမှ မသိမမြင်ဖူးခဲ့တဲ့ကောင်ကိုတောင် စကားပြောတာ ရင်းနှီးတယ်၊ ချစ်ဖို့ကောင်းတယ်"

"အဲဒီတုန်းက ရှင်က ကျွန်မကျွေးတာကို စားနေရတဲ့လူလေ"

"ဩော်..."

သူက ငေါ့နေတာလား .. အတည်လားတော့ မသိ..၊

ရုန်းနေလည်း လွှတ်မြောက်ခြင်းမရှိသည့် လက်တစ်ဖက်ကြောင့် ဆောင့်ရုန်းမိရင်း မျက်ထား စကားသံလေးဗျ ဒေါပါလာ၏။

"အခု ကျွန်မက ရှင် ထားသလို နေ၊ ပေးတာ ယူ၊ ကျွေးတာ စားရတဲ့ဘဝ.."

"ဒါကြောင့် ဆက်ဆံရေး ကြတာလား"

သူ့မျက်နှာမှာ မထိတထိ မဲ့ပြုံးတွေ ပြန်ပေါ်လာသည်။ ပြီးတော့ လက်ဖဝါးလေးကို ဆုပ်ဆွဲရာကနေ တစ်ကိုယ်လုံး ပြိုကျသွားအောင် ဖိဆွဲပစ်လိုက်၏။

မျက်ထား သူ့ရဲ့ရင်ဘတ်ပေါ် ကုန်းကုန်းကွကွလေး ကျသွားသည်။ ပြန်ရုန်းချိန် မရလိုက်ဘဲ ခါးကို သိမ်းဖက်ထားလိုက်ကာ...

"အခု မင်းကျွေးတာ ကိုယ် စားမယ်၊ ဘာကျွေးမှာလဲ ပြော.."

"ရှင်နော်.."

မျက်ထား ဆံပင်တွေ စည်းထားတာကလည်း ပြေကျသွားပြီဖြစ်ကာ သူ့မျက်နှာရှေ့မှာ မျက်နှာချင်းက ထိကပ်မိတော့မည်။

ဆံပင်ရှည်တွေက သူ့ရင်ဘတ်နဲ့ လည်ပင်းတွေကြားထဲထိ ရှုပ်ပြုကျလျက်...



www.burmeseclassic.com

www.burmeseclassic.com



"မျက်ထား မနေတတ်ဘူး၊ လွှတ်ပါ"

"မင်း အရမ်းလှတာပဲ"

ပန်းရင့်ရောင်သမ်းနေသည့် မျက်နှာလေးကို စူးစိုက်ကြည့်ရင်း ဆံပင်ရှည်တွေကို ဆွဲကိုင်လိုက်၊ ဆော့နေမိလိုက်နှင့်...

"ပြောလေ .. မင်းရဲ့ အရင်တုန်းကပုံစံလေး ကိုယ် မြင်ချင်တယ်၊ အဲဒီတုန်းကပြောတဲ့ စကားသံတွေနဲ့ ပြန်ပြော.."

"ဟင့်အင်း"

"မင်းကျွေးတာကို စားရမယ့်ဘဝ အခုရောက်သွားပြီကွာ၊ ပြော.."

"ရှင်နော်.. ပြီးခဲ့တာတွေကို တစ်ကပြန်စပြီး အရက်သမားလို ရစ်နေတာ"

"မင်းပဲ ဟိုတုန်းက မင်းကျွေးတာ စားခဲ့လို့ ပြောရဲတာဆို.. အခု စားမယ်"

"မသိဘူး .. သွား .."

"မကျွေးချင်ဘူးလား"

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ကိုယ်လည်း မသိဘူး"

ခါးလေးကိုဖက်၍ သားကို စောင်းလှဲလိုက်တော့ မျက်ထား အိပ်ရာပေါ်ကို ဆင်းသက်ခွင့်ရသွားသည်။ ဒါပေမယ့်...

ရင်ခုန်သံများနဲ့ အိပ်စက်ရသည့် ည..။





## အခန်း [ ၂၆ ]

"ဘာရှိလဲ မျက်ထား"

အပြင်က စကားပြောသံတွေ ကြားလိုက်သဖြင့် ဟင်းအိုးလက်စကို ကမန်းကတန်း ပြင်နေတုန်း အရိပ် ဝင်လာ၏။

မျက်ထား နောက်မှာ ရပ်လိုက်ပြီး စည်းချထားသည့် ဆံပင်တွေကို လည်ဂုတ်ကနေ တဆုံးထိ ဆွဲကိုင်သည်။ ပြီးမှ...

"သူဌေး ပါလာတယ်၊ တစ်ယောက်က ကိုယ့်အလုပ်ရှင် သူဌေး၊ တစ်ယောက်က စင်ကာပူက ရောက်နေတဲ့ ကိုယ်စားလှယ်၊ မြန်မာပါပဲ၊ တကယ့် ဒိတ်ဒိတ်ကျဲတွေ၊ ဧည့်ခံဖို့ တစ်ခုခု လုပ်ပေးပါလား"

သူဌေးဆိုတာတွေကို ရှုတ်ပြပြီးမှ ဧည့်ခံဖို့ စီစဉ်ခိုင်းသည်။ သူ့ရဲ့ အလုပ်ရှင်ဆိုတာ သူ ဘာလုပ်နေမှန်း သိရင်တော့ တစ်မျိုးပေါ့..၊

ခုတော့ ဘယ်လို အလုပ်ရှင် သူဌေးမှန်းလည်း မသိ၊ ဒါပေမယ့် သူမ မမေးပါ..။

"ရှိတော့ ရှိတယ်၊ ရတယ်လေ.. ကျွန်မ ဖွယ်ဖွယ်ရာရာ ဖြစ်အောင် လုပ်ပေးပါ့မယ်၊ အရက်တွေဘာတွေ သောက်ကြမှာလား"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ထား မော့ကြည့်တာကို ပြန်ငုံ့ကြည့်ကာ...

"သောက်မှာပေါ့.. အပြင်က တစ်ခါတည်း ဝယ်ခဲ့တာ၊ မင်း မပူပါနဲ့၊ သူတို့က လူကြီးလူကောင်းတွေပါ၊ ကိုယ့်အသက်လောက် မင်းသားနဲ့တူအောင် ချောတဲ့လူက ကိုယ့်သူဌေး .. မင်း ဂရုစိုက် ဆက်ဆံဖို့ ပြောတာ.."

"မျက်ထား က အပြင်ထွက်လာမှာမှ မဟုတ်ဘဲ"

"မထွက်လို့ ရမလားကွ၊ အဲဒါ ပြောတာပဲ.. ဒီအိမ်မှာ နေခွင့်ရ တာ သူဌေးကျေးဇူးကြောင့်၊ မင်းက ငါ့မိန်းမဖြစ်ပြီး ထွက်မတွေ့ရင် ဘယ်လိုပုံစံ ဖြစ်သွားမလဲ"

သူပဲပြောပြီး စကားမဆုံးခင် ဒေါကန်ပြီး လှည့်ထွက်သွား၏။ မျက်ထား စိတ်တိုချိန် မရပါ..၊ သူပြောတာလည်း အမှန်ပဲမို့ ရေခဲ သေတ္တာထဲမှာရှိသမျှ ဟင်းချက်ဖွယ်တွေကို သွားထုတ်ရတော့သည်။

အပြင်ကိုထွက်လိုက်တာနှင့် အိပ်ခန်းလုပ်ထားသည့်နေရာက လှ ၍ ရှေ့ဝရန်တာထိ တိုက်ရိုက်မြင်နေရသဖြင့် စကားသံတွေ မသိမသာ တိုးလျှသွား၏။ ရေခဲသေတ္တာရှေ့မှာ ပုဆစ်တုပ်လေးထိုင်ချပြီး အသား ငါးနဲ့ ဟင်းရွက်တွေ ထုတ်ယူနေသည့် မျက်ထား ဆီ မျက်လုံးတွေ စုပြုံ ရောက်လာကြ၏။

လှည့်မကြည့်ပေမယ့် ကိုယ့်ကို ကြည့်နေကြပြီမှန်း သူမ ခံစား နေသည်။ မီးဖိုခန်းကလွဲပြီး အိပ်ခန်းထဲမှ ဝင်မနေလျှင် အကာအ မဲ့နေသော တိုက်ခန်းလေးထဲကို ယောကျ်ားတွေ ဘာဖြစ်လို့ ခေါ်လာ တာလဲ..၊

လူကြီးလူကောင်းတွေကို ကျွေးမွေးဧည့်ခံတာ စားသောက်ဆိုင် တွေ၊ ဟိုတယ်လ်တွေမှာပဲ ပြည့်စုံမှာပေါ့။ သူ့အလုပ်အကိုင်ကို အ တုန်းကတော့ ဘာမှပေးမသိခဲ့ဘဲ အလုပ်ရှင်ဆိုတာကြီးကို ပြန်းခ





ခေါ်ချလာသည်။

အရက်နဲ့ သောက်စားမြည်းဖို့ ကြော်လိုက်ချက်လိုက်နှင့် အလုပ် ရှုပ်နေရင်း အရိပ် ကို နားမလည်နိုင်ဘဲ အပြစ်တင်နေမိသည်။

"တစ်ခုခု မရသေးဘူးလား မျက်ထား .. ယူခဲ့ကွာ.."

အရိပ် လှမ်းအော်တော့ အားလုံး ကျက်နေပြီဖြစ်သည်။ မျက်ထား ကိုယ့်ကိုယ်ကိုယ်တောင် အပြေအပြစ် ပြုမနေနိုင်ဘဲ ဇန်းထဲမှာ ဟင်း နှစ်မျိုးစီ ခွဲသယ်ပေးခဲ့၏။ ဂရုတစိုက်ကြည့်တာ မဟုတ်ပေမယ့် စူးစိုက် ကြည့်နေသည့် မျက်လုံးတစ်စုံကို မျက်ထား ပြန်ကြည့်မိလျက်သား ဖြစ်သွား၏။

စားပွဲပေါ်ချတော့မည့်ဇန်းက ခဏ တုံ့ခနဲဖြစ်သွားသည်။ အလုပ် ရှင် သူဌေးတဲ့..၊ အရိပ် ထက် လူကောင်သေးသည်၊ အနေတော် အရပ် လောက်နှင့် လူပုံက ခပ်ရွှံ့ရွှံ့၊ မှုန်နေသည့် မျက်နှာကတော့ ထင်းနေ သည့် မျက်ခုံး၊ ပုံကျ၍ နုရဲနေသော နှုတ်ခမ်းများနှင့် နှာတံချွန်ချွန် ကြောင့် မင်းသား ရှုံးလောက်ပါ၏။

သူ ချောလို့ မျက်ထား ငေးသွားတာ မဟုတ်ပါ။ လူကိုကြည့်နေ သည့် မျက်လုံးတွေက ဂရုတစိုက်ကြီး စူးရဲနေတာကြောင့် အံ့သြသွား တာ ဖြစ်သည်။ ပြီးတော့ ရှက်မိသလိုလို ဒေါသဖြစ်သွားသလိုလို..၊ ငါ့လက်အောက်ကလူရဲ့မိန်းမပဲဆိုပြီး ဒီလို ကြည့်ရဲတာလား..။

ဟင်းပန်းကန်တွေကို ချခဲ့ပြီး လှည့်ထွက်လာတော့ ကိုယ့်ရဲ့ နောက်ကျောကို ကြည့်နေသည့်အသံနှင့် စကားသံတွေ ကပ်ပါလာ၏။

"မင်းရဲ့ပေါ့လျော့မှုအတွက် ဒီတစ်ခါတော့ ငါ ခွင့်လွှတ်လို့မရ တော့ဘူးဆိုပြီး လုံးဝ တောင်းပန်မခံဖို့ ဆုံးဖြတ်ထားတာ၊ လက်စသတ် တော့ မင်းက အိမ်ရှိလူကုန်ပြပြီး ငါ့ကို သနားခံဖို့ စီစဉ်တာပဲကွ"

"လင်မယားနှစ်ယောက်ပဲ ရှိတာပါ သူဌေးရယ် .. သနားခံတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ.."

"ဒါ သူဌေးရဲ့ပိုင်နက်ပဲဟာ၊ ခုပဲ မင်းတို့လင်မယား သွားတော့ဆိုရင် ကျွန်တော်တို့က သွားရမှာပါ"

"လုပ်ပါ .. ပြောပါ၊ မင်းရဲ့တော်ကီတွေ ပြေးပါတယ်"

စကားသံတွေကြောင့် မျက်ထား ခြေလှမ်းတွေ နှေးကျသွား၏။ သူ ဘာအပြစ်လုပ်ခဲ့တာလဲ..၊

ဟိုနေ့ညက သောက်စားပြန်လာပြီး ပင်ပန်းတယ်၊ စိတ်ညစ်တယ်ဆိုတာ ဒီအလုပ်မှာ မှားယွင်းခဲ့လို့လား..၊ သူ့လိုလူက ကြောက်ရမယ့်သူ ရှိနေသေးတယ်ဆိုတာကိုတော့ အံ့ဩချင်၏။

"မျက်ထား မကုန်သေးဘူးလား"

အရိပ် ဝင်လာတော့ မျက်ထား ဘေစင်မှာ အိုးခွက်တွေ ဆေးနေတာ ဖြစ်၏။

"ဘာလုပ်မလို့လဲ.."

"သူဌေးနဲ့ မိတ်ဆက်ပေးမလို့.."

"မဆက်ချင်ပါဘူး .. မျက်ထား အဲဒီလိုလူတွေနဲ့ ပြောဆိုဖို့အထိလည်း မပေါက်ရောက်ဘူး"

"ဟား .. မင်း ကိုယ့်ကိုယ်ကိုယ် နှိမ့်ချနေတာလား၊ မာနကြီးနေတာလား"

"ရှင်ကရော ခုမှ ဘာဖြစ်လို့ ကျွန်မကို ဆွဲထုတ်ချင်နေတာလဲ၊ ကိုယ့်ဖာသာကိုယ် အေးဆေးနေပါရစေ"

"မနေရဘူး.. မင်းကိုမြင်မှ သူဌေးက ကရုဏာသက်ပြီး ငါ့အပြစ်ကို ခွင့်လွှတ်ပေးလိုက်တာ၊ မင်းကလည်း စုတ်စုတ်ပြတ်ပြတ်လေးဆိုတော့ သနားသွားတာ ဖြစ်မှာပေါ့၊ လာနော် .. ငါ ထပ်မခေါ်တော့ဘူး"





ခြိမ်းခြောက်သလိုပြောပြီး လှည့်ထွက်သွား၏။ စုတ်စုတ်ပြတ်ပြတ်လေးဆိုတာ မှန်ပေမယ့် အဲဒါ သနားသွားတာ မဟုတ်ဘူး၊ ရှင်သိရဲ့လား..။

စုတ်ပြတ်နေတာကို စိတ်ကူးယဉ်သွားတာ..၊ မျက်ထား လက်နှစ်ဖက် တွဲလွဲချလျက်နှင့် ဒီတိုင်း အကြာကြီး ရပ်နေမိသည်။ မသွားလို့လည်း ရမှာမဟုတ်တော့ လက်ကို ထပ်ဆေးပြီး ထွက်လာခဲ့၏။

"ကျွန်တော့်မိန်းမလေ .. လက်ထပ်ထားကြတာ မကြာသေးဘူး၊ မျက်ထားသို တဲ့"

အရိပ် က မျက်ထား လက်ကလေးကို သူ့ဘေးဆွဲယူပြီး မိတ်ဆက်ပေးသည်။

"မျက်ထား .. ဒါ ကိုယ့်သူဌေး ဦးကျော်မော်အောင် တဲ့၊ အလုပ်တွေကို ဦးဆောင်နိုင်လို့သာ ဦးတပ်ခေါ်နေကြတာ၊ သူဌေးက ကိုယ့်ထက် အသက်ငယ်တယ်၊ သူဌေးကြီး ကျန်းမာရေးမကောင်းလို့ နိုင်ငံခြားက ပြန်လာပြီး သူဌေးကြီးနေရာမှာ ဝင်ဦးစီးတာပေါ့"

"ဟုတ်ကဲ့"

ပြုံးနေသည့်မျက်နှာကို ဖျတ်ခနဲ ငေ့ကြည့်ပြီး မျက်ထား မျက်လွှာချပစ်သည်။

"မျက်ထားသို ဟုတ်လား.."

မျက်ထား မျက်လုံးတွေ ပြန်တက်မသွားမချင်း စောင့်နေကာ မျက်လုံးချင်း ဆုံလိုက်ကာမှ သွားတွေပေါ်အောင် ရယ်ပြ၏။ ဘယ်လိုနေနေ ချောမွေ့နေသည့် နှုတ်ခမ်းများနှင့် ညှို့နေသလိုပင်..။

"မျက်ထားသို ဆိုပေမယ့် မင်းမျက်နှာကတော့ လုံးဝ ဖြူစင်ပြီး မြင်လိုက်တာနဲ့ ရင်ထဲကို လန်းသွားစေတဲ့ မျက်နှာမျိုးပါလား"

မျက်ထား ပြုံးဖို့ကြိုးစားပေမယ့် မအောင်မြင်၊ အရိပ် ရဲ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ဘယ်လိုထားရမှန်းမသိအောင် ရှိုင်းစိုင်းစွာကြည့်နေတာကို မတုံ့ပြန်နိုင်ရင်တောင် ဒီနားမှာ မနေချင်တော့ပါ..။

"မျက်ထား.. သူက စင်ကာပူက ကိုယ်စားလှယ်၊ ဟိုအရင်က ကားတွေလုပ်တာ၊ အခုတော့ ကုမ္ပဏီပြောင်းတာနဲ့ ကမ္ဘာ့စီးပွားရေး ဈေးကွက်ကို လေ့လာရင်း သူဌေးဆီကို ရောက်လာတုန်း နားနေတာပေါ့၊ နာမည်က ဦးမြတ်မင်း တဲ့"

အသက်ကတော့ လေးဆယ်လောက် ရှိနိုင်၏။ သူကတော့ မျက်ထား ကို အထင်မြင်သေးသလို အကဲခတ်သည့်အကြည့်နှင့် ပြုံးရုံပဲ ပြုံးပြ၏။

"စားစရာတွေက လက်ရာ ရှယ်ပဲ၊ ဘာတွေလဲ ပြောပြပါဦး"

သူဌေးက ရင်းနှီးဖို့ ကြိုးစားတာမျိုး..၊ ထွက်သွားဖို့ ခြေလှမ်းပြင်နေသည့် မျက်ထား ကို တားဆီးသည့်မေးခွန်းရေတွ ထုတ်လာ၏။ မဖြေချင်ပေမယ့် မတတ်နိုင်..။

"ဖြုန်းခနဲဆိုတော့လေ အသားက ပုစွန်နဲ့ ကြက်သားပဲ ရှိတာ"

"ဟုတ်တာပေါ့.. အားနာစရာ"

အဲဒါ မျက်ထား ချွေတာစားရင် တစ်ပတ်စာပဲဆိုတာ ထည့်ပြောချင်လို့ လည်ချောင်းထဲမှာ ယားနေ၏။ သူဌေးကတော့ လူပုံက ရည်မွန်ရည်ပန်းနှင့် ဖော်လိုတွေ ကောင်းနေသည်။

"ဒါက ပုစွန်အသားကိုထောင်းပြီး ဂျုံနဲ့ဘဲဥ မံပြီး ပေါင်းထားတာ၊ ကြော်လိုက်ရင် မနူးညံ့တော့ စားမကောင်းမှာစိုးလို့"

"ဟုတ်တယ် .. အဲဒါ တော်တော် စားကောင်းတာ"

"ဒီဘက်က ပုစွန်တုပ်ကို အပေါ်လေးတွေ ခြောက်သွားအောင် မီးကင်ပြီး အစပ်ရယ် .. အချဉ်ရယ်.. အချိုလေး နည်းနည်း ဖျန်းထားတာ"

"ဩော်.."





"ကြက်သားကြော်ကတော့ ဆော့လေး နည်းနည်းပဲ တင်ထားတာပါ၊ အစိမ်းကြော်ကလည်း အခတ်မရှိလို့ ပဲပြားနဲ့ ဘဲဥလေးပဲ ထည့်ထားရတာ.."

"ရှယ်ပါပဲဗျာ .. မျက်ထား လက်ရာ အရမ်းကောင်းနေပါပြီ၊ ကဲ .. ရိုပ် .. မင်းကို ငါ လုံး၀ အေးဆေးခွင့် ပေးလိုက်ပြီ၊ အဲဒါ မျက်ထား ကြောင့်နော်၊ ငါ နောက်ထပ် ဒီလက်ရာတွေ စားချင်တယ် ပြောရင် မင်း အဆင်သင့်ဖြစ်နေရမှာ.."

ရိုပ် က ရယ်နေပြီး ခေါင်းညိတ်သည်။ စောစောကလို သွက်သွက်လက်လက်မရှိတော့သည့် ရိုပ် ကို မျက်ထား ကြည့်လိုက်တော့ မျက်ခုံးတွေ မသိမသာ တွန့်နေ၏။

ဒီလောက် သိသာနေတဲ့ အမူအရာတွေကို ယောကျ်ားချင်းက ပိုသိမှာပေါ့..၊ မျက်ထား ရှက်လွန်းလို့ လှည့်ထွက်လာခဲ့တာ ခြေထောက်နဲ့ ကြမ်းပြင် ထိသည်မထင်..၊

"လှလိုက်တာလို့ မဆိုနိုင်ပေမယ့် ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးပဲ၊ မင်း ကံကောင်းတယ် ရိုပ် .. ငါ နိုင်ငံတကာ လှည့်ခဲ့ဖူးတယ်၊ အရမ်းလှတာတွေနဲ့ မျက်ထား ပုံစံလေးက ကွာတယ်"

သူဌေးပဲဆိုတဲ့ ပါ၀ါနဲ့ ပြောသင့်တာ၊ မပြောသင့်တာတွေ ထည့်တွက်ဖို့ မလိုတော့ဘူး ထင်နေတာလား..၊

ပြန်သွားကြတဲ့အထိ မျက်ထား အကြောင်းတွေပဲ ပြောသွားကြ၏။ အရိုပ် က ပြန်လိုက်ပို့တာဖြစ်ကာ မျက်ထား ရေချိုး သနပ်ခါးလိမ်းပြီးတဲ့အထိ ပြန်မလာ..၊

စိတ်ထဲမှာ လေးနေသဖြင့် သူမကိုယ်တိုင် အရိုပ် ကို မျက်နှာချင်းဆိုင်ရမှာ ၀န်လေးနေ၏။ ထို့ကြောင့် ခုတင်ပေါ်မှာပဲ ထိုင်ကာ ခေါင်းလျှော်ပြီး ဒီတိုင်းလိပ်ထားသည့် ဆံပင်တွေကို ဖြည်းချင်းတာဘက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သုတ်နေလိုက်သည်။

တစ်ယောက်တည်းလို့ ထင်နေတုန်း အိပ်ခန်းပေါ်ကို ဝေ့တက်လာသည့်မီးခိုးဖြူဖြူလေးတွေနဲ့ စီးကရက်နံ့ကြောင့် လန့်ဖျန့် ထရပ်မိ၏။ သူ ဘယ်တုန်းက ပြန်ရောက်နေတာလဲ..၊

ထွက်ကြည့်လိုက်တော့ နှစ်ယောက်ထိုင်ဆက်တီမှာ ခြေကားယားလက်ကားယား ထိုင်ပြီး စီးကရက်သောက်နေသည့် အရိပ် က တစ်နေရာတည်းကို စူးစိုက်ငေးနေသည်။

သူ ဘာတွေ တွေးနေတာလဲ..၊

အမြဲတမ်း မအားမလပ်သည့်ပုံနှင့် ရောက်လာတတ်ကာ ညဘက်မှလွဲ၍ စိမ်ပြေနပြေ ထိုင်မနေတတ်ခဲ့သည့်သူ..၊

မျက်ထား ရင်တွေခုန်လာ၏။ ကိုယ့်မှာပဲ အပြစ်ရှိနေသလိုလို ခံစားလာရကာ သူ့နားကိုသွားဖို့ ခြေလှမ်းတွေကို ရွှေ့မရ..။

"မင်း ပြီးသွားရင် ခဏ ထွက်ခဲ့"

လှည့်မကြည့်ဘဲ ပြောလိုက်သဖြင့် လန့်သွားသည်။ အရိပ် က မျက်ထား သူ့နားရောက်လာမှ ငဲ့ကြည့်သည့်အကြည့်က မျက်နှာကို မရောက်ဘဲ စီးကရက်ကို မီးသတ်၏။

"သူဌေးကို မင်း ဘယ်လိုမြင်လဲ"

မျက်ထား မျက်မှောင်ကုတ်သွားသည်။ ဘာကို သက်ရောက်စေလို၍ မေးလိုက်တာလဲ..၊

"သူဌေးကတော့ မင်းကို တော်တော် သဘောကျသွားတယ် ထင်တယ်.."

အရိပ် မျက်နှာမှာ ပြက်ရယ်ပြု လှောင်ပြောင်တာမျိုးမရှိဘဲ ဒေါသရိပ်တွေသမ်းနေသဖြင့် မျက်ထား ဘယ်လိုပြောရမှန်းမသိ ဖြစ်သွားသည်။





သူ့ရှေ့ : မခံနိုင်စရာတွေ ပြောနေကျမို့ သည်းခံဖို့ ကြိုးစားလိုက်လို့ရပေမယ့် ဒါက ကိုယ်ကျင့်သိက္ခာနဲ့ ပတ်သက်သည့်ကိစ္စ..၊ မျက်ထား အသံတိတ်နေတော့ အရိပ် မျက်လုံး သူမဆီ ရောက်လာ၏။ ပြီးတော့...

မျက်နှာကနေ ပြန်၍ စုန်ဆင်းသွားကာ သူမရဲ့ ခါး တင် ရင် နေရာလပ်မကျန် စူးစိုက်သွားလျက်...

"ဟုတ်တယ် .. သူ မျက်စိကျသွားတယ်၊ နောက်ပြီး မင်း စီကာပတ်ကုံး ပြောပြလိုက်တဲ့ ဟင်းအမယ်အမျိုးမျိုးထဲက အရည်အချင်းတွေရော၊ ဟွန်း .. သူပြောမှပဲ မင်းမှာ အဲဒီလောက် တန်ဖိုးကြီးတဲ့ အရည်အချင်းတွေ ရှိနေမှန်း သိတယ်"

"ဘာဟင်းတွေလဲ .. ပြောပါဆိုလို့ ပြောပြလိုက်တာ၊ ရှင်က ဒါကို လှောင်နေတာလား"

"လှောင်နေတာ မဟုတ်ဘူး၊ ရိုက်သတ်ချင်နေတာ"

အေးဆေးပြောနေသည့်ပုံစံကနေ စားပွဲကို ခြေထောက်နဲ့ တွန်းကန်ပစ်ကာ ဝုန်းခနဲ ထရပ်၏။

"အဲဒီလောက် အသေးစိတ် ကြွားနေဖို့ လိုသလား၊ တော်ပါတယ်၊ လှပါတယ်လို့ ပြောနေတဲ့လူကို ပိုတော်မှန်း .. ပိုလှမှန်း သိစေချင်နေတာ မင်း အသိသာကြီး"

"အရိပ် .. အဲဒီလူတွေကို ရှင် ခေါ်လာတာနော်"

"ခေါ်လာတဲ့ ယောက်ျားတိုင်း မင်းကို အစွင်ကြီးသွားစေချင်တာလား.."

"ရှင် မစော်ကားနဲ့"

စိတ်လှုပ်ရှားလွယ်သူမို့ ဒေါသဖြစ်လာတော့လည်း မျက်ရည်က ဝေ၏။ ပြီးတော့ သူ့ကို စေ့စေ့ကြည့်ကာ ရန်လိုမောင်းမဲနေသည့် မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေအောက်ကနေ လှည့်ထွက်လာခဲ့၏။

အရိပ် က ဖျတ်ခနဲ ဖမ်းဆွဲလိုက်သဖြင့် သူ့လက်ထဲမှာ အရုပ်တစ်ရုပ်လို ပြန်ပါသွားပြီး...

"သူ့ရွှေး ရောက်လာတုန်းက မင်းမျက်လုံးထဲမှာ ငါက ဒီလိုလူရဲ့ လက်အောက်က အလုပ်သမားလားဆိုတဲ့ အကြည့်တွေ ရှိတယ်"

"အဲဒါ ဘာဖြစ်လဲ...၊ ရှင်က ထင်သလို နေ၊ လုပ်ချင်ရာလုပ်နေတဲ့ သူလေ၊ အဲဒီလိုလူက တစ်စုံတစ်ယောက်ကို ဆရာ ခေါ်နေရသေးတယ်ဆိုတာ မအံ့ဩရဘူးလား"

"အဲဒီလို အံ့ဩတာမျိုး ဟုတ်ရဲ့လား မျက်ထားညို.."

"ရှင် .. ရှင် .. လွှတ် .."

မျက်ထား ဘာမှမပြောချင်တော့ဘဲ သူကိုင်ထားသည့် လက်နှစ်ဖက်စလုံးကို လွှဲမြှောက်၍ မရမက ရုန်းသည်။ ဘယ်တုန်းကမှလည်း လွှတ်မြှောက်ခဲ့တာ မရှိ...။

ဒီတစ်ခါ ရုန်းနေတုန်းမှာပဲ မျက်ထား လက်ထဲကို မာကျော ကျော အေးစက်စက် အရာလေးတစ်ခု ရောက်လာ၏။ ကြည့်လိုက်တော့ ဟန်းဖုန်းတစ်လုံး...၊

"အလုပ်ထုတ်ပစ်ဖို့အထိ ဆုံးဖြတ်ပြီးသားလူက ဖုန်းတစ်လုံးလုံး ချပေးသွားတယ်၊ ဆက်သွယ်ရ လွယ်အောင်လို့ တဲ့"

ဖုန်းကို သူကိုယ်တိုင် အတင်းအကျပ် ဖိဆုပ်ထားခိုင်းပြီး ဖုန်းနဲ့ မျက်ထား ရဲ့လက်ကို ရောကိုင်ထားဆဲနှင့်...

"မင်းမျက်နှာ အဲလောက်ကြီးသွားလား"

"ဒီဖုန်းရလာတာလည်း ကျွန်မကြောင့်ပဲလို့ ရှင် ပြောတာလား"

"သိပ်မှန်တာပေါ့"

"ဒါဆို ကျွန်မနဲ့ အများကြီး သက်ဆိုင်တာပေါ့"





မျက်ထား ရဲ့မျက်နှာ တစ်မျိုးပြောင်းသွားတာကို သတိထားမိပြီး အရိပ် က စိုက်ကြည့်၏။ သူ ကိုင်ထားသည့်လက်ကို ဆောင့်ရုန်းပစ်လိုက်ကာ ဖုန်းကို လွှင့်ပစ်လိုက်တော့မည်မှန်း သိသွားမှ...

"ဟိတ် .."

"ဖယ် ..."

မျက်ထား လက်ကို အောက်ကနေ ပင့်ရိုက်ပစ်လိုက်၏။ လက်ခုံမှာ ထုံကျင်သွားကာ ဖုန်းက အပေါ်ကို မြှောက်တက်သွားသည်။

အရိပ် က အသာလေး ဖမ်းယူထားလိုက်ပြီး အိတ်ထဲ ပြန်ထည့်၏။ သူ့နဲ့ ဖုန်းကို ဝေးနေရင်း နာသွားသည့်လက်ကို တစ်ဖက်နဲ့ဖိဆုပ်၍ မျက်ထား အသံတိတ်သွားသည်။

"နောက်ကို မင်း အဲဒီလို ကျပ်ကျပ်လုပ် .. တစ်ချက်တည်း ရိုက်သတ်ပစ်လို့ အသက် ဘယ်ကထွက်ရမှန်းမသိ ဖြစ်သွားမယ်၊ တောက်.."

သူ ခြေလှမ်းကျဲများနှင့် အပြင်ကို တောက်လျှောက် ထွက်သွားသည်။ ဒေါသတွေကြီးပြနေသည့် ခြေသံတို့က လှေကားက ဆင်းသွားတဲ့အတိုင်း အစအဆုံး အသံပေးသွားလေသည်။

မျက်ထား အင့်ခနဲ ရှိုက်ကာ သူ ကန်ပစ်ခဲ့သည့် စားပွဲကို ကြည့်ရင်း ကြေကွဲလို့မဆုံးနိုင်...၊

နှုတ်ခမ်းတွေကို ဖိပိတ်၍ ဘယ်လိုပဲထိန်းထိန်း အသံမထွက်အောင်လည်း ရှိုက်ငိုလို့ မရ...၊

သူ့နဲ့ ကိုယ် ဝေးပြီးရင်း ဝေးတော့မှာလား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၇ ]

ပြန်မလို့ အင်္ကျီထပ်ဝတ်နေတုန်း အထဲကို ကာယ ဝင်လာသည်။

"ဆရာ့ရုံးခန်းရှေ့မှာ ညှို့သည် ရောက်နေတယ်"

"ဘယ်သူလဲ.."

မေးရင်း မျက်လုံးက မော်နီတာပေါ် ရောက်သွားသည်။ သူ့အခန်း ရှေ့မှာ ယူမီ က မထိုင်ဘဲ လက်ပိုက်လေးရပ်နေပြီး ဟိုကြည့်ဒီကြည့်..။

အနီရဲရဲ စတော့ကင်အကျပ်နှင့် အနီအနက်ပါသော ကိုယ်ကျပ် အင်္ကျီ ခါးရှည်ကို ဝတ်ထား၏။ ဆံပင်အကောက်တွေကို နဖူးပေါ်မှာ လည်း ချထားသည်။ နားတွေအုပ်တဲ့အထိ ကုပ်ကုပ်ခဲခဲဖြစ်ကာ အနီ ရောင် နားဆွဲဝိုင်းကြီးက လှုပ်ခါနေ၏။

ဖြူလွန်းသည့်အသားက ဝင်းထင်းနေသဖြင့် သူမ ဘာဝတ်ဝတ် ကြည့်လို့တော့ ကောင်းပါသည်။ ထို့ပြင်...

ဆံပင်တွေကို ဖြောင့်လိုက်၊ ကောက်လိုက် အမျိုးမျိုး လုပ်တတ် ကာ အတုတပ်နေသလား ထင်ရအောင် သူမပဲ ပြင်ဆင်နိုင်လွန်း၏။

"တော်တော်လှတယ်နော် ဆရာ"





ကွန်ပျူတာ မျက်နှာပြင်တွေပေါ်မှာ ကုမ္ပဏီတစ်ခုလုံးက နေရာ တိုင်းကို မြင်နေရသဖြင့် သတင်းပို့သည့် ကာယ က ရယ်ကျဲကျဲ စ၏။

"ကပြားမလေး ထင်တယ်နော်"

"စိတ်ဝင်စားရင် သွားမေး.."

"ဟာ!... ဆရာကလည်း"

ကာယ အသံတိတ်သွား၏။ သူ အပြင်ထွက်ပြီး ရုံးခန်းရဲ့နောက် တံခါးကနေ အထဲဝင်လိုက်၏။ အပြင်မှာ ညှို့သည်ရောက်နေ ကြောင်း အော်ဒီယိုမှာ ပေါ်နေသဖြင့် လက်ခံသည့်ခလုတ်ပေါ် တစ်ခါ ခေါက်လိုက်ပြီး သူ ထိုင်၏။ ခဏအတွင်းမှာ ယူမီ ဝင်လာကာ...

"တွေ့ရဖို့အရေး ခက်ခဲလိုက်တာ ကိုကိုရယ်.. ကိုယ့်ဖာသာ ဖွင့် ဝင်လာတော့မလို့ သိလား၊ စိတ်က အဲဒီလောက်ရှည်တာ မဟုတ်ဘူး"

ယူမီ က ရှေ့မှာမထိုင်ဘဲ ဘေးမှာ လက်နှစ်ဖက်ထောက်လိုက်ပြီး သူ့ကို ငုံ့ကြည့်၏။

"ကိုကို့စတိုင်လ်က နိုင်ငံခြားမှာထက် မြန်မာပြည်မှာ ပိုကြည့် ကောင်းသလိုပဲ၊ ဒီမှာကျတော့ ကိုကို့လို အရပ်အမောင်းနဲ့ ဘော်ဒီ စထရပ်ချာက ရှားသွားလို့ထင်တယ်၊ ဘယ်မှာဖြစ်ဖြစ် ထင်းနေတာပဲ"

"ဘာလဲ.. မုန့်စားချင်လို့ မြှောက်နေတာလား"

ယူမီ က ပခုံးလေးတွန့်လိုက်ပြီး ရယ်သည်။

"ဟုတ်တယ် .. ဒါပေမယ့် ယူမီ ကျွေးမှာပေါ့၊ သွားမယ်လေ.."

"စားချင်ပေမယ့် ကိုယ် မအားဘူး"

"ပြန်ချိန်ရောက်နေပြီဥစ္စာ၊ ဘာ မအားတာလဲ"

နာရီမြှောက်ကြည့်ပြီး နှုတ်ခမ်းလေး စူသွား၏။ သူက ခုံမှာ ကျော ကပ်မှီလိုက်ပြီး...

"တကယ် နပဲ ကိုယ် ပြန်တော့မလို့.."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို ပြန်မှာလဲ.. အိမ်မှာ မျှော်မယ့်သူရှိနေတာ ကျနေတာပဲ"

"ရှိနေနိုင်တယ်လို့ မင်း မတွေးမိဘူးလား"

"မတွေးမိပါဘူး၊ ရှိဖို့မှ အကြောင်းမရှိတာ"

"ဘာဖြစ်လို့လဲ.."

သူ ပြုံးလိုက်ပြီး စီးကရက်ထုတ်၍ မီးညှိသည်။

"ကိုကို့မျက်နှာက တစ်ခုခုကို လျှို့ဝှက်ထားသလိုပဲ၊ ဘာလဲ.. အဲဒါ တကယ်လား"

"ကိုယ် လက်ထပ်ထားတယ်ဆိုရင်ရော .. မင်း ယုံမလား"

"ယုံစရာလား ကိုကို၊ ကိုကို့လို နိုင်ငံကျော်သူဌေးက လက်ထပ်တယ်ဆိုရင် ယူမီ မသိလိုက်စရာ ဘာအကြောင်းမှ မရှိဘူး"

"ဟုတ်တယ်.. မင်း မသိလိုက်တာပဲ ဖြစ်မယ်၊ ကိုယ့်မှာ လက်ထပ်ထားတဲ့မိန်းကလေး ရှိတယ်"

ယူမီ လက်ထောက်ငုံ့နေရာကနေ ဆတ်ခနဲ မတ်သွားသည်။ ခဏ တိတ်နေပြီးမှ စားပွဲရှေ့က ထိုင်ခုံကို အကြမ်းပတမ်းဆွဲယူလိုက်ပြီး သူ့ဘေးမှာ ကပ်ထိုင်၏။

"တကယ် ပြောနေတာလား"

"တကယ်"

"ရှိရှိမရှိရှိ မသိဘူး၊ လက်ထပ်ထားတိုင်း အိမ်ထောင်တစ်ခု ဖြစ်လာတာလည်း မဟုတ်ဘူး၊ ကိုကို့လိုလူမှာ ဒါမျိုးတွေ မရေမတွက်နိုင်အောင် ရှိလို့ရတယ်၊ ယူမီ ကတော့ ပွင့်လင်းပြီးသားပဲ ကိုကို၊ အဲဒီလို လွတ်လပ်ချင်လို့လည်း နိုင်ငံခြားမှာ သွားနေတာ၊ ကိုကို့နောက်ကို လိုက်လာတယ်ဆိုကတည်းက ယူမီ ဘက်က သဘောက ရှင်းတယ်"

"ကိုယ့်ဘက်က မရှင်းဘူးကွ၊ မင်း နစ်နာလိမ့်မယ်"

"ယူမီ က ပေးဆပ်၊ အနစ်နာခံတာတွေ နားမလည်ဘူး၊ စိတ်ရှိ





ရင်လည်း ထိတ်နေမယ့်သူ မဟုတ်ဘူး၊ ကိုယ် ဖြစ်ချင်တာကို ဖြစ်အောင် လုပ်မှာပဲ၊ ကိုယ့်ကိုယ်ကိုယ် ဒီလောက် မတုံးဘူးဆိုတာ ယုံကြည်ပြီးသား.."

ယူမီ က နိုင်ငံရပ်ခြားမှာ အနေကြာ ကြီးပြင်းခဲ့သူပီပီ ဘယ်လောက်ထိ ပွင့်လင်းရဲတယ်ဆိုတာ သူ သိနေသည်။ တကယ်ဆို သူနဲ့ စပြီး သိကျွမ်းရင်းနှီးခဲ့ပုံက ခုလောက်ထိ ပွင့်လင်းကြဖို့ မဟုတ်သေးပါ..၊ သူမ စိတ်ထဲမှာ ဒီလောက်ထိ ထည့်ထားခဲ့တာကိုလည်း အံ့ဩမိသည်။ အဖြူလွှနဲ မျက်နှာလေးကို ငုံကြည့်ရင်း သူ ပြုံးတော့ ယူမီ က စောစောက ယုံတဲ့၊ မယုံတဲ့ကိစ္စတွေကို မေ့လျော့သွားပုံနှင့် နှစ်ခြိုက်စွာ ရယ်လျက်...

"ယူမီ ပြန်လာတော့ မာမီက ဘာပြောလဲ သိလား ကိုကို"

သူမပဲ မေးပြီး သူမဖာသာ ပြန်ဖြေသည်။

"ကိုယ့်အဖေနဲ့ကိုယ် နေတာ မဟုတ်ဘူး၊ ဘာဖြစ်လို့ ပြန်လာတာလဲတဲ့၊ အဟွန်း .. ကြင်နာတယ်နော်.."

သူ့မျက်နှာ မသိမသာ မဲ့သွားသည်။ ရင်ထဲမှာရှိထားသည့် မိဘမဲ့သမိုင်းက မှေးမှိန်ပျောက်ပျက်သွားဖို့ မရှိဘဲ ပိုပြီး အရောင်ရင့်လာသလိုပင်..၊ မိဘမရှိတော့လို့ တမ်းတငေါ်မွတ်ကြတဲ့လူတွေကို မြင်ချင်မိသည်။ သူတို့တွေ မိဘမေတ္တာကို ငေါ်မွတ်ကြတာ ဘာဖြစ်လို့လဲ..၊

သူ့အတွက်ကတော့ မိဘရှိခြင်း,မရှိခြင်းအတွက် ဘာမှလည်း မထူးခြားခဲ့သလို ရှိနေကြစဉ်ကတောင် ပိုပြီး ပူလောင်ခဲ့သည်လို့ ထင်မိသည်။ မိဘမေတ္တာကို ဘယ်တုန်းကမှလည်း မရရှိ၊ မခံစားဖူးခဲ့သလို ခုလည်း မတောင့်တမိပေ..၊ ယူမီ က ဖြည့်ဖွက်ပြီး ရွတ်ပြနေသော နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်ထွန်း၏။

"မာမီက မြန်မာနိုင်ငံမှာနေပေမယ့် ယူမီ လိုပဲ ပွင့်လင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ယူမီ ပြန်လာတော့ သူ့ကို တမ်းတပြီး ပြန်တာမဟုတ်မှန်း သိနေတယ် သိလား၊ နိုင်ငံခြားမှာ သူဌေးပဂေးတွေကို ခေါင်းခေါက်ရွေးနိုင်ရဲ့သားနဲ့ ဒီပြန်လာပြီး အိပ်မှုန်စုံမွှားနဲ့ မရွေးနဲ့တဲ့"

"ဟုတ်တာပဲ"

"ဒါပေမယ့် ယူမီ ဘယ်လိုလူကို ရွေးထားတယ်ဆိုတာသိရင် မာမီ ကျေနပ်မှာပါ"

သူ့ကို စူးစိုက်ကြည့်နေရင်း ပြောတော့ ရယ်လိုက်မိသည်။

"ခေါင်းခေါက်ရွေးတာတောင် ယူမီ မျက်စိတစ်မှိတ်မှာ ရွေးလိုက်တဲ့လူမျိုးကို မီမှာ မဟုတ်ဘူး၊ ပညာတတ်တယ်၊ အရည်အချင်းရှိတယ်၊ ချမ်းသာတယ်၊ ပြီးတော့ အရမ်းမိုက်တဲ့စတိုင်လ်နဲ့.."

"ကိုယ့်ကို မင်း ပြောနေတာလား"

"သတ်(ထ်)ရိုက်(ထ်)"

"ဟွန်း .. ဒါဆို မင်းရဲ့ယုံကြည်ချက်တွေ တိမ်းစောင်းနေတာ သေချာပြီ"

"ဘာဖြစ်လို့လဲ"

"ကြိုက်တာရွေးယူလို့ရတာက သက်မဲ့ပစ္စည်းတစ်ခုခု ဒါမှ မဟုတ် မင်းအတွက် သေချာနေတဲ့ နယ်ပယ်တစ်ခုခုက လူ.."

"အဲဒီထဲမှာ ကိုကို မပါဘူးလို့ ပြောချင်တာလား"

"ဟုတ်တယ်.. ကိုယ်ကလည်း ပေးချင်မှ ပေးမှာ၊ သူများပေးတိုင်းလည်း ယူချင်မှ ယူမယ်၊ ကိုယ့်ရဲ့စိတ်က မင်းထက် အများကြီး လွတ်လပ်တယ် ယူမီ၊ မင်းက မိန်းကလေးမို့ အိမ်ထောင်ရေးကို စစ်တမ်းတစ်ခုလို ဇယားဆွဲတာ သဘာ၀ကျပါတယ်၊ မင်းပြောသလို ကိုယ်က တော်နေတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါပေမယ့် ကိုယ့်လိုလူက မင်းလိုမိန်းကလေးကို မလွဲမသွေ လက်ခံမှာပဲလို့ထင်တာ မှားတယ်"





ယူမီ့ မျက်နှာလေး တည်သွားသည်။

"ကိုယ်က မိန်းမတစ်ယောက်ကို ရှုထောင့်အမျိုးမျိုးက ဝေဖန်သုံးသပ်ဆုံးဖြတ်ပြီး ရွေးမှာ မဟုတ်ဘူး၊ ကိုယ် လိုချင်တာ တစ်ခုပဲ"

"အဲဒါ ဘာလဲ"

"ကိုယ့်ဆုံးဖြတ်ချက်ကို ဖြစ်အောင်လုပ်နိုင်ဖို့ပဲ လိုတာပါ၊ တခြားလူသိဖို့ မလိုဘူး"

"ကိုကို အဲဒီလိုမပြောနဲ့လေ..၊ ယူမီ က မိန်းကလေးဖြစ်ပြီး စပြောခဲ့ပြီးပြီ၊ ဒါကို သာတယ်နာတယ်တွက်လို့ မဟုတ်ဘူး၊ ကိုကို ဘာကိုလိုချင်တာလဲဆိုတာတော့ ပြောပြမှပေါ့၊ ယူမီ ကိုကိုနဲ့ပတ်သက်ရင် မာနမထားနိုင်ဘူး၊ ပြီးတော့ ကိုကို့အရည်အချင်းကောင်းတွေကို ထုတ်နုတ်သုံးသပ်ပြီး ရွေးခဲ့တာလည်း မဟုတ်ဘူး၊ ကိုကို့ကို မြင်မြင်ချင်း စွဲလမ်းသွားခဲ့တာ၊ ပြီးတော့မှ ငါ သဘောကျတဲ့လူက ဒီလိုလူပါလား ဆိုပြီး ကျေနပ်ခဲ့တာ၊ အဲဒါ အချစ်နဲ့ သပ်သပ်စီဖြစ်ခဲ့တဲ့ ခံစားချက်.."

"ကိုယ် မသိဘူး"

သူ့မျက်နှာမှာ စိတ်မရှည်ခြင်းတွေ ဖိစီးလာပြီး ရယ်မြူးရိပ်တွေ ပျောက်ဆုံးကုန်၏။

"ဆောရီး ယူမီ၊ မိန်းမကိုရော အချစ်ကိုပါ ကိုယ် လုံး၀ စိတ်မဝင်စားဘူး၊ အဲဒါ လူရှိန်အောင် လေလုံးကြီးကြီးမှုတ်ထုတ်နေတာ မဟုတ်ဘူး၊ အချစ်ကို အထင်မကြီးနိုင်တဲ့ဒဏ်ရာ ကိုယ့်မှာ ရှိတယ်၊ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် အချစ်ဆိုတာကြီးကို ပြယုဂ်တစ်ခုထားပြီး ရမ္မက်နောက်ကိုပဲ လိုက်ကြတာ၊ အဲဒါကြောင့် လူတွေမက်မောတဲ့ ရမ္မက်အစုစုကို ကိုယ့်လက်ထဲမှာ ဆုပ်ကိုင်ထားမယ်၊ အဲဒါ ကိုယ်လိုချင်တာ"

"သူများလိုချင်တာတွေ ကိုင်ထားပြီး ပေးတော့ မပေးချင်ဘူးဆိုတာ ကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် .. လိုချင်ဆုံးက အဲဒါပဲ၊ လူတွေ ဂရုစိုက်မိတဲ့သူ ဖြစ်လာအောင် ကိုယ် ကြိုးစားတယ်၊ ဒါပေမယ့် ဒါကို ဂုဏ်ယူနေတာ မဟုတ်တဲ့အတွက် မြှောက်ပေးရင် ကွေးအောင် ကတဲ့ထဲမှာတော့ ကိုယ် မပါဘူး"

"ရှုပ်ကုန်ပြီ ကိုကို၊ ယုမီ အဲဒီလောက် အများကြီး မသိချင်ဘူး၊ နားလည်း မလည်ဘူး၊ ကိုကို လိုချင်တဲ့ မိန်းမျိုးက ဘာလဲ.."

"သေချာတာက အဲဒီထဲမှာ မင်း မပါဘူး"

"အဲဒါ ကိုကို သက်သက်ညစ်တာ"

စားပွဲကို ထုပစ်လိုက်ပြီး ထရပ်ကာ...

"ကိုကို လက်ထပ်ထားတယ်ဆိုတာ တကယ်ဆိုရင် အဲဒါ ကိုကို လိုချင်တဲ့ မိန်းမလား .. ကိုယ်လိုချင်တာ ယူထားတယ်ဆိုပြီး ဘာဖြစ်လို့ တိတ်တိတ်လေး လက်ထပ်တာလဲ၊ ယောကျ်ားတစ်ယောက်က အတည်ကြံမှန်း မသိ၊ မကြံမှန်း မသိ၊ လက်ထပ်စာချုပ်လေး ကိုင်ပြီး ထားသလိုနေရတဲ့မိန်းမမျိုးက ကိုကို မှန်းတဲ့ အဆင့်အတန်းလား.."

သူ့မျက်ဝန်းတွေ အေးစက်စက် ဝင့်တက်လာကာ ယုမီ ဆက်တိုက်လာပြောနေတာတွေ တိတ်ကျသွားတဲ့အထိ စောင့်နေ၏။ ပြီးသွားမှ...

"မေးခွန်းတွေဖြေတာ ကိုယ် ဝါသနာမပါဘူး၊ တစ်ခုတော့ ပြောမယ်၊ မင်း ကိုယ့်အကြောင်းတွေကို သိဖို့ ကြိုးစားနေလည်း အပိုပဲ၊ ကိုယ်တိုင် ပြည့်စုံကြွယ်ဝနေသားနဲ့ ကိုယ့်ထက် အဆများစွာ သာလွန်ပြည့်စုံတဲ့ယောကျ်ားကို လက်ထပ်နိုင်ဖို့ ပေတံကိုင်နေတဲ့ မိန်းမတွေကို လုံးဝ စိတ်မဝင်စားဘူး"

"အဲဒီလို အပေါ်စီးကကြည့်ပြီး ကြီးကြီးကျယ်ကျယ်တွေ ပြောနေရတာ ကိုကို ကျေနပ်တာလား...၊ ဘဝမှာ အစစအရာရာ မျက်နှာမငယ်ရအောင် ကြိုးစားနေကြတာ၊ ဒီလို ရွေးချယ်မှုတွေမှာ တန်းဝင်





နိုင်ဖို့ပဲ၊ ကိုကို ခုလို ပြောနိုင်နေတာလည်း ပြောနိုင်အောင် တော်နေလို့လေ၊ ပြောပြီးရင်လည်း ကျေနပ်လိုက်ပါတော့၊ ယုမီ ကိုကို့ကိုပဲ ချစ်တယ်"

"မင်း မှားတယ် ယုမီ၊ လူတွေ ဂရုစိုက်မိအောင် ကြိုးစားခဲ့တယ်လို့ ကိုယ် ပြောခဲ့တဲ့ထဲမှာ မိန်းမတစ်ယောက်က ရွေးချယ်လာဖို့ဆိုတဲ့ စုတ်စုတ်ပြတ်ပြတ် ရည်ရွယ်ချက် မပါဘူး၊ အခု ကိုယ်တို့ပြောခဲ့တဲ့ စကားတွေကို မပြောခဲ့ဘူးလို့ မှတ်လိုက်ရအောင်၊ မင်း ပြန်တော့"

ယုမီ့ မျက်ဝန်းမှာ ထူးဆန်းစွာ မျက်ရည်ဝေ့နေ၏။ ပြီးတော့ မျက်နှာမော့၍ ခါပစ်ကာ...

"ပြောခဲ့တယ်၊ ပြောခဲ့သမျှ ဖြစ်အောင်လုပ်မှာပဲ၊ ကိုကိုနဲ့ လက်မထပ်ရဘဲ ယုမီ ဟိုကို မပြန်ဘူး"

သူက ပြုံး၍ ခေါင်းညိတ်သည်။ နောက်ထပ် ဘာမှမပြောတော့ဘဲ ထရပ်လိုက်လျှင်...

"ကိုကို ဘယ်သွားမလို့လဲ"

"မင်းနဲ့ လမ်းမကြုံနိုင်တဲ့နေရာ.."

"အဟွန်း.."

ယုမီ က နာကျင်သည့် စောင်းချိတ်ချိတ်အကြည့်နှင့်...

"လုပ်ထားလိုက်လေ၊ နောက်ကျရင် ယုမီ့ ကို ကိုကို ပခုံးပေါ် ထမ်းပြီး သွားလေရာ ခေါ်သွားရမယ် ကြည့်.."

"လက်ဆွဲခေါ်ရုံလောက်ပဲ လုပ်ပါကွာ၊ လျှော့လျှော့ပေါ့ပေါ့.."

သူ အသံထွက်ရယ်တော့ ယုမီ က စိန်းစိန်းကြီး ကြည့်နေရင်း တဖြည်းဖြည်း ပြုံးလာပြီး လိုက်ရယ်၏။

ထို့နောက် ဘာမှမပြောခဲ့၊ မဖြစ်ခဲ့ကြသလို...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၈ ]

"ကျွီ.."

"အမလေး!..."

တိုက်မိပြီထင်ကာ မျက်ထား မျက်လုံးတွေ မှိတ်ပစ်လိုက်မိ၏။ ပြန်ဖွင့်လိုက်တော့ ထိကပ်မတတ် ဦးတိုက်ရပ်နေသည့် ကားပေါ်ကနေ ဆင်းလာတာ ဦးမျိုးခိုင် ဖြစ်နေ၏။

"နေကောင်းလား မျက်ထား .."

"ဦးမျိုး .."

ဟုတ်တယ်ဆိုသည့် မချိတရိအပြုံးနှင့် သူ့ခွေး ဦးမျိုးခိုင် က ခေါင်းညိတ်သည်။ မျက်ထား ဘေးနားထိ လျှောက်လာပြီးမှ လူကို သေချာကြည့်၍...

"ပိုလှလာတယ်နော်၊ ဘယ်လိုလဲ .. အရိပ်မဲ့ က တော်တော် ဂရုစိုက်ထားရဲ့လား"

"ဦးမျိုး က သူ့ကို သိတယ်"

"ဟွန်း.."





ဦးမျိုးခိုင် က ဘေးဘီမှာ သွားလာနေသူတွေကို စိတ်မဝင်စားဘဲ အဓိပ္ပာယ်မဲ့ လိုက်ငေးကာ...

"မင်းကို တိတ်တိတ်ဆိတ်ဆိတ် ဆွဲခေါ်သွားပြီး လူမသိသူမသိ ဝှက်ထားတာကို ကိုယ်က ခြေမဲ့လက်မဲ့လို ဒီတိုင်းကြည့်နေခဲ့ရတာ၊ အဲဒါ အရိပ်မဲ့ မို့လို့၊ မဟုတ်ရင် အရှုံးမပေးတမ်းပဲ.."

မျက်ထား ဦးမျိုးခိုင် ကို မျက်လုံးတွေ ဝိုင်းနေအောင် ငေးသည်။

အရိပ်မဲ့ ဆိုတာ အရိပ် ကို ပြောတာလား..၊ သူ့ကို ဘာဖြစ်လို့ ဂရုစိုက်နေရတာလဲ၊ တကယ့် ရာဇဝင်လူဆိုးကြီး ဖြစ်ခဲ့ဖူးရင်တောင် ဦးမျိုးခိုင် နဲ့ ဘယ်လို ထိစပ် ပတ်သက်ခဲ့တာလဲ..။

"အရိပ်မဲ့ ဆိုတဲ့ကောင်က မကောင်းတဲ့ရာဇဝင်မှာ တစ်ဖက်ကမ်းခတ် ကော်ခဲ့တာ၊ မရှုပ်ရှုပ်အောင် လုပ်တယ်၊ မနိုင်နိုင်အောင် ကြိုးစားတယ်၊ ပြီးတော့ ကိုယ်ယောင်ဖျောက်နိုင်တယ်၊ သူ သိပ်တော်လို့ မဟုတ်ပေမယ့် သူ့ရဲ့ ရက်စက်တဲ့ ယုတ်မာခြင်းတွေမှာ ကိုယ်တို့လို အေးဆေးသမားတွေ လျှပ်တစ်ပြက် ခံရနိုင်တယ်လေ၊ အဲဒါကြောင့် မတုချင်လို့ ကြည့်နေလိုက်တာ၊ ပြောပါဦး .. မင်း ဘယ်မှာနေလဲ"

မျက်ထား က သူ မေးတာကို ဖြေဖို့ မစဉ်းစားပါ..။

"သူ အခု ဒုစရိုက်လောကထဲက မဟုတ်တော့ဘူး.."

ရိုးရိုးသားသားနဲ့ ကြိုးစားနေပြီဖြစ်တဲ့အကြောင်း ရှင်းပြဖို့ပါ။ ဒါပေမယ့် ဦးမျိုးခိုင် က အလွန်အမင်း မုန်းတီးရွံရှာနေသည့် မျက်နှာနှင့်...

"ဘယ်ဟုတ်တော့မလဲ..၊ ဆယ်သက်လောက် သုံးဖြုန်းမကုန်နိုင်အောင် ရသွားတာကိုး"

"မဟုတ်တာ..."

သူ့စကားကို မယုံမကြည်ပြောလိုက်သဖြင့် ဦးမျိုးခိုင် စိတ်တို သွားသည့်မျက်နှာနှင့်...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုတော့ လူတော်လူကောင်း အရေခြုံပြီး ဘာမှမပြောဘဲ ထားတာ ထင်တယ်၊ နေပါဦး .. မင်း အရိပ်မဲ့ လိုကောင်နဲ့ လက်ထပ်ပြီး ဘာဖြစ်လို့ လူမသိသူမသိ နေတာလဲ၊ မင်းနဲ့ သူက ဘာလဲ.."

ဒါလည်း မျက်ထား က မဖြေ..၊ ဒီကောင်မလေးကို သူ တကယ် မြတ်နိုးခဲ့တာ ဖြစ်သည်။ အကယ်၍သာ ဟိုတစ်ချိန်က 'အရိပ်မဲ့'နဲ့ ပတ်သက်ခဲ့ဖူးခြင်းသာ မရှိခဲ့ရင်လို့ တွေးပြီးတော့လည်း ကိုယ့်ကိုယ်ကိုယ် မချင့်မရဲ ဖြစ်ခဲ့ရသည်။

သူ့ရဲ့ဦးလေး တော်စပ်နေသည့် ဦးကောင်းကင် ခေါ် ဗိုလ်ကျားကအစ ထားလိုက်တော့လို့ တားခဲ့တာဟာ 'အရိပ်မဲ့' မို့လို့ပဲ ဖြစ်၏။

စမ်းချောင်းဈေးနားက လက်ဖက်ရည်ဆိုင်မှာ သူတို့တွေ ထိုင်နေဘုန်း အရိပ်မဲ့ နဲ့ မျက်ထား တွဲလျှောက်သွားတော့ ဒေါသက ဝုန်းခနဲ ထရပ်မိတဲ့အထိ..၊ ဦးလေးဖြစ်သူက လက်ဆွဲထားကာ...

"အဲဒီကောင်မလေးလား.. ဒါဆို ထားလိုက်တော့ကွာ၊ ငါတို့ကိုယ်တိုင် ဒီကောင်နဲ့ ထပ်မငြိချင်လို့၊ မမြင်သလို မကြားသလို နေကြတာ"တဲ့..။

သူနဲ့ ထိပ်တိုက်မဆုံဖူးသေးပေမယ့် ဒီအလုပ်တွေအကြောင်းကိုတော့ သူ နားလည်နေ၏။ 'အရိပ်မဲ့ ဆိုတာ အဲဒီကောင်'လို့ ပြထားသဖြင့် လူကို မြင်ဖူးနေတာ၊ ဟိုတုန်းကဆို ခဏခဏ..။

အမှောင်နယ်ထဲမှာ ကျက်စားရင်း မောမှ အလင်းရောင်ထဲမှာ နိုလှုံကြတာချင်း အတူတူ၊ သူကတော့ တကယ့်လူကြီးပိုင်းတွေနဲ့ သိကျွမ်းရင်းနှီးလို့ ရင်ကော့သွားလာနေပြီး ဦးလေးတို့ကျတော့ သူ့ကို ပြန်ရှောင်နေရတဲ့အဖြစ်..၊

ဘာတွေ ကွာဟနေလို့ပဲဆိုတာတော့ သူ မသိပါ..။

"ကိုယ်တို့ ဟိုအရင်က ပတ်သက်ခဲ့ဖူးတာကို မေ့လိုက်ပါပြီ၊ အခု





မိတ်ဆွေရင်း.. ဆွေမျိုးရင်းလို မရင်းနှီးနိုင်ဘူးလား"

တိုက်ရိုက်ဖွင့်မေးလိုက်မှ အပြတ်အသတ် ခေါင်းခါခြင်းဖြင့် မျက်ထား က ထွက်သွားဖို့ ခြေလှမ်းပြင်၏။

"ရင်းနှီးလာရင် စကားများတတ်တယ်၊ မျက်ထား ဘယ်သူနဲ့မှ မရင်းနှီးချင်တော့ဘူး"

"ဘာလဲ .. အိမ်လာလည်မှာ စိုးလို့လား"

"မစိုးပါဘူး .. မျက်ထား မဖိတ်ဘဲ ဦးမျိုး လာလည်း မျက်ထားက တံခါးဖွင့်ပြီး နေရာထိုင်ခင်းပေးမှာ မဟုတ်ဘူး"

"ဩော် .. ဩော် အရိပ်မဲ့ နဲ့ အသွင်တူပဲ"

"မဟုတ်ပါဘူး .. မျက်ထား ဘက်မှာ ပြောမပြနိုင်တဲ့ အကြောင်းတွေ ရှိလို့ပါ၊ ခွင့်ပြုပါဦးနော်"

"မင်းအဒေါ်တွေ ကျန်းမာရဲ့လားလို့ မမေးတော့ဘူးလား"

မျက်ထား ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။ ကိုယ့်ကို ပညာတွေသင်၊ ပြုစုကျွေးမွေးလာခဲ့တဲ့ မိသားစု..၊ သူများပြောမှဆိုတော့ မျက်နှာမှာ ပူနွေးသွားသလို မျက်ထား ခေါင်းငုံ့သွားမိသည်။

"ဘာတွေပဲသိသိ ပြေးလည်း မကြည့်နိုင်ဘူး၊ ဘာမှလည်း တတ်နိုင်တာ မရှိဘူး၊ မျက်ထား နဲ့တွေ့ခဲ့တာကို ဦးမျိုး ပြန်ပြောဖြစ်ရင်တော့ မျက်ထား က တောင်းပန်ပါတယ်လို့ ပြောပေးပါ"

"အရိပ်မဲ့ နဲ့ လက်ထပ်လိုက်တာကို မင်း ဘာမှမတတ်နိုင်တဲ့ဘဝလို့ ပြောတယ်၊ ဟုတ်လား..၊ ကိုယ်တို့ ချမ်းသာတယ်ဆိုတာ အရိပ်မဲ့ ခါချပစ်လိုက်တဲ့ အမှုန်အမွှားလောက်ပဲရှိတာ၊ စကားကို ကြားကောင်းအောင် ပြောပါကွာ"

မျက်ထား မျက်လုံးအဝိုင်းသားနှင့် ကြည့်နေတာကို ဦးမျိုးနိုင်က ဘယ်လိုထင်သည် မသိ..။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဆီက ကိုယ် ရစရာရှိတဲ့ကြွေးတွေ သူတို့ကိုယ်တိုင် လာဆပ်သွားတယ်၊ မင်းကိုမရလို့ ကိုယ်က သွားတောင်းတာ မဟုတ်ဘူးနော်၊ အဲဒါ တကယ်.. မင်း စဉ်းစားကြည့်ပေါ့၊ ဒီကြွေးတွေ ကျေသွားပေမယ့် သူတို့အခြေအနေ ဘယ်လိုဖြစ်ကျန်ခဲ့မလဲ..၊ မင်းက မကူညီချင်တာလား .. တကယ့်ကို မတတ်နိုင်တာလား၊ ဒါမှမဟုတ် မင်းရဲ့အိမ်ထောင်ရေး ..."

"တော်ပါတော့ .. မျက်ထား ဘာမှမဖြေနိုင်မှာမဟုတ်တဲ့ မေးခွန်းတွေ ထပ်မထုတ်ပါနဲ့၊ ဦးမျိုး သိချင်နေတာတွေ မျက်ထား ကိုယ်တိုင်ဘာမှ မသိဘူး"

ဒီတစ်ခါ ဘာအကြောင်းနဲ့မှ ပြန်လှည့်မကြည့်ဖြစ်အောင် မျက်ထား လှည့်ထွက်လာခဲ့သည်။ သူတို့တွေကပဲ မဟုတ်တာတွေ ပြောနေကြတာလား .. အရိပ် က ညာနေတာလား..၊ သူ့ကိုယ်သူ အရိပ် လို့ လူသိခံသည်။ ရိပ် လို့ ခေါ်တဲ့သူကခေါ်ပြီး အခု အရိပ်မဲ့ ဖြစ်သွားပြန်၏။

သူနဲ့ မျက်ထား စတွေ့တုန်းက ဒဏ်ရာတွေရထားသည့် လူဆိုးတစ်ယောက်အသွင်နှင့် ခြေးလွှားပုန်းအောင်းနေရသူ..၊ အခုကျတော့ မြို့ပေါ်မှာ သွားလာနေထိုင်တာ သူ ဘာမှမဟုတ်ခဲ့သလိုမျိုး၊ ဦးမျိုးခိုင် နောက်ထပ်ဖွင့်လှစ်သွားသည့် သတင်းစာမျက်နှာမှာတော့ မီလျှံနာသူဌေး..၊

သူမ ဘာမှမသိရသေးသည့် အရိပ် ရဲ့ဘဝနဲ့ လှုပ်ရှားမှုတွေကို တခြားလူတွေကတော့ သိနေကြသည်လား..၊ မိန်းမတစ်ယောက်ကို ဖျက်ဆီးနိုင်ဖို့အတွက် ယောကျ်ားတွေဘက်က ဆောင်လေ့ရှိတဲ့ ကွန်ဟာ ချမ်းသာခြင်းဆိုသည့် ခနကွန်ပဲ ဖြစ်သည်။

ထိုကွန်ကြောင့် အားကိုးချင်ကြသည်၊ အထင်ကြီးပြီး ပုံမှားမိကြသည်။ သူမကတော့ ကွန်ထဲမှာ မိခဲ့တာလည်း ဖဟုတ်ဘဲ မျက်ကန်းတစ္ဆေမကြောက်သလို မှားယွင်းခဲ့တာ ဖြစ်သည်။





ခုချိန်ထိလည်း မှားပြီးရင်း မှားနေဆဲ..။

ကိုယ့်အပေါ်ကျမှ သူ့ကိုယ်သူ အခြေမဲ့အနေမဲ့ လူဆင်းရဲပါလို့ အရိပ် က ဘာဖြစ်လို့ ဟန်ဆောင်ခဲ့တာလဲ..၊ ဒါ မဖြစ်နိုင်ဘူး ထင်သည်။

လမ်းလျှောက်နေရင်း ခေါင်းခါမိလို မိ..၊ တစ်ခုခုတော့ လွဲနေပြီဆိုတာ သိပေမယ့် ထိုလွဲမှားမှုဟာ အရိပ် က လိမ်ညာထားတာ မဖြစ်နိုင်ဘူးလို့ပဲ အဖြေထွက်သည်။

ဒါဟာ သူ့ကို ယုံကြည်နေလို့ မဟုတ်ပါ၊ ချမ်းသာပါလျက်နှင့် ဆင်းရဲပါသည်လို့ ပြောနိုင်မယ့်ယောကျ်ားမျိုး မရှိဘူးလို့ပဲ စိတ်က ထင်နေခြင်း ဖြစ်၏။

ဘာပဲဖြစ်ဖြစ် 'အရိပ်'ရယ် .. 'ရိပ်' နဲ့ 'အရိပ်မဲ့'လို့ အမျိုးမျိုးသော နာမည်များနှင့် ရက်စက်မှုအပေါင်း သရုပ်ဆောင်နေသောလူဟာ သူမ အပေါ်မှာ မရိုးသားနိုင်ဘူးဆိုတာတော့ နားလည်နေပါပြီ..။

နှုတ်ခမ်းလေးကို ဖိပိတ်ရင်း ကိုင်ထားသည့် ပိုက်ဆံအိတ်လေးက ပိုက်ဆံလေး အနည်းအကျဉ်းနဲ့မို့ သူမလက်ထဲမှာ တွန့်ကြေမတတ် ရှိနေရှာ၏။

အခုချိန်ထိ အရိပ် နဲ့သူမ ဘယ်လို တော်စပ်နေသည်မှန်း မသိခဲ့သော စိမ်းသက်စွာ အတူနေ ပေါင်းဖက်ခဲ့ကြသည့် ဘဝနှစ်ခုသည်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၉]

"ဘာလုပ်မလို့လဲ..၊ စိမ်းစိမ်းကျက်ကျက် အခု မင်းနဲ့ငါ အတူနေကြတဲ့အကျက် လင်မယားဖြစ်သွားပြီ၊ မင်းမှာ မိဘမရှိသလို ငါ့မှာလည်း မရှိဘူး၊ နောက်ထပ် အထွေအွေတွေ ဘာလိုသေးလဲ.."

"ရှင့်ကိုလည်း အထွေထွေတွေ မေးနေတာ မဟုတ်ပါဘူး၊ ရှင် ဘာဖြစ်ခဲ့ဖြစ်ခဲ့ နောက်ထပ် ဘာတွေဖြစ်ဖို့ရှိနေနေ ကျွန်မက ရှင့်မိန်းမ.."

"သိရင် ပြီးတာပဲ"

"မပြီးဘူး.."

သူက ထွက်သွားဖို့ နောက်လှည့်သည်၊ မျက်ထား က လက်တစ်ဖက်ကို ပြန်ဆောင့်ဆွဲ၏။

"ရှင့်အကြောင်းတွေ သူများပြောမှ ကျွန်မက ခေါင်းမညိတ်နိုင် .. ခေါင်းမခါနိုင်၊ ပြုးရခက် .. မဲ့ရခက်နဲ့ ရှင် အဲလောက်ထိတော့ ကျွန်မကို ဖိနှိပ်ချောင်ထိုးထားဖို့ မကောင်းဘူး သိလား"

"ဘာလဲ .. သွားလေရာ ခေါင်းပေါ်ရွက်ပြီး ခေါ်သွားရမလား"

နှုတ်ခမ်းသာမက နှာခေါင်းကိုတွန့်၍ မချိုမချဉ် ပြန်မေးပုံက လူကို လက်နက်ကြီးတစ်ခုခုနဲ့ ပစ်ချလိုက်တာထက် ဆိုး၏။





ဒါပေမယ့် ဒီ မကျေနပ်ချက်လေးကြောင့် စကားတွေ ဦးလွဲသွားမှာကို မခံနိုင်ရာ..

"ရှင့်လိုလူဆိုက ဒီလိုအခွင့်အရေးတွေ ရဖို့ ကျွန်မ ဘယ်တော့မှ မမျှော်လင့်ဘူး၊ အခု သူများပြောသလို ရှင်ချမ်းသာတာတွေကို ဖုံးကွယ်ပြီး ဆင်းရဲဟန်ဆောင်နေတာ၊ တကယ်ဟုတ်မဟုတ် ကျွန်မကိုပြောပြပါ"

"မင်း မျက်စိရှေ့မှာ ငါ ဘယ်လိုနေတာ မြင်သလဲ"

"ရှင် ကျွန်မရှေ့ကို ရောက်လာတိုင်း ညစ်နွမ်းသန်းခေါင် ခေါင်းချုံ့ပဲ"

"ပမ်းရေးအတွက် ဝတ္ထုရားကျေအောင် သွားလာရန်းကန်နေတဲ့ ကောင်တွေ နေ့ရောညရော မိန်းမနားမှာပဲ နေကြတာလား၊ မင်းဆီကို ညဘက်ရောက်မှ မလာလို့ ဘယ်အချိန်ထိ ရှိနေပေးရမလဲ.."

မျက်ထား ရုတ်တရက် ပြန်မပြောနိုင်..။

"ပြောလေ.."

"ရှင် အခု ဘာအလုပ်လုပ်နေတာလဲ"

"မင်းနဲ့ ငါ ထမင်းဝဖို့"

ဖြေပြီး နှုတ်ခမ်းမဲ့လိုက်သေးသည်။ ပြီးတော့ သူမဘက်ကို မျက်နှာချင်းဆိုင်လှည့်လိုက်ပြီး ပခုံးနှစ်ဖက်ကို ခပ်ဆောင့်ဆောင့်ဆုပ်ခါပစ်သည်။

"မေးခွန်းတွေ ဖြေရတာ ငါ မုန်းတယ် မျက်ထားညို.. အဲဒီတော့ မင်းပါးစပ်ကို ပိတ်မလား .. ငါ ထွက်သွားရမလား"

"ကျွန်မကို မမေးပါနဲ့.. ရှင် ထွက်ချင်ရင် ထွက်သွားတာပဲ"

"ပြန်လာချင်တာကျတော့ ဘယ်သူ ကြိုးတုပ်ခေါ်နေတာလဲ"

သူ့မျက်လုံးတွေကို မော့ငေးနေပြီးမှ မျက်ထား မျက်နှာလွှဲမိသည်။ သူက မျက်နှာ ပြန်မော့လာအောင် ပခုံးကို ဆွဲခါ၍

"မင်းကို ငါ ပြန်မေးမယ် .. တစ်ခွန်းတည်းပဲ၊ သူတို့ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို သူဌေးကြီး ဖြစ်စေချင်နေသလား"

"ဆင်းရဲချင်တဲ့လူ ရှိတယ်လို့ရော ရှင် ကြားဖူးလား"

ပက်ခနဲ ပြန်ပြောလိုက်တာကို စိုက်ကြည့်နေပြီး သူက ပြုံးသည်။

"ရှင် ကျွန်မရှေ့မှာ အဲဒီလို မဲ့ပြုံးတွေ ခဏခဏ မပြုံးဘူးဆိုရင် အရမ်း ကျေးဇူးတင်မိမှာပဲ…၊ အဲဒီအပြုံးတွေက ကျွန်မရင်ထဲကို ဓားသွားတွေလို စူးနေတယ်၊ အဲဒါကို ကျွန်မ မုန်းတယ်"

"မင်းကိုတော့ ငါ မမုန်းဘူး"

ပြောပြီး သူ့လက်တွေကို လွတ်ကာ ဘောင်းဘီအိတ်နှစ်ဖက်ထဲမှာ နှစ်၏။

"ဒီမှာ မျက်ထား .. မင်းနဲ့ငါ ဆုံခဲ့ကြတာ ဘာအကြောင်းတရားကြောင့်မှ မဟုတ်ခဲ့ဘူး၊ မင်းလည်း လိုအပ်ချက်တစ်ခုခုကြောင့် ရှာဖွေခဲ့တာ မဟုတ်သလို ငါလည်း စိတ်မကူး၊ မမျှော်လင့်ခဲ့ဘဲ ဖြစ်ကုန်ကြတာ၊ ငါ့အတွက် ဘဝတစ်ကွေ့မှာ ခဏတွေ့တာပေမယ့် မင်းဘဝ အများကြီး ဆုံးရှုံးနစ်နာသွားတယ်၊ အဲဒါကြောင့် ဒီလိုဖြစ်သင့်တယ်ထင်လို့ ငါ ဖြစ်အောင် လုပ်ခဲ့တာပဲ၊ မင်းအတွက် တစ်သက်မှာ တစ်မင်္ဂလာ မဖြစ်မြောက်ခဲ့လို့ ငါ့အပေါ်မှာ ဘယ်အချိန်ဖြစ်ဖြစ် အမြင်မကြည်နိုင်ဘူးဆိုတာ သဘာဝကျပါတယ်၊ ဒါပေမယ့် အဲဒီအတွက် ငါ ဘာမှ ဖြေသိမ့်မှုပေးမှာ မဟုတ်ဘူး"

မျက်ထား ဆန့်ချထားသည့် လက်နှစ်ဖက်မှာ လက်သီးဆုပ်လေးတွေ ဖြစ်သွား၏။

"နောက်ထပ်ပြီး ဆင်းရဲချမ်းသာအကြောင်း မင်း ငါ့ရှေ့မှာ ထပ် မပြောမိစေနဲ့၊ ဒါတွေနောက်လိုက်တဲ့ မိန်းမတွေကို ငါ အထင်မကြီးဘူး"

"အဲဒါကြောင့် ရှင်က ဆင်းရဲချင်ဟန်ဆောင်ပြီး ကျွန်မကို ဒီလို ထားတာလား၊ ရှင့်မျက်လုံးထဲမှာ ကျွန်မက အရမ်းချမ်းသာချင်နေတဲ့ပုံ





ပေါက်နေသလား"

"လာပြန်ပြီလား မေးခွန်းတွေ.."

အော်သံကြီးနှင့် မျက်ထား ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ် တွန်းပစ်လိုက်ကာ…

"ထင်ယောင်ထင်မှားတွေ ဖြစ်သမျှ မင်း ကြိုက်သလိုတွေး၊ ထင်သလို နေ၊ ငါကတော့ ဘာမှ ရှင်းပြနေမှာ မဟုတ်ဘူး၊ တစ်ခုပဲ မင်းတွေးစရာပိုအောင် ငါပြောပြမယ်…၊ မိန်းမဆိုရင် ငါ့အမေကစပြီး ဘယ်မိန်းမကိုမှ ငါ အထင်မကြီးဘူး၊ အဲဒါ ငါ့ရဲ့ အမြဲတမ်း အတွေ့ပဲ.."

ဒါကြောင့် မိန်းမတစ်ယောက်ကို လိုသလို အသုံးချရုံလောက်ပဲ သဘောထားခဲ့တာလား…၊ ဒါမှမဟုတ် သူ့ရင်ထဲက အတွေ့တစ်ခုနဲ့ ကလဲ့စားချေနေတာလား…။

သူ့ကို စူးစိုက်ငေးရင်း မျက်တောင်မခတ်မိခင် မျက်ရည်တွေ ပြည့်သိပ်ခြင်း၊ စီးမျောခြင်းတို့ မြန်ဆန်စွာ ဖြစ်သွားသည်။

ပြီးတော့မှ မျက်ဝန်းတွေကို ဘေးကို တိမ်းဖယ်လိုက်ရင်း…

"အဲဒါကြောင့် ရှင် ကျွန်မအတွက် တာဝန်ပိုပါတယ် .. ကျွန်မကို သွားခွင့်ပြုပါ"

မျက်ထား တစ်လုံးချင်း အေးစက်စွာ ပြောသည်။

"မြက်တစ်ပင်မှ ဆွဲစရာမရှိလည်း ကမ္ဘာမြေကြီးကတော့ ရပ်တည်ခွင့်ပေးနေမှာပဲ၊ တစ်ဝမ်းတစ်ခါးလုဖို့အတွက် ကျွန်မမှာ ပညာရှိတယ်"

မျက်ထား မျက်နှာလေးကို စိုက်ကြည့်နေပြီး သူ တစ်ခွန်းမှမပြောဘဲ နေ၏။

"မိန်းမတွေကို အထင်မကြီးဘူးလို့ ရှင် ဖွင့်ပြောပြီးကာမှ [illegible] တကာ ချိုးဖွဲ့ ဖိနှိပ်နေမှုန်းလည်း သိရပြီဆိုတော့ နောက်ထပ် ရှင် ရင့်ရင့်သီးသီး ပြောလာမှာတွေကို ကျွန်မ သည်းခံနိုင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှားမိလို့ သူ့ခြေထောက်အောက်မှာ ပိပြားခဲ့ပြီးပြီ၊ နောက်တစ်ခါမျှား ရင်သွေးဆိုတာ ရှိလာခဲ့လျှင်...

ကိုယ့်အဖြစ်ကို ဆက်မတွေးရဲပေ။ သူ့ရှေ့က ထွက်လာခဲ့ပြီး ခြေထောက်တွေက အိပ်ခန်းဆီ ဦးတည်သွားသည်။ ချက်ချင်း ကိုယ်ရှိန်ပြန်သတ်၍ တံခါးရှေ့မှာပဲ ကိုယ့်အိပ်ရာခင်းလေးကို ဖြန့်ခင်းလိုက်သည်။

ဒီတစ်ညဟာ သူနဲ့အတူ နောက်ဆုံးရှိနေခြင်းပဲလို့ နာကြည်းစွာ တွေးနေမိဆဲ...

"မင်းမှာ မြက်တစ်ပင်မှ ဆွဲစရာမရှိပေမယ့် အခု သူဌေးကြီးတစ်ယောက်လုံး ရှိနေပါပြီ"

လှုပ်ရှားနေသည့် လက်ကလေးတွေ ရပ်တန့်သွားသည်။ သူမရဲ့ ကျောပေးထိုင်နေပုံလေးကို နောက်ကကြည့်ပြီး ခြေလှမ်း သုံးလှမ်းလောက် တိုးသွားမိကာ...

"မင်းကို သူဌေးက အရမ်းသဘောကျနေတာလေ..၊ ငါ့မျက်နှာကိုတောင် မထောက်ဘဲ စလလို နောက်သလိုတွေနဲ့ ဖွင့်ပြောခဲ့တာတွေ နားနဲ့ မဆံ့တော့ဘူး"

"အဲဒါ ရှင်ပဲလေ .. ရှင် အဲဒီလို သူဌေးဆီမှာ မျက်နှာပွင့်ချင်လို့၊ အခွင့်အရေးရအောင် မိန်းနေတာမို့လား၊ ယောက်ျားဖြစ်ပြီး မာနရှိရင် ဘယ်ယောက်ျားမှ ကိုယ့်မိန်းမကို စောင်းကြည့်မခံဘူး"

ဒေါသဖြစ်လွန်းသဖြင့် အိပ်ရာခင်းနေရာကနေ ဆတ်ခနဲ ထရပ်မိ၏။

"ရှင်က ကျွန်မကို ငွေမက်တဲ့မိန်းမလို့ ပုဒ်မတိုးပြီး နင်းချင်ဘာလား အရိပ် .. အဲဒါ ဟုတ်နေရင်တောင် ရှင့်ဆီက ငွေကိုပဲ မက်တာ၊ သူဌေးကတော် ဖြစ်ချင်ရင်လည်း အဲဒီသူဌေးက ရှင်ပဲ ဖြစ်စေချင်တာ"

ခံစားချက်တွေ ရှုပ်ထွေး ပြည့်ကျပ်လာကာ အသံတွေပါ ကတုန်





ကယင်ဖြစ်လာ၏။

"အခု ကျွန်မ နားလည်သွားပြီ၊ ကျွန်မက ရှင့်ဘေးမှာလည်း ဆင်းရဲသားကတော်တောင် ဖြစ်ခွင့်မရှိတဲ့ အိမ်ဖော်သာသာပဲ"

မျက်ရည်တွေကို ပွတ်ဆွဲသုတ်လိုက်ပြီး အိပ်ရာခင်းဘက် ပြန်လှည့်လိုက်တော့ ကျောပြင်မှာ ဖြန့်ချထားသည့် ဆံနွယ်တွေက ပဝါတစ်စလို ဝေ့ခနဲ လွင့်သွား၏။

နောက်ထပ် ဘာတွေ ပြောလာဦးမလဲလို့ နားစွင့်နေပေမယ့် မျက်ထား က အိပ်ရာခင်းပြီးတဲ့ပေါ်မှာ တစောင်းလေး လှဲလိုက်ကာ ခါးပေါ်ထိ စောင်ဆွဲတင်ပြီး ငြိမ်သက်သွား၏။

သူ ဆံပင်တွေထဲ လက်ထိုးဖွရင်း ဆက်တီပေါ်မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ မျက်ထား ကတော့ သူ ဘာမှ တုံ့ပြန်မပြောခဲ့တဲ့အတွက် ပို၍ကြေကွဲရင်း ခေါင်းအုံးပေါ်မှာ မျက်ရည်မိုးတွေ ဆက်လက် ရွာ၏။

ဟုတ်ပါသည် .. သူ ဒီတိုင်းပဲ သဘောထားခဲ့တာပါ။ မိန်းမတစ်ယောက်ကို လမ်းဘေးသစ်ပင်က သစ်ခက်တစ်ခက်ချိုးယူသလို အလွယ်တကူ ယူခဲ့ပြီး ဖျာလိုခင်း၍ နင်းခဲ့သည်။

ရှိပါစေတော့ .. ဒါ ကိုယ့်အကြောင်းနဲ့ ကိုယ်..။

ဘယ်လိုမှ အိပ်ပျော်အောင်ကြိုးစားတာ မရဘဲ အသံတိတ် နှိပ်စက်နေသည့် မျက်ရည်တွေကြောင့် မျက်လုံးတွေ ဖန်စပ် နာကျင်လာသည်။ အိပ်ချင်လို့မဟုတ်ဘဲ ဖွင့်မရလို့ မှိတ်ထားရခြင်းသို့ ရောက်၏။

တကယ်တမ်း အိပ်ပျော်တော့မည်ဆိုမှ စီးကရက်နံ့ တစ်ချက်ဝေ့သွားကာ ကျောနောက်မှာ သူ ဝင်လှဲလိုက်သဖြင့် မျက်လုံးမဖွင့်ဘဲ အံကြိတ်မိသည်။ ကြမ်းပေါ်ထိ တစ်ခါမှ လိုက်မအိပ်ဖူးသဖြင့် ထမင်းခွဲအိပ်ကာမှ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့အတွက် အလိုအပ်ဆုံးမိန်းမပဲ မျက်ထား"

နားနားမှာ လေသံလေးလောက်နှင့်ပြောကာ မျက်ထား ကိုယ်လေးကို ဖွဖွလေး သိမ်းဖက်လိုက်သည်။ ပြီးတော့...

တဖြည်းဖြည်း တင်းတင်းကျပ်ကျပ် ဖြစ်သွားခဲ့ရင်း...

"လိုအပ်တယ်ဆိုတာ သိပ်ကြားလို့ မကောင်းပေမယ့် အဲဒါ မင်း မသိတဲ့တန်ဖိုးပဲ"

သူ့နှုတ်ဖျားက လေပူတွေ နားသယ်စပ်မှာ နီးကပ် ရိုက်ပုတ်နေသဖြင့် ရှန်းပစ်မလို့ မျက်ထား ပခုံးလေး တွန့်သွားလျှင်...

"ငြိမ်ငြိမ်လေးနေ.. မဟုတ်ရင် မင်း စိတ်ညစ်သွားလိမ့်မယ်"

သူက မျက်ထား ကျောပြင်လေးကို ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထား၍ ဆံနွယ်ရှည်တွေထဲမှာ သူ့မျက်နှာကို ဖိနှစ်ထား၏

ဒီတိုင်းနဲ့ပဲ သူ ငြိမ်သက်သွားလျှင် မျက်ထား လည်း ဒီတိုင်းပဲ မွန်းကျပ်စွာ အိပ်ပျော်သွားခဲ့၏။ အိပ်မက်ထဲမှာ ထွက်သွားမလို့ သူမ ဆလင်းဘက်ခ်လွယ်ပြီး ထွက်၏။ ဒါပေမယ့် တံခါးရဲ့အပြင်မှာ သူရွှေး ကျော်မော်အောင် က ပြုံးတုံ့တုံ့မျက်နှာနှင့် လက်ပိုက်ရပ်နေသဖြင့်...

"တောက်.."

တက်ခေါက်အပြီးမှာ ချက်ချင်း နိုးသွားတော့ သူမ တကယ် တက်ခေါက်လိုက်မိတာကို သိခဲ့သည်။

ကြည့်လိုက်တော့လည်း ဘေးမှာ အရိပ် မရှိတော့ပါ..။

ညက ဘယ်နှစ်နာရီမှာ အိပ်ပျော်သွားမှန်း မသိပေမယ့် နိုးလာတော့ မနက် ခုနစ်နာရီ..၊

အိပ်မက်ထဲထိ လိုက်နှောင့်ယှက်တယ် .. သူရွှေးစုတ်..၊





## အခန်း [ ၃၀ ]

"ဟင်!... တစ်သောင်းရှစ်ထောင်တောင် ကျတယ်"

"ဟုတ်တယ်လေ .. ဒီ လည်ကပ်အညိုလေးကပဲ ကိုးထောင်၊ ဒါက..."

"နေပါဦး.. ခြောက်ထောင့်ငါးရာလို့ ရေးထားတာပါ"

"မဟုတ်ဘူး ညီမရဲ့ .. ခြောက်ထောင့်ငါးရာက သူ့ရှေ့က အပေါ် ထပ်ပါတဲ့ ကိုယ်ကျပ်လေးတွေ.."

မျက်ထား မအီမလည်နဲ့ပဲ လက်ခံလိုက်ရသည်။ ဒါပေမယ့် အိတ်ထဲမှာ အဲဒီလောက် မကျန်တော့တာလည်း သေချာနေတာမို့...

"ရတယ် အစ်မ.. ဟိုအဖါလေး ပြန်ထားခဲ့မယ်၊ ပိုက်ဆံ မပြည့်တော့လို့"

"မပြည့်လည်း ယူလိုက်ပါ"

"ဟင်!..."

ဘေးကို ဘယ်လိုရောက်လာမှန်း မသိလိုက်ဘဲ သူရွှေး ကျော်မော်အောင် မျက်နှာက ပြုံးချိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညက အိပ်မက်ထဲက မျက်နှာကြီးကို သတိရလိုက်ကာ စိတ်ထဲမှာ တင်းခနဲ ဖြစ်၏။ အရိုပ် ရဲ့သူဌေးဆိုတာကို နောက်ထပ် တွေးမိကာမှ မျက်နှာ ပြန်လွှဲပစ်၍...

"အစ်မ ရော့ .. အဲဒါ ထားလိုက်ပါ"

ရှိတဲ့ပိုက်ဆံကို ချပေးပြီး ကိုယ်ဝယ်နိုင်တာကိုပဲ ဆွဲယူလိုက်မိသည်။ သို့သော်...

"မလုပ်ပါနဲ့ ယူသွားပါကွာ .. တစ်မိမ်းတွေမှ မဟုတ်တာ၊ ဒီမှာ အဲဒီပိုက်ဆံတွေပါ ပြန်ပေးလိုက်ပါ"

အရောင်းစာရေးမတွေကိုပါ ပိုင်စိုးပိုင်နင်း ခိုင်းနေသေးသည်။ မိန်းကလေးတစ်ယောက်က ဒီဘက်ကနေ ပိတ်ထားလိုက်ကာ ငွေသိမ်းသည့်အမျိုးသမီးက ပိုက်ဆံကိုကိုင်၍ ရှေ့ထွက်လာ၏။

ဒီလူ ဘယ်လိုလူလဲ..၊ ရှိထားသည့်ဒေါသအခံနှင့် မျက်ထား ရဲ့ မျက်နှာတစ်ပြင်လုံး နီရဲလာကာ...

"တစ်မိမ်းတွေ မဟုတ်ပေမယ့် မရင်းနှီးတဲ့လူတွေပဲ ဦးကျော်မော်အောင်၊ ကျွန်မသိက္ခာကို ငဲ့ညှာတဲ့အနေနဲ့ ဒီလို မလုပ်ပါနဲ့"

ဘယ်သူ့ကိုဖြစ်ဖြစ် တိုးတိုက်ပစ်ခဲ့ပြီး မျက်ထား ခြေလှမ်းတွေက ယောက်ျားတစ်ယောက်တောင် လိုက်လို့မှီပါ့မလား မသိ၊ ဒါပေမယ့်...

"ဟိတ် .. နေဦး"

စင်တာထဲကထွက်သည်နှင့် ကျော်မော်အောင် သူမအားကို ရောက်လာခဲ့လျက်...

"ဘယ်လိုဖြစ်တာလဲ ညီမရယ် .. မင်းက မရင်းနှီးပေမယ့် အရိုပ်နဲ့ ပတ်သက်တဲ့ ရင်းနှီးမှုမျိုး ကိုယ်တို့မှာ ရှိလို့ရတာပဲ"

မျက်ထား က ခြေလှမ်းတွေကို ရပ်မပစ်ဘဲ သွားနေသည့်အရှိန်ကို နည်းနည်းလျှော့၍...





"ကျွန်မ ရိုင်းသလိုဖြစ်သွားရင် တောင်းပန်ပါတယ်၊ ဒါပေမယ့် ကိုရိုပ် ကလည်း သူ့အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မကို ဘာမှ ပြောပြမထားဘူး၊ သူဌေးတို့ အိမ်ကိုပါလာကာမှ အဲဒီလိုအလုပ်မျိုး လုပ်နေတာကို သိရတာ၊ ဒါတောင် ဘာအလုပ်မှန်း မသိသေးဘူး"

"ဒီကောင်ကွာ.. မိန်းမကို ဒီလောက်တောင် အရာမသွင်းဘူးလား"

ကိုယ့်ဟာကိုယ် ရေရွတ်သလိုမျိုးပြောကာ မျက်ထား ရဲ့ မဲကျေလည်မှုကိုပါ နှိုးဆွပေးလိုက်ခြင်း ဖြစ်သည်။

သူမ ဒီလောက်တော့ မအ,ပါ။

သူဌေးကြီးဖြစ်ပြီး ဒီလို အောက်တန်းကျတဲ့စိတ်တွေ ရှိနေတာကိုလည်း ရွံမိသည်။ စိတ်ထဲရှိတိုင်းလည်း ပြောခွင့်မသာသည်မို့...

"သူ ဘယ်လိုသဘောထားထား ကျွန်မက ကျေနပ်ပါတယ်၊ အဲဒါကြောင့် သူ မပြောချင်တာကို မေးဖို့လည်း မကြိုးစားဘူး၊ စိတ်လည်း မဝင်စားဘူး၊ သူ့ရဲ့အလုပ်အကိုင်နဲ့ တကွသော ကျွန်ဟာအားလုံးပဲ"

ခြေလှမ်းကို အမြန်နှုန်း ပြန်တင်လိုက်တော့ သူကလည်း ခြေလှမ်းကျဲလာပြီး...

"ဒီလိုတော့ မပြောနဲ့လေ .. ကိုယ်က မင်းနဲ့ပတ်သက်ပြီး ကိုယ့်ဘက်က မလိုက်လျောနိုင်တာတွေပါ ပုံချပေးခဲ့တာ၊ နောက်ပြီး သူ့ရဲ့ဝင်ငွေနဲ့ မင်း ခုနက ဈေးဝယ်သလိုမျိုး ပိုက်ဆံအိတ် ပြန်ပြန်ကြည့်နေရလောက်အောင် ချို့တဲ့စရာ မလိုဘူး၊ သူ မင်းကို ရသမျှ ပြန်မအပ်ဘူးလား"

မျက်ထား ပင့်သက် တစ်ချက်ကြီးရှိုက်ကာ ခြေလှမ်းတွေ ရပ်ပစ်လိုက်၏။

"အဲဒီလောက် စေ့စေ့ပေါက်ပေါက် မေးတာကို ကျွန်မအမေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရင်တောင် ကျွန်မ ဖြေမှာမဟုတ်ဘူး၊ သူနဲ့ကျွန်မ ပေးတာယူတာတွေကို တခြားလူ စိတ်ဝင်စားဖို့လည်း မလိုဘူး ထင်တယ်"

"ဘယ်ဟုတ်မလဲကွ.. ကိုယ်က မင်းတို့စုံတွဲတင်မကဘူး တခြားဝန်ထမ်းတွေကိုပါ ပေးကမ်းလိုက်လျောခဲ့တဲ့သူပါ၊ မင်းတို့ကိုတော့ ပိုတာ မှန်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရိပ် က စိတ်ထင်ရာ လုပ်တတ်တယ်၊ ခက်ထန်တယ်၊ ဥပမာကွာ .. အလုပ်လက်မဲ့ဖြစ်သွားရင် ငါ့ကို အားကိုးနေတဲ့သူတွေ ဘာဖြစ်ကုန်မလဲဆိုတာမျိုး မပူတတ်ဘူး၊ သူ ကိုယ့်ဆီမှာ မဟုတ်ဘဲ တခြားအလုပ်ကို ရောက်သွားရင် ထမင်းအိုးမြဲဖို့ မလွယ်တဲ့လူမျိုး၊ မင်းအတွက် သူ မပူတတ်ရင်အောင် ကိုယ်က စိတ်ပူလို့ အနားမှာ ပြန်ခေါ်ထားခဲ့တာ"

မျက်ထား မျက်ဝန်းလေးတွေ ရူးရူးလက်လက် ဖြစ်လာတာကို ကြည့်ကာ ကျော်မော်အောင် က လက်ကာပြ၍...

"မင်းယောကျ်ားရဲ့ အတင်းအဖျင်းကို ပြောချင်လို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်စေတနာကိုတော့ မင်း သိဖို့ လိုတယ်လေ"

"မလိုဘူးလို့ပဲ ထားလိုက်ပါ၊ သူရွှေးလည်း စိတ်ထဲရှိတဲ့အတိုင်း ဆုံးဖြတ်စေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သူ ကျွေးရင် စားမယ်၊ မကျွေးတဲ့နေ့ ဗိုက်မှောက်အိပ်ရုံပဲ၊ ဒုက္ခကို ဂရုမစိုက်တတ်တဲ့ မိန်းမမျိုးပေါ့၊ သူများကို ကျေးဇူးတင်နေရမှာလည်း ကြောက်တယ်"

"မတင်ရပါဘူး မျက်ထား ရယ်.. ကိုယ်ကလည်း မင်း ကျေးဇူးတင်တာတွေကို လိုချင်တာ မဟုတ်ဘူး၊ ရင်းနှီးကြဖို့ ..."

"ကျေးဇူးပြုပြီး ကျွန်မ နောက်ကျနေလို့ သွားခွင့်ပြုပါ"

မျက်ထား စကားမဆက်နိုင်အောင် အပြေးတစ်ပိုင်း လျှောက်သည်။ သူ ထပ်ပါလာမှန်း သိလိုက်သဖြင့် အသင့်ရပ်ထားသည့် တက္ကစီကို ဈေးမမေးဘဲ ဝင်ထိုင်ပစ်လိုက်သည်။





"မျက်ထား.."

သူက ဘေးတံခါးအပြင်ကနေ အထဲကို ငုံ့ကြည့်ကာ...

"မင်းအတွက် မင်းလိုစိတ်ထားမျိုး သူ့မှာ မရှိဘူးနော်၊ အဲဒါ လုံးဝ သေချာတယ်"

ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"တောက် .."

ယောကျ်ားတစ်ယောက်လုံးက ဘယ်လောက်ထိ လိုက်လျော ပြောဆိုထားမှန်း မသိ..၊

သူရွှေးဆိုတဲ့လူက ကိုယ့်ကို ဖျက်ဆီးဖို့ ဒီလောက်ထိ မြင်သာထင်သာ လှုပ်ရှားရဲနေတဲ့အထိ လွန်ကျူးလာခြင်းသည်..၊

ဆက်မတွေးဝံ့တော့ဘဲ မျက်ရည်တွေ တပေါက်ပေါက် ကျလာကြ၏။ ဒီပုံစံမျိုးနဲ့ဆိုလျှင် သူ အနေအစားချောင်ဖို့အတွက် မိန်းမနဲ့ ထိုးကျွေးမပစ်ဘူးလို့ မပြောနိုင်..။

သူမဘာဝ ကူကယ်ရာမဲ့ပြီလား..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၀ ]

"ဘာ!... ရှင် ဘာပြောလိုက်တယ်"

"မကြားလိုက်တာလား .. ထပ်ကြားချင်လို့လား.."

ကိုယ်က ပြောဖို့စကားတွေအပြည့်နဲ့ မောင်းတင်ပြီး စောင့်နေတဲ့သူ..၊ တကယ်ပြောတော့ သူ့ချည်းပဲဖြစ်ကာ မကြားဝံ့ မနာသာ စကားတွေက စက်သေနတ်ပစ်နေတဲ့အတိုင်း..။

"မင်းနဲ့သူ ဒီလောက်ထိ ရင်းနှီးသွားစရာ ဘာအကြောင်းမှ မရှိသေးဘူး၊ ငါ မသိလိုက်ဘဲ ဘယ်နှစ်ကြိမ်လောက် ဆုံဖြစ်နေကြလို့လဲ၊ ဘာဖြစ်လို့ ငါ မသိခဲ့တာလဲ.."

"ဘယ်နှစ်ကြိမ်မှ မဆုံဘူး .. ရင်းလည်း မရင်းနှီးဘူး၊ ရှင့်ကို ဘာတွေပြောလိုက်လို့လဲ..၊ သူနဲ့ ကျွန်မ မိုးတိုးမတ်တပ်ပဲ ပြောဖြစ်ခဲ့တာ"

"မိုးတိုးမတ်တပ် ဟုတ်လား.."

အရိပ် မျက်နှာက မျက်ထား ကို စိတ်ရှိလက်ရှိ ကိုက်ပေါက်ပစ်ပစ်ချင်သလို အံတကြိတ်ကြိတ်နှင့် နီမြန်းနေ၏။





"သူ့ငွေး အရမ်းပျော်နေတဲ့မျက်နှာကို ထိုင်ကြည့်ပြီး မကြားချင်တဲ့စကားတွေကို တစ်နေကုန် နားထောင်နေခဲ့ရတယ်၊ မင်း အဲဒီလောက်ထိ .. တောက် .."

မျက်ထား ပန်းအိုးထဲမှာ နှင်းဆီပန်းတွေ ထိုးစိုက်နေတာမို့ သူ့ရဲ့ တက်ခေါက်သံကြောင့် စိတ်ထဲမှာ ဖျင်းခနဲ ဖြစ်သွား၏။

မျက်လုံးနဲ့ကြည့်ပြီး ထိုးနေသည့်ပန်းက အိုးထဲကိုမရောက်ဘဲ ပန်းချင်းငြိကာ စားပွဲပေါ်မှာပဲ ဒုန်းခနဲ လဲကျ၏။ အိုးထဲက ရေတစ်ဖက်က စားပွဲပေါ်ကနေ ကြမ်းပေါ်သို့ အရှိန်နှင့် စီးဆင်းလေသည်။

မျက်ထား ပန်းအိုးကို ပြန်ဆွဲထောင်လိုက်တဲ့အထိ အရိပ် က ကြည့်နေကာ...

"မှာလိုက်သေးတယ် ငါ့ကို..၊ မိန်းမကို ကြင်နာပါ၊ ဂရုစိုက်ပါတဲ့၊ မျက်ထား ကို စိတ်ညစ်အောင် ထားတယ်ဆိုရင် မင်း မလွယ်ဘူးတဲ့"

"ဒီမှာ ..."

မျက်ထား စားပွဲဘေးမှာ ပုဆစ်တုပ်ထိုင်နေရာကနေ ဆတ်ခနဲ ထရပ်၏။

"လျှာအရိုးမရှိတိုင်း အောက်တန်းကျတဲ့စကားတွေကို ပါးစပ်အရသာခံ ပြောနေတာ၊ ရှင် ကိုးကွယ်နေတဲ့ သူ့ငွေးဆိုတဲ့လူက အဲဒီလိုလူလား"

"ဟုတ်တယ် .. ဆင်းရဲတာကို စိတ်ပျက်ငြီးငွေ့နေတဲ့ မိန်းမတွေ ချမ်းသာချင်ပြီဆိုရင် သူ့လိုလူက ဘုရင်တစ်ဆူပဲ၊ မင်းကို ငါက မကြင်နာပါဘူး၊ ဂရုမစိုက်ပါဘူးနဲ့ သူ့ရှေ့မှာ တယောထိုးခဲ့တယ်မို့လား၊ မင်း ဘာအလိုရှိနေမှန်း သူ သိလို့ပေါ့"

"ရှင် .. ရှင် စော်ကားလှချေလား"

မျက်ထား စိတ်မထိန်းနိုင်တော့ဘဲ ပန်းအိုးထဲက ပန်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်နဲ့ စုသိမ်းဆွဲကာ သူ့ရင်ဘတ်ကို လွှဲပစ်လိုက်မိသည်။

အရိုပ် က ခြေတစ်လှမ်းဆုတ်၍ ပခုံး တိမ်းရှောင်သည်။ ပြီးမှ မတ်မတ်ပြန်ရပ်ကာ...

"အဲဒီလိုဒေါသတွေ ငါက ဖြစ်ရမှာ၊ ဒီမှာ ငါ့မျက်နှာကို ကြည့်စမ်း.."

ခါးနှစ်ဖက်ထောက်၍ မျက်ထား ကို စိန်ခေါ်သလို ကြည့်လိုက်ပြီး...

"ယောက်ျားချင်း နှိုင်းယှဉ်ပြီး အနိမ့်ခံရတာ အသားလီးတာထက် နာဖို့ကောင်းတယ်၊ အထူးသဖြင့် သူ့မိန်းမပါးစပ်က ထွက်လာတဲ့ အထင်သေးစကား.."

"ဩော် .. ဩော် ... ရှင်က အထင်သေးစကား ပြောခံရတာကို နာတတ်သေးတာပဲ"

"ဘာ!..."

"ရှင် သူများကို ပြောဆိုနေတုန်းကတော့ တရားမသိ၊ ဓားမကြည့်နဲ့လေ.."

"ဟုတ်တယ် .. ပြောစရာရှိရင် ပြောတတ်တယ်၊ ဒါပေမယ့် ငါပြောတဲ့စကားတွေက အဓိပ္ပာယ်မဲ့ တစ်ခုမှ မပါဘူး၊ ဘယ်သူ နားလည်လည် မလည်လည် .. သည်းခံနိုင်တာ မခံနိုင်တာ အဲဒါတွေက ငါ့အလုပ် မဟုတ်ဘူး၊ အခု မင်းကို ငါ မေးမယ်၊ မင်း သူ့ကို မြင်လိုက်ကတည်းက သဘောကျသွားတာလား.. ချမ်းသာချင်တာလား.."

"ရှင် အဲဒီအကြောင်းကို တော်တော့၊ ရှင့်စကားတွေ ဒီမှာတင် ရပ်နော်"

"မတော်ဘူး .. ရပ်လည်း မရပ်နိုင်ဘူး၊ ငါ သိချင်ရင် သိရအောင် လုပ်မယ်၊ လိုချင်ပြီဆိုရင်လည်း မရခဲ့တာ မရှိဘူး၊ ဘယ်သူ့အမိန့်ကိုမှ





လည်း ငါ ဂရုမစိုက်ဘူး၊ မင်း ဘာဖြစ်ချင်တာလဲ"

"ပြောဆိုရင် ပြောမယ်..၊ ကျွန်မ တစ်သက်လုံးမှာ သဘောကျခဲ့ဖူးတဲ့ယောက်ျား တစ်ယောက်ပဲရှိတယ်၊ ဒါပေမယ့် အခု သူ မရှိတော့ဘူး"

အရိပ် မျက်နှာမှာ နေရိပ်ကျသွားသလို ညိုမှောင်သွား၏။ မျက်ထား က မျက်ရည်လည်နေသည့် မျက်ဝန်းလေးတွေကို သူ့မျက်နှာမှ လွှဲသည့် တစ်နေရာသို့ လွှဲပစ်လိုက်၍...

"လက်ရှိ ကျွန်မဘဝကို ရှင့်ဆီမှာ ပုံအပ်ထားပြီးပြီ၊ အဲဒီအတွက် ကျွန်မက သူဌေးကတော် ဖြစ်ချင်တယ်ဆိုရင်တောင် အဲဒီသူဌေးဟာ ရှင့်ကိုပဲ ဖြစ်စေချင်တာ၊ ကိုယ့်ဘဝကို ကိုယ် ချမ်းသာကြွယ်ဝချင်လာတဲ့ဆန္ဒတွေ ဖြစ်လာရင်လည်း အဲဒီချမ်းသာခြင်းတွေကို ရှင့်ဆီကပဲ လိုချင်တာ၊ နှမချင်းစာနာတဲ့စိတ်လေး နည်းနည်းမွေးပြီး နောက်ထပ် သူဌေးမြင်တိုင်း မင်း ကြိုက်နေသလားလို့ မေးတာကို ဆင်ခြင်ပေးပါ"

မျက်ထား က နွေးခံနဲ့ လိမ့်ဆင်းသွားသည့် မျက်ရည်ကို လက်ခုံနဲ့ ကပ်သုတ်လိုက်ပြီး...

"ငါ့မှာ နှမ မရှိဘူးလို့ ရှင် ကပ်ဖဲ့ပြောဖို့ ရှိသေးရင်လည်း ရှင့်ကို မွေးခဲ့တဲ့အမေက မိန်းမသားပဲ၊ သိက္ခာတရားကို စာနာပေးပါ"

"ဟွန်း..."

အရိပ် က အသံထွက်အောင် မဲ့၍ ဘယ်လိုမှ ညှိနှိုင်းမရနိုင်သော ရန်လိုခြင်းတွေ မျက်ဝန်းထဲမှာ ပြည့်သိပ်လျက်...

"နားထောင်လို့ ကောင်းတယ်၊ ဒါပေမယ့် ငါ့စိတ်တွေကို ပျော်ဝင်သွားအောင် မင်း မစွမ်းသေးဘူး မျက်ထား၊ ဘယ်မိန်းမကိုမှ အထင်မကြီးခဲ့တဲ့ ငါ့ရဲ့အတ္တထဲမှာ မင်း ဆွဲပြလိုက်တဲ့ နောက်ဆုံးလက်နက်က ခေါင်းစဉ်အကြီးကြီးနဲ့ ရှိနေခဲ့တာ၊ အဲဒီတော့ မင်း မကြိုးစားနဲ့တော့..၊ ငါ့အတွက် မိန်းမဆိုတာ မရှိမဖြစ် လိုအပ်လာရင်လည်း အဲဒါ ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံပဲ..''

ပြောချလိုက်တာ မိုက်ရိုင်းသည်။ မျက်ထား ရင့်ထဲမှာ လက်ရှိခံစားနေရသည်များထက် အဆများစွာ ပြင်းထန်အောင် စူးနစ်သွားသည့် နာကျင်မှုများက အမျိုးကိုထိတော့ မချိအောင် နာတာမျိုး..။

''မိန်းမတွေက ရှင့်အတွက် ဖိနပ်တစ်ရုံပဲတဲ့လား..၊ ဒါဆိုရင် ရှင့်အဖြစ်က ဖိနပ်မရှိတဲ့အခါ ဒုက္ခတပေါ့..''

အရိပ် မျက်ခုံးတွေ စုကျုံ့သွားသည်။ မျက်ထား က နှင်းဆီဆူးကြောင့် နာကျင်နေသည့် လက်ဝါးနှစ်ဖက်ကို ရင်ထဲက နာကြည်းမှုနှင့် ရောသွမ်းဖိဆုပ်လျက်...

''ထီး မပါဘဲ လမ်းဆက်လျှောက်နိုင်တယ်၊ ဖိနပ်မပါလို့ မရဘူး၊ ကိုယ့်ခြေထောက်အောက်မှာ ရှိနေတိုင်း ရှင် အထင်သေးတတ်နေရင် ရှင့်ကိုယမ်းထားရတဲ့ ကမ္ဘာမြေကြီးအတွက် ရင်နာစရာပဲ''

စိတ်၏နှိုးဆော်ခြင်းဖြင့် စကားတွေ ခုန်ပေါက်ထွက်ကုန်ကာ မျက်ထား အသက်ရှူဖို့တောင် မေ့နေသလိုပင်..။

''ငွေကြေးနဲ့ ဝယ်လို့ရနေတဲ့ ဒြပ်ရှိဒြပ်မဲ့ အားလုံးရဲ့တန်ဖိုးကို သချာတတ်တဲ့သူတိုင်း သိတယ်၊ အဲဒါတွေကို ဝယ်နိုင်တဲ့သူ ပိုင်ဆိုင်ခွင့် ရှိမယ်၊ မဝယ်နိုင်တဲ့သူ မပိုင်ဘူး၊ ဆင်းရဲချမ်းသာမရွေး.. ငဖြူငမည်းမရွေး အားလုံးကို ကြည်ဖြူစွာ ထမ်းပိုးထားတဲ့ ကမ္ဘာမြေကြီးကျတော့ အားလုံးရဲ့ခြေထောက်အောက်မှာပဲ နေရတာ၊ ရှင့်လို ကျေးဇူးကန်းတတ်တဲ့လူ သေရင်တောင် လင်းတနားမှာ မဟုတ်ဘူး''

လက်ညှိုးထိုး ပြောပစ်ခဲ့ပြီး မျက်ထား ချာခနဲ လှည့်ထွက်ခဲ့သည်။ ဒေါသပြီးသွားတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြန်ကာ သုတ်ပစ်လို့ မနိုင်အောင်ပင်..။

မိန်းမဆိုတာ ဖိနပ်တစ်ရုံ တဲ့..၊





အဲဒါ အားလုံးကို အညာလွှယ်တဲ့ မိန်းမမျိုးတွေရှိလို့ အားလုံးအစော်ကားခံရတာ..၊ ဖြစ်ချင်ရာဖြစ်ဆိုသည့်စိတ်နှင့် ဆလင်းဘက်ခ်ထဲကို အဝတ်နှစ်စုံလောက် ဖိသိပ်ထည့်ကာ အတိုအထွာလေးတွေ နှစ်ခု၊ သုံးခုထည့်၍ ဒီတိုင်း လွယ်လိုက်သည်။

နောက်ထပ် ဘာကိုမှ ငဲ့မကြည့်တော့ဘဲ ရပ်ကြည့်နေသည့် သူ့ရှေ့ကနေ ဖြတ်ထွက်လာခဲ့သည်။

စိတ်ထင်သလို မညာမတာ ပြုမူတတ်သည့် အကျင့်အတိုင်း သူ့ဘေးကနေ လွန်သွားပြီးမှ လက်ကို ဖျတ်ခနဲ ဖမ်းဆွဲပစ်သည်။

တံခါးဆီရောက်အောင် ခြေလှမ်းကျဲနှင့် လုထွက်ခဲ့တာမို့ အရှိန်နှစ်ခု၏ ဆွဲအားများမှာ မျက်ထား ကိုယ်လေး သူ့ဘက်ကို ပုံပျက်ပန်းပျက် ယိုင်ကျသွား၏။

''မင်းက ဘာအချိုးချိုးတာလဲ''

အရိပ် က မျက်ထား ပခုံးလေးကို ဖမ်းထိန်းလိုက်ကာ လေသံကမာကျောကျော..၊

''ရှင့်လက်တွေကို လွှတ်လိုက်နော်..၊ ရှင်နဲ့ ကျွန်မ ဘယ်တော့မှ သင့်မြတ်လာမှာ မဟုတ်ဘူး၊ နားလည်မှုဆိုတာလည်း နောက်ဘဝအထိ လုံးဝ မမြင်ဘူး၊ စောစောစီးစီး လမ်းခွဲတာ အကောင်းဆုံးပဲ''

''ဘာပြဿနာ ဘယ်လောက်ကြီးနေနေ မင်းကို ငါ လမ်းခွဲဖို့ ဘယ်တော့မှ မစဉ်းစားဘူး၊ စိတ်ကူးထဲမှာလည်း မရှိဘူး၊ မင်းက မျက်ချင်းကြီး မာနတွေ ဖြစ်လာတာ အားကိုးရှိနေလို့လား..''

''ဘာ .. ပြောတယ်..''

''မင်း ငါနဲ့ကွဲပြီဆိုတာနဲ့ မင်းရှိရာကို သူဌေးက မရမက ရှာနေ လိုက်မှာလေ..၊ အဲဒါ မင်း သိနေတယ်မို့လား''

''ရှင် .. ရှင်နော်..''



www.burmeseclassic.com

www.burmeseclassic.com



မျက်ထား ရင်ဘတ်လေး တသိမ့်သိမ့် တုန်လာကာ နင့်နေသည့် နှလုံးသားက ဖိဆုပ်ချေမွခံလိုက်ရသည့်အတိုင်း...

"မဟုတ်ဘူးဆိုရင် မင်း ဒီအခန်းထဲက တစ်လှမ်းမှ ထွက်ဖို့ မကြိုးစားနဲ့..."

အခန်းထဲမှာ မျက်ထား ရဲ့ရှိုက်သံတွေ ပျံ့လွင့်နေတာ အချိန် အတော်ကြာ၏။ အရိပ် ကလည်း သူမ ထိုင်ငိုနေသည့်ဘေးက ဆက်တီ မှာပဲ ထိုင်ကာ ပုလင်းထောင်သည်။ ဘယ်လောက်ထိ ကြာသွားမှန်း မသိဘဲ အရက်နံ့တွေ နှာခေါင်းထဲ ဝင်လာမှ ဘေးကို လှည့်ကြည့်မိ၏။

ထိုအခါ ပူလောင်သွားခဲ့သမျှ မျက်ရည်တွေ အားပါးတရ သွန်ချ ပစ်လိုက်ရသဖြင့် အတော်အတန် တည်ငြိမ်သွားခဲ့ပြီဖြစ်ကာ ပါးပြင်ကို ထပ်ပွတ်လိုက်ပြီး နေရာမှ ထသည်။

"နေပါဦး .. ပြီးသွားပြီလား"

မတ်တပ်ရပ်နေ ပြန်ငုံ့ကြည့်လိုက်တော့ သူက ရီတီတီ မဲ့ပြုံးနှင့် မော့ကြည့်ပြီး မျက်လုံးချင်းဆုံလိုက်မှ ဟွန့်ခနဲ ရယ်၍...

"မင်း အဲဖော်ရအောင် ကိုယ်က ထိုင်သောက်နေရတာ၊ ခု ကိုယ် မပြီးသေးဘူး၊ မင်း ပြန်စောင့်ပေး"

ပြောပုံက မျက်ထား နဲ့သူ ပြဿနာကြီးငယ် ဘာမှမဖြစ်ခဲ့တဲ့ အတိုင်း...

"မစောင့်ပေးနိုင်ဘူး"

"ဟွန်း.."

"အို!... ဘယ်လို လုပ်လိုက်တာလဲ"

သူက မျက်ထား လက်ဖဝါးလေးကို လှမ်းဆုပ်၍ ဖိဆွဲချလိုက် သည်။

ပြီးတော့ သူ့ရင်ခွင်ထဲမှာ ကလေးပွေ့သလို ပွေ့ထားလိုက်ကာ...





"ကိုယ် အခု မရိုင်းတော့ဘူး၊ ကမ္ဘာမြေကြီးရဲ့ ကျေးဇူးကိုရော ကိုယ့်ကို ကျွေးမွေးကူညီခဲ့ဖူးတဲ့ မင်းကျေးဇူးတွေရော..."

"ဟင့်အင်း .. ဖယ် .."

"တကယ်ပါ .. မင်းကို ကိုယ် တောင်းပန်တယ်"

သူ့ရဲ့ညှို့သက်သော စကားလေး တစ်ခွန်းစ နှစ်ခွန်းစမှာပဲ သူမ ရဲ့ ကျေနပ်ခြင်း၊ မကျေနပ်ခြင်းတွေ လမ်းပျောက်သွားခဲ့ကြ၏။

ထို့ပြင် အဆုံးမဲ့အနမ်းများနှင့် တောင်းပန်နေသည့် သူ့နှုတ်ဖျား က မနှစ်သက်ဖွယ်ကောင်းသည့် အနံ့အသက်တွေကိုတောင် ငြင်းနိုင် စွမ်း မဲ့ခဲ့၏။

တိတ်ကျသွားသည့် ဝန်းကျင်လေးထဲမှာ တိုးသဲ့သော သီချင်းသံ လေး ပေါ်လာခဲ့သည်။ သူ့အင်္ကျီအိတ်ထဲက ဖုန်းမြည်နေတာ ဖြစ်၏။

သို့သော် ဖွင့်ကိုင်မည့်သူ မရှိသဖြင့် သီချင်းသံလေးက ဒီနားမှာပဲ ခေါက်တုံ့ခေါက်ပြန်...၊

... ကြင်နာသလို မကြင်နာသူ ..

... နေနိုင်ရက်တဲ့ ချစ်သူလေး ..

... အနိုင်ယူတတ်တဲ့ သူ့စိတ်တွေကိုကွယ် ..

... ကိုယ် မငြင်းရက်ဘူးကွယ် ..

... ညာနေတာတွေ ရင်ထဲက ဝိုနေမိလည်း ခဏပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၃၂ ]

"ရော့ .. ပြင်ဆင်ပြီးတာနဲ့ တန်းထွက်ခဲ့၊ ကိုယ် ဒီမှာ စောင့်နေမယ်"

လို့ ပြောကာ တစ်လမ်းလုံး သူ ကိုင်လာခဲ့သည့် ကတ်ထူအိတ်လေးကို မျက်ထား လက်ထဲ ထည့်ပေးလိုက်သည်။

ဒီည ဒင်နာဖိတ်ယားတာရှိလို့ဆိုပြီး ဘယ်တုန်းကမှ မခေါ်ဘူးခဲ့ဘဲ မျက်ထား ကို လိုက်ခဲ့ဖို့ ခေါ်သည်။

စလိုက်ပြီဆို ပြီးဆုံးအောင် လုပ်တတ်တဲ့အတိုင်း အိမ်ကနေ ဒီတိုင်း ဆွဲခေါ်လာပြီး Beauty Spa တစ်ခုထဲ ဝင်သည်။

အလှဆုံး ပြင်ပေးပါလို့ သူပဲပြောကာ အိတ်လေးတစ်လုံး လက်ထဲ ထည့်ပေးလိုက်တာ ဖြစ်၏။ အပြင်မှာ သူ နာရီတကြည့်ကြည့်နဲ့ စောင့်နေတာကို အထဲက မျက်ထား လှမ်းမြင်နေရ၏။

"ညီမ အမျိုးသားလား .. ဖြောင့်တယ်နော်"

"ဟုတ်ပ.. အရပ်မြင့်ပုံက ထင်းနေတာပဲ၊ ကြည့်လို့ကောင်းတယ်"

မျက်ထား 'အင်း' 'အဲ' ဖြေရင်းနဲ့ပဲ စိတ်အိုက်နေ၏။





အကျီဝတ်မယ်ဆိုတော့ သူ ထည့်ပေးလိုက်သည့် အိတ်ထဲကို နှိုက်ယူလိုက်လျှင် အနက်ရောင်ပြေးနေသော နက်ပြာရောင် အပြောင်သားဝတ်စုံလေး ထွက်လာ၏။

ရင်ဘတ်ကနေ ခြေဖျားထိ ထဘီရင်လျားထားသလို ပျော့ပျော့ကပ်ကပ်လေး ထင်းနေကာ ပခုံးတစ်ခြမ်းစောင်းကနေ ပန်းတွေကပ်ထားသည့် ဇာကျဲက ရင်ဘတ်တစ်ခြမ်းကို အုပ်ထား၏။

တစ်ဖက် ပခုံးမှာကျတော့ လက်နှစ်လုံးလောက် ပခုံးကြိုးလေးနှင့် ပုလဲသီးလေးတွေကို ပခုံးအုပ်တဲ့အထိ လှုပ်လှုပ်ခါခါ တွဲသီထားသည်။ ပြီးတော့ နက်ပြာရောင် အပြောင်တွေကပ်ထားသည့် လက်ကိုင်အိတ်လေးက ပြိုးပြက်လက်နေ၏။

မျက်ထား အပြင်ထွက်လာတော့ ဂါဝန်စကို မသိမသာလေး 'မ'ထားရ၏။ နာရီငုံ့ကြည့်ပြီးမှ ပြန်မော့လာသည့် အရိပ် မျက်ဝန်းတွေ မျက်ထား ကို မြင်လိုက်တာနှင့် စက္ကန့်များစွာ ငြိမ်သက်သွားခဲ့၏။

နောက်တော့မှ ဘေးပတ်ဝန်းကျင်ကို သတိရသွားသလို မျက်ဝန်းတွေကို ရွှေ့လျားရင်း မျက်ထား ဆီ လျှောက်လာပြီး ပခုံးလေးကို ဖက်လိုက်သည်။

"အရမ်းလှတယ် .. ဒါပေမယ့် ဖိနပ် လိုသေးတယ်"

သူ့ဖာသာ ပြောပြီး ဖိနပ်ဝယ်တော့လည်း သူပဲ ရွေးပေးသည်။ နက်ပြာရောင် မရှိပေမယ့် အနက်ရောင် ကြိုးတွေ ရှုပ်နေသည့် ခုံမြင့်ဖိနပ်က မျက်ထား သိပ်သဘောမကျပေမယ့် လေးသောင်းခွဲ ပေးလိုက်ရတော့ မျက်လုံးပြူးသွား၏။

"ရှင် ပိုက်ဆံတွေ ဒါအတွက် ဘာဖြစ်လို့ ဖြုန်းတီးနေတာလဲ၊ စားသောက်ပွဲလေး တက်ရမှာ ဒီလောက် ပြင်ထားရတာတောင် ရှက်ဖို့ကောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"လိုလို့ပေါ့ကွာ၊ ဖြုန်းသင့်လို့ ဖြုန်းတာပေါ့၊ မင်း တိတ်တိတ်လေး နေ.."

သူငယ်ချင်းရဲ့ကားကို ခဏ ယူမောင်းလာသည်ဆိုပြီး နက်မှောင်းပြောင်လက်နေသော ဆံပ်ဖ်ကား နက်ပြာရောင်က ညအမှောင်ထဲမှာ ဖိတ်ဖိတ်လက်နေ၏။

မျက်ထား မျက်ခုံးလေးတွေ တွန့်ထားရင်း ငုတ်တုတ်လေးကနေ တိတ်ဆိတ်နေသဖြင့် အရိပ် က ကားမောင်းရင်း လှည့်ကြည့်သည်။

"အရုပ်မတစ်ရုပ် ကောက်တင်လာတဲ့အတိုင်းပဲကွာ၊ ပါးစပ်ကြီးပိတ်ပြီး ဘာလဲ .. တရားမှတ်နေတာလား"

မျက်ထား က သူ့ကိုမကြည့်ဘဲ မျက်စောင်းထိုးကာ...

"ဟုတ်တယ် .. ကိုယ့်ကိုယ်ကိုယ်လည်း လူစင်စစ်ကနေ အရုပ်ဘဝ ပြောင်းသွားပြီလားလို့ ပြန်စဉ်းစားနေတာ.."

"ဟုတ်တော့ ဟုတ်တယ်၊ မင်းက အရုပ်နဲ့တူအောင် လှနေတာ"

အတွင်းမီး ဖွင့်ထားသဖြင့် မျက်ထား ရဲ့ မျက်တောင်လေးတွေ ပိုကော့ပြီး မျက်ခွံစပ်စပ်လေးတွေကနေ မျက်တောင်ဖျားတို့ထိ အပြာရောင်လွှဲနေတာကို မြင်နေရသည်။

ပန်းနုရောင်ပြေပြေလေး စိုအိနေသည့် နှုတ်ခမ်းလေးတွေကို စိုက်ကြည့်ပြီးမှ မျက်လုံးတွေကို ရှေ့ပြန်ပို့ရသည်။

ခင်နှာဆိုတာ သူဌေး ကျော်မော်အောင် ရဲ့တိုက်ကြီးထဲမှာပဲ ခင်းကျင်းမှာမှန်း အထဲကို ဝင်လိုက်မှ သိတော့သည်။

လူအယောက်နှစ်ဆယ်ကျော်ဆန့်သော စားပွဲရှည်ကြီး၏ အနားသုံးဖက်မှာ စုံတွဲတွေ နေရာယူပြီးဖြစ်လျက် ခုံလွတ် သိပ်မကျန်တော့ပေ..၊ စားပွဲရဲ့ ထိပ်ဆုံးမှာတော့ သူဌေးက မထိုင်သေးဘဲ လက်နှစ်ဖက်ထောက်၍ မျက်နှာ ခပ်ငုံ့ငုံ့နှင့် ဘာတွေပြောနေသည် မသိ..။





"ဟော .. လာပြီ"

သူတို့ကို မြင်လိုက်သည်နှင့် ရှေ့ကို ကပျာကယာ ထွက်လာသည်။ နေရာယူလိုက်ပုံက အရိပ် ရဲ့ဘေးမှာ မဟုတ်ဘဲ မျက်ထား ရဲ့ဘေးမှာ နီးနီးလေး လာကာ ...

"အရိပ် က ဖနီးကို လာကြွားတာ ထင်တယ်၊ အဟွန်း.. ပြီးတော့မှ အပြင်ပြန်ထွက်ရအောင်၊ ဒီမှာ လူမစုံသေးဘူး၊ အထဲကို လာ..."

ဒီစားပွဲမှာ မျက်ထား တို့က ထိုင်ခွင့်မရှိဘူးလား၊ ကိုယ့်မှာ ပြင်ဆင်လာခဲ့ရတာတော့ ဒီမှာ ရှိနေပြီးသည့် အမျိုးသမီးတွေထက် ပိုပြီး ထင်းထင်းလင်းလင်းကြီး ဖြစ်နေမှာပါ..။

အရိပ် မျက်နှာကို မော့မကြည့်ဖြစ်ဘဲ မျက်ထား ရှက်လည်းရှက်၊ စိတ်မကောင်းလည်း ဖြစ်မိသည်။

အရိပ် မာနကြီးတာကို သိနေသည်မို့ ပို၍ နာကျင်မိ၏။ ဒီသူဌေးရဲ့ဘေးမှာ နေရာမြဲဖို့ ခုလို သိသာစွာ ခွဲခြား နှိမ့်ချနေတာကိုတောင် သိမ်ငယ်ရမှန်း မသိတော့ဘူးလား..။

ကိုယ့်အဆင့်ကို သိနေသားနဲ့ ဒီကို လာဖို့အတွက် ဘာဖြစ်လို့ ဒီလောက်ထိ ပြင်ဆင်ခိုင်းခဲ့တာလဲ..၊

'ဒီမှာ ထိုင်ကြ'လို့ ညွှန်ပြသည့်နေရာမှာ ထိုင်လိုက်ရင်း မျက်ထား နှုတ်ခမ်းသားလေးတွေ တင်းကပ် စေ့ပိတ်နေခဲ့၏။

"မျက်ထား"

အရိပ် က မျက်နှာချင်းကပ်ခေါ်ပြီး လက်ခုံနုနုလေးပေါ်ကနေ ဖိဆုပ်၍...

"မျက်နှာကို နည်းနည်းလျှော့လေ၊ ဒါ ကိုယ့်သူဌေး.."

မျက်ထား လက်ကို ဆတ်ခနဲ ရုန်းပစ်လိုက်ပြီး ဘုကြည့်ကြည့်၏။ ဒီလူနဲ့ပဲ သဝန်တိုစကားတွေပြောပြီး အခန့်မသင့်ခိုင်း ရန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရသည်။

မျက်နှာချင်းဆိုင် တွေ့ကြတော့ အလွန် ရှိသေလေးစားရပါသော အလုပ်ရှင်ကို ကျိုးနွံသည့် အလုပ်သမားက ဆက်ဆံတာမျိုး...။

သူ သဝန်တို ရန်လုပ်နေတာတွေက သူ့သူဌေးကို အပြစ်မြင်တာ မဟုတ်ဘဲ ကိုယ် အနေအထိုင်မတတ်တာကိုပဲ ဒေါသထွက်နေတာ လား...၊ စိတ်တွေ ကယောက်ကယက်နှင့် မျက်နှာကိုလည်း ဘယ်လိုမှ ပြေပြစ်လို့ မရခဲ့ပေ...၊ ဒီမှာတော့ အကောင်း...။

အိမ်ပြန်ရောက်ကြရင် ဘယ်လိုစကားတွေနဲ့ ရန်လုပ်ဦးမှာလဲ...၊ ချက်ချင်း ထပြန်ချင်သည့်စိတ်တွေ ဖြစ်လာကာ မျက်ထား နေမထိ ထိုင်မသာနှင့်...

"ကျွန်မ ပြန်ချင်တယ်"

"ဘာမှ မစရသေးတာ၊ ပြန်လို့ ဘယ်ဖြစ်မလဲ"

"ဒင်နာ လုပ်တာ၊ သူ့ရဲ့ ဂုဏ်ရှိန်တူတဲ့ မိတ်ဆွေကိုပဲ ဖိတ်မှာ ပေါ့၊ ရှင်က အလုပ်သမား မဟုတ်ဘူးလား၊ စားသောက်ပွဲမှာ နေရာ ပေးစရာမရှိဘဲ ဘာဖြစ်လို့ ဖိတ်တာလဲ.."

အရိပ် မျက်နှာတည်သွားပြီး မျက်ထား ကို စိုက်ကြည့်၏။ ပြီးတော့ စိတ်ထိန်းနေရသည့် မျက်နှာကို လွှဲပစ်ကာ...

"ဘာကြောင့်ဖိတ်ဖိတ် သူက လာခဲ့ပါလို့ခေါ်ရင် ငါ ငြင်းခွင့် မရှိဘူး"

"အရိပ် လာပါကွာ .. ဧည့်သည်တွေစုံရင် တင်ပြစရာရှိတာတွေ ကိုယ် မပြီးသေးဘူး၊ ခဏဝင်ပေးစမ်းပါ"

ပြောလို့မှ မဆုံးသေးဘဲ သူဌေး ဝင်လာပြီးပြောတော့ အရိပ် ချက်ချင်း ထထွက်သွား၏။

သူကတော့ မျက်ထား ထိုင်နေသည့်နားကို လျှောက်လာလျက်...





"ခဏလေးနော် .. စားစရာတွေ လာပို့လိမ့်မယ်"

"ရပါတယ် .. လာပို့ရင်လည်း ကျွန်မယောကျ်ားနဲ့ မျက်နှာချင်း ဆိုင် စားရမှာမဟုတ်ဘဲ ကျွန်မ မစားချင်ပါဘူး"

"ဟင်!..."

သူဌေးက ဘောင်းဘီရှည်အနက်၊ လောင်းကုတ်အနက်နှင့်ကြော့ မော့နေအောင် ဖြီးထားသည့်ဆံပင်ကို မထိတထိ ပွတ်သပ်သလိုနေကာ...

"မျက်ထား က အရိပ် ကို ခိုင်းလိုက်တာ ဘဝင်မကျဘူးထင်တယ်"

လှပသည့်နှုတ်ခမ်းလေး မသိမသာ ကွန့်မဲ့သွားကာ...

"ဘဝင်မကျခွင့် ကျွန်မတို့မှာ မရှိပါဘူး၊ နည်းနည်းတော့ အံ့သြ တာပေါ့"

"ဘာဖြစ်လို့လဲ.."

"ဒင်နာနဲ့ နိုက်ဂျူတီကို သူဌေး အစက ခွဲခြားဖိတ်ရင် ကျွန်မတို့ လည်း ကျိုးကန်းက ကျိုးကန်းလိုပဲ လာခဲ့ကြမှာ၊ အရေခွံတွေလဲပြီး ဒေါင်းယောင်ဆောင်ဖို့ မလိုဘူးလေ၊ ဒီထဲထိ ဝင်လာရမှပဲ ကိုယ့်ကိုယ် ကိုယ်လည်း ရှက်မိပါတယ်"

စကားကို အတတ်နိုင်ဆုံး သိမ်မွေ့အောင် ကြိုးစားနိုင်ပေမယ့် မျက်ထား ရဲ့မျက်နှာလေးက အနီရောင်လူနေ၏။

ပြောင်အိသိုမှောင်နေသော ဆံနွယ်ရှည်တွေကို ဒီတိုင်း ဖြန့်ချ လျှက် အဝတ်စားသာမက မျက်ခွံစပ်စပ်လေးတွေ၊ နှုတ်ခမ်းသားလေး တွေပါ ပြောင်လက်လက်လေး ဖြစ်နေသဖြင့် မျက်ထား ပုံစံလေးက နန်းဆန်နေသည်။

ဝတ်ထားပုံက ရိုင်းသလိုထင်ရပေမယ့် သူ့နေရာနဲ့သူ အကွာ အကွယ်တွေ ရှိနေကာ ဆံပင်ရှည်တွေ ဖြန့်ချထားတာကလည်း ဝတ် လွှာရုံတစ်ခုနဲ့ တူ၏။ ထို့ကြောင့် ထိုင်ရာမထ ငေးနေချင်အောင် ညှို့



www.burmeseclassic.com

www.burmeseclassic.com



သည့်အလှ ဖြစ်သည်။

ဒေါသဖြစ်နေတော့ မျက်နှာလေးမှာ ကာလာတွေ ပိုရင့်ပြီး ပြေရာပြေကြောင်းပြောဖို့ စကားတွေတောင် ကျော်မော်အောင် နှုတ်ဖျားမှာ ဆွံ့အကုန်၏။

"မျက်ထား ဘက်မှာ အဲဒီလို ထင်စရာတွေဖြစ်ကုန်တာ စိတ်မကောင်းစရာပဲကွာ၊ တကယ်ပါ ကိုယ့်စိတ်ထဲမှာ အရိပ် ကို လူရင်းတစ်ယောက်လို သဘောထားပြီး ဧည့်သည်လို မဆက်ဆံမိတာမျိုးပါ၊ ခွဲခြားတဲ့စိတ် လုံးဝ မရှိဘူး"

"ဒါ အကောင်းဆုံး စကားပါပဲ၊ ဒါပေမယ့် သူဌေး တစ်ခု သတိထားသင့်တာက အရိပ် က သူတစ်ယောက်တည်းလာတာ မဟုတ်ဘူး၊ တခြားလူတွေကို စုံတွဲတက်နိုင်းသလို အရိပ် ကလည်း မိန်းမကိုပါ ခေါ်လာပြီး အများနည်းတူ ပွဲတက်ဖို့ လာတာပဲ၊ မိန်းမ ဒီမှာထားခဲ့ဆိုပြီး ယောကျ်ားကို မီးဖိုချောင်ထဲ ခေါ်သွင်းသွားတာ သူဌေးဘက်က ဧည့်ဝတ်ကျေပြွန်မှုလား"

"မှန်ပါတယ်၊ ဒီလိုမျိုး ကိုယ် မလုပ်သင့်ဘူး"

ကျော်မော်အောင် က တည်ကြည်သော မျက်နှာနှင့် စိုက်ကြည့်နေပြီး တစ်လုံးချင်း ဆက်ပြော၏။

"ဒါပေမယ့် မင်းတို့ကို နောက်ဖေးမှာ ထည့်ထားပြီး ကိုယ်က ရှေ့မှာ ဧည့်ကောင်းစောင်ကောင်းတွေနဲ့ ရှိနေတာတော့ မဟုတ်သေးပါဘူး၊ အခု ကိုယ် မင်းရဲ့ဘေးမှာ အထူးတလည် ဧည့်ခံနေတာ .."

"ကျွန်မက ရှင့်ဧည့်သည် မဟုတ်ဘူးထင်တယ်"

"သိပ်ဟုတ်တာပေါ့ မျက်ထား ရယ် .. အရိပ် ကို ကိုယ့်ဘက်က လူစိမ်းဖြစ်ဖြစ် လူကျက်ဖြစ်ဖြစ် လက်တို့လက်တောင်း ဘယ်နေရာမဆို လက်ညှိုးထိုး ခိုင်းလို့ရတယ်၊ ဘယ်ပွဲမျိုးဖြစ်ဖြစ် ဖိတ်ဖိတ် မဖိတ်





ဖိတ် သူလည်း တက်ချင်တက်၊ မတက်ချင်နေ၊ မကောင်းတတ်တာဘာမှမရှိဘူး၊ အခု မဖြစ်မနေ လာခဲ့ဖို့ သူ့ကိုဖိတ်ခဲ့တာ မင်း ပါလာအောင်လို့"

မျက်ထား ကိုယ်လေး မသိမသာ တောင့်တင်းသွား၏။

တင်းခံနဲ့ ဖိပိတ်ပစ်မိသည့် နှုတ်ခမ်းသားတို့က လွှတ်ခနဲ ပြောချလိုက်ဖို့ စကားတွေကို အချိန်မီ ထိန်းသိမ်းလိုက်ရတာ ဖြစ်သည်။

ကျော်မော်အောင် က ဂရုမစိုက်ချင်သည့် မျက်လုံးတွေ စူးစူးရဲရဲဖြစ်လာခဲ့လျက်...

"အဲဒါ မင်းကို မြင်မြင်ချင်း ကိုယ့်ဘက်က ထားမိခဲ့တဲ့ ဖြူစင်တဲ့သံယောဇဉ်ပါ၊ မင်းနဲ့ပတ်သက်ပြီး အရိပ် ကို ကိုယ် အများကြီး ကူညီဖို့ ရှိသေးတယ်၊ သူလည်း လက်ခံမယ်ဆိုတာ ကိုယ် သိတယ်"

"ကျွန်မကတော့ လက်မခံနိုင်ဘူး"

မျက်ထား သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး ပြတ်သားစွာ ငြင်း၏။ ကျော်မော်အောင် ပျာပျာသလဲ ဖြစ်သွားလျက်...

"ကိုယ့်ဘက်က ဘာမှ ပြဿနာမရှိဘူး မျက်ထား .. မိဘ၊ မိသားစု ဘာမှ ရှုပ်ဖို့မရှိဘူး၊ ကိုယ်က တစ်ကိုယ်ရေတစ်ကာယသမား၊ ပိုင်ဆိုင်မှုတွေ အများကြီးကို သိမ်းလို့မနိုင်အောင် တိုးချဲ့နိုင်ပေမယ့် တကယ် ထိန်းသိမ်းနိုင်မယ့်သူလည်း မရှိဘူး၊ မင်းကို အရိပ် ရဲ့ဇနီးပေမယ့် ကိုယ့်ဘက်က ရိုးရိုးသားသား ကူညီချင်တာတွေကို.."

"ဦးကျော်မော်အောင်.."

"ခဏလေး နားထောင်ပါဦး မျက်ထား .. ခဏလေးပါ၊ မင်းနဲ့ အရိပ် ရဲ့အိမ်ထောင်ရေးအခြေအနေကို ကိုယ် အကဲခတ်မိတယ်၊ သူ့ကို မေးမြန်းကြည့်တော့လည်း.."

ကျော်မော်အောင် စကားရပ်သွားတော့ မျက်ထား ရင်ထဲမှာ ရေပူ



www.burmeseclassic.com

www.burmeseclassic.com



စီးကြောင်းတစ်ခု ပတ်မွေသွားသလို ဖြိုးဖြိုးဖျင်းဖျင်း ကျန်ရစ်၏။

"ဘာပဲဖြစ်ဖြစ်ကွာ .. သူ မင်းကို ပြည့်စုံအောင် ရှာဖွေဖြည့်ဆည်းပေးချင်ရင်တောင် သူ့အင်အားနဲ့ဆိုရင်..."

"ကျွန်မ ပြောပါရစေ.."

မျက်ထား က ဒေါသကြောင့် မူမမှန် ဖြစ်ချင်လာသည့် ကိုယ့်အသံကို ထိန်း၍ ပင့်သက်ရှိုက်ကာ...

"အရိပ် ရဲ့ဇနီးဖြစ်တဲ့ ကျွန်မကို ဦးကျော်မော်အောင် ဘယ်လိုမြင်နေပါသလဲ၊ အဲဒါ တဆိတ်လောက် ရှင်းအောင် ပြောပါလား"

"ပြောနိုင်ပါတယ် .. အရိပ် လိုလူရဲ့ လက်ထဲမှာ မင်းရဲ့ စိတ်ရောကိုယ်ပါ ဘယ်လိုမှ ချမ်းသာပြည့်စုံနိုင်မှာ မဟုတ်ဘူးဆိုတာကို အစကအဆုံးထိ မြင်နေတယ်ဆိုပါတော့.."

"အဲဒါကို ရှင်က ပါဝင်ဖြေရှင်းပေးခွင့်ရှိတယ်လို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက် ချခဲ့လိုက်တာလား.."

"အရိပ် ကိုလည်း..."

"အရိပ် က ရှင့်ရဲ့ဝန်ထမ်းမို့ မပြောသာ မငြင်းသာတာတွေ ရှိနေမှာပေါ့၊ ဒီမှာ ဦးကျော်မော်အောင် .. ရှင် အရမ်းကို ထားစရာမရှိအောင် ချမ်းသာနေရင် ဘယ်လိုနေရာတွေမှာ သွားဖြန့်သင့်တယ်ဆိုတာလည်း သိနေမှာပါ၊ အခု ရှင် ရွေးချယ်တာ မှားနေတယ်"

"ကိုယ်က မင်းအပေါ်မှာပဲ ဖြူဖြူစင်စင်..."

"ကျွန်မကလည်း အရိပ် ဆိုတဲ့ယောကျ်ား အဝတ်အထည် ကိုယ်တစ်ခုနဲ့ပဲ ထားရင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ နေမယ်၊ တစ်နေ့ကို ထမင်းတစ်နပ်ပဲ ကျွေးနိုင်ပါတယ်ဆိုလည်း တစ်နပ်ပဲစားပြီး ကျေနပ်နေမယ့်သူ၊ သူ့ပုံစံ ကျွန်မပေါ်မှာ ဘယ်လိုဖြစ်နေနေ သူ့ရဲ့ခြေရင်းမှာ အဝတ်တစ်စ ကြိုးတစ်ခွေလိုပဲ ပုံထားထား အဲဒါ ကျွန်မကိုယ်တိုင်





လိုချင်တောင့်တခဲ့တဲ့ဘဝပဲ၊ သူနဲ့ပတ်သက်သမျှ ကျွန်မဘက်က မကျေနပ်နိုင်တာ ဘာမှမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ကျွန်မချစ်လို့ .."

ကျော်မော်အောင့် မျက်နှာ တင်းသွားသည်။ မျက်ထား က တစ်စက်မှ မလျှော့သည့် မျက်ဝန်းများနှင့် မလွှဲတမ်း ကြည့်လျက်...

"အချစ်က ထမင်းတွေ ဟင်းတွေ မဟုတ်ဘူး မျက်ထား.. အခု မင်းမှာ မပြည့်စုံဘူးဆိုရင်တောင် နေစရာ စားစရာ မပူရသေးဘူး၊ အဲဒါ ကိုယ့်အရိပ်ထဲမှာမို့လို့ပါ၊ မင်း ကိုယ့်ကို ဘယ်လိုပုံစံ ဆက်ဆံရမှန်းမသိတတ်ရင်.."

"အချိန်မရွေး ပြန်သိမ်းလိုက်ပါ၊ ရှင့်အလုပ်ကလွဲပြီး သူ ဘာအလုပ်ကိုမှ စိတ်မဝင်စားတော့ဘူးဆိုရင် ကျွန်မ ဈေးရောင်းကျွေးမယ်"

မျက်ထား ဆတ်ခနဲ ထရပ်သည်။ ရှိုးသားစွာနဲ့ပါဆိုပြီး မရိုးသားတာတွေကို အရှက်မရှိ လာပြောနေသည်။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက် ယူထားပြီး တစ်ယောက်ကိုတော့ အားကိုးဖို့အတွက် ရန့်ထားသည်ဆိုတာ ရာဇဝင်မှာရော သမိုင်းမှာပါ ရှိခဲ့သလား..။

ဒီမိန်းမ ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်ပါဘူးဆိုပြီး ခြေလွတ်လက်လွတ် ဖြုတ်ကျလာရေးအတွက် ကြိုးစားနေတာ ပုခက်ထဲက ကလေးတောင် သိနိုင်သည့်ကိစ္စ..။

"မင်း ပြန်ထိုင်လိုက်ပါ မျက်ထားညို .. ကိုယ့်သိက္ခာအတွက် သတိရပါ"

ကျော်မော်အောင့် မျက်နှာက နီရဲတင်းမာနေ၏။ နူးညံ့ရယ်မြူးသည့်အရိပ်ကွေ့ သူ့တစ်ကိုယ်လုံးမှာ ပျောက်ဆုံးသွားခဲ့ပြီး...

"မင်းက ငယ်သူမို့ အခု ပြောတဲ့စကားတွေကို ကိုယ် နားလွှတ်ဖို့ကြိုးစားမယ်၊ ဒီကနေ ရုပ်ပျက်ဆင်းပျက် ထွက်သွားတာမျိုး မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သိက္ခာတရားအတွက်ဆိုတာ ရှင့်မှာပဲ အရေးကြီးတာ မဟုတ်ဘူး ဦးကျော်မော်အောင်၊ ရှင် ပြောလာမယ့် နောက်ထပ်စကားတွေကို နားထောင်ဖို့ ကျွန်မရဲ့သိက္ခာတရားက လက်မခံဘူး"

ထိုစဉ် အရိပ် အပြင်ကို ခြေလှမ်းကျဲများနှင့် ထွက်လာသည်။ အခြေအနေကို ရိပ်မိသလို နှစ်ယောက်ကို တစ်လှည့်စီကြည့်၏။

မျက်ထား ကို အပြစ်တင်သည့် ဒေါသမျက်ဝန်းများနဲ့ဖြစ်ကာ သူဌေးကိုတော့ တောင်းပန်သည့် အဓိပ္ပာယ်များနှင့်…၊

ဒါပေမယ့် သူဌေးက အရိပ် ကို မြင်လာမှ နေရာမှ ခပ်ဖြည်းဖြည်း ထရပ်သည်။ ပြီးတော့ ဘာမှမပြောဘဲ 'မင်း ဆက်ရှင်း' ဆိုသည့် အကြည့်တစ်ချက်နှင့် ချာခနဲ လှည့်ထွက်သွား၏။

အရိပ် မျက်နှာပျက်ကာ မျက်ထား ကို ကြည့်သည်။ မျက်ထား က ဂရုမစိုက်…၊

"ကျွန်မတို့ ပြန်မယ်"

"ဟော့…"

သူ့ရဲ့အကြည့်တစ်ချက်မှာ သဘောပေါက်သွားတာမျိုး မဖြစ်ဘဲ ပြတ်သားစွာ လှည့်ထွက်သွားသဖြင့် ဒီတစ်ခါ အံ့အားသင့် ကျန်ခဲ့တာ က အရိပ် ဖြစ်၏။

မတားဆီးလိုက်နိုင်သောအခါ ခြေလှမ်းတွေက သူမ ထွက်သွားသည့်အတိုင်း…၊





## အခန်း [ ၃၃ ]

"ဟော့ .. အဲဒါ ဘာတွေလုပ်နေတာလဲ"

"သိမ်းနေတာလေ .. မမြင်ဘူးလား"

"မြင်တယ် .. ဘာလုပ်ဖို့လဲလို့ မေးနေတာ"

"မနေချင်လို့ .. ဒီမှာ တစ်နေ့တစ်ရက်မှ မနေတော့ဘူး၊ ပြောင်းမယ်"

သူ့အင်္ကျီ ဘောင်းဘီတွေပါ အဝတ်သေတ္တာကြီးထဲ ဆွဲချထည့်နေတာမို့ အရိပ် က အနားမှာ လာငုံ့ကြည့်ကာ…

"မင်း အခုချက်ချင်း အိမ်ထောင်ပြောင်းဖို့ ကြိုးစားနေတာလား"

"ဟုတ်တယ်.. ဟောဒီတိုက်ခန်းက ရှင့်ရဲ့သူငယ်ချင်း ပိုင်တာလား၊ သူဌေးဆိုတဲ့ပုဂ္ဂိုလ် ပိုင်တာလား၊ အဲဒါတွေ ကျွန်မ မသိချင်တော့ဘူး၊ အခု သိခဲ့ရတာက သူဌေးက ငြိုငြင်တာနဲ့ ကျွန်မတို့ ဒီတိုက်ခန်းကနေ လေးဖက်ထောက် ဆင်းရတော့မယ့်အဖြစ်.."

"ဘာဆိုင်လို့လဲ..၊ သူ ကူညီခဲ့တာ မှန်ပေမယ့် ငါ ပြန်ဝယ်ဖို့ ကြိုးစားနေတာ"

"မကြိုးစားနဲ့တော့ .. ကျွန်မ မနေချင်ဘူး"

"မနေချင်လို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



အရိပ် က မျက်ထား ကိုင်ထားသည့် အင်္ကျီအထပ်လိုက်ကို သေတ္တာထဲမရောက်မီ ဆွဲယူ၍ အိပ်ရာပေါ်ကို ဖြစ်သလို ပစ်တင်လိုက်ကာ...

"မျက်ထား .. မင်းက ငါ့မိန်းမ၊ ငါ ထားသလိုပဲ မင်း နေရမှာ၊ ငါက မင်း သွားတဲ့နောက်ကို လိုက်ရမှာလား"

"အဲဒီလို မဟုတ်ဘူးလေ.. ရှင်ထားတဲ့နေရာမှာ ကျွန်မက မနေနိုင်ပါဘူးဆိုရင်လည်း ကိုယ့်သားမယား စိတ်ချမ်းသာဖို့အတွက် ရှင် ဆောင်ရွက်ပေးရမှာပဲ"

"မင်း စိတ်ချမ်းသာသလို ဖန်တီးပေးဖို့လည်း ငါ့မှာ အင်အားမရှိသေးဘူး၊ အဲဒါတွေ ပြန်ချပြီး မင်း ငါ ပြောတာကို နားထောင်"

"အို!... မသိဘူး"

"မသိလို့ မရဘူး"

"ရှင်..နော်.."

အရိပ် က မျက်ထား လက်မောင်းတစ်ဖက်ကို ဆွဲကာ အိပ်ရာပေါ်မှာ အတူထိုင်ချလိုက်ပြီး...

"မင်း ငါ့အလုပ်ထဲထိ ဝင်ပါပြီး နှောင့်ယှက်ပြီးပြီ၊ ဘာတွေ ထပ်ရှုပ်ဦးမလို့လဲ၊ သူဌေးနဲ့ ငါ ဘယ်လိုမျက်နှာပြရမှန်း မသိတဲ့အဖြစ်ကို မရှင်းနိုင်သေးဘူး၊ မင်း တစ်မျိုးပြီးတစ်မျိုး ပြဿနာရှာနေပါလား"

မျက်ထား က သူကိုင်ထားသည့်လက်ကို တံတောင်နဲ့ တွက်သလို လွှဲခါပစ်ကာ...

"ရှင့်ရဲ့သူဌေးကိုတော့ ဘာလုပ်လုပ် ဟန်ရှားတယ်၊ ဘာပြောပြော ကောင်းနေတယ်ပေါ့ ဟုတ်လား.."

"ကျွတ်!.."

"ဒါမှမဟုတ်ရင်လည်း ရှင် အနေအစားချောင်ဖို့အတွက်.."





"ဘာပြောတယ်.. မင်း.."

ပခုံးကို ဒေါသဆွဲပစ်လိုက်သဖြင့် မျက်ထား ပခုံးစောင်းလေးနှင့် အိပ်ရာထက်မှာ လက်တစ်ဖက်ထောက် ယိုင်သွား၏။

"စကားကို ကြည့်ပြော .. ယောက်ျားနဲ့ မိန်းမ မှုးယှက်တာတွေ၊ မှားယွင်းတာတွေ ဘာတွေဖြစ်လာလာ နံပါတ်တစ် မှားတဲ့သူက မိန်းမပဲ၊ ဆင်ခြင်ထိန်းသိမ်းတတ်တဲ့ မိန်းမကောင်းတစ်ယောက်ကို ဒီလို လူမျိုးက မမြင်ကွယ်ရာ အတင်းဆွဲခေါ်ပြီး မဟားတရား မကြံဘူး"

"ရှင် .. ရှင် ဘာပြောတယ်"

"သူဌေးကို ငါဘက်က သဝန်တိုပြီး တိုက်ခိုက်မှာ မဟုတ်ဘူး၊ အဲဒါ မင်း သိအောင် ပြောတာ၊ မင်း ငါ့ကို အလကား ယောက်ျားလို့ ထင်ပြီး ပုတ်ခတ်မယ့်အစား ငါ့မိန်းမကို ငါ ယုံကြည်တာလို့တွေးပြီး မင်းကိုယ်မင်း ဂုဏ်ယူလိုက်.."

"မယူနိုင်ဘူး"

မျက်ထား ဆံပင်ခနဲ ထရပ်သည်။

"မမြင်ကွယ်ရာ ဆွဲခေါ်တဲ့အထိ သူ မလုပ်ရဲပေမယ့် ဟိုဟာစ်ခါ ပလာဇာမှာ သူ့ဟာသူ စကားလာပြောလို့ နှစ်ယောက်တွဲ မြင်တာ တောင် ရှင် ဘာဖြစ်သွားသလဲ..၊ ကျွန်မကို ဘယ်လို စွပ်စွဲခဲ့သလဲ.."

"မင်း မဟုတ်ဘူး ဆိုတော့ရော ငါ ဘာပြောခဲ့သလဲ.."

"ရှင် မြင်တိုင်း ထင်တိုင်း စွပ်စွဲသမျှ ကျွန်မက ဖြေရှင်းနေရမှာလား၊ မနေဘူး .. လုံးဝ မနေနိုင်ဘူး၊ ရှင် ကျွန်မနဲ့ လိုက်မှာလား၊ နေခဲ့မှာလား ဖြေ..၊ ရှည်ရှည်ဝေးဝေး မပြောနဲ့တော့ Yes or No ပဲ"

"မလိုက်ဘူး .. မနေခဲ့ဘူး"

ပြောပြီး အရိပ် က နေရာမှထရပ်လိုက်သည်။ ရန်လို စူးရဲနေသည့် မျက်ဝန်းလေးတွေကို ငုံမိုးကြည့်ကာ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်၍...



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့စိတ်ကို ကိုယ် နားလည်ပြီ၊ နောက်ထပ် ဒီလိုပြဿနာတွေ လုံးဝ ရှိမလာစေရဘူးလို့ ကိုယ် ကတိပေးရင် ကျေနပ်မလား"

မျက်ထား ခေါင်းခါပစ်လိုက်ပြီး သူ့လက်တွေကို တွန်းချ၏။

"ရှင့်ရဲ့ဘဝ၊ ရှင့်ရဲ့ကတိတွေကို နောက်ထပ် ပိုင်ထားတဲ့သူ ရှိသေးတယ်၊ အဲဒီလူက ဦးကျော်မော်အောင် ပဲ၊ အဲဒါကြောင့် ရှင့်ကို ယုံချင်ပေမယ့် အခြေအနေ အချိန်အခါကို ကျွန်မ မယုံဘူး၊ ရှင့်ကို တောင်းပန်ပါတယ်၊ ဒီလူနဲ့ ကင်းကင်းနေဖို့အတွက် မတွေဝေပါနဲ့၊ ကျွန်မ ရှင့်ကိုလည်း အထင်မြင် မသေးချင်ဘူး၊ ကျွန်မတို့ တိုက်ခန်းနဲ့ မနေရလည်း မိုးလုံလေလုံ တစ်နေရာတော့ ရှာနိုင်မှာပါ"

"ငါ့အတွက် ပြဿနာမရှိပေမယ့် မင်းကို အဲဒီလို မထားနိုင်ဘူး၊ ဒီ့ထက်သာတဲ့ အဆင့်အတန်းကို မလှမ်းနိုင်တဲ့အပြင် ထပ်ပြီး နိမ့်ကျတဲ့ဘဝထဲကို ဘယ်လို တွန်းပို့ရမလဲ"

မျက်ထား မယုံပါ...၊ သူ့စိတ်ထဲမှာ ဒါမှမဟုတ် သူ့ရဲ့ အနာဂတ် စိတ်ကူးထဲမှာ မျက်ထား ကို ဒီလောက်ထိ အရေးပါခဲ့တာ မဟုတ်မှန်း နားလည်နေသည်။ သူဌေးနဲ့ မကွဲမကွာ ရှိနေလိုခြင်းအတွက်သာ လောလောဆယ် ငြိမ်းချမ်းဖို့ ဖြေစကားတွေ ပြောနေခြင်းကိုလည်း သိသည်။

အရိပ် ရဲ့ အမျိုးမျိုးပြောင်းလဲနေသော မျက်ဝန်းထဲက နူးညံ့ခြင်း၊ ပြတ်သားခြင်းတွေကို ဘယ်လိုခွဲခြမ်းပြီး ထုတ်နုတ် အဖြေရှာရမှန်းလည်း မသိတော့ပါ...။

လောလောဆယ် သေချာတာက သူမပါဘဲ ရွှေ့ဆက်နိုင်မှာ မဟုတ်သည့် ခြေလှမ်းက ဒီအရိပ် ဒီနေရာမှာ မရွေ့လျားနိုင်ခဲ့ခြင်း...၊





## အခန်း [ ၃၄ ]

မနက် အိပ်ရာနိုးတိုင်း သနပ်ခါးရေကျဲရေနဲ့ ပါးကွက်ပါးလေးတွေ တင်ပြီးမှ အလုပ်လုပ်တတ်သည့်အကျင့် ရှိသည်။

တစ်ခါတလေတော့လည်း ပါးကွက်တွေဘာတွေ ကွက်မနေအားဘဲ သနပ်ခါးကို ဖြစ်သလို ပွတ်ဆွဲလိမ်းပစ်လိုက်တာတွေလည်း ရှိသည်။

ဒီနေ့လည်း ဖြစ်သလိုပဲ ပွတ်သပ်လိမ်းကာ ဆံပင်တွေကို နောက်မှာ ကလစ်နဲ့ ညှပ်ထားလိုက်သည်။

ထမင်းကြော်နဲ့ ဆတ်သားခြောက်မီးဖုတ်ကို အချိုအချဉ်လေးနဲ့ သေချာနယ်ကာ ဆီဆမ်းလိုက်ပြီး စားပွဲပေါ်မှာ ပြင်ဆင်ထားလိုက်၏။

ကော်ဖီဖျော်ခဲ့ပြီးမှ သွားကြည့်တော့ အရိပ် က အိပ်ရာထဲမှာ ပက်လက်အတိုင်း လက်ပိုက်လျက်၊ မနိုးသေးတာလား .. ပြန်မှိန်းနေတာလား မသိ..။

"ရှင် မထသေးဘူးလား"

"ထနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ အပုံလိုက်ရှိနေသည့် စောင်ကို ခေါက်မလို့ ဖြန့်ကိုင်လိုက်ရင်း သူ ရှက်ချင်း ပြန်ဖြေလိုက်တာကြီးကို စိတ်ထဲမှာ တစ်မျိုးဖြစ်သွား၏။

မျက်ထား လှုပ်ရှားမှုလေး ရပ်တန့်သွားကာ သူ့ကို ငုံ့ကြည့်လိုက်လျှင် စပ်ဖြဲဖြဲမျက်နှာနှင့် အရိုင် က ကြည့်နေလျက်...

"မင်းကို စောင့်နေတာ"

"အမေ့!..."

မျက်ထား လက်ကို ဟမ်းဆွဲကာ အိပ်ရာထဲကနေ ဆီးပွေ့ထားလိုက်ပြီး...

"ဘာတွေ သဘောပေါက်နေတာလဲ၊ မင်း လာနိုးမှာကို စောင့်နေတာလို့ ပြောတာ"

"မျက်နှာလည်း မသစ်ရသေးဘဲနဲ့ ဘယ်လိုဖြစ်နေတာလဲ၊ ဟိုမှာ ထမင်းကြော်အိုး မချရသေးဘူး"

"ဘာတွေဖြစ်ဖြစ်..."

အရိုင် က မျက်ထား ကို ပွေ့ဖက်နမ်းနေရင်း ခေါင်းက ကလစ်ကို ထောက်ခနဲ ဖြုတ်ပစ်လိုက်ကာ...

"ကိုယ့်ရှေ့မှာ ရှိနေရင် ဒီဆံပင်တွေ စည်းမထားပါနဲ့ဆိုတာ မှတ်မထားဘူး"

"ဆံပင် ဖို့ယို့ဖားယားနဲ့ အလုပ်လုပ်လို့မှ မရတာ"

မျက်ထား သူ့ရင်ခွင်ထဲမှာ မြုပ်နေရင်း နံရံက နာရီကို မော့ကြည့်ကာ...

"အလုပ်နောက်ကျနေပြီ .. ဖယ်ပေး .."

"ဒီနေ့ အလုပ်မသွားတော့ဘူး"

"ဟင်!... ဘာဖြစ်လို့လဲ"





"မင်းနားမှာ နေချင်တဲ့စိတ်တွေ ဖြစ်နေလို့"

ရင်ထဲမှာ သိမ့်ခနဲ နွေးသွားသည်။ ပြီးတော့ သူ ပွေ့ပိုက်နမ်းရှိုက်နေပုံက ဟိုအရင်ကလို ပေါ့ပျက်ပျက် အနိုင်ယူခြင်းတွေနှင့် မတူ...၊

မြတ်မြတ်နိုးနိုး နူးနူးညံ့ညံ့...။

"မျက်ထား.."

အရိုင် က မျက်ထား နှုတ်ခမ်းသားလေးတွေကို လက်မနဲ့ ဖွဖွလေး တို့ထိနေလျက်...

"မင်း ကိုယ့်ကို ချစ်သလား"

မေးခွန်းက ရင်ခုန်စရာတော့ မရှိပါ၊ ဒေါသဖြစ်လွယ်မယ်ဆို အော်ဟစ် တွန်းကန်ထုတ်လိုက်ဖို့ ကောင်း၏။

မျက်ထား သူ့မျက်နှာကို မျက်လွှာလေးပင့်ကြည့်နေတော့ သူက ငုံ့မိုးရင်း မေး၍...

"မင်း ကိုယ်နဲ့ လက်ထပ်ခဲ့တာက ကိုယ်ကလည်း ကိုယ်မှားခဲ့တဲ့အတွက် တာဝန်ယူခဲ့တာ၊ မင်းကလည်း..."

"ကျွန်မကတော့ ရှင့်ကို အမြဲတမ်း သတိရနေခဲ့တာ"

"ဟင်!..."

သူ အံ့သြသလို ဖြစ်သွားတော့ မျက်ထား ရဲ့ပါးပြင်လေးတွေ အနီရောင်သမ်း၏။ ပြောမိပြီးမှ ရှက်သွားကာ သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားမိသည်။ အရိုင် က အတင်းအကျပ် ပွေ့ဖက်ထားလိုက်ပြီး...

"မင်း တကယ်ပြောတာလား မျက်ထား"

မျက်ထား မဖြေပါ။ သူက မျက်ထား ရဲ့ နှုတ်ခမ်းလေးကို ငုံ့နမ်းလိုက်ကာ...

"ဒါဆို မင်းဘက်က မဖြစ်သာတဲ့ အခြေအနေကြောင့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



နောက် လိုက်ခဲ့ရတာလို့ ထင်ပြီး ကိုယ် ဂရုမစိုက်ဘဲ နေခဲ့မိတာတွေ... မင်းကို ရက်စက်သလို ဖြစ်သွားပြီပေါ့"

"မဖြစ်ပါဘူး .. ရှင့်ဘက်က မှန်ပါတယ်၊ ဒီလိုမဖြစ်အောင် ထိန်းသိမ်းသင့်တဲ့ ကျွန်မဘက်က 'မှားယွင်းမှုပါ"

"မဟုတ်ဘူး .. မဟုတ်ဘူး .. အဲဒါ ကိုယ့်ကြောင့်.."

အရိပ် က မျက်ထား ပခုံးလေးတွေကို ဆုပ်ကိုင်ထားပြီး ပက်... လှန်လိုက်သဖြင့် သူမ မျက်နှာလေး သူ့မျက်နှာပေါ် ရောက်သွားသည်... ပြီးတော့ ပုံခဲကျလာသည့် ဆံပင်ရှည်တွေက သူ့ရဲ့ပခုံးတစ်ခြမ်း... နူးနူးညံ့ညံ့..၊

"ကိုယ် မင်းကို အနိုင်ကျင့်ခဲ့တာ ကိုယ့်အပြစ်ပါ၊ အဲဒီအချိန်... မင်းက အရမ်းကိုဖြူစင်ပြီး ချစ်ဖို့ကောင်းတယ်၊ ကိုယ့်ကို မမြင်မစ... မှန်းသမ်း ခင်တွယ်နေတာလေးကို သိရက်နဲ့ အခွင့်အရေးယူခဲ့မိ... ကိုယ်ပါ"

"အဲဒါတွေ မပြောပါနဲ့တော့၊ မျက်ထား ရှက်တယ်"

မျက်ထား လို့ ပြောသံလေး ကယောင်ကတမ်း ပါလာတော့ သူ... ပြုံးလိုက်မိသည်။

"မင်းကိုလေ မင်း ကိုယ့်ဆီမှာ ကြာကြာနေနိုင်မှာ မဟုတ်ဘူး... ကိုယ် ထင်ခဲ့တာ၊ ကိုယ့်ဘဝက ဘာမှမပြည့်စုံခဲ့တော့.."

"အဲဒီလိုထင်တာ ဟုတ်ရဲ့လား အရိပ် ရယ် .. ကျွန်မ မနေ... အောင် ရှင် လုပ်နေတာရော မဟုတ်ဘူးလား"

"လုံးဝ မဟုတ်ဘူး၊ ကိုယ့်ဘဝမှာ မိန်းမတစ်ယောက်နဲ့ ရင်း... ပတ်သက်ခဲ့ဖူးတာဆိုလို့ အမေကလွဲရင် မင်းပဲ၊ ခုလို ထိတွေ့ဆက်... မိတာလည်း မင်းတစ်ယောက်ပဲ ရှိတယ်.."

ခေါင်းမခါမိပေမယ့် မျက်ထား မယုံပါ၊ သူ့ပုံစံ သူ့အရည်အ...





...နဲ့ ကလေကချေဆိုတာတောင် ကြိုက်မယ့်မိန်းမ မရှိနိုင်တဲ့အထိ ဖြစ်... ရော မမြင်..။

ဘဝမျိုးစုံ ကျင်လည်တဲ့သူ..၊ လူတန်းစားပေါင်းစုံနဲ့ ဝင်ဆံ့သည်။ ...အသောက်အစားလည်း မကင်း..၊

မိန်းမတစ်ယောက်နဲ့ ဒီပုံစံ မနေထိုင်ခဲ့ဘူးဆိုတာ ယုံချင်စရာ... ...လား..၊ မျက်ထား မျက်ဝန်းလေးတွေ မသိမသာ တိမ်းဖယ်သွားတာကို သူ မြင်သည်။ ယုံချင်မှ ယုံမည်ဆိုတာလည်း သိပါသည်။

ဒါပေမယ့် ဒီ့ထက်ပို၍ သူ မရှင်းနိုင်..၊ နွေးအိမွှေးပျံ့နေသည့် ကိုယ်လေးကို မျက်နှာလေးပါ ငုံ့ကျလာအောင် တင်းကျပ်စွာ ဖက်... ...ထားလိုက်မိသည်။

သနပ်ခါးနံ့လေးနဲ့ အမြဲ ယဉ်ပါးနေသည့် ပါးပြင်လေးတွေကို ...နမ်းနေရင်း မရောင့်ရဲနိုင်..၊ သူ့ရင်ထဲမှာ ဘာတွေဖြစ်နေပြီကို ကိုယ့်ကိုယ်ကိုယ် သိနေသည်။

ပြောင်းလဲလာသည့် ရင်ခုန်သံတွေမှာ မေ့မေ့မူးမူး ဖြစ်ခဲ့၏။

"မျက်ထား ကိုယ် မေးထားတာ ဖြေလေ.."

"ဘာလဲ.."

"ကိုယ့်ကို ချစ်ခဲ့သလားလို့.."

'ရှင်ကရော..'လို့ မေးချင်ပေမယ့် ပြန်ဖြေမှာကို မကြားရပါ..။

"ဖြေစမ်းပါ.. ကိုယ် မင်းကို လက်ဆောင်ပေးချင်တယ်၊ အဲဒါ မင်းအချစ်ကိုရမှ ကိုယ်တို့ချင်း အပေးအယူ အသွားအပြန်တွေ ညီမျှ သွားမှာ.."

'ကိုယ်ကလည်း ချစ်တယ်'ဆိုတဲ့ စကားအပြင် ဘယ်လို လက်ဆောင်မျိုးနဲ့ ညီမျှဖို့ ကြိုးစားမှာလဲ..၊ ကိုယ် လိုချင်တာလည်း အချစ်... ဆိုတာ မျက်ထား ကျတော့ ကြေညာလို့ မဖြစ်နိုင်..။



www.burmeseclassic.com

www.burmeseclassic.com



"မျက်ထား ဖြေကွာ.."

"ရှင်က မျက်ထား ရဲ့အချစ်ကို လိုချင်တာလား .. ချစ်နေတဲ့သူ အပေါ်မှာ အနိုင်နဲ့ပိုင်းနေရတာကို သာယာချင်တာလား၊ အဲဒါကို အရင်ဖြေပါ.."

"ဟား!... စကားတတ်လိုက်တာကွာ"

သူက မျက်ထား ကိုယ်လေးကို ဘေးမှာ သာသာလေး လှဲနေစေကာ နဖူးလေးကို နှုတ်ခမ်းများနဲ့ ဖိကပ်နမ်း၏။

"အနိုင်ရတယ်ဆိုတာ ပြိုင်ဆိုင်မှုရှိမှ အဓိပ္ပာယ်ရှိတာ၊ ကိုယ့်ကို ချစ်နေလို့ သာယာတယ်ဆိုတာလည်း ကိုယ် လုံးဝ မေတ္တာမရှိတဲ့သူက ချစ်နေတာဆိုရင် ဘယ်လို သာယာမလဲ"

ချစ်တယ်ဆိုတဲ့စကားကို သူ တမင်တကာ ရှောင်ကွင်း ပြောနေတာလား..၊

"မဖြေဘူးလား.. ကိုယ်က မဖြေမချင်း မေးနေမှာနော်၊ ပြီးတော့ မင်းကို နှိပ်စက်မှာ.."

"အို.. ဖယ်ပါ"

မျက်ထား သူ့လက်တွေကို ဖယ်ချပစ်လိုက်ကာ ရှက်နေသည့် မျက်နှာကို သူ့ရင်ခွင်ထဲ တိုးဝင်ဝှက်ထားလျက်...

"သိရဲ့သားနဲ့ အရသာခံပြီး မေးနေတာ"

"ဟုတ်တယ်.. သိနေတယ်၊ ဒါပေမယ့် မင်းပြောတာ ကြားချင်လို့"

"မဖြေရဲဘူး"

"လင်မယား ဖြစ်နေပြီပဲ"

"ဒါဆိုလည်း မမေးနဲ့တော့ပေါ့"

"မရဘူး.. သေချာခဲ့တာက သပ်သပ်၊ အခု သေချာချင်တာက ရင်ခုန်သံချင်း နီးကပ်ဖို့.."





"အင်း.."

"ဘာ အင်း.. တာလဲ"

"မသိဘူး.. သွား.."

အရိပ် က အသံတွက်အောင် ရယ်သည်။ ရင်ခွင်ထဲမှာ အတင်း ဖိကပ်ထားသည့် မျက်နှာလေးကို မရမက ပြန်ခွာပြီး သေချာကြည့်၏။

"အရမ်း ချစ်ဖို့ကောင်းတယ်"

"မျက်နှာကြီး နောက်ဆုတ်စမ်းပါ၊ ဘာလက်ဆောင်ပေးမှာလဲ ပြောလေ.."

"လက်ဆောင်လိုချင်ရင်ဖို့ 'အင်း' တာလား မသိဘူးကွာ.. ပြဿနာ ပဲ"

"ဟုတ်တယ်.. ဒီက လက်ဆောင် မက်တယ်"

အရိပ် က မျက်ထား ဆံပင်တွေကို အရှည်အတိုင်း ဆွဲယူလိုက်ပြီး နမ်းသည်။ ပြီးတော့ ပြုံးလိုက်ပြီး...

"ဘာလိုချင်လဲ"

"ဘာပေးပေးပေါ့"

"ပြီးရော .."

"ဟာ!... မသိဘူး .. ရှင်နော်.."

ရယ်သံတွေရဲ့နောက်မှာ ရင်ခုန်သံတွေပဲ ဖြန့်ခင်းကျန်ရစ်၏။ ဘဝတစ်လျှောက်လုံးမှာ ဒီနေ့ ဒီနာရီ မိနစ် စက္ကန့်တွေလောက် သာယာ ချိုမြိန်ခဲ့တာ မရှိ..။

သူ့ကို သူမ အသက်ထက်မြတ်နိုး ချစ်ခဲ့မိ၏။ ဒါ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၅ ]

"ဘယ့်နှယ် ချောင်ထဲမှာ ထိုင်နေတာလဲ"

"ပြန်ရလွယ်အောင်လို့"

အရိပ် ပြန်ဖြေလိုက်တာကို ကျော်မော်အောင် က ရယ်သည်။

သူလည်း ဘေးမှာပဲ ခုံဆွဲထိုင်လိုက်ကာ 'က'နေကြတဲ့ ပြာလဲ့လဲ့ အရိပ်တွေဆီ လှမ်းကြည့်ကာ...

"ကိုတိုင်း တို့စုံတွဲလည်း လာတာပဲ၊ သူ့မိန်းမနဲ့ ပြေလည်သွားပြီ ထင်တယ်"

"သိချင် သွားမေးပေါ့"

ဂိုးလ်လေဘယ်လ်ကို ဖန်ခွက်ထဲထည့်နေရင်း အရိပ် က မကြည့် ဘဲ ပြော၏။ ကျော်မော်အောင် က အောင့်သက်သက်မျက်နှာနှင့် ပြန် လှည့်လာကာ...

"မင်းနော် ကျေးဇူးရှင်ကို စကားပြောတာ နည်းနည်းပါးပါး ပြင်ပြော.."





အရိပ် က ပခုံးတွန့်အောင် ရယ်ကာ ပုလင်းကို ဒိုင်းခနဲ ဆောင့်ချ လိုက်၏။

"မပြင်နိုင်ဘူး ဟိတ်ကောင်.. ကျေးဇူးရှင်ကို ဦးမညွတ်ချင်လို့ မွေးကတည်းက မိုက်ရိုင်းတဲ့အကျင့်နဲ့ မွေးလာတာ.."

"အေးပါ .. လုပ်ပါ .. မင်း..."

ပြီးတော့ သူလည်း ရောယောင်ရယ်ကာ...

"ဘယ်လိုလဲ .. အိုခေသွားပြီလား"

"အင်း.."

"မင်းကလည်း ငါက ကွန်ဂရက်ကျုလေးရှင်းမလို့၊ ဖြေပုံက လည်း အင်း တစ်လုံးတည်း"

"အများကြီးမှ မလိုတာ၊ ငါ့ရင်ခုန်သံနဲ့ ငါ့ရဲ့အဖြေက အလုံ အလောက်ပဲ"

ဖန်ခွက် ကိုင်မော့နေသည့်မျက်နှာကို ကျော်မော်အောင် က စိုက် ကြည့်ပြီး ပြုံးသည်။

"အေးပါ.. 'ကျေးဇူးမတင် ဖင်လှန်ပြ'လုပ်သွားလည်း ကျေနပ် ပါတယ်၊ မင်းရဲ့မျက်နှာမှာ အချစ်ကြောင့် ဒီလို နူးညံ့သွားတာ၊ ငါ အရမ်း ဝမ်းသာတယ်"

"ဟုတ်တယ် .. သူ့ကို ငါ လွတ်လွတ်လပ်လပ် ချစ်ခွင့်ရလိုက်တဲ့ အချိန်မှာ သူ့အကြောင်းလေး ပြောနေရတာတောင် ရင်ခုန်သံတွေ ဖြစ် နေတယ်"

"အခု ခုန်နေတာလား"

"အင်း"

ကျော်မော်အောင် က ဟားခနဲ ရယ်သည်။ သူလည်း ဖန်ခွက်ထဲ ကို ဖြည့်ရင်း စားစရာတွေကို တို့တို့တိတိ ယူစားကာ...



www.burmeseclassic.com

www.burmeseclassic.com



"မျက်ထား က သနားစရာလေးပါကွာ .. သူက မင်းအပေါ်မှာ ကလွဲရင် ဘာအတွက်ဖြစ်ဖြစ် မာနထားတယ်၊ သစ္စာရှိတယ်၊ မင်းကို နေရာတကာ အရှုံးပေးထားပေမယ့် စိတ်မပျော်ဘူး"

"ငါ ခံစားမိတယ်၊ ဒါပေမယ့် ငါ့ဘဝနဲ့ ငါ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေက သူ့ကို ယုံကြည်ဖို့ ခွင့်မပြုသလိုပဲ"

"ဒါလည်း မင်း မှန်ပါတယ်၊ အခု ပြေလည်သွားကြပြီဆိုတော့ အတိုးချပြီး ကြင်နာပေါ့ကွာ၊ သူ့ရင်ထဲမှာ မင်းနဲ့ပတ်သက်တဲ့ နာကျင်မှုတွေ ဒဏ်ရာရှိနေနိုင်တယ်နော်၊ နောက်ကျမှ ဒဏ်ရာတွေပေါ်လာရင် ကိုယ်ဖြစ်ကိုယ်ခံပဲ၊ ခုတည်းက ချေဖျက်ယားနိုင်ဖို့ ကြိုးစား.."

သူတို့ စကားပြောနေပုန်း မွေးနေ့ရှင်က ဆွေတော်မျိုးတော်များနှင့် ရောက်လာသည်။ ချောင်ကျကျ မှောင်ရိပ်သမ်းသည့်နေရာမှာ နှုတ်ဆက်ရယ်မောသံများနှင့် စိုပြည်သွား၏။

"မရဘူးနော် ကိုကင်း .. ချောင်ကပ်နေပြီး ဖြုတ်ခနဲ ထပြန်ဖို့ တော့ မကြိုးစားနဲ့"

"ဟုတ်ပါတယ်ဗျာ.. အလုပ်ကိစ္စတွေ ဘာမှ မဆွေးနွေးပါဘူး၊ ခင်ဗျား လုံးဝ စိတ်မညစ်စေရမယ့်အပြင် ပျော်သွားမှာပါ"

"ဟုတ်လား.. ဘာအစီအစဉ်တွေ ရှိနေလို့လဲ"

ပြန်မလို့ စီစဉ်နေသည့် အရိပ် က ရယ်ကျဲကျဲနှင့် အင်းမလှုပ် အဲမလှုပ်ရှိကာ ကျော်မော်အောင် ကပဲ ဝင်မေးသည်။

"ဒီမှာ သူဌေးနှစ်ယောက် မှောင်ရိပ်ခိုနေတာကို မှောင်ရိပ်ခိုပြီး ကြည့်နေတဲ့ ချာတိတ်မလေးတွေ ရှိတယ်၊ လာပါ.. နည်းနည်းလောက် ဒန့်စ် လုပ်လိုက်ရအောင်၊ ရှိတ်လိုက်တော့ လန်းသွားတာပေါ့"

မွေးနေ့ရှင် သူဌေးဦးမင်းလူ က လက်တွေမြှောက်ကာ ဒိုးဒိုးဒန့် ဒန့် လှုပ်ပြနေ၏။ အားလုံး တဟားဟားနှင့် ပွဲကျနေကာ သူတို့နှစ်ယောက်





ထိုင်နေလို့ မရတော့ပေ..။

ထိုစဉ် ဖုန်းဝင်နေသည့် မြည်သံကြောင့် အားလုံးက သူ့ကို ထား ရစ်ကာ ရှေ့က ထွက်သွားကြ၏။

"ပြော.."

"စိတ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ တစ်ချိန်ချိန်တော့ ကိုင် မှာပဲဆိုပြီး ငါလည်း ဖွဲ့နပဲနဲ့ ခေါ်နေရတာ၊ မင်းက ခုမှ ကိုင်တာကိုး"

"မင်း လိုရင်းကို ပြော.."

"ဟုတ်ပြီ .. အခု ငါ မင်းနဲ့ မနီးမဝေးမှာ ရှိတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"ငါတို့တွေ ရန်သူတွေ မဟုတ်တော့ဘူးလို့ ငါ့ဘက်က သတ်မှတ်ပြီးပါပြီ၊ ခုရောနောက်ရော မကျေနပ်သေးတာရှိနေရင်လည်း ငါ မင်းကို အတိုက်အခံတွေလုပ်ပြီး အလုပ်ပိုတွေ မလုပ်ချင်တော့ဘူး၊ မင်းလည်း လုပ်ချင်တာ လုပ်ခွင့်ရနေတဲ့ကောင်ပဲ၊ ပြီးခဲ့တာတွေကို ကျောက်သင်ပုန်းပေါ်က မြေဖြူတွေ ဖျက်သလို ဖျက်လိုက်ရအောင်ပါ"

"ဖျက်ဖျက် မဖျက်ဖျက် ကျုပ်ခေါင်းထဲမှာ ဘယ်တုန်းကမှ ဘာမှ မရှိဘူး၊ အခု ဘာဖြစ်ချင်သလဲ ပြော.."

"မင်း ရထားတဲ့ မှုခင်းသတင်းထောက်ဆီက memory card ငါ့ကို ပြန်ပေးပါ၊ အဲဒါ ရပြီးတာနဲ့ ငါတို့တွေ ဒီကနေ လစ်တော့မှာ"

"ခင်ဗျားတို့ကို မြန်မာပြည်ကနေ ထွက်သွားလို့ ကျုပ်က ခြိမ်းခြောက်နေခဲ့လို့လား"

"မဟုတ်ဘူး .. မင်း ခြိမ်းခြောက်ရင်လည်း ငါတို့ သွားချင်မှသွားမှာပါ၊ အခုက သွားဖို့ အားလုံး စီစဉ်နေပြီ၊ ထွက်သွားပြီးရင်လည်း ပြန်မလာတော့ဘူး"

"ပြီးတာပဲ၊ ကဒ်က ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမိုင်း မကျန်ခဲ့ချင်လို့.."

"ကျန်ခဲ့စရာအကြောင်းလည်း မရှိတော့ဘူး"

"ဘာ!..."

"ဟုတ်တယ် .. ကဒ်က ပျောက်သွားပြီ"

"အရိပ်မဲ့ .. မင်း .. မင်းနဲ့ ငါတို့ ထာဝရ တိုက်ခိုက်မှုတွေနဲ့ ပြီးဆုံးသွားချင်လို့လား"

"လုပ်လေ .. ဆန္ဒရှိတဲ့အတိုင်းပဲ.."

သူ ဖုန်းပိတ်လိုက်ပြီး အိတ်ထဲ ပြန်ထည့်သည်။ ဒီလူတွေ ဘေးကျပ်နံကျပ် ဖြစ်နေကြတဲ့အကြောင်းကို သူ သိပြီးသား..။

နိုင်ငံခြားကို ထွက်ရသည်ဖြစ်စေ မထွက်ရသည်ဖြစ်စေ မြန်မာပြည်မှာ သူတို့အတွက် ဒီ့ထက် ချမ်းသာဖို့ မရှိနိုင်တော့ပေ..၊ ထိုစဉ် သူ့ရှေ့ကို အရိပ်တစ်ရိပ် ဖျတ်ခနဲ ပိတ်ကာ တားဆီးသလို ပေါ်လာကာ...

"အရိပ်မဲ့.."

စူးရဲသည့် မျက်လုံးချင်း ဆုံသွားသည်။

ဦးကောင်းကင် ခေါ် ဗိုလ်ကျား သည် မြင်နေကျလို တပည့်လက်သား ခြေရံသင်းပင်းနှင့် မဟုတ်ဘဲ လောင်းကုတ်ကြီးဖားဖားနှင့် ဆံပင်ရှည်တွေကို ပြောင်နေသည့်ထိပ်ပေါ် ပြန်ခွေတင်ပြီး တရုတ်သိုင်းသမားလိုလို .. ပယောဂဆရာလိုလို..၊

သူသည် မျက်မှောင်ကုတ်နှင့် ကြည့်နေရင်း တဖြည်းဖြည်း မျက်ခုံးတွေ ပြေကျသွားကာ ...

"မင်း မပေးချင်တာကို ငါ တောင်းယူလို့ မရနိုင်ဘူးဆိုတာ သိတယ်၊ ဒါပေမယ့် ဟစ်ခုတော့ ငါတို့ မနေချင်း သစ္စာပြုရအောင်ပါ၊ ငါတို့တွေ မြန်မာပြည်ကို ပြန်လာခဲ့သည်ဖြစ်စေ မလာခဲ့သည်ဖြစ်စေ နောက်ကြောင်းက ကိစ္စတွေကို မဖော်ကြေး၊ ဘယ်တုန်းကမှ





မသိခဲ့ကြသလို သစ္စာရှိကြေးပေါ့"

"ဟွန်း.."

အရိပ် က ပခုံးတွန့်၍ ရယ်သည်။ ပြီးတော့ ရှေ့မှာ မားမားကြီး ရပ်နေသည့် သူ့ကို ကွေ့ရှောင်သွားရင်း...

"ဖုန်မထရင် ရေဖျန်းစရာ မလိုပါဘူး၊ ခင်ဗျားတို့ကို ကျုပ် ခေါင်းထဲ မထည့်ခဲ့တာ ကြာပြီ"

အံကြိတ်ကျန်ခဲ့သည့်လား .. ခပ်ကြိတ်ကြိတ် တက်ခေါက်နေမလား..၊ သူကတော့ ပြန်လှည့်မကြည့်တော့ပါ..။

'က'နေကြသူတွေနားမှာ ခြေစုံရပ်လိုက်တာနှင့် နောက်ထပ် မြင်လိုက်ရသည့် မျက်နှာတစ်ခုက ဖွေးဖွေးနုနု သွက်သွက်ချာချာ ကောင်မလေး..၊

"ကိုကို.."

"တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပေါ့၊ အခု ကိုကိုနဲ့ နှစ်ယောက် ဖြစ်သွားပြီ"

ကျော်မော်အောင် က ပြန်လှည့်ကြည့်တာနှင့် ယုမီ က အရိပ်ကို လက်ချင်းချိတ်ပစ်လိုက်သည့် မြင်ကွင်းက တန်းခနဲ..၊

ထို့ကြောင့် ရပ်စောင့်မနေတော့ဘဲ ကပွဲထဲကို သူ ဝင်လိုက်သည်။ အရိပ် က ပြန်လှည့်ကြည့်ကြသည့် လူသိုက်ဆီကို လှမ်းကြည့်ပြီး ယုမီ့ လက်ကလေးကို ဖယ်ချလိုက်ကာ...

"ကိုယ် ခဏပဲနေပြီး ပြန်တော့မှာ"

"ကမလို့ လာတာမို့လား၊ မရဘူး .. ယုမီ က မွေးနေ့ရှင်ရဲ့ ဆွေမျိုးအရင်းကြီး၊ ကိုကို ယုမီ က ပြန်ဆိုမှ ပြန်ရမယ်"

ယုမီ က ဖွေးအုနေသည့် ဂါဝန်ပျော့ပျော့ပါးပါးလေးနှင့် ပဝါတစ်စကို ရင်ထိုးနဲ့ ကပ်ချိတ်ပြီး ပခုံးပေါ်ကနေ ခြုံထား၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းနေတာကို မလုံ့ကလုံ့လေး ကာကွယ်ထားသလိုရှိကာ ကြွေသားလို ဖွေးလက်နေအောင် ပြင်ထားသော မျက်နှာလေးနှင့်ဆိုတော့ လှပေမယ့် အသက်မဲ့နေ၏။

မျက်လုံးတွေမှာ နက်ပြာရောင်အပြည့်တင်ထားသဖြင့် အနက်ဘက်ကို လှနေသည်။ နှုတ်ခမ်းသားတွေက ခရမ်းရင့်ရောင်မို့ မှောင်နေသည်။ ထို့ကြောင့် သူမသည် လှုပ်ရှားနေတာ မှန်ပေမယ့် လူထက် ရုပ်တုတစ်ခုနှင့်သာ ပိုတူနေသည်လို့ ပြောရမလား..။

"ကိုကိုက ဘာကြည့်တာလဲ"

"မင်းလို လှတာမျိုး မမြင်ဖူးလို့ပါ"

"အဲဒါ အီဂျစ်က မင်းသမီးတွေ ပါတီတက်တဲ့အခါ ဒီလိုပဲ ပြင်ကြတာလေ၊ လှရဲ့လား.."

"လှပါတယ်"

နှစ်ယောက်အတူ 'က'နေကြသည့်နေရာဆီ ရောက်လာကြ၏။

"ဟော.. မီမီ နဲ့ ကိုကင်း က သိနေကြတာလား"

မွေးနေ့ရှင်က အံ့ဩသည့်အပြုံးနှင့် သူတို့နား ပြန်ရောက်လာသည်။

"သိရုံတင်မကဘူးနော်.. ကိုကိုက ယူမီ နဲ့ အမေရိကားမှာကတည်းက.."

ရှေ့ဆက်ဖို့စကားကို အရိပ် ရဲ့လက်မောင်းမှာ ပါးလေးကပ်လိုက်ခြင်းဖြင့် အဆုံးသတ်၏။

"အကျိုးပေးထူးတဲ့ ပုဂ္ဂိုလ်ပါပဲဗျာ..၊ ဟိုမှာလည်း မင်းနဲ့ 'က' မလို့ စောင့်နေကြတာ"

"မရဘူး.. ယူမီ က ကိုကို့ကို ချုပ်ထားပြီးသား"

ဘယ်သူတွေလဲဆိုတာတောင် ယူမီ က လှမ်းကြည့်ခွင့်မပေးဘဲ





အရိပ် ရဲ့လက်ကို ချိတ်ကာ ခါးကို ဖက်လိုက်၊ ဟိုဘက်ဆွဲလှည့်၊ ဒီဘက်ဆွဲလှည့်..၊

"အဲဒါပဲ ကြည့်တော့ ကိုကင်း ရေ.. ယူမီ က ကိုယ့်ဦးလေးနဲ့စပ်ရင် ကိုယ်တို့နဲ့ မောင်နှမ တော်တယ်၊ ညီမလေးပေါ့"

မြတ်မင်း က ရှင်းပြနေရင်း သူ့နားနား ကပ်လိုက်ပြီး 'ဘာဂံလား မောင်နှမပေါ့ကွာ'..။

သူ ပြုံးလိုက်မိသည်။ ယူမီ က ဖုန်းပြောနေသည်မို့ သူတို့ စကားပြောနေတာကို လှည့်ကြည့်ပြီး ဘာမှမသိ..၊

"ကိုကြီး မာမီ ခေါ်နေလို့ သွားလိုက်ဦးမယ်၊ ကိုကို့ကို ခေါ်ထားပေးနော်"

"အိုခေ .. အိုခေ ကြိုးတုပ်ထားပေးမယ်၊ စိတ်ချသွား"

မြတ်မင်း က သူ့ဘက်ကို ပြန်လှည့်၍ တောင်းပန်သလို ပြုံးကာ...

"မင်းရဲ့ ပန်းကလေးနဲ့တော့ ကွာတာပေါ့ကွာ၊ ဒါပေမယ့် သူက အရမ်းပွင့်လင်းတော့ ချစ်ဖို့ ကောင်းပါတယ်"

"မင်း ချစ်နေလို့လား"

"နိုး .. သူ့မယ်တော်ကြီးက အကွက်ရွှေ့ကောင်းတယ်၊ ငါ့ဦးလေးကို ကြည့်ရတာနဲ့တင် လန့်နေပြီ၊ မလုပ်နဲ့ .. မလုပ်နဲ့ .."

အရိပ် က လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြီး ရယ်သည်။ မြတ်မင်း နဲ့သူ ကပွဲထဲကို မဟုတ်ဘဲ ဘေးကနေ ပတ်လျှောက်ခဲ့ကာ...

"ဦးလေးကလည်း လူကောင်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီ လေဒီကြီးနဲ့ကျမှ ငြိမိပြီဆိုကတည်းက လည်ပင်းအစ်နေတာ၊ လှုပ်ကို မလှုပ်နိုင်တော့ဘူး"

"အဲဒီလို ငြိတာလား..၊ ငါက အမှန်အကန်မှတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. ဘွားညို တို့ဘက်က လုံးဝ သဘောမကျလို့ အခု ငါ့မွေးနေ့ကိုတောင် မလာကြဘူး"

"ယုမီ ကရော မင်းဦးလေးနဲ့ အဆင်ပြေသလား"

"အားလုံးနဲ့ ပြေတယ်၊ ကောင်မလေးက ဒါမျိုးတွေကို ငြီးငြင်စရာလို့ မြင်ပုံမရဘူး၊ အရမ်း ပွင့်လင်းတယ်"

ပွင့်လင်းသည့် စကားတစ်ခုကို ရေလိုက်လွဲစွာ စားသုံးနေကြခြင်းအတွက် သူ သက်ပြင်းရှိုက်မိသည်။

"ကိုယ် ပြန်မယ်.. ကျော်မော့် ကို ပြောလိုက်တော့၊ သူ့ကို ထားခဲ့တော့မယ်"

"ဟာ!... နေဦးလေ၊ မ'က'ရင်လည်း ဟိုဘက်မှာ မင်းကို ခင်ချင်ပါတယ်ဆိုပြီး စောင့်နေတဲ့လူတွေ ရှိသေးတယ်"

"ခင်ချင်ရအောင် ငါက ဇာတ်မင်းသားမှ မဟုတ်တာ"

"အေးပါ .. ဒါပေမယ့်..."

"မရဘူး .. ငါ့မိန်းမကို ဒီနေ့ အထူးလက်ဆောင်ပေးမလို့ အစီအစဉ် ရှိတယ်"

"ဩော် .. ဩော် ပေါက်ပြီ၊ ဒါနဲ့ မင်း သူ့ကို ဘာတွေညာတွေ ဖွင့်မပြောသေးဘူးလား၊ မြန်မြန်ပြောလိုက်ပါကွာ .. ပျော်ရမယ့်ရက်တွေ ကုန်ဆုံးသွားတာ နမြောစရာကြီး၊ သူ့ခမျာလည်း သနားပါတယ်"

"အဲဒါ မင်းအလုပ် မဟုတ်ပါဘူး"

"ဟုတ်ပါတယ်.. ငါ့အလုပ် မဟုတ်ဘူး၊ မင်း အလုပ်ပါ"

အရိပ် က ရယ်လိုက်ပြီး မြတ်မင်း လက်မောင်းကို လက်သီးနဲ့ လှမ်းထိုး၏။ ထိုစဉ် သူတို့ဆီကို ရောက်လာကြသည့်အရိပ်တွေက တစ်ယောက်တည်း မဟုတ်..၊

"ကိုကို .. ဒီမှာ ယုမီ ရဲ့မာမီ ဒေါ်သွဲ့သွဲ့အေး တဲ့"





ယုမီ က မိတ်ဆက်ပေး၏။ မျက်လုံးတွေ ဆုံစည်းသွားကြသည့်အချိန်တွင် ညအမှောင်မှာ လျှပ်စီးလက်သွားသလို တိတ်ဆိတ်ခြင်းတစ်ရပ်ဖြင့် စူးစိုက်သွားကြ၏။

"မင်း..."

ဒေါ်သွဲ့သွဲ့အေး သည် စူးစိုက်ကြည့်ရင်း လက်ညှိုးမထိုးနိုင်ဘဲ လက်တစ်ဖက် ကြွတက်လာ၏။ စကားမဆက်နိုင်ဘဲ နောက်ကို ခြေတစ်လှမ်း ထပ်ဆုတ်သည်။

"ဟွန့်.."

အံကြိတ်ထားရင်း သွားကြားစေ့သံနှင့် မဲ့လိုက်တော့ အရိပ် ရဲ့ မျက်နှာမှာ လူသတ်ချင်စိတ် ပေါက်နေသော အေးစက် ခက်ထန်ခြင်းတွေ အပြည့်..။

မြတ်မင်း နဲ့ ယုမီ တို့ ဟိုမျက်နှာကြည့်၊ ဒီမျက်နှာကြည့်နှင့် ဘာဆက်ပြောရမှန်းလည်း မသိ..၊ ဘာတွေဖြစ်ကုန်တာလဲလို့ မေးဖို့လည်း ဆွံ့အနေကြ၏။

ဒေါ်သွဲ့သွဲ့အေး သည် မိုးပြာရောင်ကိုယ်ကျပ်နှင့် သမီးနှင့်အပြိုင် ကြော့ရှင်းလှပနေအောင် ပြင်ထားသလို တကယ်လည်း အရွယ်တင်နုပျိုဆဲ..၊

ဂျပန်ဆံထုံး ပုံ့ပုံ့ပွပွလေးမှာ စိန်ဆံထိုးတွေ ထိုးစိုက်ထားသဖြင့် လည်တိုင်မှာ တစ်ကုံးတည်း ဆွဲထားသော စိန်ကုံးက အဖော်အပေါင်းတွေနှင့် ပြိုးပြက်လက်နေ၏။

အရိပ် က စေ့စေ့ကြည့်ပြီး ခြေချဲရပ်လိုက်၏။ စောစောက မြတ်မင်း ပြောသည့် သူ့ဦးလေးရဲ့ ဘာညာဆိုတာ ဒေါ်သွဲ့သွဲ့အေး ဖြစ်နေမှန်း နားလည်လိုက်ကာ ကျိခနဲ အသံမြည်အောင် အံကြိတ်သည်။

အဖေ့လက်ထဲ မရောက်ခင်ကတည်းက ဒီမိန်းမကြောင့်မှာ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းလည်..၊ ဘယ်ဟာက အရင်းအမြစ်၊ ဘယ်မှာ အစွန်အဖျားကျသည်မှန်း ဘာမှမသိလိုက်ခင် အဖေက ဒီမိန်းမလက်ထဲမှာ ကျရှုံးခဲ့တာ ကျားမှန်း မသိ၊ နွားမှန်း မသိ..။

"မဟုတ်ရပါဘူး ကိုကြီးရယ် .. သူက အေး ရဲ့အစ်ကိုဝမ်းကွဲပါ"

"အမလေး .. ဦးလေးအရင်းကြီးပါ ကိုကြီးရယ် .. မစွပ်စွဲလိုက်ပါနဲ့"

စသဖြင့်သော မုသားသစ္စာများနှင့် အဖေ့ကို မလှုပ်နိုင်အောင် တုပ်နှောင်ခွစီးထားခဲ့ကာ သူ့မှာ မမြင်ချင်လည်း မြင်ရ၊ မကြားချင်လည်း ကြားရ..၊ အခု ရှေ့မှာ ဘွားခနဲ ပြန်ပေါ်လာတော့ နောက်တစ်ယောက်ရဲ့ ဇနီး..။

"စစ်ရိပ်ကင်း.."

ဒေါ်သွဲ့သွဲ့အေး နှုတ်ဖျားမှ အားတင်း ထုတ်ညှစ်လိုက်သည့်စကားသံ ပထမဆုံး ထွက်လာ၏။ ပြီးတော့ ငုံ့မကြည့်ဘဲ ဟိုစမ်းဒီစမ်းဖြစ်သွားသည့် လက်တစ်ဖက်က ယုမီ လက်ကို ထိမိလိုက်ကာမှ ကမန်းကတန်း ဖမ်းဆုပ်ထားကာ...

"မင်း ငါ့သမီးလေးကို ဘာအကြံနဲ့ ချဉ်းကပ်တာလဲ"

"ဟွန်း.."

အရိပ် က ဒေါ်သွဲ့သွဲ့အေး မျက်ဝန်းတွေကိုပဲ စိုက်ကြည့်နေရာမှ ဘယ်ကိုမှ မတိမ်းစောင်းဘဲ ပခုံးတွန့်မဲ့၏။

"အဲဒါတွေ ခင်ဗျားသမီးက ပြောမထားဘူးလား"

ထိုအခါကျမှ သမီးဖြစ်သူကို ချောက်ချောက်ချားချား ပြန်လှည့်ကြည့်၏။ ယုမီ က သူမ ဆုပ်ကိုင်ထားသည့်လက်ကို ရုန်းပစ်လိုက်ကာ...

"မာမီတို့ ဘာတွေပြောနေကြတာလဲ..၊ ဘာဖြစ်လို့ သိနေကြတာလဲ"

ကိုယ့်အမေရဲ့ အရည်အချင်းကောင်းတွေကို သိနေသည်။ ကိုယ်





လိုပဲ နုငယ်လှပနေတတ်သော မိခင်တစ်ကိုယ်လုံးကို စိတ်ပျက်ရွံရှာသလို နှစ်ခေါက်၊ သုံးခေါက် စုန်ဆန်ကြည့်၍...

"ပြောစမ်းပါ .. မာမီနဲ့ ကိုကိုက ဘယ်လို သိနေကြတာလဲ"

"မင်းအမေရဲ့ ဘယ်နှစ်ယောက်မြောက် အသုံးတော်ခံမှန်း မသိလိုက်တဲ့ ဦးမိုးရိပ် က ငါ့အဖေ၊ ဟွန်း .. မင်းအဖေကိုတော့ ကိုယ်မသိဘူး"

ယုမီ မျက်နှာလေး အညိုရောင်သမ်းသွားသည်။ ဒေါ်သွဲ့သွဲ့အေးက နှုတ်ခမ်းတစ်ချက်ကိုက်၍...

"မင်း လိုချင်တာအားလုံး မင်း ပြန်ယူပြီးပြီ၊ အခု ငါ့သမီးနဲ့ ငြိနေတာ ငါ့ကြောင့်လား.."

"အစက မဟုတ်ဘူး"

"ဘာ!..."

"မင်းအမေ ပြောတာတွေ မင်း နားလည်လား ယုမီ"

အရိပ် က ဒေါ်သွဲ့သွဲ့အေး ကို မပြောတော့ဘဲ ယုမီ ကို လှည့်မေး၏။ ယုမီ က ခေါင်းခါပစ်လိုက်ကာ...

"မသိဘူး .. ဘာမှလည်း မသိချင်ဘူး၊ မာမီနောက်ကြောင်းရှေ့ကြောင်းတွေလည်း ယုမီ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ အခု ကိုကိုနဲ့ မာမီ ဘယ်လို ကြွေးတုံ့ကြွေးတင်တွေ ရှိနေကြသလဲ.."

"ဘာမှမရှိဘူး .. မာမီ့ကို သူပဲ အနိုင်နဲ့ပိုင်းသွားတာ"

"အဟွန်း .. ဟွန်း"

အရိပ် က အသံထွက်ရယ်ရင်း ဘေးဘီကို မျက်လုံးဝေ့သည်။ စိတ်ဝင်စားလို့လည်း မဟုတ်၊ လူသူအရိပ်သုံးပါး အကဲခတ်တာလည်း မပါပေ။ တနင့်နင့်ဖြစ်လာသည့် ဒေါသတွေကို ညင်သာစွာ ဖောက်ခွဲနိုင်ဖို့ ကြိုးစားခြင်းသာ..။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက မလိမ်ပိုး မလိမ္မာလေးဆိုတော့ ကျုပ်ကို အရှုံးပေး လိုက်ရတယ်ပေါ့၊ သနားစရာပါလား.."

"ဟုတ်တယ် စစ်ရိပ်ကင်း .. မင်းဆိုတဲ့ သတ္တဝါက ငယ်သာငယ် တာ အဆိပ်ပြင်းတဲ့ မြွေပွေးလိုကောင်၊ ဖအေတစ်ယောက်လုံး လက် သီးကပ်ပြီး ကြိမ်းဝါးဆုံးမနေတာတောင် ငါ့ကို ထိုးလားကြိတ်လား လုပ်နိုင်ခဲ့တာ .. မိုက်ရိုင်းခဲ့တာ.."

"ခင်ဗျားက အပြစ်မဲ့စွာနဲ့ လည်စင်းပေးခဲ့ရတာပေါ့"

ဒေါ်သွဲ့သွဲ့အေး တိတ်ကျသွားသည်။ အတိတ်တစ်ချိန်ချိန်က ဘယ်လိုချိတ်ဆက်-ရှုပ်ထွေးခဲ့ကြမှန်း မသိနိုင်ပေမယ့် မိထွေးနှင့် လင် ပါသားတို့၏ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပဲဆိုတာ နားလည်လိုက်တော့ ယူမှီ မျက်ဝန်းတွေက မိခင်ဖြစ်သူဘက်ကို စူးစူးရဲရဲ ဖြစ်လာ၏။

"မင်းနဲ့ ငါ့သမီး ဘယ်လိုအခြေအနေ ဖြစ်နေနေ ငါ သဘော မတူဘူး"

ဒေါ်သွဲ့သွဲ့အေး ပြောလက်စကို ရုတ်သိမ်းကာ လိုရင်းကိုပဲ ယတိ ပြတ် ပြောပစ်လိုက်သည်။ အရိပ် မျက်ခုံးတွန့်သွားလျက် ယူမှီ က သူ့ဘက်ကို လုံးဝ တိုးကပ် ရပ်တည်ကာ...

"ယူမှီ အခွင့်အရေးကို မာမီ မချုပ်ချယ်ပါနဲ့၊ မြန်မာပြည်ထိ ယူမှီ လိုက်လာတာလည်း မာမီ့ဆီကို မဟုတ်ဘူး.."

"သမီး.."

"ဟွန်း.."

ဒေါ်သွဲ့သွဲ့အေး မျက်နှာ သွေးပျက်မတတ်ဖြစ်သွားတော့ အရိပ် က ရယ်လိုက်၏။ ပြီးတော့ ယူမှီ မျက်နှာလေးကို ငုံ့ကြည့်ကာ...

"မင်းကို သူ့သမီးဖြစ်နေမှန်း သိကာမှ ငါ ပိုပြီး စိတ်ဝင်စား တယ်၊ ဘယ်လိုလဲ .. လိုက်ရဲလား"





"လိုက်ရဲတာပေါ့"

"အို .. မလိုက်ရဘူး၊ ညည်းကို သူ ဖျက်ဆီးမှာ၊ ယူမှီ ဒီဘက်ကို ပြန်လာစမ်း"

"ဟင့်အင်း .. မာမီကျတော့ တစ်သက်လုံး ယူမှီ ကို ဒက်ဒီ့ဆီမှာ ပစ်စလက်ခတ်ထားပြီး ထင်သလိုနေလာတာ၊ ယူမှီလည်း စိတ်ချမ်းသာ သလို နေမှာပဲ"

"ဘာ!..."

အရိပ် က မြတ်မင်း ကို အကြည့်တစ်ချက်နဲ့ နှုတ်ဆက်သည်။ ပြီးတော့ ဒေါ်သွဲ့သွဲ့အေး ရှေ့မှာ ယူမှီ လက်လေးတစ်ဖက်ကို ဆုပ်ကိုင် လိုက်ပြီး...

"သွားမယ်.. ခင်ဗျားနဲ့ပတ်သက်လာတိုင်း ကျုပ် ဘယ်တော့မှ လက်ရှောင်မှာ မဟုတ်ဘူး၊ နောင် ဘယ်အချိန် .. ဘယ်နေရာထိ ဖြစ် ဖြစ် .."

"စစ်ရိပ်ကင်း.."

ဒေါ်သွဲ့သွဲ့အေး အာခေါင်ခြစ်အော်သည်။

ဒါပေမယ့် သမီးက ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပြီ ဖြစ်ရာ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၆ ]

နာရီမော့ကြည့်ကာ အင်္ကျီလဲခြင်းကို မြန်မြန်ဆန်ဆန် ပြီးအောင် လုပ်ရသည်။ ပြီးတော့ ခေါင်းဖြီး၍ ဖြန့်ချထားသည့်ဆံပင်ကို ဘီးကုတ်လေးနဲ့ သိမ်းတင်ပြီး ကိုယ့်နဖူးကို မှန်ထဲမှာ ပြန်ငုံ့ကြည့်မိ၏။

မိတ်ကပ်၊ ပေါင်ဒါ လိမ်းပြီးဆို အဆီပြန်မလား၊ ပြာနေမလားနဲ့ မနေတတ်သည့်စိတ်ကြောင့် နဖူးစမ်းမိလိုက် မျက်နှာကိုင်လိုက်..၊

ကရင်မ်ပတ်ဖ် ရိုက်တာလောက်က အမြဲ မထူးခြားပေမယ့် မိတ်ကပ်လိမ်းမိတိုင်း နေကိုမနေတတ်တာ ဖြစ်သည်။

"လှလှလေး ပြင်ထား.. ကိုယ်ပြန်လာတာနဲ့ အပြင်သွားမယ်၊ ဒီည မင်းကို အထူးလက်ဆောင်ပေးမလို့" တဲ့။

ဘာမှန်းမသိပေမယ့် ရင်တွေခုန်နေသည်။

လက်ဆောင်ကို စိတ်ဝင်စားတာထက် သူ့ရဲ့ နူးညံ့လိုက်လျောမှုတွေ စီးမျောလာတာကို တွေးမိတိုင်း ကြည်နူးမိ၏။

သူ ဂရုတစိုက်ပေးခဲ့တဲ့ လက်ဆောင်ဆိုလျှင် ကလစ်လေးတစ်ချောင်းဖြစ်ဖြစ် .. ဖိနပ်လေးတစ်ရံ ဖြစ်ဖြစ်ပါ..။





မျက်ထား မှန်ရှေ့မှာ အချိန်တွေဖြုန်းရင်း အပြင်က အသံကိုလည်း နားစွင့်မိသည်။ အပြင်ထွက်ပြီး သိမ်းစရာရှိတာ သိမ်းလိုက်၊ မှန်ရှေ့ ပြန်ရောက်လိုက်..၊

မိုးပြာရောင်ဖျော့ဖျော့မှာ အဖြူရိပ်လေးတွေ နှယ်နေသည့် ဝတ်စုံက ခေတ်ပုံဆန်းဆန်းလေးနှင့် ကိုယ်ပေါ်မှာ ချပ်ချပ်ယပ်ယပ်ရှိနေတာကို အသေပ်ထပ်ကြည့်မိသည်။ ဘီးကုပ်အပြာရောင်လေးနှင့် နားပွင့်အပြာရောင်လေးပဲ ကပ်ထားတော့ ကိုယ့်ရဲ့ဆင်ယင်မှုကို ကျေနပ်သွား၏။

သူ ပြန်လာလျှင် ရေချိုး၊ အဝတ်လဲဦးမှာမို့ သတိရသည်နှင့် သူ့အတွက် အင်္ကျီရွေးဖို့ ဗီရိုရှေ့ကို ရောက်သွားသည်။ တန်းပေါ်မှာ ချိတ်နဲ့မဟုတ်ဘဲ ဒီတိုင်း တင်ထားသည့် ဘောင်းဘီကို သတိထားမိပြီး သိမ်းမလို့ ဆွဲယူလိုက်လျှင်...

ဘာလဲ..၊ မာကျောကျောပစ္စည်းလေးတစ်ခုကို အပြင်က စမ်းလိုက်မိကာ ထုတ်ယူကြည့်လိုက်တော့ သူ့ဖုန်း ဖြစ်နေသည်။

တမင် ထားခဲ့တာလား.. မေ့ကျန်ခဲ့တာလား..၊ အရိပ် ဟာ အမေ့တလျှော့ မရှိခဲ့တဲ့လူပါ၊ ဖုန်းကို သေချာကြည့်နေရင်း ဖွင့်သည့်ခလုတ်ကို နှိပ်လိုက်လျှင် Low battery ဆိုသည့် စာတမ်းလေး ပေါ်လာ၏။

မျက်ထား သဘောပေါက်သွားကာ အားသွင်းဖို့ charger လိုက်ရှာမိသည်။ သူ့ပစ္စည်းတွေကို ဘာမှ ထိကိုင်ကြည့်ခဲ့တာမရှိတော့ ဘာဖြစ်ဖြစ် သူမနဲ့ စိမ်းသက်တာတွေပဲ ဖြစ်နေခဲ့သည်။ ခလုတ်ခုံမှာ charger တင်ပြီး အားသွင်းထားခဲ့ကာ လက်ချရုံပဲ ရှိသေးသည်။

"ကလင် .. ကလင်"

မြေညီထပ်ကနေ အပေါ်ကို ဆက်သွယ်သည့် လူခေါ်ဘဲလ်က မြည်လာသဖြင့် ဝရန်တာထွက်ပြီး ငုံ့ကြည့်လိုက်သည်။ မြေကြီးထပ်စတိုးဆိုင်က ကောင်လေးဖြစ်ကာ ဖုန်းလာသည့်အကြောင်း လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြပြီး ပြန်ဝင်သွား၏။ သူမ ပိုက်ဆံအိတ် ပြေးယူကာ အခန်းကို ပိတ်ပစ်ခဲ့ပြီး ကမန်းကတန်း ဆင်းခဲ့မိသည်။ ကိုင်လိုက်တော့ ဦးမျိုးခိုင် ဖြစ်နေကာ ဒီဖုန်းနံပါတ်ကို ဘယ်လိုရသွားမှန်း မသိ..၊

"ထိတ်လန့်မသွားနဲ့ .. မင်းကို နှောင့်ယှက်မလို့ မဟုတ်ပါဘူး၊ တစ်နေရာရာကို သွားမလို့ ထင်တယ်၊ အရမ်းလှနေပါလား"

"ဟင်!..."

မျက်ထား ဖုန်းကိုင်လျက်နှင့် လမ်းပေါ်ကို ချာခနဲ လှည့်ကြည့်သည်။ ရပ်ထားသည့်ကားတွေကို မြင်ပေမယ့် တက္ကစီတွေပဲ များကာ ကိုယ်ပိုင်ကားတွေကျတော့လည်း အထဲကို သိပ်မမြင်ရ..။

သေချာတာက ဦးမျိုးခိုင် စီးနေကျကားတော့ ဒီနားမှာ မရှိ..၊

ဒါဖြင့် အနီးအနားက တိုက်ခန်းတစ်ခုခုမှာ ရှိနေတာလား၊ တခြား တစ်နေရာမှာလား..၊ ကိုယ့်ကို မြင်နေတာတော့ သေချာပါပြီ..၊

"မင်း ဝတ်ထားတာလေးနဲ့ ဆံပင်တွေ ဖြန့်ချထားတာ ကောင်းကင်ဆန်တယ်၊ မင်းရဲ့ ကိုယ်လုံးအလှကတော့ ခုချိန်ထိ ဆွဲဆောင်နေတုန်းပဲနော်၊ ဟွန်း.. မင်းက မင်းရဲ့ချစ်သူနဲ့ မဖုံးနိုင်မဖိနိုင်ဖြစ်ခဲ့တယ်ဆိုပြီး လိုက်ပြေးသွားတာတဲ့.. မင်းအစ်မ ပြောတာလေ၊ မြင်နေရသမျှတော့ ကိုယ်ဝန်ဆောင်ထားရခြင်းနဲ့ တူတာ ဘာမှမတွေ့ပါလား၊ ဘယ်သူက ဘယ်သူ့ကို ညာခဲ့တာလဲ၊ ခုချိန်ကျမှတော့ မင်း ဝန်ခံရဲဖို့ ကောင်းပါတယ်"

"ဦးမျိုး အဲဒါကို သိချင်လို့ အခု ဖုန်းဆက်တာလား"

"ဖုန်းဆက်တာက တခြားသတင်းတစ်ခု ပြောပြချင်လို့ပါ၊ ဒါကို သိချင်ရင် မင်းနဲ့ လူချင်းတွေ့တုန်းက မေးလို့ရတာပဲ၊ မထူးခြားနိုင်တဲ့ ကိစ္စမို့လို့ တမင် မမေးခဲ့တာ"

"ခု မေးတာက ဘာဖြစ်လို့လဲ"

"ဒါကို သိချင်တဲ့စိတ်ကတော့ ရှိနေခဲ့တာပဲလေ၊ သူတို့ပြောတုန်း





က ဖြစ်နိုင်တယ်ဆိုပြီး လက်ခံခဲ့ပေမယ့် မင်းရဲ့လူက အရိပ်မဲ့ ဖြစ်နေတော့ တွေးစရာ ဖြစ်လာတယ်၊ အရိပ်မဲ့ နဲ့ပတ်သက်နေလို့လည်း ဘာဖြစ်ဖြစ် ထားလိုက်တော့မယ်ဆိုတာ ဖြစ်လာတာပေါ့၊ အခု မင်းကို သူ့အကြောင်း ပြောမလို့၊ အတင်းအဖျင်း မဟုတ်ဘူးနော်၊ မင်းအတွက် အရေးကြီးနိုင်တဲ့ သတင်း.."

"အဲဒီသတင်းမပြောခင် ဦးမျိုး သိချင်တာကို မျက်ထား ဖြေရမယ်ပေါ့"

"ဟား!... လျှင်တယ်ကွာ၊ လုံးဝ အထင်ကြီးသွားပြီ၊ အင်း.. ဒါကြောင့် မင်းနဲ့ အရိပ်မဲ့ တွဲမိသွားတာပဲ"

"ဦးမျိုး ဘာတွေ ရစ်နေတာလဲ၊ ပြောစရာရှိတာကို ပြောပါ၊ မျက်ထား ဘာဖြေရမလဲ.."

"မင်း သူ့အကြောင်း တော်တော် သိချင်သွားတယ် ထင်တယ်၊ အိုခေလေ .. မင်းနဲ့သူ အရင်က တွေ့ခဲ့ပြီး မှားယွင်းခဲ့ကြတယ်ဆိုတာ တကယ် ဟုတ်မဟုတ် သိချင်တယ်၊ ကိုယ်ဝန်ရှိလို့ မင်း ထွက်သွားတယ်ဆိုရင် မင်းရဲ့အိမ်ကလူတွေ ညာတာလား၊ မင်းက သူတို့ကို ညာသွားတာလား"

"ဘယ်သူမှ မညာဘူး၊ အဲဒါ တကယ်"

"ဘယ်မှာ ဆုံခဲ့ကြတာလဲ၊ အရိပ်မဲ့ က နယ်စပ်မှာပဲ နေတဲ့ကောင်"

"ရှင် မေးသမျှ ကျွန်မ မဖြေနိုင်ဘူး ဦးမျိုး၊ ပြောစရာရှိတာကို ပြောပါ၊ မပြောချင်လည်း ရတယ်၊ ကျွန်မ ဖုန်းချလိုက်တော့မယ်"

"နေဦး.. တစ်ခုပဲ မေးမယ်၊ အဲဒါ ကိုယ် ပြောပြမှာနဲ့ တစ်ဆက်တည်း ဖြစ်နေလို့"

မျက်ထား စိတ်လက်မရှည်စွာနဲ့ စောင့်နေလိုက်ရသည်။

"မင်းနဲ့သူ အပြင်ထွက်သွားကြဖို့ ပြင်ဆင်ထားတာလား"

"ဟုတ်တယ်.."



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချသံရှည်ကြီးကို ဖုန်းထဲ ထည့်လွှတ်လိုက်သလို တဆုံး တစ ကြားလိုက်ရ၏။ သနားလိုက်တာ ချာတိတ်ရယ်လို့များ ပြော လိုက်ဦးမှာလားလို့ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်၏။

"မင်း သူ့ကို မျှော်မနေနဲ့တော့ မျက်ထား"

"ဘာဖြစ်လို့လဲ"

"အဲ .. နောက်နေ့ နောက်ညတွေမှာ မသိနိုင်ပေမယ့် ဒီညတော့ သူ ပြန်လာမှာ မဟုတ်ဘူး"

"ဘာ!..."

"မင်း မသိဘူးလား ချာတိတ်ရယ် .. အရိပ်မဲ့ လိုကောင်မှာ အနှောင်အဖွဲ့ဆိုတာ ရှိပါ့မလား၊ လိုတိုင်း 'တ' လို့ 'ရ'နေတဲ့သူ၊ သူ့ဘဝ မှာ 'ယောင်'ဆိုတာ မရှိဘူး၊ အကျဉ်းထောင်၊ အိမ်ထောင် ဘယ်လို 'ထောင်' ဖြစ်ဖြစ်.."

"ကျွန်မကို ရှင်းအောင် ပြောပြပါ၊ သူ ဘာဖြစ်နေလို့လဲ..၊ အခု ဘာလုပ်နေသလဲ"

"မင်း သိရမှာပါ.. အဲဒါ ကိုယ် ပြောပြဖို့ မလိုပါဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ အရိပ်မဲ့ က တစ်စုံတစ်ယောက်ကိုကြောက်ပြီး ပုန်းကွယ် ရှောင်ရှားသွားတယ်ဆိုတာ မရှိခဲ့ဘူး၊ သူ ဂရုမစိုက်လို့ လုပ်တဲ့အလုပ် ကို မင်းကို ဖုံးကွယ်ထားမှာ မဟုတ်ဘူး၊ ကိုယ် ကြိုပြောထားတာက ခံစားနိုင်အောင် .. မင်း ကြိုတင်ပြင်ဆင်ထားဖို့.."

ဦးမျိုးခိုင် ဖုန်းချသွားပြီဖြစ်သည်။ သူမ ထိုနေရာမှာပဲ ရပ်နေမိဆဲ..၊ တကယ့်ဖြစ်ရပ်ဟာ လေထဲက ရောက်လာသည့် သတင်းတစ်ရပ်လို လေထဲမှာပဲကြားပြီး ပျောက်ကွယ်သွားခဲ့ရင် အကောင်းသား၊ နတော့..၊





## အခန်း [ ၃၇ ]

"အလွယ်တကူ ပျောက်ကွယ်သွားရအောင် ဒါတွေက ကောလာ ဟလသတင်းတစ်ပုဒ် မဟုတ်ဘူး၊ အစ အလယ် အဆုံး ငါကိုယ်တိုင် ဆိုခဲ့ ငိုခဲ့ရတဲ့ တကယ့်ဘဝ၊ တကယ့်အဖြစ်တွေ.."

"တကယ်ဖြစ်တော့ရော ယူမီ နဲ့ ဘာဆိုင်လို့လဲ ကိုကို၊ ကိုကို့ အဖေ မာမီ့ကို ယူခဲ့လို့ မာမီက ကိုကို့မိထွေး ဖြစ်ခဲ့တာ၊ သူ မွေးတဲ့သား မဟုတ်လို့ သူ ရက်စက်ခဲ့တာ၊ ဒါတွေက ဖြစ်ရိုးဖြစ်စဉ်တွေပဲ၊ နောက် မိန်းမရပြီး သားကို မကြင်နာတဲ့ အဖေကိုကျတော့ အပြစ်မမြင်ဘူး၊ မိထွေးက မိထွေးပီသတာကို တစ်သက်လုံး ငြိုးမယ်ဖွဲ့ထားတယ်၊ ကိုကို ကောင်းလား.."

"မင်း .. တိတ်စမ်း"

ဆွဲထားသည့်လက်ကို ဒါထုတ်ပစ်လိုက်သည်။ ရုတ်တရက် ထွက် သွားပေမယ့် ယူမီ က ချက်ချင်း ပြန်ဆွဲ၏။ အခန်းထဲ ရောက်လာပြီး ကတည်းက မလွှတ်တမ်း ဆွဲထားသည့်လက်ကို အပြုတ်မခံ..ဘယ် လောက် အော်နေနေ၊ ဒေါသ ဘယ်လိုဖြစ်ဖြစ် လက်ကို အဆွဲမပျက်ပေ..။

"တောက်.."



www.burmeseclassic.com

www.burmeseclassic.com



အရိပ် ကျိုခနဲ အံကြိတ်ကာ ယုမီ့ ပခုံးတစ်ဖက်ကို ဆောင့်တွန်း ပစ်လိုက်ကာ...

"မင်းအမေက မိထွေးပီသရုံ မဟုတ်ဘူး သူခိုးကျင့် သူခိုးကြံနဲ့ဝင် လာပြီး ယုတ်မာသွားတာ၊ အသက် နှစ်ဆယ်လောက်ကွာတဲ့ ယောက်ျား ကို လက်ထပ်တယ်၊ ပစ္စည်းဥစ္စာတွေကို တစ်ယောက်တည်း အပိုင်ရ အောင် ကြံတယ်၊ ဒါလည်း မင်းပြောတဲ့ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပါပဲ၊ ဖြစ်ရိုး ဖြစ်စဉ်မဟုတ်ဘဲ နောက်ထပ် ယုတ်မာသွားတာက ငါ့အဖေကို ဒုက္ခိတ ဖြစ်အောင် လုပ်ကြံပြီး နာလန်မထနိုင်တော့တဲ့ လူမမာဘဝ ရောက် အောင် တွန်းပို့ခဲ့တယ်၊ သူ့ဟာသူ သေသွားသလို လုပ်ကြံပြီး သူကိုယ် တိုင် သတ်ပစ်ခဲ့တယ်"

"ကိုကို ထင်တာတွေကို ပုံဖော်ကြည့်နေတာမို့လား၊ ကိုကို အရမ်း အတ္တကြီးတယ် သိလား"

"ဟုတ်တယ် .. အဲဒီအတ္တက မင်းအမေ ငါ့ကိုမြင်တိုင်း ကြောက် လန့်နေအောင် ဒီအမှုကို ရအောင် ဖော်ထုတ်ခဲ့ပြီးမှ ပြန်ဖုံးထားခဲ့တဲ့ အထိ.."

ယုမီ့ မျက်လုံးတွေ ပြူးကျယ်လျက် နှုတ်ခမ်းတွေပါ ပွင့်ဟနေ၏။

"အဖေကိုယ်တိုင် မင်းအမေကျွေးတဲ့ အစားအစာတွေ၊ တိုက်တဲ့ ဆေးတွေ အဲဒါတွေကို ခွတ်ခွဲခန်းပို့ပြီး အဖြေရအောင် ထုတ်ခဲ့တာ၊ သေအောင်လုပ်ကြံနေမှန်း သိပေမယ့် သေချင်လို့ တမင် မျိုချနေခဲ့တာ၊ အဲဒါတွေကို သက်သေ စာရွက်စာတမ်းတွေနဲ့ ဒိုင်ယာရီထဲမှာ ပြည့် ပြည့်စုံစုံ မှတ်တမ်းတင်ခဲ့တယ်၊ နောင်တစ်ချိန် ငါ သိအောင်လို့"

သားတစ်ယောက်လုံးကို သားလို မမွေးတော့ဘဲ 'မ'ဘက်လိုက်ပြီး 'မိုက်'ဘက်ပါခဲ့သည့် သူ့ကိုယ်သူ ဒဏ်ခတ်ခဲ့တာပါလို့ ရေးထားခဲ့၏။

မိန်းမ မကောင်းမှန်း သိကာမှ သားကို သတိရသည့်အဖြစ်နှင့်





ကိုယ့်သားက မျက်လုံးစိမ်းနဲ့ကြည့်လာမှာကိုလည်း သူ မခံနိုင်...၊ အဆိပ် တွေကိုလည်း စားသုံးမိနေပါပြီ၊ တကယ်တော့ ဒီအဆိပ်မိခဲ့တာဟာ အစားမှားကာမှ မဟုတ်ဘဲ သွဲ့သွဲ့အေး ဆိုသည့်မိန်းမကို လက်ထပ် လိုက်ကတည်းက အဆိပ်သင့်ခဲ့တာမှန်း ဘဝဆုံးပြီဆိုမှ သိခဲ့ရသည်။

ထို့ကြောင့် အဖြစ်မှန်ကိုတော့ ဖော်ထုတ်ချင်တာမို့ အိပ်ရာထဲမှာ လဲနေရင်းကနေ သူ ကြိုးစားခဲ့သည်။ သေမယ့်အစားတွေကို မကြောက် မရွံ့ မျိုချရင်း ကိုယ်ကိုယ်ကိုယ် ဒဏ်ခတ်ခြင်းဖြင့် သေမယ့်နေ့ကို စောင့် နေခဲ့၏။ ဒိုင်ယာရီကို ဖတ်ရတော့ အဖေ့အတွက် သူ မကြေကွဲပါ။ အပြစ်ဆိုတာ ကိုယ်တိုင် ကျူးလွန်ကြတာ ဖြစ်သည်။ လုပ်ပြီးမှဆိုရင် တော့ ကိုယ်ဖြစ် ကိုယ်ခံပေါ့။

ကိုယ့်အပေါ်မှာ မကြင်နာခဲ့လို့ ဒီလို ခံစားခဲ့ရတာဖြစ်နိုင်ပေမယ့် ရင်ထဲမှာ ပိုပြီး နာကျင်တာက မိန်းမတစ်ယောက် လှည့်စားတာကို ခံရဖူးသည့်အဖြစ်တွေထဲမှာ အဖေ့ကျမှ သေခဲ့တဲ့အထိ ဖြစ်ရသည်။

'ဒီလောက်တောင် အသုံးမကျတာ သေသင့်တယ်'ဆိုသည့် နာ ကြည်းစိတ်က ကရုဏာဒေါသလည်း ဖြစ်နိုင်သည်။ အဖေ ဘယ်လို သေဆုံးခဲ့ရသည်ဆိုတာထိ မပါသော်လည်း ဒါကို သူ စုံစမ်းခဲ့သည်။

"မင်းအမေက အင်အားချိနဲ့ပြီး လေတိုက်မခံနိုင်အောင် ဖြစ်နေ တဲ့ လူမမာကိုတောင် ဒီ့ထက်မြန်မြန်သေအောင် အိပ်ဆေးတွေ တရား လွန်တိုက်ပြီး သတ်ခဲ့တာ.."

ဖြစ်စဉ်ကို ဟိုတစ်စ ဒီတစ်စ ဒေါသဖြစ်နေတဲ့အတိုင်း ပြောနေမိ ပြီး ပခုံးလေးတစ်ဖက်ကို ဖိဆုပ်ခါပစ်သည်။ ယုမီ က ဘာမှမပြောပေ မယ့် ခေါင်းခါနေ၏။

အရိပ် ဒေါသက သူမ ခေါင်းခါနေလေ အားကောင်းလာလေ...၊

"အဲဒါတွေကို ဘယ်သူ့ဆီက သိခဲ့ရတာလဲ ပြောဦးမလား...၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေရဲ့နောက် မင်းအမေတွဲခဲ့တဲ့ ယောကျ်ား .. ကျွတ်!..."

ပြောနေရင်း ရှုံ့ရှာလာသလို အရိပ် မျက်နှာ မဲ့သွားသည်။ အနား ကပ်လာသည့် ယုမီ ရှေ့ကနေ ချာခနဲလှည့်ကာ ပြတင်းပေါက်နားမှာ သွားရပ်၍...

"အဲဒါတွေ အားလုံး မင်းအမေကို ငါကိုယ်တိုင် သွားပြောပြီး ဖော်ထုတ်ပြခဲ့တာ၊ သူ ကျူးလွန်ခဲ့တာတွေအတွက် အပြစ်ပေးဖို့ ငါ့မှာ သက်သေအထောက်အထားတွေနဲ့တကွ အားလုံးပြည့်စုံနေရက်နဲ့ သူ့ ရှေ့မှာပဲ ငါ့ပါးစပ်ကို ပြန်ပိတ်ထားလိုက်တယ်၊ ဘာဖြစ်လို့လဲ သိလား.. သေမိန့်ပေးလိုက်တာထက် သေမိန့်ကျလောက်တဲ့ ပြစ်မှုရှိနေတာကို သိပြီး တစ်သက်လုံး ကျိုးလန့်စာစား ဖြစ်နေစေချင်လို့.."

"အဲဒီလို တကယ် ဖြစ်ခဲ့တယ်ဆိုလား ကိုကို၊ ကိုကို အသာလေး ပြန်သိမ်းသွားခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း မာမီ ဒီတိုင်း ပြန်ပေး လိုက်တာပဲမို့လား"

အရိပ် က ယုမီ ဘက်ကို ပြန်လှည့်လာပြီး မျက်နှာကို စိုက်ကြည့် ၍ ခါးထောက်ကာ...

"ဟုတ်တယ် .. မပေးလို့မှ မရတာ၊ အဲဒီအချိန်မှာ လက်ရှိတွဲနေ တဲ့ကာစ်ယောက်ကလည်း လူကောင်းသူကောင်း မဟုတ်တော့ အရိပ်မဲ့ ဆိုတဲ့ ငါ့မျက်နှာကို မော်ကြည့်ရဲတာ မဟုတ်ဘူး"

"ကြားဖူးပါတယ် .. လူဆိုးချင်းတူရင်တောင် ကိုကိုက ထိပ်ဆုံး က လူ.."

ယုမီ က ကြားဖူးနေသတဲ့လား..၊ ဒါက သူတောင် သတိမထားမိ ခဲ့သည့်အချက် ဖြစ်သည်။ အမှတ်တမဲ့ ဆုံမိခဲ့သည်ဆိုတာထက် သူမကို သူ စိတ်မဝင်စားခဲ့သလို သူမကလည်း ဒီလိုသိနေမည်လို့ မထင်ခဲ့တာ အမှန်..၊





'အရိပ်မဲ့' ဆိုသည့် တစ်ခါကဘဝကို သိထားတဲ့လူတွေထဲမှာ ယုမီ လို မိန်းကလေးတစ်ယောက် ပါနေမည်မထင်ခဲ့တာ သူ ညံ့ခဲ့ သည်ပဲ..၊ ယုမီ က သူ စိုက်ကြည့်နေတာကို နားလည်သည့် မဲ့ပြုံးနှင့်...

"တော်ရုံယောကျ်ားမျိုးကို ယုမီ တကောက်ကောက် လိုက်ရ လောက်အောင် စိတ်ဝင်စားဖို့ မရှိဘူး ကိုကို၊ လန်ဒန်မှာ ကိုကို့ကို စိတ် ဝင်စားမိပြီဆိုကတည်းက ကိုကို့အကြောင်းတချို့ကို သိခဲ့တာ၊ မာမီနဲ့ ဒီလိုကြီး ပတ်သက်ခဲ့လိမ့်မယ်လို့ အရိပ်အမြွက်တောင် မသိခဲ့တာက တော့ ကံကြမ္မာရဲ့ ပဥ္စလက်ပေါ့"

"ကံကြမ္မာရဲ့ပဥ္စလက် မဟုတ်ဘူး.. အဲဒီပဥ္စလက်က ငါ့လက်ထဲ မှာ.."

အရိပ် က အေးစက်စက်ပြောပြီး အံကြိတ်လိုက်၏။

"မင်းကို ငါ အခု ဟိုတယ်လ်ကို ခေါ်လာတယ်၊ မကြာခင်မှာ ထားပစ်ခဲ့မယ်၊ အဲဒီအတွက်လည်း မင်းရဲ့အမေ ဘာမှ တုံ့ပြန်ရဲမှာ မဟုတ်ဘူး၊ မင်းကတော့ အဖြစ်ဆိုးစွာ ကျန်ရစ်ခဲ့မယ့် မိန်းကလေး ပေါ့၊ အဲဒါ ငါ အခုပြမယ့် ပဥ္စလက်.."

"ယုမီ က မာမီမှမဟုတ်ဘဲ ကိုကို၊ ကိုကိုရဲ့ ပဥ္စလက်တွေက ရယ်စရာကြီး ဖြစ်သွားမှာပါ၊ အရိပ်မဲ့ ဆိုတဲ့ နာမည်ဟာ ဒီအခန်းထဲမှာ ပဲ ပျောက်ဆုံးသွားမှာ.."

"ပြောပါဦး.. မပျောက်ခင်လေး သိသွားချင်လို့.."

ရွှံ့မေးဘာကို လှောင်ပြုံးနှင့်မဲ့၍ ယုမီ က ရင်ထိုးနှင့် ချိတ်ထား သည့်ပဝါကို ဖြုတ်ချပစ်လိုက်သည်။ အရိပ် မျက်မှောင်ကုတ်သွားတော့ ကျေနပ်သွားသလို ရယ်ကာ...

"မာမီ့ကို အချိန်မရွေး ခေါင်းချပစ်နိုင်တဲ့ အကြောင်းအချက်တွေ ကိုကို့မှာ ရှိထားသလို ကိုကိုဟာ ယုမီ ရဲ့ယောကျ်ားအဖြစ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ နုတ်ထွက်ခွင့်မရတော့အောင် ယူမီ တတ်နိုင်တယ်၊ ကိုကို ယုံလား..''

စိုက်ကြည့်နေသည့် အရိပ် မျက်ဝန်းတွေမှာ လှောင်ရယ်လိုသော ရယ်မြူးရိပ်များနှင့်ဖြစ်လာကာ...

''ဟွန်း.. မင်းကိုယ်ပေါ်မှာ တည်းတည်းလေးတင်ထားတဲ့ နောက်ထပ်အင်္ကျီတစ်လွှာကိုခွာချလိုက်ပြီး ကယ်ပါယူပါ အော်မယ့်နည်းနဲ့လား''

ယူမီ ကွက်ခနဲ မျက်နှာပျက်သွားကာ နှုတ်ခမ်းလေးကိုက်၍ မေးဖျားကို ပင့်၏။

''အဲဒါ သိချင်ရင် ကိုကို အခု ထွက်သွားကြည့်လိုက်လေ''

''မင်း ငယ်သေးတယ် ယူမီ.. ငါ့မျက်လုံးထဲမှာ မင်းက အရမ်းကို သနားဖို့ကောင်းနေတယ်၊ ဒါပေမယ့် ငါ မသနားတတ်ဘူး''

''ကိုကိုနော်..''

ယူမီ က ကျောခိုင်းပစ်လိုက်သည့် သူ့လက်မောင်းအင်္ကျီစကို အတင်းလှမ်းဆွဲကာ ရှေ့မှာ ပြေးရပ်လိုက်၏။

''ကိုကို သိပြီးသားဖြစ်နေရင်လည်း အဲဒီနည်းနဲ့ လူသိရင်ကြားဖြစ်ပြီးမှ လက်ထပ်လိုက်ရတာမျိုးတွေ မဖြစ်စေချင်ပါနဲ့၊ ယူမီ ကတော့ မရရအောင် တားမှာနော်''

''သိတယ်.. မင်းလည်း အမေတူသမီးပဲ၊ အရှက်အကြောက် သိက္ခာတရားနဲ့တူတူ မင်းတို့ကိုယ်ပေါ်မှာ အပ်တစ်ဖျားစာတောင် မရှိဘူး''

''ဟုတ်တယ်.. မရှိဘူး၊ ယူမီ က အရှက်တရားတွေ၊ အကြောက်တရားတွေနဲ့ ငတ်တုတ်မေ့ကျန်ခဲ့ရမှာ စိုးလို့၊ ကြီးပြင်းခဲ့တာကိုက နိုင်ငံခြားမှာလေ.. ဗုဒ္ဓဘာသာတရားတွေနဲ့ စာချဖို့ မကြိုးစားနဲ့၊ ဩကာသ ဆိုတာ ဘာမှန်းမသိအောင် တမင်တကာ နားပိတ်ထားခဲ့တာ''





''ဒါဆိုလည်း မှတ်သွားလိုက်တော့၊ မင်းလိုမိန်းမမျိုးကို တစ်နေ့ကို စိန်တောင်ကြီးတစ်လုံး ဖန်ဆင်းပေးပြီး အပိုဆောင်းပါ့မယ်ဆိုရင်တောင် ဆောရီး..''

''ရှင် ဘဝင်မြင့်လှချေလား''

''မင်းနဲ့ကျမှပါ''

အရိပ် က ရှေ့မှာပိတ်ကာနေသည့် ယူမီ ပခုံးလေးတစ်ဖက်ကို ကန့်လန့်ကာဖယ်သလို သိမ်းဖယ်ပစ်လိုက်ပြီး...

''မနက် မိုးမလင်းမချင်း အပြင်မှာ ငါ ရှိမယ်''

''အို.. မသွားရဘူး၊ ယူမီ ကို ဒီတိုင်းထားခဲ့လို့ မရဘူး သိလား''

တွန်းဖယ်လိုက်သဖြင့် ဒယိမ်းဒယိုင် ပုံပျက်သွားရင်း ယူမီ က ဝတ်ထားသည့်ဂါဝန်ကို ဖရိုဖရဲဖြစ်အောင် လုပ်ပစ်လိုက်သည်။

အရိပ် က ပခုံးတွန့်အောင် မဲ့၍ ပြန်ငဲ့ကြည့်ကာ...

''လုပ်ပြလိုက်ပါ.. ခုလောက်ဆို ကင်မရာကနေ လှမ်းကြည့်ပြီး ဟိုတယ်လ်ဝန်ထမ်းတွေ ရင်သပ်ရှုမော ဖြစ်နေကြမှာ သေချာတယ်''

ယူမီ့ မျက်နှာလေး မော့သွားကာ ဟိုရှာဒီရှာ ဖြစ်သွား၏။ အခန်းထဲမှာ မမြင်ပေမယ့် ကင်မရာတွေ ရှိနေနိုင်တာကို ခုမှ တွေးမိသည်။

တံခါးဖွင့်လိုက်သည့် အရိပ် ရဲ့လက်ကို လှမ်းဆွဲလိုက်ကာ...

''ဖွင့်ရဲရင် ဖွင့်လိုက်..''

သူမ စကားမဆုံးခင် သူ့လက်ကို ဖိဆုပ်ထားသည့် လက်မောင်း တစ်ဖက်လုံး ထုံကျင်သွားသည်။ ရုတ်တရက် လက်ကို နောက်ဆုတ်လိုက်မိလျှင် ဖောင်းခနဲ ခေါင်းထဲမှာ မီးပွင့်သွား၏။ အရိပ် ဘာလုပ်လိုက်မှန်း မသိနိုင်မီ သူမ ခွေခေါက် လဲကျသွားခဲ့သည်။ နောက်ထပ် ကုန်ဆုံးသွားသည့် နာရီသံတွေကို သူမ မကြားနိုင်တော့ပဲ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၈ ]

"မမြင်နိုင်.. မကြားနိုင်ပေမယ့် သမီးကို သူ ဘာလုပ်လိုက်ပြီဆိုတာ အေး သိတယ် ကိုလွင်"

"သိနေရင်လည်း မင်းက မအေပဲ လုပ်စရာရှိတာ လုပ်လေ၊ မိန်းကလေးရှင်ဆိုပြီး အရှက်အကြောက်ကြီးနေတာနဲ့ပဲ မျိုသိပ်ခေါင်းငုံ့နေမှာလား၊ နောက်ပြီး ယူမီ က ဒီနိုင်ငံသား မဟုတ်ဘူး၊ မင်း ဘာလုပ်ချင်သလဲ ပြော.."

ဒေါ်သွဲ့သွဲ့အေး ခေါင်းခါနေတာကို ဦးလွင်မင်း နားမလည်နိုင်..၊ အရင်ယောက်ျားရဲ့ လင်ပါသားမို့ သံယောဇဉ်လက်ကျန် ရှိနေသေးတာဆိုရင်လည်း နစ်နာမှာက ကိုယ်မွေးထားတဲ့သမီး မဟုတ်ဘူးလား..။

"မင်းတို့သားအမိကို နားကို မလည်နိုင်တော့ဘူး အေး .. တကယ်ပြောတာ၊ သမီးလုပ်တဲ့လူကလည်း မြန်မာပြည်ကို လာတယ်၊ နေ့ကစ်နေ့လုံး ပျောက်နေပြီး ညမှ အိမ်ကပ်တယ်၊ မအေက ဆုံးမရင် ပြန်ပြောလိုက်တာ သူငယ်ချင်းချင်း ရန်ဖြစ်နေကဲ့အတိုင်း.."





"ဟုတ်တယ် .. အဲဒီပုံစံပဲ ဖြစ်နေတာ၊ အေး က မအေနဲ့မတူတဲ့ မအေ..၊ ကိုယ်က ကောင်းအောင်မနေဘဲ သားသမီးကို ဘယ်လို ဆုံးမရမလဲ၊ အေး ကိုယ်တိုင်က မိဘမဲ့၊ ထင်သလိုနေ၊ လုပ်ချင်တာ လုပ်လာခဲ့တာ"

"ဘာဖြစ်ဖြစ်လေ .. အဲဒီလို မိဘက ယုတ်ညံ့နိမ့်ကျခဲ့တယ်ဆိုရင်လည်း မိဘမေတ္တာဟာ နွံနစ်နေတဲ့ ကြာနွယ်ရိုးပဲကွ၊ ရေပြင်ပေါ်မှာ သူတို့ဘဝလေးတွေ ဝင့်ကြွားလှပနေဖို့ အောက်ခြေက နွံထဲမှာ နစ်မြုပ်နေရတာ၊ မင်းနဲ့ မင်းရဲ့သမီး လူအမြင်မတော်အောင် ဆက်ဆံ ပြောဆိုနေသမျှ မင်းကို မဆုံးမတတ်တဲ့ အမေတစ်ယောက်လို ငါ ဘယ်တုန်းကမှ မမြင်ခဲ့ဘူး၊ မင်း အနေမတတ်လို့ သမီးက မလိမ္မာတာလို့ သူများပြောတာလည်း ငါ မကြိုက်ဘူး၊ အဲဒါ မိဘရင်ထဲကို နားလည်ပေးနိုင်လို့၊ မင်းကိုယ်မင်း ငါကမှ မကောင်းတာလို့ ပုံချပြီး ထိုင်ကြည့်နေမယ့်အစား 'မကောင်းမြစ်တာ ကောင်းရာညွှန်လတ်' ဆိုတဲ့ မိဘစိတ်ကို မွေးစမ်းပါ၊ ပန်းပွင့်တွေကို လေထဲကရတာ မဟုတ်ဘူး၊ အပင်က ရတာ၊ ရေမြေရာသီအလိုက် အမျိုးမြတ်တဲ့ပန်း၊ မမြတ်တဲ့ပန်း အတန်းအစား ကွဲချင်ကွဲမယ်၊ ရေသောက်မြစ်တွေက အတူတူပဲ၊ မင်း ဘာဖြစ်နေနေ မိဘပဲကွ"

ဒေါ်သွဲ့သွဲ့အေး မျက်ရည်တွေ ပြည့်အိုင်လာသည်။ မိဘမေတ္တာကို ကိုယ်တိုင် မိဘဖြစ်မှ သိကြသည်တဲ့၊ သူမကတော့ မိဘဖြစ်လာခဲ့တာတောင် ပူပင်ရမှန်း မသိ.. စောင့်ရှောက်ရမှန်း မသိ..၊ သိလာသည့်အချိန်ကျတော့လည်း...

"အရိပ်မဲ့ ဖြစ်ဖြစ်.. ဘာဖြစ်ဖြစ်ကွာ၊ ငါတူရဲ့မိတ်ဆွေ ဆိုတာလည်း ထားလိုက်၊ မင်းနဲ့ပတ်သက်ပြီး ကင်း ကို ငါ မိတ်ပျက်နိုင်တယ်၊ အခု မင်းသမီးကို လူဘုံအလယ်မှာ ဆွဲချသွားတာ ငါ့မိတ်ဆွေကား



www.burmeseclassic.com

www.burmeseclassic.com



သွားတာနဲ့ အတူတူပဲ၊ နောက်ပြီး မင်းရဲ့လင်ပါသား ဖြစ်ခဲ့ဖူးတဲ့အကြောင်း လူတွေ သိကုန်တယ်၊ သူနဲ့ ယူမိ ကလည်း ဘာမှမတော်စပ်ဘူးဆို တော့ မင်းရဲ့အဆင့် ဘယ်ထိ ထိုးကျသွားသလဲ"

ဒေါ်သွဲ့သွဲ့အေး ဆိုသည့် အမျိုးသမီး အိမ်ထောင်တွေ ဘယ်နှစ် ဆက်လောက် ပျက်ခဲ့သလဲဆိုသော နောက်ကြောင်းက ဘွားဘွားကြီး ပေါ်သွားပါပြီ..၊ ဦးလွင်မင်း သည် ဒေါ်သွဲ့သွဲ့အေး ကို ကြည့်နေရင်း အားမလိုအားမရ ဖြစ်လာခဲ့၏။

"မင်း တွေးကြည့်..၊ မင်းနဲ့ငါကလည်း မိတ်ဆွေ အသိုင်းအဝိုင်း တွေက လင်မယားပဲလို့ သတ်မှတ်လက်ခံထားကြတာ၊ လက်ထပ်ရ သေးတာ မဟုတ်ဘူး၊ အဲဒါတွေက အခု သူလုပ်သွားတဲ့ လုပ်ကွက် ကြောင့် ဘာမှ အဖတ်ဆယ်လို့ မရတော့ဘူး၊ မင်းက ဘာကို ဖုံးကွယ် ချင်သေးတာလဲ၊ ကင်း ဆိုတဲ့ကောင်ကို ဘာဖြစ်လို့ ဒီလောက်ထိ ရှောင် ရှားဖို့ ကြိုးစားနေတာလဲ.."

"မမေးပါနဲ့ .. မမေးပါနဲ့တော့.."

"ဟား!..."

ဦးလွင်မင်း ဒေါကန်သွားသည်။

"မင်း .. ကွာ .."

ဂိတ်ဆုံးကာနီးမှ ဘရိတ်ပေါက်သွားသည့်ကားလို၊ လျှာထွက် အောင် ပြောနေရပြီး ပန်းဝင်မှာ ချွေးသိပ်ဖို့ ဖြစ်မလာခဲ့..၊ ဒေါသပြီးရင်း ဒေါသဆင့်ကာ ဘယ်လိုစကားနဲ့ ဘယ်လိုဆက်ပြီး မေးခွန်းထုတ်ရ မှန်း မသိတော့ပေ..။

ညကလည်း ယူမိ ကို ကင်း က ဆွဲခေါ်သွားသည်၊ ဖြစ်ပျက်သမျှ ကို အားလုံး ပြီးဆုံးသွားပြီဆိုမှ သူ သိလိုက်ရတာ ဖြစ်သည်။

'မင်း ဘာလုပ်မှာလဲ'လို့ သူ မေးတော့ 'ဆွဲခေါ်သွားတယ် ဆိုပေ





မယ့် သမီးကလည်း ကြိုက်နေတာပါ'လို့ ပြန်ဖြေသည်။

ပြီးတော့ ညည့်ခံပွဲကို ထားခဲ့ပြီး အခန်းအောင်းသွားခဲ့တာ မိုးလင်း ကဲ့အထိ..၊ အခုကျတော့ ဘာဖြစ်လို့ မျက်ရည်တလည်လည်နဲ့ မကျေ မနပ် ရေရွတ်နေတာလဲ..။

"ငါ့ကို ရှင်းအောင် နည်းနည်း ပြောပြစမ်းပါ.. အခု မင့်သမီးက ကြိုက်နေတာပဲဆိုပြီး မင်း ကျေနပ်နေလိုက်တာလား.. ကင်း ကို မနိုင်လို့ ထိုင်ကြည့်နေရတာလား"

ရှင် မေးပြန်ပြီဆိုသည့် မျက်ဝန်းတွေ လက်ခနဲ တက်လာသည်။

"ကင်း ကို မနိုင်လို့ ထိုင်ကြည့်နေရတာပါလို့ ဖြေရင် ရှင် ဘာ လုပ်ပေးနိုင်လို့လဲ ကိုလွင်..၊ မင့် ဘာလုပ်ချင်သလဲလို့ မေးဖော်ရတာကို ပဲ ကျေးဇူးတင်ပါတယ်၊ ထပ်မမေးပါနဲ့"

"ဘာလို့ မလုပ်နိုင်ရမှာလဲ၊ ကင်း က..."

သူ့စကား ရပ်သွားတော့ ဒေါ်သွဲ့သွဲ့အေး က 'ဆက်ပြောပါဦး' ဆိုသည့် အေးစက်စက်အကြည့်နှင့် တိတ်ဆိတ်စွာ စောင့်နေ၏။

"မင်းက မြတ်မင်း နဲ့ ကင်း တို့ မကင်းနိုင်တာကို ထည့်တွက် ပြောတာလား"

"အေး က ထည့်တွက်တာ မဟုတ်ပါဘူး၊ ကိုလွင် ထည့်တွက်ဖို့ မေ့နေမှာစိုးလို့ပါ၊ နိုင်ငံခြားနဲ့ဖက်စပ်လုပ်ဖို့ ကိုလွင့် အစ်မတွေ ကြိုး စားနေကြတယ်၊ မြတ်မင်း အခု ရပ်တည်နေတဲ့ လုပ်ငန်းအားလုံး စစ်ရိပ်ကင်း နဲ့ လွတ်ကင်းရဲ့လား .. ကိုကင်း လို့ ရှင်တို့ပါးစပ်များမှာ ပါပါနေတုန်းက သူ့ကို မတွေးမိဘူး၊ မြန်မာနိုင်ငံမှာ သူ ဒီလိုရှိနေမယ် လို့လည်း မထင်လို့ပေါ့၊ အခု သူ့ကို ရှင်တို့ရဲ့ 'ကိုကင်း'မှန်း သိလိုက် တော့ အေး အားကိုးမဲ့သွားပြီဆိုတာ သိလိုက်တယ်"

"ဘယ်လို!..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းဝန်ခံရရင် သူ့ကို အေး ဘက်က တုံ့ပြန်တိုက်ခိုက်ဖို့ မဖြစ်နိုင်တဲ့အကြောင်း ရှိခဲ့တယ်၊ အဲဒါ..."

ဒေါ်သွဲ့သွဲ့အေး စကားရပ်သွားကာ ပခုံးအောက်လောက် ဖြန့်ချထားသည့် ခပ်တွန့်တွန့်ဆံပင်တွေကို မလိုအပ်ဘဲ ဖိသပ်ချနေ၏။ ပြီးမှ...

"အဲဒါ သူ့အဖေပေါ်မှာ အေး မတရားမှုပြုခဲ့ဖူးတဲ့ မှားကွက်တစ်ခုကြောင့်ပါ"

ဘာဆိုတာကို မပြောပေမယ့် ဦးလွင်မင်း မျက်ခုံးတွေ လေးနက်စွာ တွေးတောခြင်းဖြင့် တွန့်ကုတ်သွားခဲ့၏။ ဒေါ်သွဲ့သွဲ့အေး ကလည်း ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်မည့် ပြဿနာအကြောင်း ဘယ်လိုလူကို ဖြစ်ဖြစ် ဘယ်သောအခါမှ ဖွင့်ပြောပြမှာ မဟုတ်ပေ..။

"ရှင် အေး ရဲ့ကိစ္စအတွက် မားမားမက်မတ် ရပ်တည်ပေးချင်တယ်မယ်ဘာညီပေးဖို့ အသင့်ရှိတယ်ဆိုတာ အေး သိတယ်၊ ဒါပေမယ့် ရှင် တစ်မျိုးတစ်ခွေလုံးနဲ့ ပြဿနာတက်ရမှာ..၊ စစ်ရိပ်ကင်း ဆိုတဲ့ ကောင်က သူ့ရပ်တည်တဲ့နေရာ၊ သူ့ကိုမြင်ရတဲ့ နေရာတိုင်းမှာ သူ လွှမ်းမိုးထားနိုင်တယ်၊ သူ့နှုတ်ခမ်းမှာ မချိုတရို အံကြိတ်နေရတဲ့အပြုံးမျိုးဆိုတာ မရှိဘူး၊ အောင်နိုင်သူရဲ့ မဲ့ပြုံးပဲ ရှိတယ်"

ဒေါ်သွဲ့သွဲ့အေး ဝန်မခံနိုင်ခဲ့သည့်အဖြစ်တွေကို ပြန်သတိရရင်း နှုတ်ခမ်းတွေ မဲ့သွား၏။ မှတ်မိပါသေးသည်..၊ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သမျှသော အရာအားလုံးကို သူမရှေ့မှာပဲ ပြန်လည် သိမ်းပိုက်သွားခဲ့စဉ် စူးရဲသည့်မျက်ဝန်းများနှင့် နှုတ်ခမ်းက မဲ့ပြုံး..။ ဟိုတုန်းက စစ်ရိပ်ကင်း ဆိုသည့် ချာတိတ်ကလေးထက် မိုက်ရိုင်းဆမျှားစွာ ပိုမိုပြင်းထန်နေသော ကင်း ကနေ 'အရိပ်မဲ့' ဖြစ်သွားခဲ့သည့်မျက်နှာ..၊

"ခင်ဗျားကို နောက်ထပ် နှစ်နာရီ အချိန်ပေးမယ်၊ ညနေ သုံးနာရီ မကျော်ခင် ခင်ဗျား အိမ်ပေါ်က ဆင်း .. ဖိနပ်စီးချိန်မရှိရင် မစီးနဲ့၊





အပေါ်ထပ်ကနေ အောက်ကိုဆင်းမယ့်အချိန် သုံးနာရီကျော်သွားမယ်ထင်ရင် တစ်ခါတည်း ခုန်ချပစ်လိုက်ပြီး ခေါင်းနဲ့ဆင်း.. ရှင်းတယ်နော်.."

အပြောလည်း ရိုင်းသည်၊ ပြောသလို လုပ်မှာကိုလည်း မယုံစရာမရှိပါ..၊ သူ့အဖေကို လုပ်ကြံသတ်ဖြတ်ပြီး ပစ္စည်းတွေကို အပိုင်သိမ်းဖို့ ကြိုးစားကြသောအမှုအတွက် သက်သေအခိုင်အလုံနှင့် အတိအကျဖော်ထုတ်ခဲ့သည်။ ဒါပေမယ့် လူတွေကို ဥပဒေဘောင်ထဲကနေ အပြစ်ပေးခဲ့တာ မဟုတ်ပေ..၊

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ ထောင်မကျချင်ဘူးမို့လား၊ ကျုပ်ရှေ့ကို ရောက်မလာမိအောင် ရှောင်"

ဆိုသည့် စကားနှင့် အရှင်လတ်လတ် သေမိန့်ချခဲ့သည်။ ပစ္စည်းတွေကို သူတို့ကိုယ်တိုင်ပဲ ပြန်လည် အပ်နှင်းခဲ့ရတာပါ..။

ဟိုတစ်ချိန်က လုပ်ကြံမှုမှာ ပါဝင်ခဲ့သည့် ကိုယ့်လူဆိုတာတွေက သူ့ခြေရင်းမှာ လက်ကိုင်တုတ်ဘဝနှင့် ရှိနေကြပြီမို့ သူမလည်း ဒီတိုင်းပဲ လည်စင်းပေးခဲ့ရသည်။ တကယ်တော့ ပြစ်မှုကျူးလွန်ပြီး အပြစ်ဒဏ်ခံလိုက်ရခြင်းထက် အဆပေါင်းများစွာ ဆိုးဝါးခဲ့တာ ဖြစ်သည်။

အရိပ် ဆိုသည့် နာမည်ကြားတိုင်း 'အရိပ်မဲ့' ဆိုတာ စစ်ရိပ်ကင်းမှန်း သိခဲ့ပြီးသည့်နောက်ပိုင်း စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ..။

သူ အမိန့်ချခဲ့သလို သူနဲ့ ရင်မဆိုင်ရဲကြသည့် ထိတ်လန့်စိတ်တွေနှင့်သာ ရှိခဲ့၏။ ဒီနေ့တော့ တစ်လျှောက်လုံး စိုးရိမ်ကြောင့်ကြနေခဲ့ရသမျှ တုံ့ပြန်တော့ဖို့ ဆုံးဖြတ်လိုက်မိပြီဖြစ်ကာ...

"သူ သမီးကို ဘာလုပ်မယ်ဆိုတာ အေး သိတယ်"

ဒေါ်သွဲ့သွဲ့အေး သည် အစကပြောခဲ့သည့် စကားကိုပဲ ပြန်ကောက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ကိုပဲ နာမည်ပျက် အရှက်ရအောင် လုပ်ချင်တာ၊ သမီးကို သူ တကယ် စော်ကားမှာ မဟုတ်ဘူး"

"ဘာ!… မင်း ဘာပြောလိုက်တယ်"

နှစ်ယောက်သား အတိတ်ကြီး တိတ်နေကြပြီးမှ ပြန်ပြောဖြစ်သည်နှင့် တုတ်ဆွဲ၊ ဓားဆွဲ ဖြစ်ရတော့မတတ်…။

"မင်း ပြောတော့ ကမ်းကုန်အောင် မိုက်ရိုင်းတဲ့ကောင်ဆို…၊ မင်း သူ့ကို မုန်းနေတာလား .. ကြောက်ရွံ့ အထင်ကြီးနေတာလား"

"နှစ်ခုစလုံး ဟုတ်တယ် ကိုလွင်"

ဒေါ်သွဲ့သွဲ့အေး ကလည်း လေသံကို မလျှော့…။

"လူမိုက်က လူလိမ္မာထက် အမြဲတမ်း တစ်ကွက်သာတယ် တဲ့၊ အဲဒီလူမိုက်က တွင်းတူးမိုက်နေတဲ့ လူမိုက်တွေအပေါ်မှာကို ထပ်ပြီး ကတုံးပေါ်ထိပ်ကွက်လာတဲ့ ကောင်၊ အေး သူ့ကို မယုဉ်သာတဲ့အမှား လုပ်ထားတဲ့အတွက် သမီးတစ်ယောက်လုံးကို ဆွဲချသွားတာတောင် ကြည့်နေခဲ့ရတယ်၊ သမီးကို နောက်ထပ် ရင်ခွဲဆားပက်ပြီး ထားခဲ့ရင်တောင် ရင်ဘတ်ထု ငိုနေရုံပဲ"

"ဟ.. ဒါဆိုလည်း ဘာလို့ ညည်းတွားနေသေးလဲ၊ အဲဒီ မျက်ရည်တွေ ဘာဖြစ်လို့ ဝေ့လည်နေတာလဲ၊ မင်း ငါ့ကိုလည်း ပြောမပြနိုင်ဘူးလို့ ဖြောင်ငြင်းတယ်၊ နောက်ထပ်လည်း အရှုံးပေးရဦးမှာပဲလို့ ဆုံးဖြတ်ပြီးပြီ၊ ဒါဆို ပြီးတာပဲ.. မင်းက ကာယကံရှင်၊ မင်း ကျေနပ်ဖို့ပဲ လိုတာ"

ဦးလွင်မင်း ဒေါ်သဗလပွနှင့် လှည့်ထွက်သွားပေမယ့် ဝေးဝေး မရောက်ခင် ခြေလှမ်းတွေ တုံ့သွားခဲ့သည်။ ပြီးတော့ ပြန်လှည့်၍…

"တစ်ခုရှိတယ် အေး.. ကိုယ့်ကို မင်းပြောသလို ဒီကောင်နဲ့ငြိရင် တစ်ဆွေမျိုးလုံးနဲ့ ပြဿနာတက်ရမှာပဲဆိုတာ၊ ကိုယ်က အဲဒါကို ဂရုမစိုက်ဘူး၊ မင်း ဂရုမစိုက်ဘူးဆိုရင်သာ ပြော .. အဆင်သင့်ပဲ"





ဦးလွင်မင်း လှည့်ထွက်သွားတာ ပေါ်တီကိုအောက်မှာ ရပ်ထားသည့်ကားဆီကို ဖြစ်သည်။ ဒီလိုပဲ ညဘက်မှာဆုံဖြစ်ကြပြီး နေ့ကျတော့ တစ်ယောက် တခြားစီ…၊ လင်မယားဆိုပေမယ့်လည်း ဘင်္ဂလားလင်မယားလို့ ပြောရမည်လား…။

သွဲ့သွဲ့အေး ဆိုသည့် မိန်းမရဲ့ဘဝက ဤသို့ဖြစ်၏။ ပတ်ဝန်းကျင်ဆိုသည့် စာမျက်နှာမှာ မင်နီရာတွေ ဗလပွနဲ့ပေမယ့် သူမဘဝအစ အလယ် အခုချိန်ထိ မရှိ၊ မလှ၊ မဝ ဆိုသောစကား မကြားဖူးခဲ့ပါဆို ယုံပါ့မလား…။

ကိုယ်တိုင်ပြည့်စုံအောင် ဖန်ဆင်း ရပ်တည်နေနိုင်တာကို အရည်အချင်းလို့ သတ်မှတ်၏။ အဆင့်အတန်း ဂုဏ်ရောင်ထည်ဝါခြင်းအားလုံးကို ငွေစက္ကူတွေပေါ်မှာပဲ တိုင်းတာ သတ်မှတ်သည်။ ဒါ ကိုယ်တိုင် လက်ခံထားခဲ့တဲ့ အမှန်တရား…။

တစ်ချိန်က တစ်နေရာမှာ မကောင်းမှုပြုခဲ့သူများက ခုချိန် လူထုပရိသတ်အလယ်မှာ လုပ်ငန်းတွေကို ပဒေသာပင်လိုသီးလျက် တကယ့်ဒိတ်ဒိတ်ကြဲ သူဌေးကြီးတွေဖြစ်လို့၊ မဆင်းရဲဖူးခဲ့သည့် သူမဘဝမှာ လူသာမက စိတ်နှလုံး မချမ်းမြေ့ခြင်းလည်း မရှိခဲ့ဖူး။

ခုကျမှ ဘယ်လိုသောကတွေ စုဝေးရောက်ရှိလာခဲ့တာလဲ…၊ နှုတ်ခမ်းဖျားမှာ နာကြည်းခံခက်သော မဲ့ပြုံးတစ်ခု စွန်းထင်းခဲ့၏။

ဝင်ရိုးစွန်းပေါ်မှာ ကမ္ဘာကြီး မေးတင်နေသရွေ့ .. သံသရာ လည်သရွေ့…၊ တစ်နေ့နေ့တော့ ကိုယ့်အလှည့် ရောက်လာလိမ့်မည်။

ထိုတစ်နေ့နေ့က…၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၉ ]

အစားအသောက်ဆို ဟုက်တိပတ်တိ မစားဖြစ်ခဲ့တာ နှစ်ရက်တင်း တင်းရှိခဲ့ပြီ ဖြစ်သည်။ မျိုချထားဖို့တော့ လိုသည်လို့ သတ်မှတ်ပြီး စားချင်စိတ်မရှိဘဲ ပြင်ဆင်ထားခဲ့သော ခေါက်ဆွဲပြုတ်ပန်းကန်သည် လည်း စားပွဲပေါ်မှာ အေးစက် ငိုက်မျဉ်းနေခဲ့ပြီ..။

နှစ်ယောက်ထိုင် ဆက်တီပေါ်မှာ လှဲနေရင်း မျက်ဝန်းတို့သည် ခေါက်ဆွဲပန်းကန်ကိုငေးလျက် မျက်ရည်တွေ တရစ်ရစ် ပြည့်တက်လာ ခဲ့၏။ ပြီးတော့ မျက်ဝန်းထောင့်ကနေ ဆံစများထဲသို့ တိုးဝင်ကြ၏။

သူမ စောင့်နေခဲ့တာ နှစ်ရက်ရှိပြီ၊ ဦးမျိုးခိုင် ပြောသွားသည့်စကား တွေနှင့် သူ ပြန်မလာတာ ထပ်တူညီနေခဲ့သော်လည်း သူမ ထွက် မသွားနိုင်..၊

သူကိုယ်တိုင် ပြောပြီး ဝန်ခံမည့် တကယ့်အဖြစ်ကို နားထောင် ချင်သေးသည်။ မျက်ထား ကို လက်ထပ်ပြီးမှ နောက်ထပ် တွေ့ခဲ့တာ လား .. အစတည်းက ရှိနေလျက်နဲ့ ကိုယ့်ကို လက်ထပ်ခဲ့တာလား..။

ဒါဆို ဘာဖြစ်လို့ ချစ်သလို ခင်သလို ကြင်နာမှုတွေ ပြခဲ့ကာလဲ..၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။





"အရိပ်မဲ့ လိုလူက အနှောင်အဖွဲ့တွေ ရှိပါ့မလား"

"သူ့ဘဝမှာ ထောင်ဆိုတာ မရှိဘူး၊ အကျဉ်းထောင်၊ အိမ်ထောင် ဘာထောင်ဖြစ်ဖြစ်" တဲ့..၊

ဒါဆို အရိပ် အရမ်းချမ်းသာသည်ဆိုတာ တကယ်လား..၊ မိန်းမ တွေကို ဒီလို သဘောထားသည်ဆိုရင်တော့ ဒါအမှန်ပဲ ဖြစ်လိမ့်မည်။

ကိုယ့်အပေါ်ကျမှ ဆင်းရဲပါသည်၊ အလုပ်လက်မဲ့ ကလေကချေ ပါလို့ ညာထားခဲ့တာဟာ ဘာဆိုင်လို့လဲ..။

ရှက်ရွံ့သိမ်ငယ်စိတ်ကြောင့် ခါစ်ကိုယ်လုံး ဖျင်းခနဲဖြစ်ကာ 'ဟင့် အင်း' လို့ အသံထွက်ရင်း ခေါင်းတွေပါ ခါပစ်မိသည်။

ဆက်တီမှာ လှဲနေရာကနေ ကျုံ့ထလိုက်တော့ အပုံလိုက် ကျန် ရစ်သည့် ဆံပင်တွေက တရစ်ရစ် လှုပ်ကြွပါလာကြ၏။

ထားသလို နေ၊ ပေးတာကို ယူပြီး ကျေနပ်နေခဲ့တဲ့သူပါ။ ဒါကို ဘာဖြစ်လို့ ညာရက်ခဲ့တာလဲ..၊ ကိုယ့်စိတ်ကို ထူမက်ဖို့ ဘယ်လို ကြိုးစား ကြိုးစား စိတ်က မနိုင်ချင်တော့ပေ..။

အရိပ် မှာ နာမည်တွေ ဘယ်လောက်တောင် ရှိနေသလဲ..၊ ဘာ အလုပ်တွေလုပ်ပြီး ကိုယ်ပွားတွေနဲ့ ဘယ်လောက်ထိ ရှုပ်ထွေးနေခဲ့သလဲ..။

မျက်ထား ရင်းနှီးခွင့်ရခဲ့တာဟာ သူရဲ့ တစ်မျက်နှာပဲ ဖြစ်သည်မို့ တခြားပတ်သက်မှု ရှိနေတာတွေ ဘာဆိုဘာမှ မသိ..။

ဒါဆို သူမ ဘာလုပ်သင့်ပါသနည်း..၊ သို့စဉ်...

... ကြင်နာသလို မကြင်နာသူ..

... နေနိုင်ရက်တဲ့ ချစ်သူလေး..

... အနိုင်ယူတတ်တဲ့ သူ့စိတ်တွေကိုကွယ်..

... ကိုယ် မဖြိုခြင်ရက်ဘူးကွယ်..

... ညာနေတာတွေ ရင်ထဲက ငိုနေမိလည်း ခင်ရပါ ..



www.burmeseclassic.com

www.burmeseclassic.com



... ဟန်ဆောင်ပြုံးရင်း ချစ်တဲ့သူ နားနား..

... ကိုယ့် တကယ် ပျော်နေခဲ့တယ်..

ဖုန်းလာသည့်အသံမှန်း သိလိုက်ပြီး ဖုန်းကို ကြည့်နေလျက်နှင့် ကိုင်ဖို့ မေ့နေသည်။

မြည်နေသည့် သီချင်းသံက လူကို ပစ္စုပ္ပန်ထဲကနေ ဆွဲထုတ်သွားခဲ့သည့်အတိုင်း...

... ညာနေတာတွေ ရင်ထဲက ငိုနေမိလည်း ခဏပါပဲ..

... ဟန်ဆောင်ပြုံးရင်း ချစ်တဲ့သူ နားနား..

... ကိုယ် တကယ် ပျော်နေခဲ့တယ်..

မျက်ထား ဖုန်းကို ကောက်ယူဖွင့်လိုက်လျှင် စူးစူးဝါးဝါး ထွက်လာသည့် မိန်းကလေးသံကြောင့် ရုတ်တရက် ကြောင်ငေးသွား၏။

"ကိုကိုနော် .. ကိုကို ဖုန်းမချလိုက်နဲ့ .. အခုချက်ချင်း ယူမီဆီကို လာ..၊ မလာလို့ကတော့ ကိုကို့ ဟိုမိန်းမကို ယူမီ ကိုယ်တိုင် ဆွဲထုတ်ပြီး အရှက်ခွဲပစ်မယ် သိလား..၊ ကိုကိုနဲ့ မာမီ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ .. ဘာပြဿနာတွေရှိရှိ ယူမီ စိတ်မဝင်စားဘူး၊ ကိုကို ကျွေးသမျှကို မဝတဝ စားပြီး ဟိုမိန်းမလို ကျေနပ်နေလောက်အောင် ယူမီ မတုံးဘူးဆိုတာ ဒီညနေ ကိုကို ရောက်မလာတာနဲ့ သိသွားစေရမယ်၊ အဲဒါ လုံးဝ အတိအကျနော်"

ဒီဘက်ကနေ ဖုန်းချလိုက်မှာစိုးကာ သူချည်းပဲ ပြောသွားကာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငြင်းဆန်ခွင့်မရှိသည့် ရာဇသံနှင့် သူပဲ ဖုန်းချသွား၏။

ကိုင်ထားသည့် ဖုန်းသည် လက်ထဲမှာ ကျိုးကြေမတတ် ဖြစ်နေခဲ့လျက် မျက်တောင်မခတ်၊ ရွေ့လျားခြင်းမဲ့သော မျက်ဝန်းအိမ်မှ မျက်ရည်တွေ တလိမ့်လိမ့် ဆင်းကျလာခဲ့၏။





နှစ်ရက်တာလုံး မျိုသိပ် မွန်းလင့်နေခဲ့ရသော အဖြစ်တစ်ခုအတွက် အဖြေထွ [illegible] ပြီ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်နေမှန်း မသိပေမယ့် ဘာလုပ်သင့်သည်ဆိုတာ နားလည်သွား၏။

မျက်နှာကို တို့ဖတ်လေးနဲ့ အနည်းအကျဉ်း ဖိကပ်လိုက်ပြီး ဆံပင်တွေကို လက်ကိုင်ပဝါနဲ့ပဲ ဖြစ်သလို သိမ်းစည်းလိုက်သည်။ ဆလင်းဘက်ခ်ကို ကောက်ကိုင်လိုက်စဉ် တီရှပ်အဖြူရောင်လေးနှင့် အဝါနရောင် အပွင့်ရိုပ်တွေပါသည့် စကက်ထဘီအဖြူကို မျက်လုံးက ရောက်သွား၏။

အဖြူရောင်ဟာ စင်ကြယ်ပါသည်၊ ဘာနဲ့မှ စွန်းထင်းမခံနိုင်သောဂုဏ်သတ္တိနှင့် ဖြူစင်ခြင်းအဓိပ္ပာယ်ကို အပြည့်အဝဆောင်နိုင်သည်။

သူမဘဝကတော့ အဖြူရောင်လို စင်ကြယ်ခဲ့သည်၊ မစင်ကြယ်ခဲ့ဘူး၊ ဘာဆိုတာ မသိပေမယ့် တစ်စုံတစ်ယောက်ရဲ့ လက်ခုပ်တစ်ဖက်တည်းမှာ ညစ်နွမ်းခဲ့စဉ် ဘယ်လိုဂုဏ်သတ္တိတွေမှ မပြနိုင်ခဲ့တာ အသေအချာပါ..။

ဒီနေ့ကျကာမှ အဖြူရောင်ကို ဝတ်ထားမိသည့် ကိုယ့်ကိုယ်ကိုယ်အတွက် ပို၍ နာကျင်မိ၏။ ကောင်းပါတယ်..၊ ဒါဟာ မိမိတန်ဖိုးကို မိမိ မထိန်းသိမ်းနိုင်ခြင်းအတွက် ကံကြမ္မာက ဒဏ်ခတ်လိုက်တာပါပဲ..။

မျက်ထား ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်နိုင်ဖို့ ကြိုးစားရင်း တံခါးဖွင့်၍ အပြင်ထွက်လိုက်သည်။ ဒီတံခါးကို သော့ပြန်ခတ်၍ သည်ဖုန်းနဲ့ သော့ကို အောက်ထပ်က ဖုန်းဆိုင်မှာ အပ်ထားခဲ့လိုက်မည်။

ဒီတိုက်ခန်းတွေကို ဖုန်းဆိုင်က တာဝန်ယူထားသည်လို့ အရိပ် ပြောထားဖူးသဖြင့် တံခါး သော့ပိတ်ကာ ဒီဘက်လှည့်လိုက်လျှင်...

"မင်းက စစ်ရိပ်ကင်း ရဲ့ ဘာမဟုတ်ညာမဟုတ် တစ်ယောက်လား.."



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားအောက်ကနေ တစ်ထစ်ချင်း နင်းတက်လာသော အမျိုးသမီးသည် အသက်အရွယ်ကို ခန့်မှန်းရခက်လောက်အောင် နုပျိုချော မွေ့လျက် အတွန့်အကောက်တွေနှင့် ပခုံးလောက်ရှိသောဆံပင်ကို ဘေးတစ်ဖက်မှာ အပြောင်သိမ်းထားသည်။

ထိုအပေါ်မှာ ကပ်ပန်းတစ်ပွင့် ပန်ထားသဖြင့် မင်းသမီးရုံးအောင် နုရွလှပနေ၏။ သူမ၏ ဆေးသားညီသော မျက်နှာက မျက်ထား ရဲ့ တစ်ကိုယ်လုံးကိုပဲ တစိုက်မတ်မတ် မော့ကြည့်လိုက်လာကာ လေ့ကား ထိပ်မှာ မျက်နှာချင်းဆိုင် ရပ်မိတော့ မဲ့ရွဲ့လျက်…

"မျက်ထားညို တဲ့ ဟုတ်လား .. ဟွန်း .. လူကလည်း ခပ်တုံးတုံး စုတ်ပြတ်ပြတ်ဆိုတော့ နာမည်နဲ့ လိုက်ပါတယ်၊ ဒီပုံစံမို့လို့လည်း စစ်ရိပ်ကင်း က မင်းကို ချောင်ထိုးထားတာ"

ပါလာပြန်ပြီ နာမည်တစ်မျိုး…၊

ရိပ် .. အရိပ် .. အရိပ်မဲ့ .. ပြီးတော့ စစ်ရိပ်ကင်း…၊

မျက်ရည်ကြောင့်လား .. ရှုပ်ထွေးသည့်စိတ်ကြောင့်လား မသိဘဲ မျက်လုံးထဲမှာ အရိပ် ၏ပုံတူတွေ တရှပ်ရှပ် စက်ဝိုင်းလို လည်ပတ် ပွားများလာ၏။

လူကို တစ်ကိုယ်လုံး အထင်မြင်သေးစွာ စုန်ချီဆန်ချီ ကြည့်နေသည့် မျက်နှာလှလှက ဆန်ကောတစ်ချပ်လို ပြားပြားကြီး ဖြစ်သွားလိုက် .. တွန့်ခေါ် တုန်ယင်နေသလို ဖြစ်လိုက်…၊

"ဒီမှာ မျက်ထားညို .. မင်းကို စစ်ရိပ်ကင်း က ငါတို့တွေ မသိအောင် ဒီမှာ ခိုးချောင်ခိုးဝှက် ပေါင်းနေတာ မင်းက ကျေနပ်နေနိုင်ပေမယ့် ငါတို့က မကျေနပ်ဘူး"

"ရှင်က ဘယ်သူလဲ.."

မျက်ထား တံခါးဘက်ကို နောက်ပြန်တစ်လှမ်းဆုတ်ကာ မကြား





ရဲပေမယ့် မေးတော့မေးမိသည်။

သူမက ခါးနှစ်ဖက် ဆတ်ခနဲ ထောက်ကာ…

"ဘယ်သူလဲ ဟုတ်လား .. စစ်ရိပ်ကင်း က ငါ့သမက် .. ငါ့သမီး ရဲ့ယောက်ျား"

မျက်ထား ခေါင်းထဲမှာ တဟီးဟီး မြည်သွား၏။

"အခု မင်းကြောင့် ငါ့သမီး စိတ်ဆင်းရဲနေရပြီ၊ မင်းလို မိန်းကလေး ကတော့ ဘယ်လိုဘဝနဲ့ နေရနေရ ကျေနပ်နိုင်မှာပေါ့၊ မုန့်သာ ဝေစားမယ်ဆိုတဲ့ စကားတွေ မင်း မကြားဖူးဘူးလား၊ သူများလင်ကို ပြစ်မှားတာ မင်းမှာ အပြစ်လည်း ကြီးတယ်၊ ကျက်သရေလည်း ယုတ်တယ်၊ မိန်းမချင်း ကိုယ်ချင်းစာပါ၊ ကောက်ရတဲ့သူကတောင် နှမြောနေရင် ကျပျောက်တဲ့လူဘက်က တွေးကြည့်.."

"မဟုတ်ဘူး .. ကျွန်မ အဲဒီလို မိန်းမ မဟုတ်ဘူး .."

"မဟုတ်ရင် ဘာလဲ .. အခု သူထားတဲ့နေရာမှာ အဝတ်စုတ်တစ်စလို ပြန်မလာရင် မျှော်.. ပြန်လာရင် ပျော်၊ မင်းမှာ ဘယ်မှာလဲ သိက္ခာ.. ဘာမာနလဲ.."

ပြောသမျှ စကားလုံးတွေက တစ်ကိုယ်လုံးကို တုမထောင်း ရိုက်ပုတ်နေတာနှင့် တူကာ 'မဟုတ်ဘူး' ဆိုသည့် စကားမှလွဲ၍ သူမ ဘာမှ မချေပျက်နိုင်..။

"မျက်ထားညို .. မင်းပုံစံကိုကြည့်ပြီး ငါ သနားလို့ ခွင့်လွှတ်လိုက်မယ်၊ ခုချက်ချင်း ဒီက ထွက်သွားလိုက်ပါ"

စောစောကမှ ဖုန်းထဲကပြောသွားသည့် ယုမီ ဆိုသော တစ်ယောက် ၏ စကားသံတွေပါ နားထဲမှာ စုရုံး လုံးထွေးလျက် မျက်ထား ခေါင်းမှာ ကျော့ကော်မိသွားသည်။ ပြီးတော့ မျက်ရည်ကျရမှာကို ရိုက်ရှို့မိကာ မျက်တောင်တွေ ဖိခတ်ရင်း တည်ငြိမ်ဖို့ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားမှာ .. ဒါပေမယ့် ရှင် နှင်ထုတ်လို့သွားမှာ မဟုတ်ဘူး"

"ပြောပေါ့ .. အကန်းရေတွင်းကျစကား"

"သူနဲ့ ကျွန်မ လက်ထပ်ထားခဲ့တာ သူက ပျော်ချင်လို့ မဟုတ်သလို ကျွန်မကလည်း ဘယ်လိုအကြောင်းပြချက်နဲ့မှ မသက်ဆိုင်တဲ့အကြောင်း တစ်ခုကြောင့်..၊ အဲဒီအချိန်မှာ သူ့အကြောင်း ကျွန်မ ဘာမှ မသိခဲ့ဘူး၊ အိမ်ထောင်ရှိနေတဲ့ယောကျ်ားလို့ နည်းနည်းလေးတောင် သံသယမရှိတဲ့အတွက် လက်ထပ်ခဲ့တာ၊ သိလိုက်တဲ့အချိန်မှာ နောက်ဆုတ်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်၊ အဲဒါ သစ္စာစကားပါ၊ ရှင် ပြောသလို မိန်းမသားချင်း စာနာတယ်ဆိုရင် အရှုံးပေးထားတဲ့သူကို နင်ပဲငဆ စကားတွေနဲ့ ထပ်မစော်ကားပါနဲ့"

"ဘာ..ပြောတယ်.."

ဒေါ်သွဲ့သွဲ့အေး လူထက် အဆမကန်သော ဒေါသတွေနှင့် ရူးရူးဝါးဝါး အော်သည်။

ကိုယ့်သမီးကိုတော့ 'ချစ်ပါရစေ .. ချစ်လွန်းလို့ သေရပါတော့မယ်' လို့ လူးလိမ့်အော်နေတာတောင် ဂရုမစိုက်ခဲ့ဘဲ ဘာမဟုတ်တဲ့ နွမ်းဖတ်ဖတ် စုတ်ပြတ်ပြတ် ကျက်သရေမရှိတဲ့ပုံစံကိုမှ လက်ထပ်ထားသည်တဲ့ ..။

သူဌေးက သူဌေးကတော်လို နေခွင့်မပြုဘဲထားခြင်းဟာ သူ့အကြောင်းတော့ ရှိမှာပေမယ့် ထူးဆန်းသည့်စိတ်ကူးတွေ ရှိတတ်သည့် စစ်ရိပ်ကင်း သည် သူမကို မချစ်ဘဲနဲ့တော့ လက်ထပ်ယူထားမှာ မဟုတ်ပေ၊ မခံရပ်နိုင်တာဟာ ဒါကြောင့်ပဲ ဖြစ်၏။

မျက်ထားသို့ ပြန်ပြောသည့်စကားကြောင့် မဟုတ်ဘဲ မရှုစိမ့်နိုင်ခြင်းက အလိုလို ဖြစ်နေတာမို့ လက်သီးဆုပ်ကို ပို၍ ဖိဆုပ်ရင်း တက်ခေါက်မိသည်။





"သွား .. မင်း ခုချက်ချင်း ထွက်သွားစမ်း.."

အော်ဟစ်ပြောမိရင်း သူမရဲ့ပခုံးကိုပါ တွန်းထိုးပစ်လိုက်မိလျှင်...

"မလုပ်နဲ့.."

အောက်ကနေ လှမ်းအော် တားဆီးလိုက်သံက ဟိန်းထွက်လာ၏။ ဒေါ်သွဲ့သွဲ့အေး ကိုယ့်အရှိန်ကို ဘယ်လိုမှ မထိန်းသိမ်းလိုက်နိုင်..။

တွန်းထိုးချမိတာက လှေကားပေါ်ကနေ လိမ့်ကျသွားဖို့ မဟုတ်ပါ။ မြန်မြန်ထွက်သွား .. မြန်မြန်ဆင်း ဆိုသည့်သဘောနဲ့ ဖြစ်သည်။

ဒါပေမယ့် စစ်ရိပ်ကင်း အသံနှင့် လူရိပ်ကို ဘွားခနဲ မြင်လိုက်ရသဖြင့် လက်က တွန်းချပစ်လိုက်သလို ဖြစ်သွားခဲ့သည်။

"ဒုန်း .."

"မျက် .. ထား .."

အရိပ် ရဲ့အော်သံကြီးနှင့် ရိပ်ခနဲ လှုပ်ရှားသွားသည့် အဖြစ်အပျက်တွေကြားမှာ ဒေါ်သွဲ့သွဲ့အေး ကိုယ့်နှုတ်ခမ်းပေါ် လက်နဲ့ ပြန်ပိတ်မိကာ မျက်လုံးတွေ ပြူးကျယ်သွား၏။

ဖြစ်စေချင်တာက ဒီလိုမဟုတ်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၀ ]

"ကိုယ်က ကျော်မော်အောင် .. သူဌေးကြီး မဟုတ်ပါဘူး၊ အရိပ်ရဲ့ သူငယ်ချင်းပါ"

ဘေးမှာ မတ်တတ်ရပ်၍ အရိပ် ကို ပြောခွင့်မပေးခဲ့သော စကားတွေအား တောင်းပန်တိုးလျှိုး၍ မနားတမ်း ပြောပြနေသည်။

စစ်ရိပ်ကင်း ဆိုသော လူငယ်လေးတစ်ယောက်ရဲ့ ရွှေငွေ စည်းစိမ်ကြားမှာ စံစားရင်း အံကြိတ် တက်ခေါက်ခဲ့ရသည့်အကြောင်းတွေ..။

မျက်ထား ကိုယ့်မျက်နှာကို လည်ပင်းလိမ်မတတ် စောင်းလှည့်ထားရင်း အံကြိတ်နေသည့်ကြားက နှုတ်ခမ်းတွေ တုန်ယင်နေတာကို ထိန်းလို့မရ..။

လှေကားပေါ်က ပြုတ်ကျသွားခဲ့စဉ် အရိပ် ရဲ့ခေါ်သံ၊ ပြေးတက်လာသည့် ပုံရိပ်လိုလို ဘာတွေမှန်း မသိလိုက်ဘဲ သူမ ပြိုကျသွားခဲ့၏။

သတိရလာတော့ လေးထောင့်ဆန်ဆန် ဖြူဝင်းခံ့ညားသည့် မျက်နှာကြီးတစ်ခုနှင့် မကေ က ယှဉ်တွဲရပ်နေကြသည်။ နောက်ထပ် သိလိုက်ရတာက ထိုမျက်နှာပိုင်ရှင်ဟာ ဆရာဝန်ကြီးဖြစ်လျက်၊ မကေ





ကလည်း ဒေါက်တာ ကေသီ ဖြစ်နေခဲ့သည်။ ဒီဘက်မှာတော့ အရိပ်နှင့် သူ့ရဲ့ သူဌေးဟန်ဆောင်သူများ ဖြစ်ကြ၏။

သူမသည် တိုက်ခန်းလေးတစ်ခန်းထဲမှာ မရွေ့မလျား နိုင်မြဲစွာ ရပ်တည်နေခဲ့ပါလျက် တကယ်တမ်း ရင်ဆိုင်နေရတာကျတော့ စိမ်းသက်သော ပတ်ဝန်းကျင်တွေမှာ တစ်နေရာပြီးတစ်နေရာ ပြောင်းလဲနေထိုင်နေခဲ့သလို..၊

မြင်သမျှ ကြားသမျှဟာ အခုတစ်မျိုး တော်ကြာတစ်မျိုး..၊ တစ်ခုကို နားမလည်နိုင်သေးမီ နောက်ထပ် ရှုပ်ထွေးခြင်းတစ်ခုက ဖြစ်လာသည်။ နောက်ဆုံးကျတော့ သူမသည် ဆွံ့အနားမကြား မျက်မမြင်တစ်ယောက်လို ပတ်ဝန်းကျင်ကို မပြောနှင့် ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှန်းမသိတော့သည့် မိန်းမ..၊

ထို့ကြောင့် အရာအားလုံးကို မမြင်ချင်၊ မှန်တာတွေ မှားခဲ့တာတွေ ဘာကိုမှလည်း မကြားလိုပါ..။ သူမ သည်နေရာ၊ သည်တိုက်ခန်းထဲမှာပဲ ရှိနေခဲ့သည်လို့ သိလိုက်ရသည်နှင့် မျက်လုံးတွေကို မဖွင့်တမ်း ပိတ်ထားလိုက်သည်။ ထို့ပြင်...

"ရှင် နာမည်မျိုးစုံနဲ့ လွတ်လပ်စွာ ဆက်လက်လှုပ်ရှားပါ၊ ကျွန်မနားကို နောက်ထပ် ရောက်လာတာနဲ့ လက်နက်မရှိလည်း ကျွန်မကိုယ့်လျှာကို ကိုက်ပြီး သေပစ်လိုက်မယ်၊ ဘာမှ မကြားချင်တော့ဘူး၊ ဘာမှ မရှင်းနဲ့.."

မျက်ထား အပြင်းအထန် ငြင်းဆန်ကာ သူနဲ့တကွ တခြား ပတ်သက်နေသူတွေကိုပါ အနားကနေ နှင်ထုတ်ပစ်မိသည်။ ရင်ထဲမှာ ကြေကွဲနေတာတွေက စဉ်းစားလေ နင့်သီးလာခဲ့လေ..၊ ရှက်သည့်စိတ်တွေက ရင့်သန်လာလေ..။ ဆက်လက် ရှင်သန်လိုခြင်း မရှိတော့ပါ..။

ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးသတ်ပစ်ဖို့အထိ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီးမှ ပြောခဲ့တာဖြစ်သည်။ ခြိမ်းခြောက်သည့်စကား မဟုတ်ပါ။ တစ်နေကုန် ဘယ်သူ့ကိုမှ အလာမခံဘဲ ဈေးတာကိုလည်း မစား၊ ဘယ်သူလာလာ လှည့်မကြည့်...၊

"ဒီတစ်ခါ တစ်ယောက်ယောက် ဝင်လာရင် ကျွန်မ နောက်ဆေး ဝရန်တာကနေ ခုန်ချပစ်မှာ"

လို့ ပြောလိုက်ပြီးသည့်နောက်မှာ အားလုံး ရပ်တန့်ကုန်ကြသည်။ မကေ ကတော့ သွားခါနီးမှာ ပြောသွားသေးသည်။

"ရှုပ်နေတာကို ရှင်းလို့ရတယ် ညီမ၊ မရှင်းပါနဲ့ဆိုတာ မိုက်မဲတာပဲ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ ရေထဲခုန်ချတဲ့လူတောင် သေချင်တဲ့စိတ်က တခြား၊ ရေမွန်းသွားတာနဲ့ ရုတ်တရက် လန့်ပြီး ရူးရူးဝါးဝါးတော့ ရုန်းကန် ကူးခတ်မိကြသေးတယ်၊ လူ့ဘဝကြီးကိုရှင် ခက်တယ်၊ သေချင်ရင် လွယ်လွယ်လေးပါ၊ မမိုက်ပါနဲ့''တဲ့...။

သေချင်တာကို မိုက်မဲတယ်ဆိုလျှင် သေသင့်တဲ့အထိ မိုက်ခဲ့တာကိုတော့ ဘယ်လိုပြစ်ဒဏ် ပေးသင့်သလဲ.. ဘယ်သူမပြု မိမိအမှုပါ...။

ကျော်မော်အောင် ဝင်လာတာက ဒီတစ်နေကုန်မှာ နောက်ဆုံးလူဖြစ်သည်။ ဘယ်လို နှင်ထုတ်ငြင်းဆန်ပါစေ သူပြောလိုရာကို ပြောပြီးမှ သွားမှာဖြစ်ကြောင်း ဦးဆုံး ခင်းကျင်းကာ...

"သေကြောင်းကြံနည်းတွေ အများကြီးပါ၊ သေခြင်းအမျိုးမျိုးနဲ့ သေလို့ရတယ်ဆိုတာလည်း ကိုယ်တို့ သိတယ်၊ ဒါပေမယ့် မင်း အခု ကိုယ့်ဘဝကို ဒီလိုကြီးပါလားဆိုတဲ့ ယူကျုံးမရခြင်းတွေနဲ့ သေခဲ့ရင် နောက်ဆုံးထွက်သက်အထိ မင်းမျက်ရည်တွေ စဲမှာ မဟုတ်ဘူး၊ အဲဒါကြောင့် ကိုယ့်ကို မိနစ်အနည်းငယ်လောက် အချိန်ပေးပါ၊ ပြီးရင် ကိုယ်ပြောတာကို လက်မခံနိုင်ရင် မင်း ကြိုက်သလို ဆုံးဖြတ်..''

ဟု တောက်လျှောက် ပြောသွားပြီးမှ သူ့ကိုယ်သူ ကျော်မော်





အောင် ဆိုတာ ဖွင့်ပြောလာသည်။

မျက်ထား မျက်လုံးတွေကို ပို၍ ဖိပိတ်ထားလိုက်၏။

မေးခွန်းထောက်သူ မရှိဘဲ အစီအစဉ်တကျ ပြောပြနေသည့် စကားသံတွေကို နားမထောင်လိုပေမယ့် ကြားနေခဲ့ရ၏။

"ကိုယ် ပြောနေတာတွေမှာ မုသား လုံးဝ မပါဘူး၊ သူ့ရဲ့ငယ်ဘဝကအကြောင်းတွေကိုလည်း မင်းကို သူကိုယ်တိုင် ရှင်းပြခွင့်မရတော့မှ ကိုယ်တို့ သိခွင့်ရခဲ့တာ၊ မိဘနှစ်ပါးရဲ့ နွေးထွေးမှုနည်းတဲ့ အကြင်နာတွေ၊ မတည်မငြိမ် ဖောက်ပြန်မှုတွေကြောင့် စိတ်ဒဏ်ရာဖြစ်ခဲ့တဲ့သူမှာ ဒီလိုကြောင့် မိန်းမတွေအပေါ် အထင်မကြီးနိုင်တဲ့ အတွေးစွဲတွေ ဖြစ်လာခဲ့တာဆိုရင် သူ မမှားဘူးလို့ ကိုယ်တို့ ထင်တယ်၊ အဲဒါကို မင်းက ပိုပြီး နားလည်ပေးသင့်ပါတယ်"

မျက်ထား နည်းနည်းမှ မလှုပ်၊ ခုတင်ပေါ်မှာ ပက်လက်ကလေး ရှိနေရင်း လည်ပင်းကျိုးမတတ် လိမ်ထားသည်။ လက်တစ်ဖက်သည် စောင်တစ်ဝက်တင်ထားသည့် ဗိုက်ပေါ်မှာ ရှိနေလျက် တစ်ဖက်က ဒီတိုင်းပဲ ဆန့်ချထားတာဖြစ်၏။

ဒါပေမယ့် ကျော်မော်အောင် ရှင်းပြနေသည့် စကားတွေကို နားထောင်ရင်း မွေ့ရာခင်းပေါ်မှာ ချထားသည့်လက်က လက်သီးဆုပ်လေး ဖြစ်သွားခဲ့သည်။ ကျော်မော်အောင် လည်း မြင်သည်။

အရိပ် နဲ့ပတ်သက်သမျှ ဘာကိုမှ မကြားချင်တော့၍လား ..ဒါမှ မဟုတ် မှန်တာမှားတာ ဘာတွေဖြစ်ဖြစ် လက်ခံ နားလည်ပေးဖို့ လုံးဝ မစဉ်းစားတော့သည့်သဘောလား..။

ဒါက ကာယကံရှင်ပဲ သိမှာပါ၊ သူ့ဝတ္တရားက အရိပ် အပေါ်မှာ မျက်ထား နားလည်သွားအောင် ရှင်းပြနိုင်ဖို့ပဲ ဖြစ်သည်။ ထို့ပြင်...

သူမအပေါ်မှာ ဟန်ဆောင်လိမ်ညာခဲ့သော ကိစ္စတချို့မှာ သူက



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ဖြစ်ခဲ့ဖူးသည်မို့...

"ကိုယ်လည်း မင်းကို ဟန်ဆောင် လိမ်ညာခဲ့ဖူးတယ်၊ အဲဒါက အကူအညီတောင်းတာပေမယ့် မင်းကို နစ်နာစေတာ မဟုတ်မှန်း ကိုယ်တို့သိလို့ ကူညီကြတာ၊ မိန်းကလေးတစ်ယောက်ကို လူစုလူဝေးနဲ့ ဒုက္ခပေးကြဖို့အထိ ကိုယ်တို့ မယုတ်မာဘူး မျက်ထားညို၊ သူ မုန်းတီးနေခဲ့တဲ့ တွေ့ဖူးသမျှမိန်းမတွေဟာ အပျော်ကြိုက်တယ်၊ ရမ္မက်လွန်တယ်၊ ကိုယ်ကျင့်သိက္ခာဆိုတာ ဘာလဲလို့ မေးရလောက်တဲ့ အကျင့်ပျက်တွေနဲ့ပါ၊ အဲဒါတွေကြောင့် မင်းကို သူ စမ်းသပ်ခဲ့တာ၊ ဂုဏ်အရှိန်အဝါ၊ စည်းစိမ်ချမ်းသာ၊ ပြီးတော့ နူးညံ့ညင်သာမှုတွေနဲ့ ဖြားယောင်းပြီး မင်း ဘယ်လို မိန်းမမျိုးလဲဆိုတာကို သိချင်တာ.."

ကျော်မော်အောင် က မျက်ထား ရဲ့ လည်တိုင်ဖြူနုနုလေးကို ဒီဘက်ဘေးကနေ ကြည့်၍ သူ ဒီ့ထက်ကြာကြာ ပြောနေလေ ကျိုးကြေ ပြုတ်ထွက်မတတ် လွှဲစောင်းထားသည့် လည်တိုင်လေး အဖြစ်ဆိုးလေ ဖြစ်ရမှာကို နားလည်ကာ...

"ပြီးတော့ မင်းနဲ့သူ ဘယ်လို ဆုံစည်းခဲ့ကြတယ်ဆိုတာ မင်းသိနေမှာပါ၊ မင်းကို သူ့ဘက်က မြတ်နိုးကြင်နာပါတယ်လို့ ပြောနေရင်တောင် ဒါ သဘာဝကျတဲ့စကား မဖြစ်နိုင်ဘူးလေ၊ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးကျွမ်းဝင်ဖို့ ကြိုးစားနေကြတဲ့ကာလမှာ သူ မင်းရဲ့ စိတ်ဓာတ်ကို သိချင်တယ်ဆိုတာကျတော့ မင်း နားလည်ပေးသင့်တယ်"

"ကိုကျော်မော်အောင် .. ရှင် ပြောနေတာတွေဟာ ကဒ်မရှိဘဲ ဓာတ်ပုံရိုက်နေသလို ဖြစ်နေတယ်ဆိုရင် ဆက်ပြောဦးမှာလား.."

မျက်ထား စောင်းလှည့်ထားရသည့် လည်တိုင်၏နာကျင်မှုကို မခံနိုင်တော့သလို မကြားချင်တာတွေကို ဒီ့ထက် သည်းခံ နားထောင်နိုင်စွမ်း မရှိတော့ပေ..။





ထို့ကြောင့် ကျော်မော်အောင့် မျက်နှာကို စူးစိုက်ကြည့်၍...

"ကျွန်မ ကန်းသွားပြီ၊ အဖြူရောင်က စပြီး ရောင်စဉ်ခပ်သိမ်းဘာကိုမှ မမြင်တော့ဘူး၊ ရှိနေတာက ပုံရိပ်မှန်သမျှ အမည်းတွေချည်းပဲ၊ မပြောပါနဲ့တော့ .. ရှင် ပြန်ပါ"

"မင်း မြင်နေပါတယ်၊ ကန်းသွားပြီဆိုရင်လည်း အရိပ် ကို မင်း ချစ်နေလို့ပဲ မျက်ထား..၊ ကိုယ့်ကိုယ်ကိုယ် မနှိပ်စက်ပါနဲ့၊ သူ မင်းရဲ့ စိတ်ဓာတ်ကို နားလည်သွားပြီ၊ မင်းရဲ့အချစ်၊ မင်းရဲ့ ကိုယ်ကျင့်သိက္ခာကိုလည်း အရမ်း တန်ဖိုးထားနေပါပြီ၊ မင်း ပြောတဲ့ အရောင်ခပ်သိမ်းဟာ လှလှပပလေး ချိတ်ဆက်ပုံပေါ်မလာခဲ့ဘဲ မျက်စိတစ်မှိတ်အတွင်းမှာ ချိတ်ဆက်လွဲပြီး ရုပ်ကုန်တာ၊ မင်းရဲ့ နာကျင်နေတဲ့ ခံစားချက်တွေကို ဒီတိုင်း လွှတ်မထားဘဲ စိတ်ကို နည်းနည်းလေး ပြန်လျှော့ပြီး စဉ်းစားပေးပါဦး"

မျက်ထား ရဲ့မျက်ရည်တွေ ပြည့်အိုင်ကာ စို့ရွှဲနေသည့် နားသယ်စပ် ဆံစတွေကိုပါ မျက်နှာလေးတစ်ခုလုံးကို စိုးမိုး မြင်နေရ၏။

မျက်ခုံးလေးတွေ တွန့်ကုတ်စိုက်ကြည့်နေပြီး ခေါင်းခါပစ်လိုက်တော့ စိတ်မကောင်း ဖြစ်သွားမိသည်။ သူမကို ပြန်လည် စည်းရုံးနိုင်ဖို့ မလွယ်မှန်းလည်း နားလည်လိုက်၏။

"ရှင် ထွက်သွားပါ.. တစ်ခွန်းမှ ထပ်မပြောတော့ဘဲ ထွက်သွားပေးပါ"

နောက်ထပ် အသံ ထွက်ပေါ်လာခြင်းမရှိမှ မှိတ်ပစ်လိုက်သည့် မျက်လုံးတွေကို ပြန်ဖွင့်မိသည်။

မျက်လုံးထဲမှာ သူမ ချွေးဒီးဒီးကျအောင် တိုက်ချွတ်ဆေးကြောကာ သေသပ် သန့်စင်ထားခဲ့ရသည့် တိုက်ခန်းရဲ့နံရံတွေ ပေါ်လာ၏။

အခန်းဖွဲ့မရှိသောကြောင့် ထောက်စင်တွေမှာ ကန့်လန့်ကာ တပ်



www.burmeseclassic.com

www.burmeseclassic.com



၍ ပတ်လည်ကာရံထားရသော အိပ်ခန်းဟု သတ်မှတ်သည့် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ သူမ ရှိနေဆဲ..။

"ကိုကို ခုချက်ချင်း ပြန်လာခဲ့နော်"

"ငါ့သမီးရဲ့ယောကျ်ား .. ငါ့သမက်"

နားထဲမှာ စွဲနေသည်။ ဒီလူနှစ်ယောက်ဟာ တစ်နေရာစီကနေ ပြောခဲ့ကြတာ ဖြစ်၏။ ပြောသွားသည့် အကြောင်းအရာတွေမှာလည်း လုပ်ကြံဖန်တီးနေကြတာနှင့်မတူဘဲ လာရှင်းပြသည့်လူတွေက ဒါတွေဟာ တမင် လုပ်ကြံတာပါလို့ ပြောသွားသည်။

ဘာတွေပြောပြော သူမ မယုံ..။

ဒီအမျိုးသမီးသည် အရိပ် ရဲ့မိတွေး ဖြစ်ခဲ့သည်ဆိုဦးတော့ ကိုယ့်သမီး ဂုဏ်ကျက်သရေတိုးလာမည့်စကားမျိုး မဟုတ်ဘဲ ဒီလိုစကားတွေကို ဘာလို့ ပြောသွားတာလဲ..။

မျက်ထား ဗိုက်ပေါ်တင်ထားသည့်လက်ပေါ်က စောင်ကို အသာလေး ဆွဲချလိုက်သည်။ ထထိုင်ဖို့လုပ်တော့ ခါးစပ်ကနေ ကျောထိ ရုးခနဲ အောင့်ကာ တစ်ကိုယ်လုံး တွန့်သွား၏။

ဘာဆိုဘာမှ မကြားချင်တော့ပါ..၊ တစ်ယောက်ပြီးတစ်ယောက် ဝင်လာနေသမျှ အားလုံး၏ သနားကရုဏာထားနေကြသည့် မျက်လုံးတွေကြောင့် ကြာလျှင် ရူးသွပ်သွားနိုင်၏။

ပတ်တီးစည်းထားရသည့် ဘယ်ဘက်လက်ကို ဒီတိုင်းပဲ လက်ပိုက်သလို ဗိုက်မှာကပ်ထားကာ လက်တစ်ဖက်ထောက်၍ အိပ်ရာထဲကနေ အံကြိတ်ထသည်။

ထွေးထွေးပုံပုံရှိနေသည့် ဆံနွယ်တွေက ကျောပြင်ထက်မှာ ဖရိုဖရဲ ကပ်တွယ်ပါလာ၏။ ခြေလှမ်းလိုက်တိုင်း ခေါင်းတွေမူးသည်၊ ခြေထောက်တွေတုန်ကာ ကျောထဲက အောင့်သည်။





ဒီဝေဒနာတွေဟာ အသက်ကို နုတ်ယူသွားကြမှာ မဟုတ်ပေ။ ခုချိန်မှာ အလိုချင်ဆုံးက ဒီလူတွေနဲ့ ဘယ်တော့မှပြန်မဆုံချင်..၊ မဆုံရဖို့အရေးအတွက် သူမမှာ ဘာမှကြိုးစားခွင့် မရှိတော့သည့်နောက်...

"အား!..."

နောက်ဖေးတံခါးကို ဂျက်ပြုတ်သွားအောင် အားစိုက်လိုက်တာနှင့် ကိုင်ထားသည့်လက်က လက်မောင်းထိ အောင့်တက်သွား၏။

လှေကားပေါ်က ပြုတ်ကျစဉ်မှာ တစ်ခါတည်း အသက်ပါသွားခဲ့လျှင် အကောင်းသား..၊ ခုတော့ အရှက်ကွဲခဲ့ပြီးမှ အရှက်ကွဲရရှာသည်ဆိုပြီး ဝိုင်းဝန်း သနားကြတာကို ခံယူခဲ့ရသေးသည်။

ဘဝတစ်လျှောက်လုံးမှာ သူတစ်ပါး၏အရိပ်နှင့် မလွတ်ကင်းခဲ့သော ဘယ်တုန်းကမှလည်း တစ်ဖက်သားအပေါ်မှာ လွှမ်းမိုးနိုင်ခြင်း မရှိခဲ့သည့် မျက်ထားညို ဆိုသော သူမသည် ခုလည်း အရှုံးပေးသွားဦးမှာပါ..။

အပြင်ကို ထွက်လိုက်တာနှင့် နောက်ဖေးဝရန်တာကနေ တိုးဝှေ့တိုက်ခတ်လာသည့် လေနုအေးက မျက်နှာပေါ်မှာ ဖရိုဖရဲ ကျဆင်းနေသမျှ ဆံစတို့ကို သိမ်းယူ ဖယ်ရှားသွားကြလေသည်။

ဒီနေရာလေးမှာ ညတိုင်းလိုလို ရပ်နေဖြစ်ခဲ့သည်။ ဘာကစပြီး ရှုပ်ထွေးခဲ့မှန်း မသိဘဲ ဘယ်လိုတွေးတွေး မရေရာခဲ့သော အရိပ် ၏ ရက်စက်တတ်သည့် စကားတွေကို ဒီနေရာမှာပဲ ဝတ္တရားမပျက် တွေးဖြစ်ခဲ့၏။

ဂရုမစိုက်ခြင်း အရာရာအတွက် သူမဘက်က ဥပေက္ခာထားနိုင်အောင် ဒီနေရာလေးမှာ ရပ်နေရင်း ငေးရင်းနှင့် ကြိုးစားခဲ့ရ၏။

ရှုပ်ထွေးခဲ့သမျှတွေကို ရှင်းတဲ့လူတွေက ရှင်းခဲ့သော်လည်း သူမ ရပ်တည်ခဲ့ရသော အရပ်မျက်နှာကိုတော့ ကောင်းကောင်း နားလည်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ ဖြစ်၏။

အသက်နဲ့ လူလုပ်တာ မဟုတ်ဘူးဆိုသည့် ပြဋ္ဌာန်းချက်ကို မျက်လုံးစုံမှိတ် ယုံကာ အရှက်အတွက် အသက်ပေးသွားဖို့ ဆုံးဖြတ်၍...

"ရှင် ကျေနပ်မှာပါ"

နှုတ်ခမ်းမှ ဖွဖွရွတ်ရင်း အင့်ခနဲ ရှိုက်သည်။

ထို့နောက် လက်တစ်ဖက်တည်းနှင့် အားတင်းထောက်ကာ ဝရန်တာပေါ် ရောက်အောင် တင်ပါးလွှဲတက်ဖို့ ကြိုးစား၏။

ညနေ ညီအစ်ကိုမသိတသိအချိန် ပတ်ဝန်းကျင်မြင်ကွင်းအားလုံးက ညစ်ထပ်ထပ်ပတ်လွှာရုံနှင့် သူမကို ဆွဲချ အဆုံးသတ်ပေးဖို့ စူးစိုက်ကြည့်နေခဲ့၏။

မျက်ထား မျက်လုံးတွေ မှိတ်ပစ်လိုက်ကာ တင်ပါးလွှဲထိုင်မိပြီးဖြစ်သည့် ကိုယ်ကို လှန်ချပစ်လိုက်၏။

"မျက်ထား.."

ခေါ်သံနှင့် တစ်ထပ်တည်းမှာ သူမ၏ ကိုယ်ခန္ဓာက အောက်ကို လန်ကျမသွားဘဲ ရင်ခွင်တစ်ခုထဲကို မညင်သာစွာ ပြိုကျသွားခဲ့၏။

"မင်း ဘာလုပ်တာလဲ..၊ အဲဒီလိုနည်းနဲ့ ပြဿနာရှင်းလိုက်လို့ပြီးသွားမယ် ထင်လို့လား"

ကရုဏာဒေါသနှင့် စိုးရိမ်ခြင်းတွေပေါင်းကာ အရိပ် အသံတွေ တုန်ခါနေ၏။

"မင်း လုပ်ရက်ကယ် .. တောက် .."

"ဟင့်အင်း .. လွှတ် .."

သူ မျက်ထား ရုန်းနေတာကို မသိသလို တင်းကျပ်နေအောင် ဖက်ထား၏။ ပြောနေတာကို မကြားသလို ဘာတစ်ခွန်းမှ ပြန်မပြောဘဲ နေလေသည်။





"အား.."

ပခုံးကနေ ခါးကို တိုးဖက်လိုက်တော့ မျက်ထား လက်နာသွား၏။ ထိုအခါကျမှ လက်ကို ပြန်လျှော့ကာ...

"ဒီလောက်ထိ ရှင်းပြနေကြတာကို မင်း ဘာဖြစ်လို့ မယုံနိုင်တာလဲ.. ကိုယ့်ဘဝမှာ မရိုးသားစွာ ပတ်သက်ခဲ့ဖူးတဲ့ မိန်းမဆိုလို့ မင်းတစ်ယောက်ပဲ ရှိတယ်၊ မင်းနားကနေ မခွာနိုင်လို့ ကိုယ် ဘယ်ရောက်နေနေ အချိန်လုပြီး မင်းဆီကို ရောက်အောင် ပြန်လာခဲ့တယ်၊ တကယ်ဆို ကိုယ်တိုင်ရေးတဲ့ အနာဂတ်ထဲမှာ အချစ်ရေးဆိုတာ မရှိဘူး၊ မိန်းမတစ်ယောက်ရဲ့အချစ်ကိုရဖို့ လှည့်ပတ် လိမ်ညာမယ့် အစီအစဉ်တွေ မပါဘူး"

"မသိဘူး .. သိလည်း မသိချင်ဘူး"

"မသိချင်လို့ ရမလား၊ မင်း ငါ့မျက်နှာကို မြင်ရရင် သတ်သေပါ့မယ်ဖြစ်နေလို့ ဒီအဖြစ်မှန်ကို ရှင်းပြဖို့ ဘယ်လောက် ကြိုးစားခဲ့ရသလဲ၊ အရှိကို အရှိအတိုင်း ပြောပြပြီးပြီ၊ မင်းလည်း သိနေပါပြီ၊ ဘာကို လက်မခံနိုင် ဖြစ်နေတာလဲ"

သူပဲ ဒေါကန်၊ သူပဲ ပေါက်ကွဲချင်နေသည်။ သူ့ရဲ့ ဖုံးကွယ်လိမ်ညာမှုတွေကို မသိနားမလည်ခဲ့ရင်း ဘဝမှာ နှစ်ခါမက အဖန်တလဲလဲ အကျနာခဲ့ရတာက ကိုယ်..၊

အံကြိတ်၍ တိတ်ကျသွားသည့် မျက်ထား ရဲ့မျက်နှာလေးကို သူ ပျာပျာသလဲ မော့ယူလိုက်ကာ ...

"ကိုယ် တောင်းပန်ပါတယ်၊ မင်းကို ညာခဲ့မိတာ ကိုယ် မှားခဲ့တယ်၊ ဒါပေမယ့် မင်းကိုပဲ ရွေးပြီး အထင်မြင်သေးလို့ ဒီလိုဆက်ဆံခဲ့တာ မဟုတ်ဘူး"

မျက်ထား သူ့လက်ကို ပုတ်ချပစ်ပြီး မျက်နှာလွှဲလိုက်တော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ မှိတ်ကျသွားကာ ကျွတ်ခနဲ ဖြစ်၏။ ပြီးတော့ ပခုံးလေးနှစ်ဖက်ကို အတင်းအကျပ် ပြန်ဆုပ်ကိုင်လိုက်ကာ...

"မျက်ထား .. မိန်းမတစ်ယောက်အတွက်နဲ့ သေလုမြောပါး ပူလောင်ခဲ့ရတာ ကိုယ့်အတွက် ဒါ ပထမဆုံးနဲ့ နောက်ဆုံးပဲနော်၊ 'မ' ဆိုရင် 'မ'ဂဏန်းနဲ့တောင် ကိုယ် အလုပ်မလုပ်ဘူး၊ ဘယ်လိုမှ အထင်မကြီးနိုင်တော့အောင် ဖြစ်ခဲ့တာ အဲလောက်ထိ၊ မင်း အထင်လွဲနေတာတွေ ရပ်ပါတော့ .. ငါ့လိုကောင်ကို လူပွေလူရှုပ်လို့ မင်းထင်တာတွေ အရှမ်းကို လွန်နေပြီ သိရဲ့လား.."

မာနကြီးသူပီပီ နှလုံးသားပြတိုက်ကြီးထဲမှာ မီးပြင်းတိုက်ခံနေရသလိုဖြစ်လျက် ပူလောင်ပြင်းပြနေတာက သဂ်သပ်၊ မခံရပ်နိုင်သည့်ဒဏ်သက ဖုံးလို့မရနိုင်..။

ဒီမိန်းမကိုမှ သူ ချစ်ခဲ့သည်၊ သူများတွေအတွက် ဘာမှမဟုတ်လောက်သည့် မိန်းမဟာ သူ့ဘဝအတွက် ရှင်သန်ခြင်းကို ပေးနိုင်မည့် နတ်သမီးတစ်ပါး..၊

ဒါပေမယ့် ချစ်တာမေတ္တာတွေကို ပန်းလိုခြွေကာ သူမရဲ့ အထင်လွဲ နာကြည်းမှုတွေကို ချေဖျက်နိုင်တဲ့အထိ သူ မနူးညွှံ့တတ်သေး..။

"ရမ္မက်လွှန်တဲ့ မိန်းမ၊ အပျော်ကြိုက်တဲ့မိန်းမ.. ပြီးတော့ ဖောက်ပြန်လွယ်တဲ့စရိုက်တွေ၊ ကိုယ် တွေ့ခဲ့ရသမျှ ဘာတစ်ခုမှ အထင်ကြီးစရာ မရှိဘူး၊ အဲဒါတွေနဲ့ပတ်သက်ပြီး မင်းအပေါ်မှာ ကိုယ် ရက်စက်သလို ပြုခဲ့တယ်၊ ညာခဲ့မိတယ်၊ အားလုံးက မကောင်းခဲ့တဲ့ ကိုယ့်ရဲ့ အတိတ်ကြောင့် ပစ္စုပ္ပန်မှာ စွန်းထင်းခဲ့တာတွေပါ၊ ကိုယ့်ကို နားလည်ပေးပါ.."

ဖိဆုပ်ထားသည့် သူ့လက်တွေ တဖြည်းဖြည်း ပြေကျသွားကာ ဒဏ်ရာရှိသော မျက်ထား ရဲ့လက်ကလေးကို ဖွဖွလေး ကိုင်သည်။





ပြီးတော့ 'ဟား..'ခနဲ လေပူမှုတ်ထုတ်ကာ...

"ကိုယ့်ကို ပတ်သက်ချင်လို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ကြတဲ့ မိန်းမတွေ ရှိတယ်၊ အဲဒီထဲမှာ ကိုယ် အနိုင်ကျင့်သလို ပြုခဲ့မိတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ခဏခဏ သတိရနေတယ်၊ အဲဒီလို သတိရနေတာကို ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတိုင်း ဒီလိုကာရိုက်တာတွေပဲလို့ သိမ်းကျုံး အထင်သေးထားခဲ့တဲ့ ကိုယ့်ရဲ့အတ္တကြောင့်.."

သူက မျက်ထား မကြည်ဖြူမှန်း သိရက်နှင့် ဝရန်တာမှာ ကျောကပ်မှီကာ ငွေးနေသည့်ကိုယ်လေးကို ရင်ခွင်ထဲယူ၍ ဖွဖွလေး ပွေ့ပိုက်၏။

ထို့ပြင် သူ့လက်ဖဝါးတွေက မျက်ရည်လူးနေသည့် မျက်ထားရဲ့ ပါးပြင်နဲ့ မျက်နှာနုနုလေးထက်မှာ တယုတယ ပွတ်သပ်နေခဲ့ပြီး...

"ကိုယ့်ရဲ့ မသိစိတ်ထဲမှာ မင်း အမြဲရှိနေခဲ့တယ်ဆိုတာ ကိုယ်တိုင် မသိပေမယ့် ငါ ဘာဖြစ်နေတာလဲဆိုတဲ့ မေးခွန်း ခဏခဏ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတယ်၊ မေးမိတိုင်း မလိုချင်တဲ့အဖြေပဲ ထွက်နေတယ်၊ အဲဒါ မင်းကို ကိုယ် ချစ်နေမိတဲ့ အဖြေ.."

သူ မျက်ထား ရဲ့မျက်နှာလေးကို မော့ယူလိုက်ပြီး တစိမ့်စိမ့်ကြည့်သည်။ ခဏတော့ ငေးနေမိခဲ့ပြီး မျက်ထား က လက်ကိုဖယ်ကာ ငုံ့ပစ်လိုက်၏။

မျက်နှာ ငုံ့ကျသွားစဉ်မှာ မျက်ရည်တစ်စက် ပေါက်ခနဲ ခုန်ဆင်းသွားသည်။ ချစ်နေတယ်ဆိုရင်တောင် ဘယ်လိုမှ အကဲခတ်မရလောက်အောင် ဂရုမစိုက်စွာ နေခဲ့တာက သူ့အချစ်နဲ့ မျက်ထား ထိုက်တန်လို့ပေါ့..။

"မင်းကိုယ်မင်း အားငယ်စိတ်တွေနဲ့ ဘယ်လိုတွေးနေနေ.. ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်က မင်းကို ဘယ်လိုမြင်မြင် ကိုယ့်ရဲ့ရင်ခွင်နန်းတော်မှာ သရဖူဆောင်းနိုင်မယ့် ထာဝရသခင်မက မင်းပဲ၊ မင်းရဲ့စိတ်ကို နားလည်လိုက်ရတဲ့နောက် ကိုယ့်ရင်ခုန်သံတွေကို ကျေနပ်ခဲ့တယ်၊ အဲဒီရင်ခုန်သံကို ဆုံးရှုံးမခံနိုင်တဲ့ ရယူလိုခြင်းတွေ ဖြစ်လာတယ်၊ မင်း ကိုယ့်နားကနေ ဘယ်ကိုမှ ထွက်မသွားရဘူး မျက်ထား၊ ဘယ်တော့မှလည်း ကိုယ် ခွင့်ပြုမှာ မဟုတ်ဘူး"

"ရှင်ကတော့ အဆုံးစွန်ထိ ရက်စက် ပြတ်သားပြနိုင်ခဲ့တဲ့သူကိုး"

မျက်ထား ထံမှ ပထမဆုံး ဖွင့်ဟလာသည့် စကားသံကြောင့် အရိပ် က ရင်ခွင်ထဲက ပြန်ခွာကာ မျက်နှာလေးကို စိုးရိမ်စိတ်တွေနဲ့ ကြည့်သည်။ ပြီးတော့ မျက်ရည်စတွေကို သူ့ပါးနဲ့ ဖိကပ် ပွတ်တိုက်ပြီး ပြန်ဖက်ထားလိုက်၍...

"မဟုတ်ဘူး .. ကိုယ့်စိတ်နဲ့ဆိုရင် ဒါဟာ မပြတ်သားနိုင်ခဲ့တဲ့ အပိုင်းတွေပါ၊ မိန်းမဆိုရင် ဘယ်လိုမိန်းမကိုမှ ကိုယ် မနူးညံ့ခဲ့ဘူး၊ မင်းနဲ့ကျမှ ရေလိုဖြစ်သွားလိုက်၊ မီးလိုပူလိုက် .. တကယ်တမ်းကျတော့ ကိုယ် မင်းရဲ့ ရိုးစင်းတဲ့မေတ္တာနွံထဲမှာ မှောက်လျက် လဲနေခဲ့တာပါ"

"ကျေးဇူးပြုပြီး ရှင့်လက်တွေကို ဖယ်ပါ၊ နန်းတော်ဆိုတဲ့ ရှင့်ရဲ့ ရင်ခွင်၊ ရှင့်ရဲ့သနားသဖြင့် ကြင်နာခြင်းတွေက ကျွန်မအတွက် အရည်ပျော်အောင် လောင်မြိုက်စေမယ့် မီးတွေပဲ"

မျက်ထား က အေးစက်စက်ပြောကာ အကောင်းတိုင်း ရှိနေသည့်လက်နှင့် ဒဏ်ရာရနေသောလက်ကို ကာကွယ် အုပ်ကိုင်လျက် ကိုယ်လေး တွန့်၍ ရုန်း၏။

"မိန်းမတွေကို အထင်မြင်သေးနေခဲ့တဲ့ ရှင့်မျက်လုံးထဲမှာ ကျွန်မကလည်း အထင်ကြီးဖို့မှ မရှိဘဲ၊ ဆင်ခြင်နိုင်စွမ်း မရှိခဲ့လို့ မသိတဲ့





ယောက်ျားတစ်ယောက်ရဲ့ စော်ကားခံခဲ့ရတယ်၊ အဲဒီယောက်ျားနောက်ကို တကောက်ကောက် လိုက်ခဲ့မိတယ်၊ ရှင် တွေ့ဖူးတဲ့ မိန်းမတွေထက် ဆိုးပါတယ်၊ ဒါကြောင့် ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး၊ ကျွန်မကိုယ်ကျွန်မ.."

"နေဦး .. မင်း အဲဒီကတည်းက စမှားနေတာ"

အရိပ် သည် စိတ်ရှိလက်ရှိ ဆွဲကိုင်ပွေ့ဖက်ချင်သော လက်တပြင်ပြင်နှင့်၊ တကယ်တမ်းကျတော့ မျက်နှာလေးကိုကြည့်ပြီး လက်ကရှေ့မတိုးနိုင်..။

ဒဏ်ရာကို နာကျင်သွားမှာစိုးသဖြင့် ဘယ်ကို ထိကိုင်ရမှန်း မသိ၊ ထို့ကြောင့် လက်နှင့် ကိုယ်က ဂနာမငြိမ်ဘဲ ခြေကားယား လက်ကားယားနှင့် ဘယ်လိုပုံစံ ပေါက်နေပြီ မသိ..၊

"မင်းကို ကိုယ် လိုက်ရှာနေတာကျတော့ မင်း မသိဘူးမို့လား၊ သယံဇာတ်န်းကျွန်းမှာနေမှန်း သိပေမယ့် အလုပ်တစ်ဖက်နဲ့ ရှာရတော့ အလွယ်တကူ မတွေ့ဘူး၊ မင်းနဲ့ကိုယ် ကားမှတ်တိုင်မှာ တိုက်မိကြတာ အမှတ်မထင် ဆုံကြတယ်လို့ မင်း ထင်နေလား.."

မျက်ထား မျက်ဝန်းလေးတွေ စူးစူးစမ်းစမ်း ဝင့်တက်လာတော့ သူ မျက်ထား ရဲ့ လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ...

"မင်းကို ကိုယ် တွေ့နေပြီးမှ ဘယ်လိုသိအောင် လုပ်ရမှန်း မသိလို့ မင်းနောက်က လိုက်နေပြီး စဉ်းစားနေခဲ့ရတယ်၊ အမြင်အာရုံမရတဲ့ လူတွေက ကျန်တဲ့အာရုံတွေမှာ သူများထက် ပိုပြီး စွဲမှတ်တတ်တယ်ဆိုလို့ မင်းနဲ့ကိုယ် အဲဒီပုံစံ ဆုံဖြစ်အောင် ဘာမင်လုပ်ခဲ့တာ၊ ကိုယ့်အသံကို မှတ်မိနေမှာပဲဆိုတာ ယုံကြည်လို့လဲ မင်းရှေ့မှာ စကားပြောခဲ့တာ၊ ကိုယ့်ရင်ခွင်ထဲ ရောက်သွားတာနဲ့ မင်း မှတ်မိသွားပြီဆိုတာ ကိုယ် သိလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



သူနဲ့ ပြန်တွေ့စဉ် ကားမှတ်တိုင်မှာ တိုက်မိကြသည့်အဖြစ်ကြောင့် မဟုတ်ဘဲ သူ ဘာကို ရည်ရွယ်ပြောနေမှန်း သိလိုက်သဖြင့် မျက်ထား မျက်နှာလေး နီရဲသွား၏။

"မင်း ကိုယ့်ကို ရှာနေတဲ့အချိန်မှာ မင်းကို ကိုယ် တစ်နေရာက ကြည့်နေခဲ့တယ်၊ မင်းရဲ့ပိုက်ဆံ ခါးပိုက်နှိုက်ခံလိုက်ရတာ မြင်လိုက်ရပြီး အမျိုးသမီးတစ်ယောက် မင်းနားကို ရောက်လာတာ၊ မင်း ဒုက္ခရောက်မှာစိုးလို့ ကိုယ် စီစဉ်ခဲ့တာ၊ တက္ကစီပေါ်ရောက်လာပြီး ကိုယ်တို့ စကားပြောဖြစ်ကြတာတွေ အားလုံးကို ဖန်တီးခဲ့တာလည်း ကိုယ်ပဲ၊ တကယ်က မင်းနောက်ကို ကိုယ်ပဲ တကောက်ကောက် လိုက်ခဲ့ရတာပါ"

ပြောနေရင်း ပခုံးကို ဖက်မလို့ပြင်လာသဖြင့် မျက်ထား ဖယ်ချပစ်မိသည်။ သူက အဖယ်ခံလိုက်ရသည့်လက်ကို ဝရန်တာတန်းမှာ လှမ်းတင်လိုက်ကာ...

"ကိုယ် အဲဒီအချိန်ထိ အချစ်ကို စိတ်မဝင်စားခဲ့ဘူးဆိုတာတော့ ဝန်ခံပါတယ်၊ အမှားတစ်ခုကို ငါ ကျူးလွန်ခဲ့တယ်ဆိုတဲ့စိတ်ရယ်.. ယုံကြည်လွယ်တဲ့ မျက်နှာလေးရယ် အဲဒါတွေကို မေ့မရဖြစ်နေတိုင်း ရှာနေမိတာကတော့ မသိစိတ်မှာ ငြိနေခဲ့တဲ့ကြိုးပေါ့"

ငိုထားသည့် မျက်နှာလေး နီမြန်းနေတာရော၊ ဆံပင်ရှည်တွေ ဖရိုဖရဲပြန့်ကျလျက် သောကပွေနေရှာသည့်ပုံစံလေး ဖြစ်နေတာကိုရော...

မျက်ထား ကို စေ့စေ့မကြည့်ရက်အောင် ရင်ထဲမှာ သနားကြင်နာခြင်းများနှင့် လှုပ်ရှားနေခဲ့၏။ သူမကို အမှန်အတိုင်း အားလုံး ပြောပြတော့မလို့ ဆုံးဖြတ်ပြီးသား..။ ဒါကြောင့်လည်း လက်ဆောင်ပေးမယ်လို့ ပြောထားခဲ့တာ ဖြစ်သည်။

ဆုံးဖြတ်ချက်တစ်ရပ် နောက်ကျသွားခြင်းဟာ မထင်မှတ်ဘဲ





ပေါ်လာသည့် အခြေအနေတစ်ရပ်ကြောင့် အဆိုးဝါးဆုံးအဖြစ်တစ်ခုကို ဦးတည်သွားခဲ့၏။

အကယ်၍ မျက်ထား ရဲ့နားကို သူသာ စက္ကန့်အနည်းငယ် နောက်ကျပြီးမှ ရောက်သွားမည်ဆိုလျှင်...

"မင်း ကြံစည်ရက်တယ် မျက်ထား ရယ်.."

ရှန်းမယ်မှန်း သိရက်နဲ့ လှုပ်ရှားလာသည့်စိတ်နှင့် ပခုံးလေးကို မရမက ဆုပ်ကိုင်လိုက်မိသည်။

"မိန်းမဆို လေသံတောင် မကြားချင်အောင်ဖြစ်ခဲ့တဲ့ ကိုယ့်လိုလူက မင်းနဲ့ကျမှ မင်းရဲ့နားကနေ ဝေးဝေးကို မသွားနိုင်ဘူး၊ မင်းကို ထိကိုင်လိုက်မိတိုင်း ရင်ခုန်သံတွေ အကြမ်းပရမ်း ဖြစ်ဖြစ်လာတာကို မလွန်ဆန်နိုင်ဘူး၊ အဲဒါတွေ မင်း မသိပေမယ့် ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ် သိနေခဲ့တာကြာပြီ၊ ဒါတွေကို မင်း ဘာဖြစ်လို့ မသိခဲ့ရတာလဲ၊ အချစ်ဆိုတာ ရေရွတ်မြည်တမ်းနေတာထက် သူ ပေးဆပ်လာတဲ့ အပြုအမူ အနေအထိုင်တွေပေါ်မှာပဲ ရှိတတ်တာ"

သူ့လက်ကို ပခုံးလေးကျုံ့၍ ခါချပစ်ကာ မျက်ထား မျက်နှာလေး မချိတရိအပြုံးနှင့် မော့လာ၏။

"ကျွန်မ မြင်နေ ကြားနေခဲ့ရတဲ့ ရှင့်ရဲ့ ပေးဆပ်ခြင်းတွေကတော့ အကြင်နာမဲ့တဲ့ ရက်စက်ခြင်းတွေပါပဲ၊ ဒီမိန်းမ ငွေမက်သလား၊ စာရိတ္တ ဖောက်ပြန်မလားဆိုတာ တခြားယောက်ျားတစ်ယောက်နဲ့ မြှူဆွယ်ခိုင်းကြည့်ဖို့ လိုသလား .. ဒါကျတော့ ကျွန်မ ပေးဆပ်နေတာတွေကို ရှင် မမြင်ခဲ့လို့ ရက်စက်တာလား၊ ရှင် ပြောစမ်းပါ"

"ပြောနိုင်တယ် .. ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့အတွက်ကို ဘယ်တော့မှ မမှားဘူးဆိုတာ ကိုယ် ယုံကြည်နေမှာပဲ၊ ဒါက အချစ်နဲ့မသက်ဆိုင်တဲ့ ကိုယ့်ကိုယ်ထဲက တခြား စီးကြောင်းတစ်ခု.."



www.burmeseclassic.com

www.burmeseclassic.com



မျက်ထား က မဲ့ပစ်လိုက်တော့ သူ့မျက်နှာ မျက်ထား ရှေ့ကို ငုံ့ကျလာကာ...

"မင်းနဲ့ပတ်သက်ပြီး သံသယဆိုတာ မြူတစ်မှုန်တောင် မတင်ချင်တော့တာ၊ အဲဒါ ကိုယ့်ရဲ့ချစ်တဲ့စိတ်တွေပဲ"

မကြားချင်ဘူးဆိုသည့်ပုံစံ ပေါက်သွားတော့ မျက်ထား ရဲ့မေးဖျားလေးကို သူ စိတ်လိုက်မာန်ပါ မော့ယူလိုက်မိ၏။ မျက်လုံးချင်းဆုံပြီးမှ...

"မင်းဟာ ကိုယ် တွေ့ဖူးခဲ့တဲ့ မိန်းမမျိုးတွေထဲက မဟုတ်ဘူးဆိုတာ ကိုယ် နားလည်လာတော့ ကိုယ့်ကိုယ်ကိုယ် မသိကျိုးနွံ ပြုထားခဲ့တဲ့စိတ်တွေက လောဘတာကြီး ဖြစ်လာတယ်၊ ကိုယ် ချစ်နေမိကာမှ လက်မလွှတ်ချင်တော့ဘူး .. ဆုံးရှုံးမခံနိုင်ဘူး၊ အဲဒါကြောင့် ကိုယ့်ရဲ့ သေချာချင်တဲ့ စမ်းသပ်ချက်တွေ ကြမ်းသွားတယ်၊ မင်းကို ရက်စက်သလို ဖြစ်ခဲ့မှန်း သိပေမယ့် မင်း ကျေနပ်လောက်အောင် ကိုယ့်အချစ်တွေနဲ့ ဖာထေးနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ရှေ့ဆက်တိုးခဲ့တယ်၊ အဲဒါတွေက ကိုယ်ဘက်က အမှန်တရားတွေပါ၊ ယုံကြည်ပေးပါ မျက်ထား ရယ် .. နှစ်ပါးသွား 'က'တော့မယ်ဆိုမှ မင်းသမီး မရှိရအောင် ကိုယ့်ကို မနှိပ်စက်ပါနဲ့..."

"အို!..."

မျက်ထား ရဲ့ခါးလေးကနေ ရုတ်တရက် သိမ်းဖက်လိုက်သဖြင့် တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ရောက်သွားသည်။ ပြီးတော့ ...

လက်နာမှာစိုးလို့ နေရာဖြင်ရင်း သူသည် မျက်ထား ရဲ့ကျော နောက်ရောက်သွားကာ ဆံနွယ်ရှည်တွေကို နမ်းနေကျတိုင်း သူ့မျက်နှာ တစ်ခုလုံး တိုးတိုက် ဖိနှစ်လျက်...

"နောက်ဆိုရင် မျက်ရည်တွေကို မင်း မေ့သွားအောင် ကိုယ် ချစ်ပြမယ် .. ခပြတော့နော်"





"ရှင်နော် .. မရဘူး .. ဟင့်အင်း .."

"ဒီလောက် တောင်းပန်နေတာ မသနားဘူးလား"

ဖြူနုသည့် လည်တိုင်လှလှလေးမှာ သူ့နှုတ်ခမ်းတွေ အိကပ်လာတော့ မျက်ထား ရှက်ရှက်နှင့် ရုန်းနေမိကာ ဘာမှလည်း ပြန်မပြောနိုင်..။

"ကိုယ်လေ ကျားတစ်ကောင်ကို သတ်ခဲ့မိတာထက် ယုန်ဖြူလေးတစ်ကောင်ကို ကြိုးတုပ်ရိုက်ခဲ့မိသလိုပဲ၊ မင်းကို အနိုင်ကျင့်သလို ဖြစ်ခဲ့တာကို မေ့မရတိုင်း အဲဒီအဖြစ်လေးကိုလည်း..."

"အဲဒါတွေ တော်ပါတော့.."

"ကိုယ့်ကို ကျေနပ်ပေးမှာလား"

သူ မျက်ထား ကို နောက်ကနေ သိမ်းဖက်ထားတာပေမယ့် မျက်နှာချင်း ထိကပ်ထားပြီး အမျိုးမျိုး ဒုက္ခပေးနိုင်အောင် မြင့်မား ကျ[illegible] ပြန့်သည့်ရင်ခွင်ထဲမှာ သူမကိုယ်လေး မြုပ်ကွယ်မတတ်..၊

"နောက်ဆိုရင် မင်း လိုချင်တာအားလုံး ကိုယ် ပေးမယ်၊ စည်းစိမ် ဥစ္စာ၊ ရွှေရံသင်းပင်း .. ပြီးတော့ အရိပ်တကြည့်ကြည့်နဲ့ ကြည်ဖြူလိုက်လျော မြတ်နိုးကြင်နာနေမယ့် အချစ်.."

မျက်နှာကို လွှဲပစ်လို့မရအောင် အတင်းအကျပ် မော့ယူသည်။ မျက်ဝန်းလေးတွေကို စိုက်ကြည့်ကာ ပြောချင်တာတွေကို မပြီးမဆုံးနိုင် ပြောနေ၏။

"မျက်လုံးတွေကလည်း စိမ်းလိုက်တာကွာ .. ကိုယ့်ကို အရင်အတိုင်း ပြန်ပေးပါ၊ မင်းကို ကိုယ် လိုအပ်သလို မင်းအတွက် အလိုအပ်ဆုံး ကိုယ် ဖြစ်ချင်တယ်၊ ပြောလေ .. အရင်လို ပြန်ပေးမှာလား"

"ဘာတွေ လာပြောနေတာလဲ .. ဖယ်ပါ"

"မဖယ်နိုင်ဘူး .. အခု ကိုယ့်ရဲ့ရင်ခွင်ထဲက .. နောင် ကိုယ့်ရဲ့ ဘဝထဲက မင်း လုံးဝ ထွက်သွားလို့ မရတော့ဘူး၊ ကိုယ့်ရဲ့အချစ်နဲ့



www.burmeseclassic.com

မင်းဘဝကို နွေးစေအေးစေမယ်၊ မင်းရဲ့အချစ်တွေကို အပြည့်အဝ ရယူပိုင်ဆိုင်ထားတဲ့ကောင်ကလည်း ကိုယ်ပဲ ဖြစ်ရမယ်၊ ကြားရဲ့လား .."

အမိန့်ဆန်နေတာကို သိပေမယ့် သူမ ကျေနပ်သွားမိသည်လား..၊

ဒါပေမယ့် ငိုတာကတော့ ငိုချင်နေတာပဲ ဖြစ်၏။ ပွင့်ဖတ်တို့ခြွေသလို တဖြုတ်ဖြုတ် တသိမ့်သိမ့် နွေးထွေးစွာ ဖြန့်ကျဲဆင်းကျလာသည့်အနမ်းများမှာ မျက်ရည်ကလည်း မျက်ရည်ပဲဖြစ်ကာ သူကလည်း သူပါပဲ..၊

မျက်ရည်တွေကျနေပေမယ့် ပါးပြင်မှာ စိုစွတ်ခွင့် မရ..၊ ဖိပိတ်အံကြိတ်ထားတာ မဟုတ်ဘဲ နှုတ်ခမ်းသားလေးတွေမှာ နွေးနေသည်။

သူ ပြောနေတာတွေကို ယုံလိုက်တာလား .. မယုံနိုင်သေးဘူး[illegible]ား..၊ နာကျင်နေတာတွေရော လုံးဝ အရည်ပျော် ပျောက်ပျက်သွားပြီ[illegible]း၊ ရှိတော့ ရှိနေသေးသည်လား..။

ဘာမှမခွဲခြားနိုင်သေးခင် သူ့အတွက် ကိုယ် ဖြစ်သွားခဲ့၏။

ချစ်တတ်သူတိုင်း ချစ်တဲ့သူအပေါ် အမြဲတမ်း စိတ်နာ မုန်းတီးနေနိုင်အောင် စိတ်မခိုင်နိုင်သရွေ့ .. သူမ..၊

**လရောင်ကျူးရင့်**



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com